www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ပထမအကြိမ်**
၂၀၁၂ ခုနှစ်၊ ဩဂုတ်လ

◆

**မျက်နှာဖုံးပန်းချီ**
မြင့်မောင်ကျော်

◆

**အတွင်းသရုပ်ဖော်**
မောင်မောင်သိုက်၊ မမွေး၊ မင်းမြင့်ခိုင်၊ မောင်နိုး၊ ရန်နိုင်ဦး၊ ဝင်းသိန်း၊ မုတ်သုံ၊
မောင်မြင့်ဌေး၊ သိန်းရွှေကြည်၊ ကျော်သောင်း၊ သန့်ဇော်သစ်၊ ချစ်ကြည်

◆

**ဖလင်**

AZ

◆

**အုပ်ရေ**
၅၀၀

◆

**တန်ဖိုး**
၂၀၀၀ ကျပ်

◆

**ထုတ်ဝေသူ**
ဒေါ်ခင်မျိုးမြတ်(၀၃၃၈၄)၊ နန်းဒေဝီစာပေ
အမှတ် - ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

◆

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဒေါ်ခင်လှ(စာပေလောက)
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅. ၈၃

လက်ာရည်ကျော်
နှလုံးသားညာဘက်အပေါ်ခန်း ဝတ္ထုတိုများ/လက်ာရည်ကျော်၊ ရန်ကုန်။
နန်းဒေဝီစာပေ၊ ပထမအကြိမ်၊ ၂၀၁၂။
၂၃၂ - စာ၊ ၁၂ × ၁၈. ၄ စင်တီမီတာ
(၁) နှလုံးသားညာဘက်အပေါ်ခန်း ဝတ္ထုတိုများ

BURMESE CLASSIC

## မာတိကာ

| | | |
|---|---|---|
| | စာရေးသူ၏ ကိုယ်ရေးအကျဉ်း | ၆ |
| | စာရေးသူ၏ အမှာစာ | ၈ |
| ၁။ | ပထမဦးဆုံး နှစ်ခု | ၁၂ |
| ၂။ | မြွေနှစ်ကောင် ခေါင်းပေါင်း | ၂၄ |
| ၃။ | စိတ်ဓာတ်ကို ခွဲစိတ်ရှင်းလင်း သန့်စင်ခြင်း | ၄၀ |
| ၄။ | ပန်းကြိုး | ၅၆ |
| ၅။ | နှံ့မနစ်သည့် ကြာ | ၇၀ |
| ၆။ | အဆိပ်တွေနှင့် လူတွေ | ၈၄ |
| ၇။ | နွေအလွန် မိုးဖွဲကလေးတွေကို လွမ်းသည့်အလွမ်း | ၉၆ |
| ၈။ | ပြည့်စုံခြင်း ဝေဒနာ | ၁၁၂ |
| ၉။ | မိုဝိုစရာ ပခုံးကလေး | ၁၂၈ |
| ၁၀။ | တံဆိပ်တုံး မလိုတော့သည့်လူ | ၁၄၂ |
| ၁၁။ | အရွယ်ပြောင်း နှလုံးသား | ၁၅၈ |
| ၁၂။ | လှိုင်းကြက်ခွပ်ကလေးများ | ၁၇၄ |
| ၁၃။ | သမီး သိနေမှာပါ | ၁၈၈ |
| ၁၄။ | ခရေပန်းခြောက်ရဲ့ ရနံ့ | ၂၀၈ |
| ၁၅။ | မရယ်ဖြစ်အောင် ပြောပေးပါ | ၂၁၆ |

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခရဲမြင့်ကျော် ဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်း ကျေးရွာတွင် အဘ ဦးတင်ညွန့်၊ အမိ ဒေါ်မြရီတို့မှ ဖွားမြင်သည်။

ကလေး အထူးကု ဆရာဝန် တစ်ဦးဖြစ်ပြီး ပြည်တွင်းပြည်ပ ဆေးပညာဆိုင်ရာ ဘွဲ့လွန်နှင့် ဒီပလိုမာ ရှစ်ခု ရရှိခဲ့သည်။

၁၉၈၀ မှ ၁၉၈၅ ခုနှစ်အတွင်း ဆေးတက္ကသိုလ် ၁ ရန်ကုန်နှစ်လည် မဂ္ဂဇင်းများတွင် လက်ာရည်ကျော် ကလောင်အမည်နှင့် ဝတ္ထုတို၊ ကဗျာများ စတင်ရေးသားခဲ့သော်လည်း ၂၀၀၄ ခုနှစ်ကျမှ လစဉ်ထုတ် မဂ္ဂဇင်းများတွင် စတင်ဖော်ပြခံရသည်။

၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော ပထမဦးဆုံး ဝတ္ထုရှည် *'ကြိုးကြာတောင်ပံခတ်သံ'* နှင့် အမျိုးသားစာပေဆု (လူငယ်စာပေ)၊ ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသော ဝတ္ထုရှည် *'ဒေါက်တာ ရွှေသွေးနှင့် မပန်းမွှံ'* နှင့် အမျိုးသား စာပေဆု(ဝတ္ထုရှည်)တို့ ရရှိခဲ့သည်။

*'ကြိုးကြာတောင်ပံခတ်သံ'* ကို ရုပ်ရှင်ကြီးအဖြစ် ရိုက်ကူးခဲ့ရာ အကောင်းဆုံးဇာတ်ကားနှင့် အကောင်းဆုံး ဇာတ်ညွှန်း အကယ်ဒမီ နှစ်ဆု ရရှိခဲ့သည်။

ကလောင်ခွဲ ဒေါက်တာရဲ အမည်ဖြင့်လည်း ကလေးကျန်းမာရေး ပညာပေး စာပေများနှင့် လူငယ် စာပေများ ရေးသားလျက် ရှိသည်။

ယခုအခါ ဆရာသည် ဆေးတက္ကသိုလ် ၂ ရန်ကုန်တွင် ကလေး ကျန်းမာရေးပညာဌာန ပါမောက္ခ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း သုတ၊ ရသ စာပေများ စဉ်ဆက်မပြတ် ရေးသားလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ အမှာစာ

စာရေးဆရာ စဖြစ်ပြီး ၈နှစ်၊ ပထမဦးဆုံး ဝတ္ထုရှည် ထွက်ခဲ့ပြီး ၅ နှစ်အကြာမှာ ဝတ္ထုရှည် ၆ ပုဒ်၊ ဝတ္ထုတို တစ်ရာကျော် ရေးပြီးခဲ့ပြီမို့ စာရေးအားကောင်းသူဟု သမုတ်ခံရသည်။

သို့သော် . . .

ရေးအားက စကျပါပြီ။ ဘဝသုံးခုမှာ ကျင်လည်နေရသူမို့ တခြားဘက်က တာဝန်တွေကလည်း ဖိစီးလာခဲ့ပြီ။

ဝတ္ထုရှည် စဉ်ဆက်မပြတ် ထွက်နိုင်ဖို့ ကြိုးစားရင်း ဝတ္ထုတိုတွေ ကျဲခဲ့ရသည်။ ထုတ်ဝေသူ ကိုရဲပင် ပေါင်းချုပ် ထုတ်ရန် ထပ်တောင်းဖို့ သတိမရနိုင်တော့သည် အထိ။

မရေးဖြစ်ဘူးလားဆိုတော့ ရေးတော့ ရေးနေတာပါပဲ။ မဖြစ်မနေ တောင်းသူတွေအတွက်ပဲ ရေးပေးဖြစ်နေသလို ဖြစ်နေခဲ့သည်။ ဟိုတစ်နေ့ကမှ ကိုရဲနှင့် စကားစပ်မိ၍ ပေါင်းချုပ် မထုတ်ရသေးတာတွေ ပြန်ရှာကြည့်တော့ တစ်အုပ်စာ ကျော်ကျော်ရှိနေပြီ ဆိုတာ သတိထားမိသည်။

'သူ့ရဲကောင်း ဝါဒီ စာရေးဆရာ' . . . တဲ့။

'ခြောက်ပြစ်ကင်း သဲလဲစင် ဇာတ်ကောင်တွေကို ဖွဲ့သူ' တဲ့။ စာရေးဆရာ စဖြစ်ကတည်းက မှန်မှန်သမုတ်ခံခဲ့ရသည်။

တကယ်တမ်းတော့ ကျွန်တော် ကိုယ့်ဘာသာကိုယ် ဘာကိုမှ မဖွဲ့ပါ။ ဖွဲ့လည်း မဖွဲ့တတ်ပါ။ စာရေးဆရာ မဖြစ်ဘဲ ဆရာဝန်ဘဝ၊ ကျောင်းဆရာဘဝမှာ နှစ်ပေါင်းနှစ်ဆယ်လောက် ကျင်လည်ရင်းက နှလုံးသား ညာဘက်အပေါ် ခန်းထဲကို စီးမျော ဝင်ပြီး နေရာယူထားသည့် ဇာတ်လမ်းတွေကိုပဲ ရသသဘော နှော၍ ဖွဲ့ခဲ့တာပါ။ ဖြစ်ရပ်မှန်တွေနှင့် ကင်းကွာလွန်းတာ သိပ်မရှိပါ။

သာမန်လူနှင့် စွန့်လွှတ်တတ်သော နှလုံးသားပိုင်ရှင်တို့ ယှဉ်လိုက်လျှင် သာမန်လူက အရေအတွက် ပိုများသော်လည်း သည်ရင်ထဲမှာ တင်ကျန်နေရစ်ခဲ့တာက စွန့်လွှတ် အနစ်နာခံ တတ်သူတွေက ပိုများပါသည်။

အဲဒါကလေးတွေ စုစည်းထုတ်လိုက်တာပါ။

**ဆန္ဒမှန်ဖြင့်**
**လင်္ကာရည်ကျော်**

www.burmeseclassic.com

www.burmeseclassic.com

## လက်ဘရည်ကျော်၏ ထုတ်ဝေပြီးသော စာအုပ်များ

**ဝတ္ထုရှည်**


| | | |
|---|---|---|
| ၁။ | ကြိုးကြာတောင်ပံခတ်သံ | ၂၀၀၇ |
| ၂။ | ဒေါက်တာရွှေသွေးနှင့် မပန်းမွှ | ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၂ |
| ၃။ | နေဝင်အိပ်တန်းတက် | ၂၀၁၀ |
| ၄။ | တိမ်တွေ တောင်တွေနှင့် ခရီးသည် | ၂၀၁၂ |
| ၅။ | ချစ်စရာ့အိမ်ကလေး | ၂၀၁၁ |


**ဝတ္ထုတိုပေါင်းချုပ်**


| | | |
|---|---|---|
| ၁။ | ပထမ အိပ်မက် ဝတ္ထုတိုများ | ၂၀၀၇၊ ၂၀၁၀ |
| ၂။ | သမားလည်ပြန် ဝတ္ထုတိုများ | ၂၀၀၉ |
| ၃။ | သိင်္ဂါရအလှည့် ဝတ္ထုတိုများ | ၂၀၁၀ |
| ၄။ | အမြုတေရတနာ ဝတ္ထုတိုများ | ၂၀၁၀ |
| ၅။ | ဆရာ့ နှလုံးသား ဝတ္ထုတိုများ | ၂၀၁၁ |
| ၆။ | နေညိုကမ်းနဖူး ဝတ္ထုတိုများ | ၂၀၁၁ |
| ၇။ | ဝိုးတဝါး အတွေးစများနှင့် ဝတ္ထုတိုများ | ၂၀၁၁ |



## ပါမောက္ခရဲမြင့်ကျော်(ဒေါက်တာရဲ)
## ကလေးအထူးကု ဆရာဝန်ကြီး၏
## ထုတ်ဝေပြီးသော စာအုပ်များ

**ဆောင်းပါးပေါင်းချုပ်**


| | | |
|---|---|---|
| ၁။ | ကလေး ကျန်းမာရေးဆိုင်ရာ အယူအဆ အမှားများ | ၂၀၀၇ |
| ၂။ | ရင်သွေးရတနာ ကလေးများအတွက် | ၂၀၀၈ |
| ၃။ | ရင်သွေးတို့ ရှင်သန်ကျန်းမာဖို့ | ၂၀၀၈ |
| ၄။ | စိန်တုံးကြီးများအကြောင်း | ၂၀၀၉ |
| ၅။ | ရှေးဦး ကလေးသူနာပြုစုနည်း | ၂၀၀၉ |
| ၆။ | ကလေး နှလုံးရောဂါများအကြောင်း | ၂၀၀၉ |
| ၇။ | ဒါ စိုးရိမ်စရာလားနှင့် စိုးရိမ်စရာများ | ၂၀၀၉ |
| ၈။ | မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေးပြုစု စောင့်ရှောက်နည်းများ | ၂၀၁၁ |
| ၉။ | စာရေးဆရာ ဆရာဝန်၏ အရှုးလွယ်အိတ် | ၂၀၁၁ |
| ၁၀။ | ကလေးဆရာဝန်၏ ဆရာဝန်ကလေးဘဝ | ၂၀၁၁ |
| ၁၁။ | အရောင်စုံအသွေးစုံ ကလေးကျန်းမာရေး ဆောင်းပါးများ | ၂၀၁၁ |
| ၁၂။ | လှုပ်လှုပ်ရှားရှား ကလေးကျန်းမာရေး ဆောင်းပါးများ | ၂၀၁၁ |
| ၁၃။ | လူငယ်တွေဖတ်စေချင်သည့် ကျွန်တော့်ဆောင်းပါးများ | ၂၀၁၂ |
| ၁၄။ | နောက်ဆက်တွဲ ကလေးကျန်းမာရေး အယူအဆ အမှားများ | ၂၀၁၂ |


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

၁၉၈၅ ခုနှစ်၊ မိုးအကုန် ဆောင်းအကူး။

**ရန်ကုန် အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး (ထိုစဉ်ကအခေါ် ဂန္ဓီဆေးရုံ) ကလေး ကုသဆောင် တာဝန်ကျ ဆရာဝန်အခန်း။**

**အချိန်က ည ၈ နာရီ။**

**အလုပ်သင် ဆရာဝန်ကလေး** မောင်ရဲ လူနာပါးတုန်း၊ အလုပ်ပါးတုန်း အိပ်ထားမည် စိတ်မကူးနိုင်အား။ စာရေးစားပွဲကလေးမှာ ထိုင်၍ ရှေ့မှာ ဖွင့်ချထားသော ဗလာ စာအုပ် အလွတ်ကလေးကို ငေးကြည့်နေမိသည်။

တကယ်တော့ မောင်ရဲက အလယ်တန်းကျောင်းသား ဘဝကတည်းက စာရေးဆရာရူးပါ။ ဆေးတက္ကသိုလ် တက်ဖြစ်ဖို့ဆိုတာ စိတ်ကူးထဲမှာ တစ်ခါမှ မရှိခဲ့။ ဆရာဝန်ပညာကို ဝါသနာ ပါဖို့ရာ ဝေလာဝေး။ အလယ်တန်း ကျောင်းသား၊ အထက်တန်းကျောင်းသား ဘဝကတည်းက ပညာ သာမန် အဆင့်သာရှိသော မောင်ရဲကို ဘယ်သူကမှလည်း ဆေးတက္ကသိုလ် ဝင်အောင် လုပ်ဟု တွန်းအား မပေးခဲ့ကြ။

နတ်ကြီးသော ဆယ်တန်းကို ကြောက်ကြောက်နှင့် ရေးနေကျ ကဗျာတွေ၊ စာတွေ တွန်းဖယ်၍ စာကျက်ရာမှ ဆေးတက္ကသိုလ် ဝင်မှတ်



က မီသွားခဲ့သည်။ ဘာမှလည်း ချိတုံ့ချတုံ့ လုပ်နေခွင့်မရှိ။ အဖေ့အမျိုး ထဲရော အမေ့အမျိုးထဲမှာပါ ဆရာဝန်တစ်ယောက်မှ မရှိသည့် မောင်ရဲ အတွက် ဆေးတက္ကသိုလ်တက်ဖို့ စီရင်ချက်က ကျပြီးသား ဖြစ်လေသည်။

ယောင်ချာချာနှင့် ဆေးကျောင်းသား ဖြစ်လာသည့် မောင်ရဲကလည်း မတော်နိုင်ခဲ့ပါ။ ဆရာတွေ ဆူတာ၊ ဆဲတာ ခံရင်း စာမေးပွဲ တစ်နှစ် တစ်တန်း တစ်ကြိမ်တည်း အောင်ရုံမျှ တောင့်ထားရင်းက စာရူးပေရူးဘဝ မှာ ဆက်လက် ကျင်လည် နေခဲ့သည်။ ဆေးတက္ကသိုလ် နှစ်လည် မဂ္ဂဇင်း ကော်မတီမှာ လှုပ်ရှားရင်း စာတိုပေစကလေးတွေ ရေးရင်း စာရေးဆရာ မဖြစ်တစ်ဖြစ် ဘဝမှာသာ ပျော်နေခဲ့သည်။

ဘဝတစ်ဆစ်ချိုး အပြောင်းအလဲက နောက်ဆုံးနှစ် အပိုင်း (ခ) မှာပါ။ ယခု မောင်ရဲ တာဝန်ကျနေသော အဆောင်တွင်ပင် ကလေး အထူးကုဆရာဝန်ကြီး ဒေါက်တာသိန်းအောင်နှင့် စာသင်ခွင့် ရခဲ့သည်။

စေတနာ၊ ပညာ၊ ဇွဲ၊ စွမ်းရည်။

စိတ်ကူးယဉ်ပြီး ရေးဖွဲ့၍ မရနိုင်လောက်သော ထူးချွန်သူတို့၏ ပုံပန်း သဏ္ဌာန်ကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့် ရခဲ့သည်။

အဲသည် ရှေ့ပိုင်းတုန်းကတော့ နာဂတောင်တန်းမှာ သက်စွန့်ဆံဖျား လှည့်လည်သွားလာရင်း နေ့မအိပ်၊ ညမအိပ် ဓားတစ်လက်ဖြင့် လည်ပင်း ကြီးရောဂါသည်များကို တန်းစီ ခွဲစိတ်ပေးနေခဲ့သည့် မြန်မာမှာသာမက ကမ္ဘာ့သတင်းများ အထိတိုင် ပျံ့နှံ့ ထင်ရှားနေသော ဆရာဝန်ကြီး ဒေါက်တာ သိန်းလှိုင် (နာဂ) ကို အဝေးမှ သတင်းကြားဖြင့် လေးစား အားကျ နေခဲ့သော်လည်း 'နာဂသိန်းလှိုင်' လို ခွဲစိတ်တာတော်ဖို့ စိတ်ကူး မယဉ်ရဲသည့် ဆေးကျောင်းသားလေး 'မောင်ရဲ' စာရူးပေရူးဘဝကို မစွန့်လွှတ်ခဲ့ပါ။ တစ်နေ့နေ့မှာ 'နာဂသိန်းလှိုင်' ၏ ဇွဲ၊ သတ္တိနှင့် စိတ် စေတနာတို့ကို အရင်းခံ၍ ဝတ္ထုရှည်တစ်ပုဒ် ရေးလိုက်ဦးမည်ဟု မရဲတရဲ စိတ်ကူးယဉ်ရုံမျှသာ။

ဒေါက်တာ သိန်းအောင်ကို တွေ့လိုက်ရတော့ မောင်ရဲ စိတ်ကူးသစ် တစ်ခု ရသွားပြန်သည်။ 'ကလေးအထူးကုဆရာဝန် ဖြစ်ချင်သည့်စိတ်'

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း တော်တော် စိတ်ကူးယဉ်ဆန်သည့် ရည်မှန်းချက်ပါ။ ဆရာ့လို တော်ဝင်သမားတော်ဘွဲ့ အင်္ဂလန် သွားယူဖို့ဆိုတာ ပြောကြည့်ရုံနှင့်ပင် ကိုယ့်အကြောင်း သိသူတွေက ဝိုင်းဟားမည့် ကိစ္စ။

ဘာပဲဖြစ်ဖြစ် ရေးလက်စစာတွေ ခဏတွန်းဖယ်၍ မောင်ရဲ ပညာ ပြန်ကြိုးစားခဲ့သည်။ နောက်ဆုံးနှစ် အပိုင်း (ခ) စာမေးပွဲကို ယခင်နှစ်များနှင့်မတူ ထူးချွန်စွာ အောင်မြင်သည်။ ဆရာ မြောက်ဥက္ကလာပ ဆေးရုံကြီးကို ပြောင်းရွှေ့သွားပြီဆိုတာ သိလျက်နှင့်ပင် ဆရာ သူ့ကို စတင်ပေးခဲ့သည့်နေရာ ရန်ကုန် အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး၊ ကလေးကုသဆောင်သို့ တောင်းယူ တာဝန် ထမ်းဆောင်ခဲ့သည်။

ဒီမှာတ ကလေးဆေးရုံကြီးလောက် လူနာမများ။ အဓိကအားဖြင့် သာကေတက လူနာတွေသာ များသည်။ (ဒဂုံမြို့သစ် မပေါ်သေးပါ) ည တာဝန် ချထားရာတွင် အလုပ်သင်ဆရာဝန် တစ်ယောက်၊ သူနာပြုဆရာမ တစ်ယောက်သာ ချထားသည်။ လက်ထောက်ဆရာဝန်က လိုမှ အိမ် သွားခေါ်ရသည်။

များသောအားဖြင့် လူနာ တစ်ယောက်နှင့် တစ်ယောက်ကြား တစ်နာရီလောက် နားချိန်ရတတ်သဖြင့် တာဝန်ကျ ဆရာဝန်အခန်းထဲမှာ လာထိုင်နေချိန် ရသည်။ အိပ်လိုက် ပြန်ထလိုက်လည်း မလုပ်တတ်သဖြင့် ငယ်စဉ်ကတည်းက ရည်ရွယ်ရင်း ရှိခဲ့သော ဝတ္ထုရှည်ကို စရေးမည်ဟု စိတ်ကူးကာ ဗလာစာအုပ် အလွတ်ကလေး ယူလာခဲ့မိသည်။

ခေါင်းစဉ်ကလေးတွေ ရေးထားပြီးခဲ့ပြီ။ 'အရုပ်ပန်း' တဲ့။

ကိုယ့်အဖို့ပဲ ကိုယ်သိတတ်သည့် ဆေးကျောင်းသားကလေး တစ်ဦး အသည်းကွဲရာက 'နာဂသိန်းလှိုင်' လို နယ်စွန်နယ်ဖျား အနစ်နာခံ သွား ရောက်ဆေးကုသည့် ဆရာဝန်တစ်ဦးအဖြစ် ပြောင်းလဲသွားပုံကို ဒဂီး ပြားမှ 'အရုပ်' ဘက်နှင့် 'ပန်း' ဘက်တို့နှင့်ရှုံ့ တင်စားမည်ပေါ့။

တကယ် ချရေးမည် ကြံစည်တော့ အတွေးတွေ ရှုပ်ယှက်ခတ်လာ သည်။ စာရေးဆရာဖြစ်ဖို့ လမ်းစက မမြင်ရသေး။ ဆရာဝန် ပီပီပြင်ပြင်



ဖြစ်ဖို့ကလည်း တော်တော် ကြိုးစားရဦးမည်။ ဘယ်ဟာကို အရင် လုပ်ရ မှာလဲပေါ့။

အဲဒီလို အချိန်မှာ တံခါးခေါက်သံ ပေါ်လာသည်။

| ၂ |

'သာကေတကပဲ ဆရာ၊ အေးစက်နေပြီ'

ဟုတ်ပါရဲ့။

သုံးနှစ် မပြည့်သေးသည့် သမီးငယ်ကလေး၊ နာမည်က အေမာဝင်း။ အေးမာဝင်းလားဟုပင် မေးမိသေးသည်။ မဟုတ်။ အေမာဝင်းတဲ့၊ ခပ်ဆန်းဆန်း။

အထက်လှန် အောက်လျှောရောဂါနှင့် ရောက်လာသည်။

ရေဓာတ် ခန်းခြောက်မှု အဆင့်သုံး။

လက်ဖျား ခြေဖျားတွေ ရေခဲလို အေးစက်ပြီး ကလေးက မှိန်းနေ သည်။ ပါလာသည့်အမေနှင့် အဒေါ်လည်း မျက်ရည် လည်ရွဲနှင့် တယောင်ချောက်ချား ဖြစ်နေကြသည်။

သူနာပြု ဆရာမကြီးကတော့ အတွေ့အကြုံ ရှိသူပီပီ အကြောဆေး တမန်းကတန်း သွင်းဖို့ တိုင်တစ်ချောင်း ပြေးယူ၍ ပုလင်းတစ်လုံး ချိတ် နေသည်။

အသက် (၂၃) နှစ် အရွယ် အတွေ့အကြုံ လေးလသာ ရှိသေးသည့် အလုပ်သင် ဆရာဝန် မောင်ရဲကတော့ သူ့ပါ ခြေဖျားလက်ဖျားတွေ အေးစက်ချင်လာသည်။

ကလေးဆောင် ရောက်တော့ တစ်လ၊ သူ့လက်ထဲမှာ ကလေး တစ်ယောက်မှ မသေဖူးသေး။ အေမာဝင်းက ပထမဦးဆုံးများ ဖြစ်သွား မှာလား။

'ကဲ သွင်းကြတာပေါ့ဗျာ၊ ဘတ်တာဖလိုင်း သစ်သစ်ကလေး ရရင်တော့ ကောင်းမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူနာပြု ဆရာမကြီးဘက် လှည့်ပြောလိုက်သည်။ ဘတ်တာဖလိုင်း ဆိုတာက ကလေးအကြောဆေးသွင်းသည့် အပ်တန်းလန်း ပိုက်ပျော့ ကလေးတွေကို ပြောတာပါ။ ထိုစဉ်က ကင်နျူလာခေါ် ပလတ်စတစ် ပိုက်များ မရှိသေး။ အပ်ပင်လျှင် အကြိမ်ကြိမ် ပြန်ပြုတ် သုံးနေရခိုက် ဖြစ်သည်။ သစ်သစ်ကလေး ဆိုတာက ပြန်ပြုတ်တာ အကြိမ် သိပ်မများ သေးသော အပ်ကို ဆိုလိုပါသည်။ ပြုတ်တာ များလျှင်ပင် အပ်က တုံးသည်။ အေးစက်နေသော ကလေး၏ အကြောကို ဝင်အောင် ထိုးနိုင်ဖို့ သိပ် မလွယ်ပါ။ .

'ရှာပေးမယ် ဆရာရေ'

သူနာပြုဆရာမကြီးက အေးဆေးတည်ငြိမ်စွာ ဖြေသည်။

[ ၂ ]

**မလွယ်။ မလွယ်။**

တလေးတ သွေးပေါင်ချိန် တိုင်းမရအောင် ကျဆင်းနေသဖြင့် အကြောတွေအားလုံး ပြားကပ်နေသည်။ လက်နှစ်ချောင်း ခြေနှစ်ချောင်း စလုံးကို မောင်ရဲတစ်လှည့်၊ ဆရာမကြီးတစ်လှည့် ချွေးဒီးဒီးကျအောင် ထိုးကြသော်လည်း နာရီဝက် ကြာသည်အထိ အကြောတစ်ချောင်းမှ မပေါက်။ ကလေးကလည်း တဖြည်းဖြည်းနှင့် ညည်းသံပင် မထွက်တော့။

'ဆရာရေ တစ်ချက် တစ်ချက် နှလုံးလည်း နားထောင်ကြည့်ဦး၊ ခုန်သေးရဲ့လားလို့'

ဆရာမကြီးက ထိုးနေရင်းက တိုးတိုးပြောသည်။ ကလေး နှလုံးတော့ မသိ ကလေးသေမှာကို ကြောက်စိတ်ဖြင့် မောင်ရဲ နှလုံးက ရပ်ချင်ချင်။

'ကိုရဲ အကြော မရသေးဘူးလား'

ဆရာ မယ်လကွန်အသံ ပေါ်လာသည်။

ဆရာ မယ်လကွန် ဆိုတာက ဒေါက်တာ အောင်မင်းထွဋ်။ ဒီအဆောင်က လက်ထောက်ဆရာဝန်။ ဒီအဆောင်မှာ သူနဲ့ ဒေါက်တာ



စုစုလှိုင် နှစ်ယောက်သာ ရှိသည်။ လိုလျှင် တစ်ယောက်တစ်လှည့် အိမ်မှ လိုက်လာတတ်ကြသည်။

သူ့နာမည် အရင်းက 'မယ်လကွန် မိုင်းနပ်စ်' မို့ သူ့ကို ဆရာ မယ်လကွန်ဟု ခေါ်ကြသည်။ ဂျူးကပြား တစ်ဦးပါ။ ခွဲစိတ်တာ တော်၍ အပင်ပန်းခံနိုင်စွမ်း ကြီးမားသူတစ်ဦး ဖြစ်သည်။ ပညာတော်သော်လည်း ဘွဲ့လွန် မတက်ဘဲ အခြေခံ ဆရာဝန်ဘဝမှာ ပျော်နေသူ ဖြစ်သည်။

'မရဘူး ဆရာ၊ ဆရာ 'ကပ်ဒေါင်း' ဝင်မလား'

'ကပ်ဒေါင်း' ဆိုတာ ကလေး ခြေချင်းဝတ်ကို ခွဲစိတ်၍ အကြောကို ရှာဖွေ ဖော်ထုတ်ပြီး ရအောင် ပိုက်သွင်းသောနည်း ဖြစ်သည်။ ဆရာ မယ်လကွန် 'ကပ်ဒေါင်း' ကျွမ်းကျင်သည်က နာမည်ကြီး။ သို့သော် သည်ကလေးကတော့ ဘယ်လိုမှ မလွယ်နိုင်ပါ။

'ခင်ဗျား ကလေးက 'ကပ်ဒေါင်း' ပြီးတဲ့အထိ ခံမယ့်ပုံ မပေါက်တော့ ဘူးဗျ၊ ဒီလို လုပ်လေ၊ ကျွန်တော်က ခြေကနေ 'ကပ်ဒေါင်း' ဝင်မယ်၊ ခင်ဗျားနဲ့ ဆရာမက ခေါင်းကနေ ဆက်ထိုးနေ'

'ခေါင်းက ဟုတ်လား ဆရာ'

မောင်ရဲ အူကြောင်ကြောင် ဖြစ်နေသော်လည်း ဆရာမကြီးက ချက်ချင်း သဘောပေါက်သည်။

'ခေါင်းအရေပြားက ထိုးဖို့ ပြောတာ ဆရာရဲ့ရဲ့၊ ကျွန်မ ကလေး ဆံပင်တစ်ခြမ်း ရိတ်လိုက်မယ်၊ ဆရာရဲ အမေကို ရှင်းပြထားပေး'

ဘုရား။ ဘုရား။

အသက်တစ်ချောင်း လုရသည်မှာ တကယ်တမ်းကျတော့ ဝတ္ထုတွေ ထဲမှာလို မလှပပါလား။

ဆရာ မယ်လကွန်၏ 'ကပ်ဒေါင်း' မအောင်မြင်ပါ။ အကြောက မျှင်ပြီး ပြုတ်ထွက်သွားသည်။ သူနာပြုဆရာမကြီး၏ ခေါင်းက အပ်ချက် တ အောင်မြင်သွားသည်။

'ဝင်ပြီ ဆရာရဲရဲ့ ဝင်ပြီ၊ ဘာထိုးမလဲ၊ ထိုးချင်တာ ယူလာခဲ့ ဒီမှာ ကျွန်မ ကိုင်ထားမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက ဝမ်းသာအားရ ထအော်သည်။

မောင်ရဲ အကြောဆေး ပုလင်းကြီး၊ ပုလင်းငယ်များ ပြေးယူသည်။

ထိုညက မောင်ရဲရော သူနာပြုဆရာမပါ အေမာဝင်းကလေး နံဘေးမှာ ငုတ်တုတ် မိုးလင်းခဲ့ပါသည်။

အေမာဝင်းကလေး ပထမတော့ အကြောတွေ ပြန်ပွင့်လာသည်။ လက်ဖျား ခြေဖျားတွေ သွေးပြန်လျှောက်လာသည်။ သွေးပေါင် ချိန်၍ ရလာသည်။

အသက်ရှူကတော့ ဖုတ်လှိုက် ဖုတ်လှိုက်။

သွေးလန့်ထားစဉ်က အဆိပ် ဖြစ်နေသော အက်စစ်ဓာတ်တို့ စုဝေးနေဆဲဟု မောင်ရဲ သုံးသပ်သည်။ 'ဆိုဒီယမ်ဘိုင်ကာပ်' ဆေးကို နည်းနည်း ထိုးလိုက်၊ တစ်နာရီလောက် စောင့်ကြည့်လိုက်၊ အကြောဆေး ပုလင်းကြီးကို မြန်ပေးလိုက်၊ နှေးပေးလိုက် လုပ်သည်။

ရှားရှားပါးပါး ရထားသော အပ်ချက်ကလေး ပေါက်မသွားပါစေနှင့်၊ ပြုတ်မသွားပါစေနှင့်ဟုလည်း အသက်အောင့်၍ ဆုတောင်းရသေးသည်။

မိုးလင်းတော့ အေမာဝင်းလေး မျက်စိဖွင့်ကြည့်ပြီး အင်းအင်း အဲအဲ ညည်းစပြုလာသည်။

ဒီတော့မှပဲ မောင်ရဲရော သူနာပြုဆရာမပါ သက်ပြင်းချကြရတော့သည်။

'မျက်နှာ သွားသစ်ဦးမယ်ဗျာ'

မောင်ရဲက ညောင်းညာ ကိုက်ခဲနေသော ကြွက်သားများကို ဆန့်ထုတ်၍ ရေရွတ်သည်။ တာဝန်ကျ ဆရာဝန်ခန်းဘက်သို့ လျှောက်လာသည်။ ကလေးအဒေါ်ဟု ယူဆရသူက မောင်ရဲ နောက်မှ ကမန်းကတန်း လျှောက်၍ လိုက်လာသည်။

မောင်ရဲ သတိမထားမိလိုက်စဉ် အတွင်းမှာ မောင်ရဲ အိတ်ကပ်ထဲသို့ တစ်စုံတစ်ခု ထိုးထည့်သည်။ ရုတ်တရက် ပုတ်ဖယ်လိုက်တော့ ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည်။

ငွေစက္ကူ တစ်ဆယ်တန်ကလေး တစ်ရွက်။



'ဒါ ဘာလုပ်တာလဲ ခင်ဗျား'

'ဆရာ လက်ဖက်ရည် သောက်ဖို့ပါ ဆရာ၊ ဆရာ မောနေလို့'

ဘုရားရေ။

ငါ စိတ်ပဲ ဆိုးရမှာလား။ ဒေါသပဲ ထွက်ရမှာလား။ ရယ်စရာလို့ပဲ သဘောထားရမှာလား။ ဆရာဝန်ကို လက်ဖက်ရည်ဖိုး ပေးသတဲ့။

'စေတနာနဲ့ လုပ်ပေးတာ၊ အဲဒါတွေ မလုပ်နဲ့၊ မကြိုက်ဘူး'

မျက်နှာထား တည်တည်နှင့် ပြောတော့လည်း မျက်နှာငယ်ကလေးနှင့် ကျန်ခဲ့ရှာသည်။ နံနက် ရောက်လာသော သူငယ်ချင်းတွေကို ပြောပြတော့ အားလုံး ပြက်လုံးကောင်းတစ်ခု ရသလို ရယ်လာကြသည်။

အေမာဝင်းကလေး ဆေးရုံမှာ ၁၀ ရက်လောက် နေရပြီး ကျန်းမာစွာ ဆေးရုံမှ ဆင်းသွားရသည်။ ခေါင်းက ဆံပင်က ရိတ်ထားရသည့်အပြင် အကြောဆေးထိုးဖို့ ကြိုးစားထားသော အပ်ချက်များဖြင့် အမာရွတ်များ ပွနေသဖြင့် ပန်းပွင့်ကလေးတွေပါသော ဦးထုပ်ကလေး ဆောင်း၍ ပြန်သွားရရှာသည်။

မတတ်နိုင်ဘူးလေ။ အဲသလို မထိုးခဲ့လျှင်လည်း အဲသည့်ည ကတည်းက ဆုံးပါးပြီးခဲ့လောက်ပြီ။

'သမီး အသက်ကို ကယ်ခဲ့တဲ့ ဆရာနဲ့ ဆရာမကို ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး'

ကလေး အမေက မျက်ရည် တစမ်းစမ်းနှင့် ကျေးဇူးစကားဆိုတော့ ရင်ထဲတွင် သိမ့်ခနဲ ခံစားရသည်။ ဟုတ်ပါရဲ့။ ငါ အသက် တစ်ချောင်းကို ကယ်လိုက်တာပါလား။ ငါ့ဘဝမှာ ပထမဦးဆုံး ကယ်တင်လိုက်နိုင်တဲ့ ကလေးအသက် တစ်ချောင်းပါလား။ ဒီလို ဆိုတော့လည်း ဆရာဝန် ဖြစ်ရတာ တယ်ဟုတ်ပါလား။ ဆုံးဖြတ်လိုက်သည်။ လုပ်မည်။ တစ်သက်လုံး ဆရာဝန် လုပ်မည်။ အခြေအနေပေးလျှင် ကလေးအထူးကု ဆရာဝန် ဖြစ်အောင်ကို လုပ်ဦးမည်။

စာရေးဆရာရော၊ ဒါကတော့ အဲသည်အတွက် အခြေအနေ ပေးခဲ့လျှင်ပေါ့။ ဘာပဲဖြစ်ဖြစ် အချိန်ရတိုင်းတော့ ဆေးကုရင်းက စာရေး

www.burmeseclassic.com

www.burmeseclassic.com



နေမည်။ 'အရုပ်ပန်း'ကို ဆက်ရေးဖြစ်သည်။ နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ် တိတိ ကြာမြင့်ခဲ့လေပြီ။

မောင်ရဲတစ်ယောက် မောင်ရဲဘဝမှ ဒေါက်တာရဲ ဖြစ်လာခဲ့ပြီး ကလေးအထူးကု ဆရာဝန်တစ်ဦးလည်း ဖြစ်လာခဲ့လေသည်။ 'နာဂသိန်းလှိုင်' လောက် စွမ်းစွမ်းတမံ မဆောင်ရွက်နိုင်ခဲ့ပေမယ့် တောင်ပေါ်မြေပြန့် ဒေသအစုံ လှည့်လည်သွားလာ တာဝန် ထမ်းဆောင်ခဲ့ရသည်။ ဒေါက်တာ သိန်းအောင်လောက် မထူးချွန်ခဲ့သော်လည်း ဆရာ့လိုပင် အင်္ဂလန်ရောက်ခဲ့၊ တော်ဝင်သမားတော်ဘွဲ့ ရခဲ့ပြီး ပါမောက္ခကြီး တစ်ဦး ဖြစ်လာခဲ့သည်။ ယခုတော့ ပါမောက္ခရဲ ပေါ့။

ပထမဦးဆုံး ကယ်ခဲ့ဖူးသော ကလေးအသက် တစ်ချောင်းကိုတော့ အမြဲ သတိရနေဆဲ။ တပည့်ကလေးတွေကို စာသင်ရင်း ပြောပြဖြစ်ဆဲ။

ရှိမည်ဆိုလျှင် အဲသည်ကလေး အသက်သုံးဆယ် နီးရောပေါ့။ သူကိုယ်တိုင်တောင် ကလေးအမေတစ်ဦး ဖြစ်ချင်ဖြစ်နေမည်။ ခေါင်းကရော ဆံပင်မှ ကောင်းကောင်း ပေါက်ရဲ့လား။ မပေါက်ရင် အလှပျက်၍ ငယ်စဉ်က အသက်လု အကြောဆေးထိုးခဲ့သော ဆရာဝန်ပေါက်စကလေးကို တွေး၍မှား မေတ္တာပို့နေမလား စိတ်ပူမိသေး၏။

အဲသည့် အဆောင်ကလေးမှာ တာဝန်ကျရင်းနှင့်ပဲ ပထမဦးဆုံး စရေးခဲ့ဖူးသော ဝတ္ထုရှည်ကလေးကတော့ နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ် အကြာတွင် ထုတ်ဝေသူ ပေါ်ခဲ့သည်။

'အရုပ်ပန်း' တော့ မဟုတ်တော့။

နာမည် ပြောင်းလိုက်သဖြင့် 'ကြိုးကြာတောင်ပံခတ်သံ' ဖြစ်လာသည်။ ပထမဦးဆုံးသော အဲသည်စာအုပ်နှင့်ပင် သူ အမျိုးသားစာပေဆု ရခဲ့သည်။ စာအုပ်ကနေ ရုပ်ရှင်ကြီး ဆက်ဖြစ်လာသည်။

စာအုပ်ကလေးကို လှန်လှောကြည့်မိတော့ အဲဒီအဆောင်၏ အခိုးအငွေ့ကလေးတွေ ရိုက်ခတ်နေသေးတာကို ပြုံးမိရသေးသည်။ အဓိက ဇာတ်ဆောင်နာမည်က 'ချင်းတောင် လတ်ငြိမ်း' တဲ့၊ ဒါတော့ ထားတော့။ 'လတ်ငြိမ်း' ဆိုတာ မောင်ရဲ ငယ်ငယ် ဝတ္ထုတို ရေးတုန်းက ကလောင်



နာမည် ဖြစ်သည်။ မင်းသမီးက သွယ်စုလှိုင်တဲ့။ အဲသည်တုန်းက မမ လက်ထောက်ဆရာဝန်၊ နောင် အဏုဇီဝဗေဒ ပါရဂူ ဖြစ်လာသူအမည်နှင့် သွားဆင်နေလိုက်တာ ရေးလိုက်တုန်းကတောင် သတိမထားမိ။ အဓိက ဇာတ်ဆောင်၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေဆရာဝန်ကရော မယ်လကွန်းတဲ့။ ဆရာ မယ်လကွန်း တကယ်အပြင်မှာ မြန်အောင်မြို့မှာ ကြုံတွေ့ခဲ့ရသည့် ပြဿနာအခက်အခဲတွေပါ ထည့်ရေးထားလိုက်သေး။

ပထမဦးဆုံး နှစ်ခု၏ ထူးခြားစွာ ယှက်နွယ် ဆက်စပ်နေမှုများပေါ့။

ကလောင်နာမည်ကိုတော့ သည်လို ပေးမိသည်။

လက်ာရည်ကျော်။

**သရုပါမဂ္ဂဇင်း**

**၂၀၁၀၊ ဇူလိုင်လ**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

လွန်ခဲ့သောအနှစ် နှစ်ဆယ်ကျော်။ ကရင်ပြည်နယ် ဒေါနတောင်အရှေ့ခြမ်း စစ်ဆင်ရေးနယ်မြေ။ ည ၁၀ နာရီ။

ခပ်ဝေးဝေး အမှောင်ထုမှ သေနတ်သံတစ်ချက် သဲ့သဲ့ကြားရသည်။ ဆက်သွယ်ရေးစက်ဖွင့်ဖို့ အချက်ပြတာပဲဟု ဗိုလ်ရဲ ချက်ချင်း သဘောပေါက်သည်။

မောင်ရဲတနေ ဒေါက်တာရဲဖြစ်၊ ဒေါက်တာရဲကနေ ဗိုလ်ရဲဖြစ်ခဲ့တာ နှစ်နှစ် ကြာပြီမို့ ဒေါက်တာရဲ ပြန်ဖြစ်ဖို့ပင် တစ်နှစ်ပဲ လိုတော့သည်။

သည်စခန်းကုန်းမှာ ရောက်နေတာလည်း ခြောက်လ ကျော်နေပြီ။

ရောက်ခါစကတော့ အင်အား ရှစ်ဆယ်လောက်ရှိသော စစ်ကြောင်းတစ်ကြောင်းနှင့် အတူပါ။ အဲသည် ရဲဘော်တွေကို လူနာလုပ်၍ ငှက်ဖျားသုတေသနလုပ်ငန်းများ ဆောင်ရွက်နေတာပါ။

လွန်ခဲ့သည့် တစ်လကစပြီး သည်စခန်းကုန်းနှင့် မနီးမဝေးမှာ သမိုင်းဝင် မဲသဝေါတိုက်ပွဲ ဖြစ်ခဲ့သည်။ သည်ဒေသ တစ်ခုလုံး အခြေအနေ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ နံနက် ငါးနာရီဆို လက်နက်ကြီးတွေ စပစ်ပြီ။ ကတုတ်ကျင်း ထဲမှာ အိမ်သာတက်၍ မရသဖြင့် နံနက်လေးနာရီလောက် အမြဲထ၍ အိမ်သာ လုတက်ရသည်။

တိုက်ပွဲတွေ ပိုပြင်းထန်လာတော့ တပ်ရင်းမှူး အဘ ဗိုလ်မှူးကြီးစိုးအောင် ဦးစီးသည့် စစ်ကြောင်းတစ်ခုလုံး ကုန်းအောက်ကို ဆင်းသွားသည်။



'ဆရာဝန် ဗိုလ်ကြီးရယ်၊ ခင်ဗျားကို ကျွန်တော်က ထားခဲ့ရမှာလည်း စိတ်မချ၊ ခေါ်ခဲ့ရမှာကလည်း စိတ်မချ၊ သတိဝီရိယနဲ့တော့ နေပါ၊ အထူးသဖြင့် ကျွန်တော် ပြန်မလာမချင်း ရေဆင်းမချိုးပါဘူးလို့ ကတိပေးစမ်းပါ'

သူ ပြောတာလည်း မှန်သည်။

သူ သွားရမည့်နေရာက ရန်သူ့စခန်း စည်းရိုးသို့၊ အခွင့်အလမ်းကို စောင့်ကြည့်၍ အခွင့်သာလျှင် တက်ရောက် သိမ်းပိုက်ရန်။

ကိုယ် ကျန်နေခဲ့သည့် နေရာက နောက်မှာ ဘယ်ဘက်ကမှ စိုးမိုးမထားသောနေရာ၊ နေ့တစ်ဝက်ခရီး လမ်းလျှောက်စာလောက် ကျယ်သည်။ တာကုန်း သုံးကုန်းစလုံးက ကင်းတွေလည်း မကျန်တော့။ ရေဆင်းခပ်ရသည့် တောင်အောက် စမ်းချောင်းကလေး ဘေးမှာ ရဲဘော်သုံးယောက် ချထားသည်။

တောင်ပေါ်မှာက ဆယ်ယောက်ကျော်ကျော်။ လူနာတွေလည်း နည်းနည်း ရှိသည်။ အဘက ကုန်းကို တက်မှာဆိုတော့ စိတ်မပူ။ သူ့နေရာကနေ ဗိုလ်ရဲ ရှိရာအထိ တပ်ကို နာရီဝက်အတွင်း ပြန်ဆုတ်လာနိုင်သည်ဟု ဆိုသည်။ စိတ် ပူတာက ရေဆိပ်အဆင်းမှာ ချောင်းပစ်မှာကိုပါပဲ။ ဒါကြောင့် ဆရာဝန်ကို ရေဆိပ်ကို ဆင်းပြီး ရေမချိုးစေချင်ခြင်းဖြစ်သည်။

အဘကို ပေးလိုက်ရသော ကတိ တကယ်ထိန်းရတော့ သိပ်မလွယ်ပါ။ အဲသည်အတိုင်း ပတ်လည်မှာ တိုက်ပွဲတွေ ဖြစ်နေသည့် အခြေအနေကို ဆက်သွယ်ရေးစက်ဘေးက ထိုင်နားထောင်ရသည်မှာ တစ်ပတ်ကနေ နှစ်ပတ် ဖြစ်လာသည်။ ဆောင်းတွင်းပေမယ့် ရေမချိုး အဝတ်မလျှော်ရတော့ စစ်သားက နေတတ်သော်လည်း ဆရာဝန်က မနေတတ်မထိုင်တတ် ဖြစ်လာသည်။

အဲသည်လို အချိန်မျိုးမှာ အဘ စိတ်ပူထားသည့် သတင်းကို ည ၁၀ နာရီမှာ ရသည်။ အင်အားက နှစ်ရာလောက်တဲ့၊ ဗိုလ်ရဲတို့ ရေကာင်းနားမှာ ကပ်ထားပြီးပြီတဲ့။ အရှေ့တက်မှာ ပျက်စီးမတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သတင်းကို လက်ခံရချိန်မှာ ဗိုလ်ရဲနှင့် ဗိုလ်မျိုးမော်ဦးတို့ ရှိနေသည်။ ဗိုလ်မျိုးမော်ဦးက ရန်ကုန်တက္ကသိုလ်ဆင်း ဘွဲ့ရခြေလျင် အရာရှိငယ် တစ်ဦးပေါ့။ စခန်းကုန်းနှင့် ဆရာဝန် လုံခြုံရေးကို စောင့်ရှောက်ရန် ကျန်နေခဲ့ခြင်း ဖြစ်သည်။

'အစ်ကို စိတ်မပူနဲ့၊ ကျွန်တော် စီစဉ်လိုက်မယ်'

သူတို့အားလုံး ဆရာဝန်ကို အစ်ကို ခေါ်ကြသည်။

'ကိုအောင်နိုင်ကို ခေါ်ဦးလေ'

ဗိုလ်အောင်နိုင်က လက်နက်ကြီး အရာရှိဖြစ်သည်။ အသည်းအသန် ဖျားနေပြီး မျက်စိ နှစ်ဖက်လုံး ရောင်ကိုင်းနေသဖြင့် စခန်းကုန်းပေါ်မှာ လူနာအဖြစ် ကျန်ခဲ့ခြင်းဖြစ်သည်။

နေမကောင်းပေမယ့်သာ မကောင်းသည်၊ နေကောင်းစဉ်က ဗိုလ်အောင်နိုင်က သည်တပ်၏ လက်ရွေးစင် ကျားတက်သမား ဖြစ်သည်။ သွေးအေးသည်။ သတ္တိကောင်းသည်။

ဗိုလ်အောင်နိုင်က လူနာတွေကိုပါ အားလုံး နှိုးလိုက်သည်။

'ဒီအချိန်မှာ သေနတ်မောင်း ဆွဲနိုင်တဲ့လူတွေ အကုန်လိုအပ်တယ်'

တာတင်း အားလုံးအပြင် စစ်ကြောင်းရုံးကုန်းကိုပါ စွန့်လွှတ်လိုက်သည်။ စစ်ကြောင်းမှူး ကတုတ်ကျင်း၊ ဆရာဝန် ကတုတ်ကျင်းနှင့် ဆက်သွယ်ရေးစက် ရှိရာ ကတုတ်ကျင်းတို့ ခွဲထားသည့် တောင်ကုန်း ထွန့်ထွန့်တလေး ပတ်လည်မှ ဆက်သွယ်ရေးလမ်းကြောင်းခေါ် သေနတ်ပစ်ကျင်း အရှည်ထဲတွင် ရှိသမျှ လူအင်အား အားလုံးကို နေရာချသည်။

တောင်စောင်းမှာ ထားသော လက်နက်ကိုထောင်ထဲတွင် ရှိသမျှ ကျည်ဆန်၊ ခဲယမ်း၊ မီးကျောက်များကို တောင်ထိပ်သို့ ရွှေ့သည်။ ကတုတ်ကျင်းထဲတွင် ထိုင်နေသော ရဲဘော်အားလုံး၏ ဘေးတွင် ကျည်ဆန်အပိုများ အလျှံအပယ် ချထားပေးသည်။



'အားလုံး ခေါင်းမော့ပြီး ကြည့်နေ၊ ငါက ပစ်လို့ မပြောမချင်း တစ်တောင့်မှ မထွက်စေနဲ့၊ ပစ်လို့ ပြောတာနဲ့ တရစပ် ဆော်၊ ရန်သူ တက်လို့ ရတဲ့လမ်းက ကျဉ်းကျဉ်းလေးပဲ ရှိတာ၊ မင်းတို့ တစ်တောင့်ချင်း အေးအေးဆေးဆေး ထိုင်ပစ်နေရင်တောင် နာရီဝက်အတွင်း တစ်ယောက်မှ ကျင်းနား ကပ်နိုင်မှာ မဟုတ်ဘူး၊ စပစ်သံ ကြားတာနဲ့ အဘတို့ ပြန်လှည့်လာရင် ဒီကောင်တွေ နောက်က ပတ်မိဖို့ နာရီဝက်တောင် မလိုဘူး၊ နားလည်လား'

ဗိုလ်ရဲ ကတုတ်ကျင်းထဲမှ မော့ကြည့်သည်။ လကွယ်ညမို့ ကြယ်ရောင်ပျပျသာရှိသော ကောင်းကင်နောက်ခံမှာ တုတ်ရှည်ကြီး တစ်ချောင်း တယမ်းယမ်းနှင့် ကတုတ်ကျင်းပေါင်ပေါ်တွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသော ဗိုလ်အောင်နိုင်မှာ မည်းမည်းအရိပ်ကြီး အဖြစ်သာ မြင်ရသည်။

'ခေါင်းငုံ့ပစ်ရင်တော့ ငါရိုက်မှာနော်၊ ငါတောင် ဘောင်ပေါ်မှာ ရပ်နေနိုင်သေးတာ ခေါင်းမော့ထား ဒါပဲ'

'အစ်ကို ကျွန်တော် ကျည်ဂိုဒေါင် တစ်ချက် သွားကြည့်ဦးမယ်'

ဗိုလ်မျိုးမော်ဦးက လှမ်းပြောသည်။

'အေး အေး ဆရာစိုးနိုင်တို့လည်း ကုန်ရင် ပိတ်ပြီး အပေါ် တက်ခဲ့တော့လို့ ပြောလိုက်၊ ဆရာဝန်ဗိုလ်ကြီးက ဆက်သွယ်ရေးစက်နားမှာ နေပါလား၊ တစ်ခုခု လှမ်းပြောရင် အကြီးတစ်ယောက် ချက်ချင်း ဖြေနိုင်အောင်' အမှောင်ထဲတွင် ခိုးပြုံးမိသည်။

ဆက်သွယ်ရေးစက် ထားသော ကတုတ်ကျင်းက အခိုင်ခံ့ဆုံးနှင့် အလုံခြုံဆုံးပါ။ ဘယ်လို လက်နက်ကြီးကျည်ဆန်မှ အဲသည်လောက် ထူသော ကျောက်တုံးတွေကို ဖောက်မဝင်နိုင်။

ဗိုလ်အောင်နိုင်က တိုက်ပွဲ တကယ်ဖြစ်လာရင် ဆရာဝန် ကျည် မသင့်စေချင်သော စေတနာကို ဥပါယ်တံမျဉ်နှင့် ပြောလိုက်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲသည် အချိန်မှာ အချက်ပြ သေနတ်သံကို ကြားရခြင်းဖြစ်သည်။ ဗိုလ်ရဲ ဆက်သွယ်ရေးစက် ထားရာ ကတုတ်ကျင်းထဲ ဝင်ခဲ့ပါသည်။

[ ၂ ]

'မြွေနှစ်ကောင် ခေါင်းပေါင်း ရှိလား'

'ရှိတယ် အနားမှာပဲ'

ဆက်သွယ်ရေး တပ်ကြပ်က စကားပြောခွက်ကို ဗိုလ်ရဲကို ထိုးပေးသည်။ ဗိုလ်ရဲ၏ စစ်ဝတ်စုံ လက်မောင်းတွင် တပ်ဆင်ထားသော ဆေးတံဆိပ်မှာ တောင်ဝှေးကို မြွေနှစ်ကောင် ပတ်ထားသည့် ပုံပါ။ ဒီတော့ မြွေနှစ်ကောင် ခေါင်းပေါင်းဆိုတာ ဆေးအဖွဲ့ခေါင်းဆောင်ဟု အဓိပ္ပာယ်ရသည်။ သည် ငှက်ဖျားသုတေသန မစခင်ကတော့ 'မြွေနှစ်ကောင် ခေါင်းပေါင်း' ဆိုတာ လက်ထောက်အရာခံဗိုလ်ကြီး ဖြစ်သည်။ ယခုတော့ ဗိုလ်ရဲပေါ့။

'ဘယ်သူလဲ'

'ဦးကျားပါ'

ဗိုလ်ရဲ ပြုံးလိုက်သည်။ အဘအနားတွင် အမြဲရှိနေသော စစ်ကြောင်း ထောက်လှမ်းရေးအရာရှိ ဗိုလ်ဝင်းတင့်။ ခြောက်လလောက် အတူနေ ကြစဉ် ကာလအတွင်း ညီအစ်ကို အရင်းတွေလို ပြောမနာ၊ ဆိုမနာ၊ ဖြစ်နေကြပြီမို့ ဗိုလ်ရဲက သူ့ကို မခံချင်အောင် တမင်သက်သက် စသော နာမည်။

'ပြောပါ'

'အခြေအနေ ကောင်းလားလို့'

'လူအခြေအနေ ကောင်း'

ဗိုလ်ဝင်းတင့်က တိုးတိုးရယ်သည်။ ဆိုလိုတာက စိတ်ကတော့ 'လန့်' နေသည်ဟု ပြောတာကို သူ သဘောပေါက်သည်။

'အာလူးနဂါးရှိရင် စိတ်ချရပါတယ်'



ဗိုလ်အောင်နိုင်ကို ဆိုလိုတာ။ အာလူး . . အ။ နဂါး . . န။ အန . . အောင်နိုင်။ ဆရာဝန်လည်း ဒါတွေ တတ်နေပြီ။

'လုပ်မနေနဲ့၊ ခင်ဗျားနဲ့ ကျား ထိုးချင်တယ်'

အတူနေစဉ်က ညတိုင်း ကျားထိုးနေကျမို့ သည်စကားက ပြန်လာခဲ့ဟု အဓိပ္ပာယ်ရသည်။

'ထိုးမှာပါ။ နည်းနည်းလေး သေချာချင်လို့'

'ဘာ သေချာချင်တာလဲ'

'ခင်ဗျား သူငယ်ချင်းဆီလည်း ဖြစ်နိုင်တယ်'

သူငယ်ချင်း ဆရာဝန် ဗိုလ်အောင်ဆန်းဦးက နေ့ဝက် ခရီးမျှ ဝေးသော တောင်ကုန်း တစ်ကုန်းပေါ်တွင် အခြား တပ်တစ်တပ်နှင့် အတူ ရှိနေသည်။ ဒီတော့ သူတို့ ရထားသော ဆရာဝန်ကို အရှင်ရအောင် ဖမ်းခဲ့ဆိုသည့် သတင်းသည် ဗိုလ်ရဲကို ဆိုလိုသည်ဟု လည်းကောင်း၊ လူနှစ်ရာက ဗိုလ်ရဲတို့ တောင်ကုန်း အောက်မှာဟု လည်းကောင်း အပိုင်တွက်၍ မရ၊ ဗိုလ်ဝင်းတင့်တို့က ကြားထဲတွင် အရှင်ထား၍ စောင့်ရမည်။ ဖြစ်ရာကို လိုက်ရမည်။

'အင်းလေ'

[ ၃ ]

နံနက် ငါးနာရီတွင် စပစ်သည်။

ပလောက် . . . ဂျိမ်း . . အသံတွေ ကြားရတာနဲ့ ဗိုလ်ရဲ ဆက်သွယ်ရေး စက်ဘေးသို့ ပြေးလာသည်။ ဗိုလ်မျိုးမော်ဦးက ရောက်နှင့်နေပြီ။ ခြောက် ငါးတွေ၊ သုံးငါးတွေ ရွှတ်နေပြီ။

'ဝေးတယ် ထင်တယ်ဗျ'

'ဟုတ်တယ် . . အစ်ကို၊ အောက်က မဟုတ်ဘူး'

'ဘယ်ကလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှာနေတုန်းပဲ၊ အစ်ကို့ သူငယ်ချင်းကုန်းကလည်း ရှင်းတယ်တဲ့၊ ကြားထဲက အသေးတစ်ခု ဒီကောင်တွေ မှားဝင်တာ ထင်တယ်'

နံနက် ကိုးနာရီလောက်မှာတော့ သည်ကုန်းကို ဝင်တိုက်နေတာ မဟုတ်တာ သေချာသွားပြီ။ သက်ပြင်းချ၍မှ မပြီးသေး။ ခပ်လှမ်းလှမ်းဆီမှ ဆူညံသော ပစ်ခတ်သံတွေ တရစပ် ထွက်လာသည်။

'ဒါက ဘယ်ကလဲ'

'ဒါက ကျွန်တော်တို့ အဖွဲ့တစ်ဖွဲ့ သူတို့ဘက် တက်လုံးနေတာ၊ သည် စစ်ကြောင်းက မဟုတ်ဘူး'

ညနေစောင်းတော့ အဲသည်အဖွဲ့က လှမ်းဆက်သွယ်သည်။ လူနာ လာပို့ချင်သည်။ ရမလားတဲ့။

ပို့ပေါ့။ ငှက်ဖျားသုတေသနအဖွဲ့ ဆိုပေမယ့် ရှေ့တန်း လာကတည်းက ပတ်တီး၊ ဂွမ်းလိပ် အပြည့်အစုံ ပါပြီးသား။

ည ဆယ်နာရီတွင် ရောက်လာသည်။

လူနာက ခြောက်ဆယ့်ကိုးဦးတဲ့။

## | ၄ |

မိုးက ဖွဲဖွဲရွာသည်။

ပထမဦးဆုံး လုပ်ရသည့် အလုပ်က လူနာ ခြောက်ဆယ့်ကိုးဦးစလုံးကို အမိုးအကာအောက် ရောက်အောင် ရွှေ့ရတာ ဖြစ်သည်။

'အစက ခုနစ်ဆယ့်နှစ်၊ လမ်းမှာ မရတော့တာက သုံးယောက်'

သယ်လာသည့် ဗိုလ်ကလေးက ရှင်းပြသည်။

'အေးဗျာ၊ တော်သေးတာပေါ့။ လော့လောဆယ်တော့ ရင်ဘတ်မှန်တဲ့ နှစ်ယောက်ပဲ စိုးရိမ်ရတယ်'

'ရပ့်ါမလား အစ်ကို'



'ထူးဆန်းတာက ဘယ်ဘက် မှန်ထားတဲ့လူက ကောင်းနေတယ်၊ နှလုံးရော၊ သွေးကြောကြီးတွေရော လွတ်သွားပုံ ရတယ်၊ ညာဘက်မှန်တဲ့ တစ်ယောက်က အထဲမှာ သွေးထွက်နေလား မသိဘူး၊ သွေးပေါင်တအားကျနေတယ်'

ဗိုလ်ရဲမှာ သူနာပြု မရှိပါ။

တပ်ရင်း ဆေးသူနာပြု ရဲဘော်ကလေး တစ်ယောက်ကို ခေါ်၍ တစ်တဲဝင် တစ်တဲထွက် လူနာတွေကို လိုက်ကြည့်။ သွေးစိမ့်နေသော ပတ်တီးများ ပြန်စည်းပေး။ ဆေးထိုးတန် ထိုးလုပ်ရာ နံနက် ရှစ်နာရီလောက်မှ ပြီးသည်။

ခွဲထောက် တပ်ကြပ်ကြီးက လိုက်ခေါ်သည်။

'အဘတို့၊ ဗိုလ်ကြီးဝင်းတင့်တို့ လှမ်းပြောနေတယ်၊ မြွေနှစ်ကောင်ခေါင်းပေါင်းကို ဆက်သွယ်ရေးစက် ဘေးမှာပဲ ရှိနေပါစေတဲ့'

'ဘာတွေ ဖြစ်နေလို့လဲ'

'ပစ်တော့မှာလေ ဗိုလ်ကြီးရဲ့၊ ဒီကုန်းပေါ် လူနာတွေ တင်သွားမှာပဲ၊ အားလုံးလည်း ကတုတ်ကျင်းထဲ ဆုံ့မှာ မဟုတ်ဘူးလို့ သူတို့ တွက်မှာပဲ၊ အဲဒီတော့ ဒီည အဝေးကြားလေး နှိပ်တော့မှာ'

ဗိုလ်ရဲ ပခုံးတွန့်၍ ဆက်သွယ်ရေးစက်ဆီ ပြန်ဝင်ခဲ့သည်။

## | ၅ |

ရှဲ . . ရှဲ . . ရှဲ . . ရှဲ . . ရှဲ . . ကလောက် . . ဂျိန်း . .

ကတုတ်ကျင်း တစ်ခုလုံး သွက်သွက်ခါ၍ ဗိုလ်ရဲတို့ ခေါင်းပေါ်ကို သဲများ အထွေးလိုက် ကျလာသည်။

'သုံးကျပ် မတ်တင်းဗျ'

ဗိုလ်မျိုးမော်ဦးက မှတ်ချက်ချသည်။

'ဘာလဲ သုံးကျပ် မတ်တင်း'

www.burmeseclassic.com

www.burmeseclassic.com



'တူးပွိုင့် ဆဲဗင်းဖိုက် လောင်ချာလေ၊ သေးသေးလေးနဲ့ အဝေးကြီး ရောက်တာ၊ ကိုက် ၇၀၀၀ ကနေ ပစ်လို့ ရတယ်'

ဘုရား ဘုရား။

စက်ပေါ်မှာ ဗိုလ်ဝင်းတင့်အသံ ပြန်ပေါ်လာသည်။

'မာလာမင်းသား အုန်းသီး ရှိလား'

'ရှိ'

ဗိုလ်မျိုးမော်ဦးက ဖြေသည်။

'မြွေနှစ်ကောင် ခေါင်းပေါင်း'

'အေးဆေး ဒီနားမှာပဲ'

'ထိလား'

'မတင်ဘူး၊ ချောက်ထဲ'

'အိုကေ ဆက်စောင့်'

ဗိုလ်မျိုးမော်ဦးက စကားပြောခွက်ကို ချသည်။ ဗိုလ်ရဲက ချောက်ထဲ လို့ ဘယ်လိုလုပ် သေချာတာလဲဟု မေးသည်။

'ချောက်ထဲမို့ အစ်ကိုနဲ့ ကျွန်တော် အခုရှိနေ စကားပြော နေနိုင် တာပေါ့'

ဟုတ်သားဟု ရေရွတ်မိသည်။ ဗိုလ်ရဲ တစ်ခု တွေးမိပြီး လောဆော် သည်။

'နောက်တ အသယ်အဖွဲ့တော့ ခေါ်ကွာ၊ လူနာတွေ ရွှေ့ရအောင်'

'ဝေးနေတယ်ဗျ'

'ဝေး ဝေး ကွာ၊ ဒီအတိုင်း ဆက်ထားရတာ အန္တရာယ် ရှိတယ်၊ မြန်မြန် ထုတ်နိုင်ရင် ကောင်းမယ်'

'အိုကေ ကျွန်တော် ကြိုးစားမယ်'

[ ၆ ]

ညာဘက် ရင်ဘတ် ထိထားသူ နံနက်ပိုင်းတွင် သွေးရူးသွေးတန်း ဖြစ်လာ သည်။ သွေးပေါင်ချိန် မရ။ ဗိုလ်ရဲ အစွမ်းကုန် ကြိုးစား ကုသသော်လည်း ကျဆုံးသွားသည်။



ဘယ်ဘက်ရင်ဘတ်ကို ထိထားသူ အပါအဝင် ၆၈ ဦးစလုံး အခြေ အနေ ကောင်းလျက် ရှိနေသည်။ နေ့လယ် သုံးနာရီလောက်တွင် ရေဆိပ်ဘက်မှ တက်လာသော အသံများ ကြားရသည်။

'ဟေး တို့ လာတယ်'

အော်သံ ကြားရသည်။ သွားကြည့်ကွာဟု ရဲဘော်တစ်ယောက် လွှတ် ချောင်းခိုင်းသည်။ ဗိုလ်စိုးမိုးကျော် ပါသည်တဲ့။ ကိုယ့်လူတွေပဲ။သေချာ ပြီပေါ့။ ဝမ်းသာအားရ တံခါး ဖွင့်ပေးကြသည်။

'လူနာတွေ လာသယ်တာ အစ်ကို'

'လူနာက ၆၀ ကျော်ဟ၊ မင်းအဖွဲ့က ၁၀ ယောက်လောက် ရှိတာ'

ဗိုလ်စိုးမိုးကျော်က ရယ်သည်။ ဒါ အသားကုန်ပဲ. . အစ်ကို။ အရေးကြီးတဲ့ လူသာ ရွေးထည့်ပေးပေတော့ဟု ပြောသည်။

'နေပါဦးကွာ၊ ငါ ကြံပါဦးမယ်'

အခြေအနေ ကောင်းသောလူနာက မကောင်းသော လူနာကို သယ်သည့် နည်းသာ ရှိတော့သည်။ လက်တစ်ဖက်တည်း ထိသူ နှစ်ယောက်ရလျှင် ခြေထောက် ထိသူတစ်ယောက် ပခက်ထဲ ထည့်နိုင် သည်။ လမ်းလျှောက်နိုင်သူ အားလုံး လျှောက်။ အားလုံးကလည်း မညည်းမညူ သူ နိုင်းတိုင်း လုပ်ကြသည်။

အရေးထဲ ဘယ်ဘက်ရင်ဘတ် ထိထားသည့် ရဲဘော်က သူပါ ဆင်းလျှောက်မည် လုပ်နေသဖြင့် 'မရှည်နဲ့ မင်းက ပခက်ပေါ်တက်'ဟု ငေါက်ရသည်။ လူနာ ၆၈ ဦးစလုံး ပါသော လူတန်းရှည်ကြီး ထွက်သွားတော့မှ ဗိုလ်ရဲ လေးကန်စွာ သက်ပြင်းချ၍ စခန်းကုန်းပေါ် ပြန်တက်ခဲ့သည်။

သူ တွက်တာ မှန်ပါသည်။

အဲဒီ ညကလည်း ထပ်ပစ်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၇ ]

နောက် နှစ်ရက်ကြာတော့ မမျှော်လင့်ဘဲ အဘတို့ ပြန်ရောက်လာသည်။ ဗိုလ်ရဲ ဝမ်းသာအယ်လဲ ထွက်ကြိုသည်။

'မနက်က အသံတွေကြားတော့ လုံးနေကြပြီ ထင်တာ'

အဘက ရယ်သည်။

'တစ်ဖွဲ့ကို လက်နှိပ်ဓာတ်မီးတွေ ဖွင့်ဆင်းသွားခိုင်း၊ အနားကပ်မှ မီးပိတ်ပြီး မှောင်ထဲ ပြန်လာခိုင်း၊ အဝေးက ယောင်ပြပစ်ပြီး လှည့်လာခဲ့တာလေ၊ ကိုယ့်လှုပ်ရှားမှု သူတို့ ရိပ်မိလို့ ဘယ်ဖြစ်မလဲ'

နှစ်ပတ်လောက် ထပ်ကြာတော့ ဗိုလ်ရဲအတွက် အနောက်တန်းမှ ကြေးနန်း ဝင်လာသည်။ စစ်ဆင်ရေး အခြေအနေများကြောင့် သုတေသန လုပ်ငန်းများ ပြီးစီးသည်အထိ ဆောင်ရွက်နိုင်ခြင်း မရှိပါက လုပ်ငန်းသိမ်း၍ ပြန်ခဲ့ပါ တဲ့။

'မပြန်ဘူး အဘ၊ ကျွန်တော် ပြီးအောင် ဆက်လုပ်မယ်၊ ကြေးနန်း ပြန်ပေးပါ'

အဘက မျက်လုံး ပြူးပြသည်။

'ကျွန်တော်တို့ပါ မပြန်ရလို့၊ ခင်ဗျား အားနာစရာမလိုဘူး၊ ကိုယ် ပြန်ခွင့်ရရင် ပြန်၊ ဒီမှာ ဆေးလက်ထောက် အရာခံဗိုလ်ကြီး ကျန်ခဲ့တာပဲ'

'သိပါတယ်. . အဘ၊ တကယ့်ကို ကိုယ့်အလုပ်ကို နှမြောလို့ မပြန်တာပါ'

ဗိုလ်ရဲ ငြင်းလိုက်သော သတင်းက ရှေ့တန်းမှာရော နောက်တန်းမှာပါ လူတော်တော်များများကို အံ့အားသင့်စေခဲ့သည်။ သို့သော် သုတေသန လုပ်ငန်းများက တကယ့်ကို အပြီးသတ်နိုင်ခဲ့သည်။ နှစ်လလောက် ထပ်ကြာတော့ အဘရော၊ ဗိုလ်ရဲပါ နောက်တန်းသို့ ပြန်ခဲ့ရသည်။



[ ၈ ]

နှစ်ဆယ့်နှစ်နှစ်တိတိ ကြာပြီးခဲ့ပြီ။

ဗိုလ်ရဲက ရှေ့တန်းမှ ပြန်ရောက်ပြီး တစ်နှစ်အကြာတွင် ဒေါက်တာရဲ ဘဝကို ပြန်ခံယူသည်။ ပြည်တွင်းပြည်ပ ဘွဲ့လွန်များ ဆက်တိုက်ရခဲ့ပြီး ယခုတော့ ပါမောက္ခရဲ ဖြစ်နေပြီ။

အသက်ပေါင်း များစွာကို ကယ်ခဲ့ဖူးပြီး ဖြစ်နေသော်လည်း မိမိ အသက်ကိုပါ ဆက်၍၊ ရင်း၍၊ စွန့်စား၍ ကယ်ခဲ့ရသည့် အတွေ့အကြုံ တို့တော့ တစ်သက်လုံး မမေ့နိုင်ခဲ့ပါ။

အဘက အငြိမ်းစား ယူပြီးပြီ။ အသက်လည်း ခုနစ်ဆယ်ကျော်ပြီ။ ကျန်းမာနေတုန်း။ ကားမောင်းနေတုန်း။ မရောက်တာ ကြာပြီ ဖြစ်သော်လည်း ရောက်နိုင်သည့် အခေါက်တွေမှာတော့ ဗိုလ်ရဲ အဘရှိရာ ရွှေပြည်သာသို့ သွားကန်တော့ ဖြစ်သည်။

ဗိုလ်မျိုးမော်ဦး၊ ဆရာစိုးနိုင်တို့ အဲသည့်အခေါက် မပြန်ခင်မှာ ကျဆုံးကြ ရှာသည်။ ဗိုလ်အောင်နိုင်က မိုင်းပေါ်ဝပ် ပစ်နေမိရာမှ ဒူးထောက်ထမိသဖြင့် ခြေတစ်ဖက် ပြတ်ရှာသည်။ ရှေ့တန်းမှာ ဗိုလ်အောင်နိုင့် အသက်ကိုကယ်ခဲ့သည့် ဆရာဝန်က ဗိုလ်အောင်ဆန်းဦး။ ဗိုလ်ရဲကလည်း နောက်တန်းမှ စောင့်ကြို၍ ပြုစုခဲ့သေးသည်။ ယခုတော့ ဗိုလ်အောင်နိုင်လည်း နားနေပြီ။ ဗိုလ်ဝင်းတင့်က ကျန်းမာစွာဖြင့် အရပ်ဘက် တာဝန် ပြောင်းရွှေ့ ထမ်းဆောင်ဖြစ်သည်။ ဗိုလ်စိုးမိုးကျော် ဆ ဒဏ်ရာ ရသည်။

ဗိုလ်အောင်ဆန်းဦးလည်း ဗိုလ်ရဲနှင့်အတူ အရပ်ဘက်တာဝန် ပြန်လည်ထမ်းဆောင်ရာမှ ဘွဲ့လွန်များ ဆက်တိုက်ရရှိပြီး ယခုအခါ ... ဦးလွင် ဆေးရုံ၏ တာဝန်ခံသမားတော်ကြီး ဖြစ်နေခဲ့ပြီ။

အဲသည်တုန်းက လုပ်ခဲ့သည့် သုတေသန စာတမ်းကလေးလည်း ... ဒန် တော်ဝင် အပူပိုင်းဆေးပညာနှင့် ကျန်းမာရေးကောလိပ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ငှက်ဖျားကာကွယ်ဆေး သုတေသနလုပ်ငန်း၏ နောက်ဆုံးစာတမ်း ကလေးအဖြစ် မှတ်ကျောက် တင်နိုင်နေဆဲ။

ဒဏ္ဍာရီဆန်ကောင်း ဆန်နေမည်ဖြစ်သော အဲသည် စွန့်စားခန်း များကို ဗိုလ်ရဲ လူငယ်ဆရာဝန်များကို သိပ်မပြောပြဖြစ်။ သူတို့ ယုံကြည်ကြမည် မထင်ပါ။ အဲသည်ကြားထဲမှာမှ အဲဒါကလေးတွေ ရေးပြပေးပါဟု တောင်းဆိုသူက ရှိလာသည်။

သရုပါ မဂ္ဂဇင်းပေါ့။

ခက်ရချည့်ရဲ့လေး။


သရုပါမဂ္ဂဇင်း

၂၀၁၀၊ ဧက်တင်ဘာလ

○

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

Attitude ဆိုသည့် အင်္ဂလိပ်စကားလုံးကို ဘာသာပြန်ရမတဲ့။

တော်တော်တော့ ခက်ခဲသည့်ကိစ္စ ဖြစ်သည်။ အနေအထားဆိုလျှင်တော့ လွဲပြီ။ စိတ်ထားတတ်ခြင်းဆိုလျှင် မှန်သလို ရှိမည်။ သို့သော် သိပ်ရှင်းလင်းသည့် မြန်မာစကားတော့ မဟုတ်။ စိတ်ခံတတ် ဆိုလျှင်တော့ မှန်သည်။ ဆင်တူယိုးမှား အဓိပ္ပာယ်တွေ အများကြီး ရှိလာ နိုင်သည်။ နောက်က ရှင်းလင်းချက်တွေ အများကြီးရပါတော့မည်။

ကဲ ရှင်းဆိုလည်း ရှင်းရုံပေါ့။ စိတ်ခံတတ်ပဲ ထားလိုက်တော့။ John Mexwell (ဂျွန်မက်စ်ဝဲလ်) ၏ Attitude 101ဆိုသည့်စာအုပ်ကို ဘာသာပြန်နေတာပါ။ မဂ္ဂဇင်းကြီးတစ်ခု၏ 'အပ်ထည်'ပါ။

လူတွေက ဘဝမှာ အောင်မြင်သည်၊ အောင်မြင်မှု ရသည် ဆိုတာကို အမြဲလိုလို ပိုက်ဆံတွေ အများကြီးရတာ၊ ရာထူး ကြီးကြီးရတာ၊ ဘွဲ့တွေ ရတာတွေနှင့် တိုင်းတာတတ်ကြသည်။ အဲဒါတွေ ရပြီး စိတ်ချမ်းသာ နေသလား ဆိုတော့လည်း စိတ်ချမ်းသာ မနေကြပြန်။ စိတ်မချမ်းသာသည့် ဘဝက ဘယ်လိုလုပ် အောင်မြင်သည့် ဘဝ ဖြစ်နိုင်မှာတဲ့လဲ။

တပည့်တွေက ကျွန်တော့်ကို ဘဝမှာ အောင်မြင်သည် ဆိုတာကို ဘယ်လို အဓိပ္ပာယ်ဖွင့်မလဲဟု မေးတိုင်း ကျွန်တော် ဖြေနေကျစကား ရှိသည်။



'မိုးလင်းလို့ မျက်စိနှစ်လုံး ပွင့်တာနဲ့ ကိုယ်သွားရမယ့် လုပ်ငန်းခွင်က ကိုယ် တကယ် သွားချင်တဲ့နေရာ ဖြစ်နေဖို့လိုတယ်။ ညနေ အလုပ်ဆင်းတာနဲ့ ကိုယ်ပြန်လာရမယ့် ကိုယ့်အိမ်ကလည်း ကိုယ်ပြန်လာချင်တဲ့ နေရာ ဖြစ်နေတာ သေချာဖို့လိုတယ်'

အဲသလို ကျွန်တော်ပြောလျှင် အများက လက်ခံတတ်ကြပါသည်။ သို့သော် ဆရာ့ဟာက ဘယ်လွယ်ပါ့မလဲဟုတော့ ပြောတတ်ကြသည်။

လွယ်ပါသည်။

ကိုယ်သွားရမည့် အလုပ်ခွင်က လူတွေ အများကြီး။ ကိုယ်ပြန်လာရမည့် အိမ်မှာက အဲသလောက် အများကြီး မဟုတ်တောင် နည်းနည်းတော့ ရှိသည်။

ခက်သည်ဟု ထင်နေကြတာက အဲသည့်ပတ်ဝန်းကျင်၊ အဲသည့်လူတွေကို ကိုယ့်အကြိုက်နှင့် သဟဇာတဖြစ်အောင် ပြုပြင်ဖို့ ကြိုးစားနေကြပြီး ကိုယ့်စိတ်ကလေးကိုတော့ အဲသည့်ပတ်ဝန်းကျင်၊ အဲသည့်လူတွေအတွက် သဟဇာတ ဖြစ်အောင် ပြုပြင်ယူဖို့ ဘယ်တော့မှ မကြိုးစားကြလို့ ခက်နေတာပါ တဲ့။ ဂျွန်မက်စ်ဝဲလ်က ပြောပါသည်။

ပေးထားသော အခြေအနေမှာ လိုက်လျောညီထွေ ပျော်ပိုက်အောင် နေနေပြီး အဲသည့်အထဲကမှ အများအတွက် အကျိုးများအောင် ဖန်တီးနိုင်ခဲ့ စိတ်ဝင်စားနေသူတွေက ပျော်နေကြမှာပါတဲ့။ ဘဝမှာ အောင်မြင်နေကြမှာပါတဲ့။

အဲသည့် စာပိုဒ်ကလေးကို ဖတ်မိတော့ ကျွန်တော် 'သူ့' ကို သွားသတိရမိပါသည်။

[ ၂ ]

ဆေးတက္ကသိုလ်သို့ ကျွန်တော်ရောက်ခဲ့သည်မှာ လေးနှစ်ခွဲလောက် ရှိပြီဟုလည်း ပြော၍ ရသည်။ တစ်နှစ်ခွဲ ရှိပြီဟုလည်း ပြော၍ ရသည်။ အကြာမှာ မန္တလေးဆေးတက္ကသိုလ်ကို ၁၀ လ လောက် ရောက်ခဲ့ ဘာကိုး။

www.burmeseclassic.com

www.burmeseclassic.com



ပထမ တစ်ခေါက်ကတည်းက မကွေးသွားဖို့ တာဝန်ပေးတာကို မငြင်းဘဲ ခေါင်းညိတ်ခဲ့သော ကျွန်တော့်ကို ရန်ကုန်မှ လုပ်ဖော်ကိုင်ဖက်များက အံ့သြကြသည်။ အဲသည့်အချိန်က ရန်ကုန်မှာ ကျွန်တော်က အတော်ကလေး အဆင်ပြေနေသည်ဟု ယူဆကြတာကိုး။

'မကွေး ဆေးတက္ကသိုလ်ဆိုတာ ကျောင်းတစ်ကျောင်းပါပဲ၊ ကျောင်းသားတွေ ရှိနေတာပါပဲ၊ ကျွန်တော်ကလည်း ကျောင်းဆရာတစ်ယောက်ပါပဲ၊ ကျောင်းတစ်ကျောင်းကို ကျောင်းဆရာတစ်ယောက် ရောက်သွားတယ်၊ ကျောင်းသားတွေကို စာသင်ပေးတယ်ဆိုတာ ဘာမှဆန်းတဲ့ ကိစ္စမဟုတ်ပါဘူး၊ လူမှုရေးအရ အဆင်မပြေတာတွေ အများကြီးရှိပေမယ့် ဒါတွေကလည်း အဆင်ပြေတဲ့အချိန် အပိုင်းအခြားနဲ့ အဆင်မပြေတဲ့ အချိန်အပိုင်းအခြားဆိုတာ အမြဲတစ်လှည့်စီ သွားနေကြတာပါပဲ၊ အဆင်ပြေနေရင် ပျော်လိုက်၊ အဆင်မပြေရင် ခဏသည်းခံလိုက်တော့ လူတိုင်း ကြုံရမှာပါပဲ၊ ဒီတော့ ကျွန်တော်လည်း ကျွန်တော့်အလှည့်ကြုံရင် သွားမှာပါပဲ၊ ကျန်ခဲ့တဲ့သူတွေလည်း ကိုယ့်အလှည့်ကျရင် မငြင်းဘဲ သွားကြစေချင်ပါတယ်'

မကွေးမှာက ငွေဝင်လည်း ခက်သည်။ မြို့က တက္ကသိုလ်မြို့ ဖြစ်ခါစဆိုတော့ မြို့ခံတွေရော၊ ပတ်ဝန်းကျင် မြို့တွေကရော အထူးကုဆေးခန်းတွေကို အားကိုးသည့် အလေ့အထ မရှိသေး။ ငွေထွက်လည်း ခက်သည်။ ရန်ကုန် မန္တလေးတွင် လမ်းတိုင်းတွင် အလွယ်တကူ ဝယ်ယူနိုင်သော အစားအသောက်နှင့် အသုံးအဆောင် ပစ္စည်းတို့ကို တစ်မြို့လုံးပတ်လျှောက်တောင် တော်တော်ရှာရသည်။ လည်စရာ ပတ်စရာလည်း ဘုရားပုထိုးတွေလောက်သာ ရှိသည်။ များသောအားဖြင့်တော့ ရောက်လာသူတိုင်း ဆေးတက္ကသိုလ်၊ ဆေးရုံနှင့် ကိုယ့်အိမ်ထဲမှာသာ အချိန် ကုန်ကြရတတ်သည်။

အဲသလို မြို့မျိုးကို ကျွန်တော်က ဒုတိယအကြိမ် ထပ်သွားဖို့ကိုပါ ခေါင်းညိတ်ဖြစ်ခဲ့တော့လည်း ရန်ကုန်က လုပ်ဖော်ကိုင်ဖက်တွေ တစ်ယောက်မှ လိုက်မလာကြပါ။ နောက်ဆုံးမတော့ လူခြောက်ယောက် စာလောက် အလုပ်ကို တစ်ယောက်တည်း လုပ်ရပါတော့သည်။



Attitude.. စိတ်ဓာတ်။

အရင်က အကောင်းမြင်သည့်ဘက်ကလေး ထားနိုင်ခဲ့သော်လည်း အဲဒါတွေ ကြုံရတာများတော့ မထားနိုင်တော့။ ရန်ကုန်မှာ ကျန်ခဲ့သည့် အိမ်သူသက်ထားကလည်း ကိုယ့်ကို ကျောင်းဆရာဘဝမှ နားစေချင်ပြီ။ ဆရာဝန်ဘဝမှ နားစေချင်နေပြီ။

အဲ့သည့်အချိန်မှာ 'သူ' ရောက်လာပါသည်။

[ ၃ ]

'သူ'ဆိုတာက ကျွန်တော်နှင့် အဆင့်တူ ခွဲစိတ်ဆရာဝန်ကြီးပါ။ ကျွန်တော်က ကလေးအထူးကု ဆရာဝန်ပါ။ သူ မလာခင်ကတော့ ကျွန်တော့်ရာထူးအဆင့်မှာ ကျွန်တော် အသက်အငယ်ဆုံးပါ။ သူက ကျွန်တော့်ထက် နည်းနည်း ငယ်ပါသည်။ ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် စာတွေလည်း နည်းနည်းပါးပါး ရေးပါသည်။

သူလာတော့လည်း ကျွန်တော် လာတုန်းကလိုပဲ 'ဘာလို့လဲ' ဟု ဝိုင်းမေးကြသေးသည်။ သူက ပခုံးတွန့်ပြပါသည်။

'ကိုယ့်အလှည့်ကျ ကိုယ်သွားပေါ့ဗျာ၊ သူက လိုအပ်နေတာ၊ ကိုယ်က မလုပ်ပေးဘူးလို့ ငြင်းလို့ကောင်းတဲ့ အမျိုးမှ မဟုတ်တာ'

ရောက်တော့လည်း ပျော်ပျော်ပဲနေသည်။ ဘာကိုမှ သိပ်ညည်းတွားလေ့ မရှိဘဲ အလုပ် လုပ်ဖို့နှင့် ရယ်စရာပြောဖို့သာ စိတ်ဝင်စားတတ်သော သူနှင့် ကျွန်တော် အသက်ချင်းကလည်း မတိမ်းမယိမ်းမို့ တော်တော်တွဲမိသွားသည်။

တစ်ခါတလေ ညစာအတူ ထွက်စားသည်။ တစ်ခါတလေ ညစာစားပြီးမှ ချိန်း၍လက်ဖက်ရည် ထွက်သောက်ကြသည်။ နှစ်ယောက်စလုံးက မိသားစု ပါမလာသူတွေချည်း မဟုတ်ပါလား။

'အိမ်ရှိပြီး အိုးမရှိတဲ့သူတွေ'

ကျွန်တော်တို့ နှစ်ယောက်ကို တိုင်းကျန်းမာရေးဦးစီး ဌာနမှူးက သည်သို့ ကျီစယ်တတ်သည်။ တစ်ည လက်ဖက်ရည် ထွက်သောက်ကြရင်း သူက စိတ်ဝင်စားစရာ အကြောင်းတစ်ခု ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကျွန်တော် ငယ်ငယ်တုန်းက အကြောင်းသာ သိရင် ဝတ္ထုရေးချင်သွားမှာဗျ သိလား'

'ဇာတ်လမ်းလေးတွေလား လုပ်စမ်းပါဦး'

သူက ရယ်သည်။

'အဲတာမျိုး ပြောတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ပုသိမ်နားမှာ နေတာဗျ၊ အဲသည်တုန်းက ကျွန်တော်နေခဲ့တဲ့နေရာက အခုထိတောင် လျှပ်စစ်မီး မသွယ်ရသေးဘူး၊ ကျွန်တော့်သားတွေကို အဲဒါ ဖေဖေ ငယ်ငယ်က နေခဲ့တဲ့နေရာလို့ပြတာ မယုံဘူးဗျာ'

ကျွန်တော် တော်တော် စိတ်ဝင်စားသွားပါသည်။

'ဆယ်တန်းဖြေတုန်းက ကျွန်တော်က ဖယောင်းတိုင်မီးနဲ့ စာကျက်ရတာဗျ၊ အဲသည်တုန်းက ကျွန်တော့်ကိုယ်တာက တစ်နေ့ကို နှစ်တိုင် ရတယ်၊ နည်းနည်းလေး စမှောင်လာပြီဆိုရင် ကျွန်တော်က စာအုပ်တွေ ကို ရွေးရတယ်၊ ဒီနေ့အဖို့ ဘာကိုဖတ်မှာလဲပေါ့၊ နှစ်တိုင်စာ ချိန်ရတယ် လေ၊ ဖယောင်းတိုင်မီး စထွန်းပြီးမှ ရွေးရင်၊ ရွေးရင်း ဖယောင်းတိုင် ကုန်သွားမှာ စိုးလို့'

ဘုရား ဘုရား။

ဆယ်တန်း ဖြေသည့်နှစ်က မိဘတွေ နယ်မှာ ရောက်နေသဖြင့် နှစ်ဆယ့်လေးနာရီ မီးလင်းသော ရန်ကုန်မြို့ကြီးမှာ ကိုယ့်ဘာသာကိုယ် စာကျက်၍ဖြေခဲ့ရသည့် ဘဝကို ခက်ခဲလှပြီဟု ထင်ခဲ့မိသော ကျွန်တော် တော်တော်ဖျားသွားသည်။

'ထီးလည်း မရှိဘူးဗျ၊ ကျောင်းသွားတဲ့လမ်းမှာ မိုးရွာရင် နီးရာသစ်ပင် ပြေးကပ်ရတာ၊ တစ်တန်းတည်း တက်နေတဲ့ မိန်းကလေးတွေက ဘေးက ထီးကလေးနဲ့ ဖြတ်သွားရင် ကျွန်တော်က လက်ပြနှုတ်ဆက်ပြီး ကျန်ခဲ့ရတာ၊ အဲဒါ ပုသိမ်ဒေသ ကောလိပ်ရောက်တော့ အတူတူပဲ၊ ကျွန်တော်က ဆယ်တန်းဂုဏ်ထူးတွေနဲ့ အမှတ်အများကြီးနဲ့ အောင်ပြီး ဆေးကျောင်းတက်၊ သူတို့က ရိုးရိုးမေဂျာဝင်တော့ သူတို့ အံ့သြကြသေး တယ်၊ အခု ကျွန်တော်တို့ ဆရာဝန်တွေဗျာ၊ မကွေးလောက် လာရမှာကို ဘာလို့ညည်းနေကြသလဲ၊ ကျွန်တော် အံ့သြမိတယ်'



သူကလည်း အံ့သြစရာပါပဲ။

သူလည်း ကျွန်တော့်လိုပင် UK နိုင်ငံသို့ ၂ နှစ် ပညာတော်သင် သွားခဲ့ရပြီး တော်ဝင်ခွဲစိတ်အထူးကု ဆရာဝန်ဘွဲ့ကို ရထားသူပါ။ ကျွန်တော်နှင့် မတူတာကတော့ သူက UK နိုင်ငံသို့ပင် သွားရောက်၍ အဆိုပါ စာမေးပွဲကို စစ်ရသည့် စာစစ်ဆရာ ဖြစ်နေပါပြီ။

ပညာဆည်းပူးရင်း ကြုံလာရသည့် အခက်အခဲတွေကို ညည်းတွား တတ်သည့် လူငယ်ဆရာဝန်ကလေးများ၊ ဆေးကျောင်းသူ ကျောင်းသား တလေးများအား ကျွန်တော် သူ့အကြောင်း ပြောပြချင်လှပါသည်။

**[ ၄ ]**

'ခင်ဗျားတို့ ဒီမှာ ဘွဲ့နှင်းသဘင် ညစာစားပွဲမှာ အပြင်တီးဝိုင်းပဲ ငှားတယ် ဆို ဟုတ်လား'

သူက ကျွန်တော့်ကို အံ့သြစွာမေးသည်။ ကျွန်တော် ခေါင်းညိတ်ပြ တော့ သူက ခေါင်းခါသည်။

'ကျောင်းသားပွဲပဲဗျာ၊ ကျောင်းသားဝိုင်းနဲ့ ချရအောင်၊ ပဒေသာ တပွဲကလေးပါ ထည့်ရအောင်'

'လွယ်တာ မဟုတ်ဘူးနော်၊ ဒီမှာက မပြည့်မစုံနဲ့၊ ပြီးတော့ ဆရာတွေ ကြေးကြပ်လို့လည်း မဖြစ်၊ ဆရာတွေကလည်း ခွေခေါက်နေတာ'

'ကျွန်တော့်တာဝန် ထားဗျာ၊ ကျွန်တော်က သိပ်ဝါသနာ ပါတာ၊ ခင်ဗျားတို့သာ ထောက်ခံ၊ ကျွန်တော် ချမယ်'

သူ့စိတ်အား ထက်သန်မှုကို မလျော့စေချင်သဖြင့် ကျွန်တော်သူနှင့် တွဲ၍ ကျောင်းသူ၊ ကျောင်းသားတွေချည်းပါသော ပဒေသာကပွဲကလေး စည်စည်ကားကားဖြစ်အောင် အားထုတ်မိသည်။ ကျောင်းသူ၊ ကျောင်းသား ကလေးတွေကလည်း ကိုယ့်ကျောင်း သိုက်သိုက်ဝန်းဝန်း ရှိမည့်ကိစ္စ ဆိုတော့ အားတက်သရော ပါကြသည်။ ပါချင်သူ များလွန်းသဖြင့် ရွေးချယ်စစ်ရသည်။

'အသံတော့ မင်းတို့ စစ်ကြဟေ့၊ ရုပ် ငါစစ်လိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလုပ်ပေးကြသော သူ့ဌာနက ဆရာ၊ ဆရာမတွေကို သည်လို နောက်တောက်တောက် ပြောသေးသည်။

ခွဲခန်းထဲ ဝင်ခွဲစိတ်လိုက်၊ ပြန်ထွက်လာပြီး သူ့ရုံးခန်းထဲမှာ ဇာတ်တိုက်လိုက်နှင့် ဘွဲ့နှင်းသဘင် နီးလာတော့ အဆင်သင့် ဖြစ်နေပြီဟု သူက ပြောသည်။ နောက်ပိုင်း အသေးစိတ် အစီအစဉ်တွေ ကျွန်တော် မသိလိုက်။ ကျွန်တော်က မနက် ဘွဲ့နှင်းသဘင်မှာ ပါမောက္ခချုပ်ရှေ့သို့ ကျောင်းသူကျောင်းသား တစ်ဦးချင်း နာမည်ခေါ် သွင်းပေးရမည့် ပါမောက္ခ ဖြစ်နေသဖြင့် အဲသည့်အာရုံနှင့်ပဲ အလုပ်ရှုပ်နေသည်။

ဘွဲ့နှင်းသဘင် ညစာစားပွဲကျတော့ သူတို့ ခွဲစိတ်ဆရာဝန်တွေအဖွဲ့နှင့် ကျောင်းသူ၊ ကျောင်းသားတွေ ဟိုနားမှာ တိုးတိုး တိုးတိုး၊ သည်နားမှာ တိုးတိုး တိုးတိုး စုဝေး တိုင်ပင်နေကြတာ တွေ့ရသည်။

ပွဲတကယ် စတော့မည်လုပ်ချိန် ပါမောက္ခကြီးအပြင် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါ လာရောက် အားပေးကြတော့ အဲသည်စားပွဲမှာ ကျွန်တော်နှင့် အခြားပါမောက္ခ ဌာနမှူးများ နေရာ ယူကြသည်။ သူကတော့ ထွက်ချည် ဝင်ချည်။

'ဆရာကြီး စလိုက်တော့မယ်နော်'

သူ လာခွင့်တောင်း၍ ဆရာကြီး ခေါင်းညိတ်ပြလိုက်သည်နှင့် သူက ဝှက်ဖဲများကို တစ်ချပ်ပြီးတစ်ချပ် ထုတ်ပြသည်။

အလိုလေး လေး။

တိုင်းရင်းသား အကပဒေသာ ဝတ်စုံအပြည့် တစ်ဖွဲ့ပြီး တစ်ဖွဲ့။ ကချင်အဖွဲ့ဆိုလျှင် ကချင်မျိုးနွယ်စုမျိုးစုံ၏ ဝတ်စုံများကို ဝတ်စုံအပြည့် အလှလျှောက်ပြတာ ပါသေးသည်။ စားပွဲဝိုင်းများဆီ ဆင်းလာ၍ စားပွဲဝိုင်းများကို ပတ်ကတာ ပါသေးသည်။ ဧည့်သည်များနှင့် ကချင် မနောတိုင် သရုပ်ဖော်တာ ပါသေးသည်။

ပြီးတော့ မွန်၊ ရှမ်း စုံလို့၊ စုံလို့။

ဟုတ်ပါရဲ့။ ပြည်နယ်ပေါင်းစုံက ဆေးတက္ကသိုလ် ရောက်သည့် ကျောင်းသူ၊ ကျောင်းသားတွေ အားလုံး မကွေး ဆေးတက္ကသိုလ်မှာ တက်နေကြတာပဲ။ ပြည်ထောင်စု တက္ကသိုလ်တဲ့။



ညွှန်ကြားရေးမှူးချုပ်က စင်ပေါ်တက်၍ ဝမ်းသာအားရ ချီးမွမ်းစကားပြောတော့ ကိုယ်တောင် ကြက်သီးဖြန်းဖြန်း ထမိသည်။ ဆရာကြီးကလည်း သူကိုယ်တိုင် သီချင်းတစ်ပုဒ်ဆို၍ ချီးမြှင့်သွားသေးသည်။

ခေတ်ပေါ်တီးဝိုင်းနှင့် ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေမှုအပြီးတွင် အများမျှော်လင့်နေကြသော ခွဲစိတ်ကုဆရာဝန်အဖွဲ့ ထွက်လာသည်။ သူကိုယ်တိုင် ဦးဆောင်သော ယောကျ်ားလေး ငါးဦးအဖွဲ့။

'ကျွန်တော်တို့က အချစ်စစ် အချစ်မှန်ကို ယုံကြည်တဲ့သူတွေဆိုတော့ ကျွန်တော်တို့ သီချင်းကလေးကလည်း TRUE LOVE အကြောင်းလေးပါ'

သီချင်းနာမည် ပြောမပြဘဲ စဆိုသည်။ ဟုတ်တာပေါ့။ TRUE LOVE။ မိုးကျော့မြိုင်၊စိုင်းစိုင်းခမ်းလှိုင်၊ အဲလက်စ်၊ ကျော်သူစိုးတို့ ဆိုထားသည့် အချစ်စစ်ဆိုတာ။ သူက 'ဟစ်ဟော့' အပိုင်းတွေ ဆိုပြတော့ တဝါးဝါး ဖွဲ့ကျကြသည်။ မိန်းကလေးတွေ အများကြီး ပန်းကုံး တက်စွပ် ကြတာ နောက်ဆုံး ပေးစရာပန်းကုံး မရှိတော့ဘဲ ပြတ်သွားသည်အထိ ဖြစ်သည်။

'ဌာနက ဆရာမတွေကို မှာထားတာဗျ၊ ဘယ်သူမှ တက်မလာရင် နင်တို့ ပန်းကုံး တက်စွပ်ရမယ်လို့'

အဲသလို နောက်သေးသည်။

ပြီးတော့ မကွေးသင်ကြားရေး ဆေးရုံအုပ်ကြီးကိုခေါ်၍ မြန်မာ သီချင်း ဆိုခိုင်းပြီး သူက နောက်က မယ်ဒလင် တီးသည်။ ဘာမှမပါ။ မယ်ဒလင် တစ်လက်တည်းနှင့် မြိုင်နေသည်။

'ခင်ဗျားက တကယ် မယ်ဒလင် တီးတတ်နေတာပါလားဗျ'

ကျွန်တော် အံ့သြပြတော့ သူက ရယ်သည်။

'ကျွန်တော့် အဖေက တီးဝိုင်းဆရာကြီးဗျ၊ အဲဒါ ကျွန်တော့်ကို မယ်ဒလင်တီး သင်ပေးပါလို့ ပြောတော့ ငါ ငယ်ငယ်က အဲဒီနောက်တွေ မှတ်ခဲ့လို့ ပညာရေးဆုံးခန်း မတိုင်ခဲ့တာ၊ မင်းကို ဆယ်တန်းအောင်မှ သင်ပေးမယ်တဲ့၊ ဆယ်တန်းဖြေပြီးတော့ဗျာ ကိုယ့်အကြောင်းကိုယ် သိတာပေါ့၊ ဂုဏ်ထူးတွေတောင် ထွက်မယ့်ဟာပဲ၊ အဲဒါနဲ့ ဖေဖေ့ကို [illegible]ပြီး သင်ခိုင်းတော့ မရဘူးတဲ့၊ အောင်စာရင်း ထွက်ပြီး မင်းအောင်တာ

www.burmeseclassic.com

www.burmeseclassic.com



သချောမှ သင်ပေးမှာတဲ့၊ အဲသည်လောက် တောင်းဆိုယူခဲ့ရတာဗျာ၊ တတ်သွားတော့ ကျွန်တော် ဆေးကျောင်းသားဘဝလည်း မယ်ဒလင်လေး တဒင်ဒင်နဲ့ ကျောင်းပွဲတွေမှာလည်း တက်တီးတယ်၊ နိုင်ငံခြားသွားတုန်း တယူသွားပြီး ဟိုမှာ ဘိုတွေကို တီးပြတာ ဒီကောင်တွေ သိပ်သဘောကျပဲ၊ အခုလည်း ခွဲခန်းထဲ ယူထားတာ။ ခွဲပြီး ပင်ပန်းရင် ခွဲခန်းထဲမှာတင် မယ်ဒလင် တီးတာ၊ ခွဲနေတုန်းဆိုရင်တော့ ခေတ်ပေါ် သီချင်းကလေး ဖွင့်ထားတယ်'

အဲသည်တုန်းက ညွှန်ကြားရေးမှူးချုပ် နေပြည်တော် ပြန်ရောက်တော့ အစည်းအဝေးမှာ ပြောသတဲ့။ မကွေးပို့ရင် ဆရာဝန်တွေ အကုန် စိတ်ညစ် နေကြတယ်ဆိုတာ ဘယ်မှာ ဟုတ်လို့လဲ။ ကျွန်တော် တွေ့ခဲ့တာတော့ သူတို့ ပျော်နေကြတာပဲတဲ့။ သတင်း ပြန်ကြားရသော အမျိုးသမီး ပါမောက္ခတစ်ယောက်က သူ့ကိုလာ၍ လက်ညှိုးထောင်ပြပြီး ကျွန်မတို့အားလုံး အဲသလို အထင်ခံရတာ ရှင့်ကြောင့် သိလား ရှင့်ကြောင့် ဟု ဆိုသည်။

ဘာပဲပြောပြော အဲသည်ပွဲ အပြီးမှာ အားလုံး ရွှင်ရွှင်လန်းလန်း ပျော်ပျော်ပါးပါး ဖြစ်သွားကြတာ အမှန်။

| ၅ |

ရွှေစက်တော် ရာသီကာလမှာ သူစိတ်ကူးတစ်ခု ရပြန်သည်။ သူများမြို့ကြီးတွေမှာ လုပ်သော ဆရာဝန်ညီလာခံများ ပုံစံမျိုး နှစ်ရက်စာ ပွဲတစ်ခု လုပ်မတဲ့။ ရန်ကုန်၊ မန္တလေးက နာမည်ကြီး ဆရာဝန်ကြီးများကို ဖိတ်၍ ဟောပြောမတဲ့။ ဆေးဝါးပြခန်းများ၊ ညစာစားပွဲ၊ တီးဝိုင်းမပါသော အဆို (ကာရာအိုကေ) များဖြင့် စည်ကားစွာ ကျင်းပမတဲ့။ ကျွန်တော့်ကို ဆွယ်ပြန်သည်။

'ဆရာဝန် နည်းနည်းကလေးပဲရှိတဲ့ တောင်ကြီးတို့၊ ပုသိမ်တို့တောင် လုပ်နေတာဗျာ၊ ဒီမှာက ဆေးကျောင်းသားတွေပါဆိုရင် ထောင်ချီ ရှိနေတာ၊ ချရအောင်'



'တခြားက လူတွေ လာပဲ့မလားဗျာ၊ ဒီလောက် ခရီးပင်ပန်းတဲ့ အရပ်ကို'

'ရွှေစက်တော် ရာသီမှာ ဒါကြောင့် လုပ်တာပေါ့ဗျာ၊ ပြီးရင် ရွှေစက်တော် သွားကြလိမ့်မယ်"

သူ့ တွက်ကိန်း မှန်ပါသည်။ တက်ရောက်သူ များလွန်းသဖြင့် စာရွက်စာတမ်းများ ပြတ်သွားသည်အထိ စည်ကား အောင်မြင်ခဲ့သည်။ ရန်ကုန်၊ မန္တလေးမှ ပါမောက္ခကြီးများသာမက ပါမောက္ခချုပ်ဘဝက အငြိမ်းစားယူခါစ ကျွန်တော်၏ အဖေဆရာဖြစ်သူ ပါမောက္ခ အေးမောင်ဟန်ပါ လာရောက် ဟောပြောပေးခဲ့သည်။

သူနှင့် ကျွန်တော်ကတော့ တိုင်ပင်၍ ဆေးပညာဆိုင်ရာ အကြောင်းအရာကို မဟောပြောဘဲ လူငယ်ဆရာဝန်တို့ သိစေချင်သော အတွေ့အကြုံကိစ္စများကို အာဝဇ္ဇန်းကောင်းကောင်းနှင့် ဟောပြောကြရာ သူပြသော သူ့ဓာတ်ပုံတွေကို ကြည့်၍ ပရိသတ် ပတ်တုတ်၍ မရအောင် ပွဲကျနေကြပါသည်။ ညစာစားပွဲကလည်း စည်စည်ကားကား၊ သီချင်းတွေ တကြော်ကြော်နှင့်။

[ ၆ ]

၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်။ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၏ ခွဲစိတ်ခန်းက မကြုံစဖူး စည်ကားလျက် ရှိနေသည်။ တင်ပါးမှ မွေးရာပါ ခြေထောက် အပိုတစ်ချောင်း ထွက်နေသော ကလေး၏ အသုံးမဝင် အနှောင့်အယှက် ဖြစ်နေသော ခြေထောက်ကို ဖယ်ရှားသည့် ခွဲစိတ်မှု။

ကမ္ဘာပေါ်တွင် ၁၇ ယောက်သာ ခွဲဖူးသည့် ခွဲစိတ်မှုကို မကွေးတိုင်း ပြည်သူ့ဆေးရုံတွင် ဖြစ်အောင် လုပ်မည်ဟု သူက ဆုံးဖြတ်သည်။ ကွန်ပျူတာ ဓာတ်မှန်မပါဘဲ ခွဲရမည့်ကိစ္စမို့ ကျွန်တော်က ခပ်လန့်လန့်။

'ခင်ဗျား စိတ်ကြိုက်စစ်ဗျာ၊ ခင်ဗျား အိုကေတယ် ပြောမှ ကျွန်တော် ခင်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သို့ကလိုလည်း ကျွန်တော့်ကို ဆွဲထည့်ထားသည်။ ငယ်သူငယ်ချင်း ဓာတ်မှန်ဆရာဝန်မကြီး၊ ရက်ပိုင်းအတွင်း ပင်စင် ယူတော့မည့် မေ့ဆေးဆရာဝန်ကြီးနှင့် ကျွန်တော်တို့ ခွဲတလုံးလုံးနှင့် ကလေး တစ်ကိုယ်လုံးကို ကိုယ့်ရှိသည့် ကိရိယာမှန်သမျှ သုံး၍ တစ်ရက်တည်းအပြီး စစ်ဆေးသည်။

ကိုင်း ချဗျာ။

နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့် ဒေသခံအာဏာပိုင် အဖွဲ့အစည်းတို့ကလည်း အားပေးသည်။ ဖြစ်အောင် လုပ်ပြချင်သည့် ကျွန်တော်တို့ အုပ်စုကို ပံ့ပိုးကြသည်။

ကလေးက တစ်နှစ်နှင့် ဆယ်လ။ ခွဲစိတ်မှုက နာရီအနည်းငယ်တော့ ကြာမည်ဟု ခန့်မှန်းသည်။ သည်လို ခွဲစိတ်မှုမျိုး လုပ်ဖို့ မပြောနှင့်၊ သည်လို ကလေးအရွယ်ကို သည်မျှ ကြာအောင်ပင် မကွေးမှာ မေ့ဆေး မပေးဖူးသေးပါ။ ပြီးတော့ ကလေးခြေထောက်အပို ဆိုတာက တကယ်တော့ ဖွံ့ဖြိုးမလာသော သန္ဓေသားတစ်ခုသာ ဖြစ်သည်။ ဝင်သွားပြီးမှ အထဲမှာ ဘာတွေ ထပ်ထွက်လာမည် မခန့်မှန်းနိုင်။

သူ့ဟာသူ ပခုက္ကူနားက ရွာကလေးမှာ ရှိနေသော ကလေးကို သတင်း ကြားဖြင့် သူစုံစမ်းပြီး လှမ်းခေါ်တာပါ။ လုပ်ပေးချင်လွန်းလို့ တဲ့။ မေ့ဆေး ပေးခါစမှာ ပြာသွားသေးတော့ ကျွန်တော်နှင့် မေ့ဆေးဆရာဝန်ကြီး ကလေးကို အတူ နှာနှပ်ရသေးသည်။ နောက်ပိုင်းတော့ အေးအေးဆေးဆေး။ ခွဲစိတ်မှုက ၂ နာရီ ကြာသည်။ အောင်မြင်သည်။

အပြင်မှာ စိတ်ပူစွာ စောင့်နေသော ကလေးအဖေနှင့် အမေ လက်ထဲသို့ ပုံမှန်ကလေးနှင့်မခြား ဖြစ်သွားပြီဖြစ်သော တဝါးဝါး ငိုယိုကန်ကျောက်နေသည့် ကလေးကို ကျွန်တော်နှင့် မေ့ဆေးဆရာဝန်ကြီး အပ်လိုက်ကြတော့ စောင့်နေကြသည့် ဆေးရုံအုပ်ကြီးနှင့် ပံ့ပိုးမှုပေးသော အဖွဲ့ဝင်များက အားရဝမ်းသာ ဂုဏ်ပြုစကား ဆိုကြသည်။

ဝန်ကြီးဌာနမှ မြန်မာ့ ရုပ်မြင်သံကြားနှင့် သတင်းစာတို့တွင် ဖော်ပြရန် အုပ်စုဓာတ်ပုံရိုက်ဖို့ မှာထားသဖြင့် ခွဲခန်းရှေ့မှာ စုထိုင်ကြတော့ သူက ကျွန်တော့် နံဘေးမှာ။ သူ့မျက်နှာက တော်တော် ပင်ပန်း



နွမ်းနယ်နေပုံ ရတယ်။ ၂ နာရီ ကြာသော ခွဲစိတ်မှုကြီး တစ်ခုလုံးမှာ အပင်ပန်းဆုံးလူက သူဖြစ်တာ သိသော်လည်း သည့်နှစ်ဆလောက်ကြာသည့် ခွဲစိတ်မှုတွေကိုတောင် အပြုံးမပျက် ခွဲနိုင်သည့်အပြင် ခွဲပြီးတာနှင့် မယ်ဒလင်တီး မပျက်သည့်သူမှန်းသိတော့ ကျွန်တော်က အံ့ဩစွာ မေးမိသည်။

'ခင်ဗျား တော်တော်မောသွားတာလား'

သူက တိုးတိုးကျိတ်ရယ်သည်။

'မဟုတ်ဘူးဗျ၊ ညက ကမ္ဘာ့ဖလားပွဲ ဆီမီးဖိုင်နယ် တစ်ရေးနိုးထကြည့်ထားလို့ အိပ်ငိုက်နေတာ'

အဲသည်လောက် သွေးအေးသည့် သူပါပေ။

# | ၇ |

Attitude ဆိုသည့် စကားက ဘာသာပြန်ရ ခက်လှသည်။ စိတ်ဓာတ်ပဲ ဆိုကြပါစို့။ ပြီးမှ ဖြည့်ရှင်းပြရုံသာ။ အောင်မြင်သော ဘဝဆိုတာ Satisfaction ခေါ် ကျေနပ် နှစ်သိမ့်မှု ရနိုင်ဖို့ ကိုယ်ဖြစ်ချင်တာတွေ မဖြစ်ဖြစ်အောင် သူများကို လိုက်ပြုပြင်ချင်နေသည့် စိတ်တွေကို ခွဲစိတ်ရှင်းလင်း သန့်စင်၍ ပေးထားသည့် အခြေအနေမှာ လိုက်လျောညီထွေ ပျော်ပိုက်အောင် နေနေပြီး အဲသည်အထဲကမှ အများအတွက် အကျိုးများအောင် ဖန်တီးရင်း ပျော်နေကြသူတွေ အမှန် ရှိပါသည်။

အဲသလိုလူမျိုး မရှိနိုင်ဘူးဟု ထင်နေသူတွေကို ကျွန်တော် 'သူ့'ကို ပြချင်ပါသည်။

သရုပါစွှေင်း

○

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[ ၁ ]

'ထားခဲ့လိုက်တော့ကွယ်' တဲ့။

သည်စကားကို ကြားကြားချင်း သက်မောင် တုန်လှုပ်ခြင်းကြီးစွာ **ဖြစ်ရ၏။**

တုန်လှုပ်ရသည့် အကြောင်းရင်းကလည်း ချစ်သူ သက်သက်တွေးကို ထားခဲ့ရမှာကို စိတ်ပူ၍ မဟုတ်။ ချစ်သူတွေ ထည်လဲတွဲခဲ့၊ အဲသည် ချစ်သူတွေနှင့် အကြိမ်ပေါင်းများစွာ လမ်းခွဲခဲ့၊ သူတို့ကို အကြိမ်ပေါင်းများစွာ ထားခဲ့ဖူးသော်လည်း 'ထားခဲ့ပါ' ဆိုသည့် စကားကို သူ့ကို ဘယ်သူကမျှ မပြောခဲ့ဖူးသဖြင့် သည်စကားကို ပထမဦးဆုံးအကြိမ် ကြားရခြင်းဖြစ်၍ တုန်လှုပ်မိခြင်း ဖြစ်ပါသည်။

ထို့ထက် ပို၍ကား ထိုစကားကြောင့်ပင် သည်ချစ်သူကို သူထားခဲ့၍ မဖြစ်နိုင်တော့ကြောင်း ရိပ်မိလိုက်၍လည်း ဖြစ်ပါတော့သည်။

[ ၂ ]

'နေခဲ့တော့. . . နော်'

သည်စကားကိုတော့ သက်မောင် ၉ နှစ်သားကတည်းက ကြားဖူးသည်။ အဲသည်တုန်းက ဖေဖေနှင့် မေမေ။



ဖေဖေက နိုင်ငံခြားမှာ သွားအလုပ်လုပ်သည်။ ပထမ တစ်နှစ်၊ နှစ်နှစ် အဆင်မပြေသော်လည်း နောက်ပိုင်း ပြေလည်လာသည်။ မေမေ့ကို ခေါ်သည်။ မေမေကလည်း အလုပ်လုပ်မည်ဆိုတော့ တစ်ဦးတည်းသော သား သက်မောင်ကို ကြည့်ဖို့ လူမရှိ။ သည်တော့ အဘိုးအဘွားနှင့် နေခဲ့ရမည်။

'နေခဲ့တော့. . . နော်'

သည်စကားကို မေမေက မျက်ရည်လည်ရွဲနှင့် ပြောခဲ့သည်။ မကြာခင် ပြန်လာခေါ်မည်ဟုလည်း ကတိတွေ အထပ်ထပ် ပေးခဲ့သည်။

မေမေ ပြောသည့် မကြာခင်ဆိုတာ နောက် ခုနစ်နှစ်အကြာ သက်မောင် ၁၀ တန်း အောင်ပြီးချိန် ဖြစ်နေသည်။

၁၀ တန်းကို ထူးချွန်စွာ အောင်ထားသော သက်မောင်ကို အဘိုးအဘွားတို့က ရန်ကုန်မှာပဲ နေပြီး ဆေးတက္ကသိုလ် တက်စေချင် သည်။ မိဘတွေက နိုင်ငံခြားမှာ တက္ကသိုလ် တက်စေချင်သည်။

သက်မောင်က အဘိုး အဘွား စကားကို နားထောင်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒါနှင့်ပဲ မေမေ အဲသည်စကားကို သက်မောင်အား ဒုတိယအကြိမ် ပြောရပြန်သည်။

'နေခဲ့တော့. . . နော်' တဲ့။

[ ၃ ]

မေတ္တာ ငတ်ခဲ့သော သက်မောင် ၉ တန်းကတည်းက ရည်းစားထားတတ်ခဲ့သည်။ 'မိစူး' ဟု သူ ခေါ်လေ့ရှိသော တစ်တန်းတည်းသား သူငယ်ချင်းနှင့်ပါ။

မိစူးက သိပ်မလှ။ စာလည်း သိပ်မတော်။ သက်မောင်တို့ထက်လည်း အနည်းငယ် ဆင်းရဲသည်။ သက်မောင်၏ မိဘတွေရော၊ အဘိုးအဘွားတွေပါ ဘယ်လိုမှ သဘောမတူကြမည့် သူမျိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ၊ အဘိုးအဘွားတွေကို ဆန့်ကျင်နိုင်လောက်အောင် မိစူး အပေါ် သူချစ်သည့် အချစ်က နက်ရှိုင်းသလား၊ မနက်ရှိုင်းသလား သက်မောင် သေသေချာချာ မသိပါ။ တကယ်တမ်းကျတော့ အချစ်ဆိုတာ ဘာကို ခေါ်သလဲ။ ၅၂၈ တွေ၊ ၁၅၀၀ တွေ တကယ်ရှိ၊ မရှိတောင် သက်မောင် သေသေချာချာ မသိပါ။

သေသေချာချာ မသိဘဲ ချစ်ခဲ့သော မိစူးကို သူ ပထမ အမ်ဘီဘီ အက်စ်တက်ပြီး မိစူး အဝေးသင်တက္ကသိုလ် စတက်သော နှစ်မှာပင် သူ ထားခဲ့ပါသည်။

သေချာတာကတော့ မိစူးက သူ့ကို 'ထားခဲ့တော့' ဟု မပြောဖြစ်ခဲ့ သလို သူကလည်း မိစူးကို 'နေခဲ့တော့' ဟု မပြောဖြစ်ခဲ့ပါ။

[ ၄ ]

'ထားခဲ့တော့' 'နေခဲ့တော့' မပါဘဲ သူ့ဘဝမှာ ချစ်သူတွေ တစ်ယောက်ပြီး တစ်ယောက် ထားခဲ့ရာမှ သူ ဆရာဝန် ဖြစ်လာသောအခါ သက်မောင် ဘဝမှာ တတိယအကြိမ် 'နေခဲ့တော့နော်' ဆိုသည့် စကားကို ကြားရ ပြန်သည်။

ကယ်ရိုလင်းဆီကပါ။

ကယ်ရိုလင်း ဆိုတာက သူ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း (ခ)မှာ ရခဲ့သော တစ်တန်းတည်းသား ချစ်သူ ဖြစ်သည်။

ကယ်ရိုလင်း၏ မိဘတွေကလည်း သက်မောင် မိဘတွေ အလုပ်လုပ် နေသည့် နိုင်ငံမှာပဲ အခြေချ နေနေကြသူတွေ ဖြစ်သည်။ ဒါကို အချင်း ချင်း သိထားခိုက်မှာ ကယ်ရိုလင်းက တစ်နေ့နေ့မှာ သက်မောင်နှင့်သူ အဲသည်နိုင်ငံမှာ ဆရာဝန် သွားလုပ်ဖြစ်ကြလိမ့်မည်ဟု အပိုင် တွက်ထား သည်။

သက်မောင်က လက်ထောက်ဆရာဝန်အဖြစ် နယ်မှာ သွားတာဝန် ထမ်းဆောင်ရန် လျှောက်လိုက်သောအခါ သူ့ကို ကယ်ရိုလင်း ဘယ်လိုမှ နားမလည်နိုင်တော့ပါ။



'သူက ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲက ဆရာဝန်မျိုး ဖြစ်ချင်တာလား။ ဒါမျိုးက အပြင်မှာ တကယ် မရှိဘူးဆိုတာ သိရဲ့လား'

သက်မောင် ပခုံးတွန့်ပြသည်။

'တို့နိုင်ငံမှာ ဆရာဝန် သောင်းနဲ့ချီ ရှိတယ်၊ အစိုးရဝန်ထမ်းဆရာဝန် ထောင်ဂဏန်း တော်တော်များများ ရှိတယ်၊ မြို့ကြီးတွေမှာ နေနေတာ အနည်းစုပဲ၊ အများစုက နယ်တွေမှာ ရှိနေတာ၊ ကယ်ရိုလင်းက ဘာလို့ အပြင်မှာ မရှိဘူးလို့ ပြောတာလဲ၊ အဲဒီလူတွေ လုပ်သလို လုပ်ဖူးချင်တာ ရော ဘာဆန်းလို့လဲ၊ တိုးတက်တဲ့ နိုင်ငံက ဆရာဝန်တွေတောင် မတိုးတက်တဲ့ နိုင်ငံတွေ သွားလုပ်ပေးနေတာလည်း ဒီနေ့ခေတ်မှာကို ဒုနဲ့ဒေးပဲ မဟုတ်ဘူးလား'

ကယ်ရိုလင်းက မဲ့ပြုံးပြုံး၍ ယူ ဂေါက်နေပြီဟု ရင့်ရင့်သီးသီး ပြောခဲ့ သည်။

သို့သော် ကယ်ရိုလင်း နိုင်ငံခြားသွားခါနီးတွင် နယ်ကို ရောက်နေ သော သူ့ကို ဖုန်းဆက်၍ နူးညံ့တုန်ခါသော အသံကလေးနှင့် နှုတ်ဆက် သော်တော့ ရသည်။

'နေခဲ့တော့ကွယ်' တဲ့။

[ ၅ ]

'စားတတ်ဘူး မဟုတ်လား'

လူနာရှင်တွေ ကျေးဇူးတင်၍ကျွေးသော တို့ဟူးနွေး ပန်းကန်ရှေ့မှာ ...စ်ချောင်းနှင့် ယောင်ချာချာဖြစ်နေသော ဒေါက်တာ သက်မောင်ကို ...ည့်၍ သူနာပြုဆရာမကလေး သက်သက်ထွေးက ရယ်ပြီး မေးသည်။

'တုတ်တယ်၊ မစားဖူးဘူး'

သက်မောင်က ရှက်ရှက်နှင့် ဝန်ခံလိုက်တော့ သက်သက်ထွေးက ...က်မောင်၏ ပန်းကန်ကို ယူ၍ တူနှစ်ချောင်းနှင့် နယ်ပေးသည်။

'ပြီးရင် ငွန်းနဲ့သာ စားလိုက်တော့၊ မရှက်ပါနဲ့၊ ဆရာ ရှမ်း ...ုတ် ...ောင်း လူတိုင်း သိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



သက်သက်ထွေးဆီက တို့ဟူးနွေးပန်းကန်ကို ရယ်ကျဲကျဲနှင့် လှမ်းအယူမှာ မြင်လိုက်ရသော သက်သက်ထွေး၏ အလွန်ရှည်လျားသော မျက်တောင်များအောက်က မျက်နက်ဝန်း၏ ကရုဏာရိပ် သန်းနေသော အကြည့်မှာ သက်မောင် မှင်တက်မိသွား၏။

ရင်ဘတ်ထဲက ခုန်နေသော နှလုံးသားပဲ အပြင်ကို ခုန်ပေါက်ထွက်သွားသလို။

[ ၆ ]

'ဒီမှာ ကြာပြီလားဟင်'

သက်သက်ထွေးက ခေါင်းညိတ်ပြသည်။

'ဒီမှာ အလုပ်စဝင်တာပဲ အခုဆိုရင် လေးနှစ်ပေါ့'

'အပြောင်း မလျှောက်ဘူးလား'

သက်သက်ထွေးက ရယ်သည်။

'ဒီကို လျှောက်ခဲ့တာ၊ ဒီဇာတိလေ'

သက်မောင် ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'ရှမ်းပေါ့'

'လီဆူပါ။ သက်ထွေး မိဘတွေက ငယ်ငယ်ကတည်းက ဆုံးသွားတာ အဘွားနဲ့ ကြီးတာ၊ အဘွားက အစကတော့ မြို့မဈေးမှာ လွယ်အိတ်ဆိုင်ကလေး ဖွင့်တယ်၊ အခု အသက်က ခုနစ်ဆယ်၊ မျက်စိလည်း မမြင်တော့ဘူး၊ အဒေါ်တစ်ယောက်ကလည်း မုဆိုးမဖြစ်ပြီး အတူလာနေနေတာ ကလေးက သုံးယောက် ပါလာသေးတယ်၊ အဲဒီ လူတွေ အကုန်လုံး သက်ထွေးပဲ ကြည့်နေရတာလေ၊ ဒီမြို့က ဘယ်မပြောင်းလို့ ဖြစ်မလဲ'

သက်မောင် သက်မ တစ်ချက် ရှိုက်သွင်းမိသည်။

ဆရာမ လှလှကလေးမှာ ဘဝလှလှကလေး မရှိရှာပါလား။



[ ၇ ]

နောက်တစ်နှစ်လောက် အတွင်းမှာ အများက ကျိတ်၍ ဖြစ်စေချင် နေကြသော်လည်း ဘယ်လိုမှ မဖြစ်နိုင်ဟု ယူဆသဖြင့် တစ်ခါမှ ဖွင့်မပြောကြ၊ မစကြ၊ မနောက်ကြသော ကိစ္စတစ်ခု တကယ်ဖြစ်လာသည်။

သက်မောင်နှင့် သက်သက်ထွေးတို့ ချစ်သူ ဖြစ်သွားကြတာပါ။

သက်မောင်က လူကုံထံ အသိုင်းအဝိုင်းထဲမှာ မိဘက လွဲလျှင် လိုသမျှအားလုံး ရနိုင်သော အနေအထားနှင့် ကြီးပြင်းလာရသည့် ဆရာဝန်၊ သက်သက်ထွေးက မပြည့်စုံရသည့် အထဲတွင် ကိုယ်ပိုင်ဒုက္ခတွေ သာမက သူတစ်ပါး၏ ဒုက္ခတွေကိုပါ ထမ်းရင်းရွက်ရင်းက ရုန်းကန်ကြီးပြင်း ခဲ့ရသည့် သူနာပြုဆရာမကလေး။

ရုပ်ရည် ချောမောတာနှင့် မိဘနှင့် အတူရှိမနေတာက လွဲလျှင် ဘာတစ်ခုမှ မတူညီသော ဘဝနှစ်ခု အံ့သြဖွယ်ရာ ကောင်းလောက်အောင် ဒွန်တွဲ မိခဲ့ကြသော်လည်း ရှေ့တစ်ဆင့်တက်ဖို့ကိုတော့ ဘယ်စကားနှင့် ဘယ်လို စပြောရမည်ဆိုတာ မသိသည့်အလား နှစ်ယောက်စလုံးက သေိကျိုးကျွန် နေနေခဲ့ကြသည်။

'အတူနေရတဲ့ အခါကျ

သည်လို မသိမသာ စကား စကြည့်မိသည့် အခါတိုင်းတွင် သက်သက်ထွေးက နွမ်းလျစွာ ပြုံး၍ ဖြေတတ်သည်။

'အတူ နေရဖို့ဆိုတာ ဖြစ်နိုင်လို့လား အစ်ကိုရယ်'

သူ ပြောတာ မှန်သင့်သလောက် မှန်ကြောင်း သိသော်လည်း သက်မောင် ဘယ်လိုမှ ဘဝင်မကျနိုင်ပါ။

'ချစ်တယ်ဆို၊ ချစ်တယ်ဆိုတာ အတူနေဖို့ပဲ မဟုတ်လား'

သက်သက်ထွေး လေးတွဲ့စွာ ခေါင်းခါတတ်စမြဲ။

'ချစ်တယ်ဆိုတာ ခံစားမိတာ သက်သက်ကို ဝန်ခံတာလေ။ အတူနေဖို့ဆိုတာကျတော့ ဦးနှောက်က သင့်၏၊ မသင့်၏၊ ဖြစ်နိုင်၏၊ မဖြစ်နိုင် တရား၊ မတရား လိုက်စဉ်းစားရသေးတယ် အစ်ကိုရဲ့၊ သက်ထွေး ...တို့တို ဘာမတရားမှ မလုပ်မိချင်ဘူး အစ်ကိုရယ်'

www.burmeseclassic.com

ရှေ့မှာ မှုန်ဝါးမှောင်ပျနေသော လမ်းကြောင်းတစ်ခုကို ရှေ့ဆက်လျှောက်နိုင်ဖို့ ဘယ်လို အလင်းပြ ထိုးဖောက်ရမည် ဆိုတာကို ဘာဖော်မြူ လာမှု မထုတ်နိုင်၊ မထုတ်ဖြစ်ဘဲနှင့် ချစ်သူနှစ်ဦး အဲသည်လမ်းပေါ်မှာ လပေါင်းများစွာ ရပ်နေဖြစ်ခဲ့ရာမှ သက်မောင် ရန်ကုန်မြို့သို့ ဘွဲ့လွန်ဝင်ခွင့် စာမေးပွဲ သွားဖြေရမည့် အချိန်သို့ ရောက်လာခဲ့လေသည်။

[ ၈ ]

လေယာဉ်လက်မှတ် ရပ့်မလားဟု တော်တော် စိုးရိမ်လိုက်ရသေးသည်။ လေယာဉ်က တစ်ပတ်မှာ နှစ်ရက်ပဲ ဆင်းသည့်မြို့မို့ လက်မှတ်က အခက်အခဲ ရှိတန်သလောက် ရှိသည်။ လေယာဉ် မရလိုက်၍ ကားနှင့် သွားရလျှင်လည်း စာမေးပွဲအမီ ရန်ကုန်ရောက်နိုင်ဖို့ အကြောင်းရှိသော နေရာမျိုး မဟုတ်။

လေယာဉ်မထွက်မီ တစ်ရက်မှာတော့ သက်သက်ထွေး၏ အဒေါ် ချောင်းဆိုးသွေးအန်၍ ဆေးရုံသို့ ရောက်လာသည်။

'သူ့ယောက်ျားက ဘာရောဂါနဲ့ ဆုံးတာလဲ သက်ထွေး'

သက်သက်ထွေး မျက်နှာကလေး အိုသွားသည်။

'ချောင်းဆိုး သွေးအန်ပြီး သေတာပဲ၊ တီဘီပဲ ဖြစ်မှာပေါ့၊ ဒါပေမဲ့ အဲဒီတုန်းက သူတို့က ဟိုးတောင်ပေါ်မှာ သွားနေကြတာ ဆရာဝန်တွေ ဆေးခန်းတွေလည်း ပြဟန် မတူပါဘူး အစ်ကိုရယ်'

သက်မောင် မွန်းကျပ်လာသည်။

'အိတ်ချ်အိုင်ဗီလည်း မစစ်ဖြစ်ဘူးပေါ့'

သက်သက်ထွေး ခေါင်းညိတ်ပြသည်။

'ယောက်ျားကို မစစ်ဖြစ်ဘူး၊ သူ ရောက်လာခါစကတော့ သက်ထွေး စိတ်ပူလို့ စစ်လိုက်သေးတယ်၊ တစ်နှစ်ကျော်ပြီပေါ့။ အဲဒီတုန်းကတော့ နဂ္ဂတစ်ဖ်၊ မရှိဘူး'

တော်သေးတာပေါ့ဟု မတွေးရဲ။ အိတ်ချ်အိုင်ဗီ ခေါ် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါက ရောဂါပိုးဝင်ဝင်ချင်း ခြောက်လလောက်မှာ သွေးစစ်လျှင်တောင် မပေါ်သည့် ကာလ ရှိသည်။ ထပ်စစ်ရဦးမည်။



ရှိခဲ့လျှင်တော့ သည်အဒေါ်သာ မဟုတ်။ သူမွေးထားသည့် သက်သက်ထွေး၏ တစ်ဝမ်းကွဲ မောင်နှမလေး သုံးယောက်ကိုပါ စစ်ရမည်။ ပြီးတော့ အဲသည်လိုသာဆိုလျှင် သက်သက်ထွေး အဒေါ် ဖြစ်နေသည့် ရောဂါမှာ အမ်ဒီအာရ်တီဘီခေါ် ဘာဆေးမျှ မတိုးသည့် တီဘီရောဂါဖြစ်နိုင်သည်။ ဒါဆိုလျှင် တစ်အိမ်တည်း နေနေကြသည့် အဘွား၊ ကလေးသုံးယောက်အပြင် သက်သက်ထွေးအတွက်ပါ မတွေးရဲစရာ။

သူ့အတွေးကို ရိပ်မိသည့်အလား သက်သက်ထွေးက ပြုံး၍ ခေါင်းခါသည်။

'နားပါ အစ်ကိုရယ်၊ ဂျူတီကျတဲ့ ဆရာဝန်တွေလည်း ရှိတာပဲ၊ အစ်ကိုက မနက်ဖြန် ခရီးသွားမှာ၊ စာမေးပွဲကလည်း ဖြေရဦးမှာ၊ အိမ်ပြန်အနားယူ...တော့နော်'

လေးကန်သော ခြေလှမ်းများဖြင့် သက်မောင် ဆေးရုံမှ ပြန်ခဲ့ရသည်။

[ ၉ ]

...သညာ မဟာသိပ္ပံ သမားတော်ဘွဲ့အတွက် သင်တန်းဝင်ခွင့် စာမေးပွဲ ...ဆိုသူ ၂၅၀ လောက်ထဲမှ ၃၀ သာ အောင်သည်။ အဲဒီအထဲတွင် ...မောင် ပါသည်။

...ဝုံမှန် အားဖြင့်တော့ ထပြီး ခုန်ပေါက် မြူးထူးပစ်ရလောက်အောင် ...ရမည့် ကိစ္စမျိုးပါ။ သို့သော် ချစ်သူ သက်သက်ထွေးကို အဲသည်မြို့...မှာ အပြီးထားခဲ့ပြီး ရန်ကုန်မှာ လာသင်တန်းတက်ရမည့် ကိစ္စမို့ ...နှစ်ဦး၏ ရှေ့ရေးက ဘယ်သို့ဘယ်ပုံ ဆက်ဆွေးနွေးရမည် မသိ...အောင် ဖြစ်နေကြောင်း ရိပ်မိသဖြင့် တွေဝေ လေးကန်သော ...များဖြင့် သက်မောင် ပြန်လာခဲ့ရပါသည်။

သက်သက်ထွေးကတော့ သူ ဘာတွေတွေးနေသည်ကိုပင် မရိပ်မိနိုင် ...အလား လက်ခုပ်လက်ဝါးတီး၍ ပျော်ရွှင်ပြရှာပါသည်။

www.burmeseclassic.com



'ကောင်းလိုက်တာ အစ်ကိုရယ်၊ အစ်ကို့လို စိတ်ဓာတ်မျိုးနဲ့ ဆရာဝန်တွေများများ အထူးကုဆရာဝန်ဖြစ်ဖို့ လိုနေတာ၊ သက်ထွေးဖြင့် သိပ်ဝမ်းသာတာပဲ'

နှစ်ဦးရှေ့ရေးကို ဆွေးနွေးခွင့် မသာလောက်အောင်ပင် သက်သက်ထွေးက ဝမ်းသာစကား အမျှင်မပြတ် ပြောနေခဲ့၏။

နောက်ဆုံး အဒေါ်ဖြစ်သူ၏ ကျန်းမာရေးကို ဖြတ်မေးတော့မှ မျက်နှာက နည်းနည်းညှိုးသည်။

'အစ်ကို တွက်သလိုပါပဲ အစ်ကိုရယ်၊ 'အေ' ပါပဲ၊ ကလေးတွေမှာတော့ မတွေ့ဘူး၊ အခုတော့ တီဘီကုနေရတာပေါ့၊ အေအာရ်တီ သောက်နိုင်ဖို့တလည်း စိတ်ကူးမှ မယဉ်ရဲတာ၊ သူ့တီဘီ အဘွားနဲ့ ကလေးတွေမကူးရအောင်ဘဲ ဂရုစိုက် ခွဲထားရတော့ သက်ထွေးပဲ ပြုစုနေရတာပေါ့'

သက်မောင် အသက်ရှူရ ကျပ်လာသည်။

[ ၁၀ ]

'ထားခဲ့လိုက်တော့ကွယ်'

သည်စကားကို သက်သက်ထွေးပြောတော့ တိုးတိုးကလေး။ အရေးမကြီးသလို ညည်းပြောကလေး ပြောလိုက်တာ ဖြစ်သည်။ သို့သော် သက်မောင် နားထဲတွင်တော့ ဗုံးခွဲသလို ပြင်းထန်စွာ ခံစားရသည်။

ချစ်သူနှင့် လမ်းခွဲရမှာ စိုး၍တော့ မဟုတ်။ သူ့ဘဝမှာ ချစ်သူတွေနှင့် အကြိမ်ကြိမ် လမ်းခွဲ ခဲ့ရဖူးသည်။ သည် ချစ်သူနှင့်လည်း ချစ်သူစဖြစ်ကတည်းက တစ်နေ့နေ့တွင် လမ်းခွဲရကောင်း ခွဲရနိုင်သည်ကို ကြိုတင်သဘောပေါက်ခဲ့ပြီး သား ဖြစ်သည်။

သို့သော်

မိမိချစ်သူ နစ်နာမှာစိုး၍ မိမိကို ထားခဲ့ပါဆိုသည့် စကားမျိုးကို သူ့ဘဝတွင် ဘယ်ချစ်သူကမျှ သူ့ကို မပြောခဲ့ဖူးပါ။



မိမိ နာချင်နာပါစေ။ မိမိချစ်သူ ဘဝမှာတော့ ပျော်ရွှင်စရာမှန်သမျှ ပွန်းပဲ့ လျော့ပါးမှာ မလိုလားပါဆိုသည့် စိတ်ဓာတ်။ အဲသည် စိတ်ဓာတ်မျိုးကို သူ့ဘဝမှာ သူ ချစ်ခဲ့ရသည့်သူတွေက သူ့ကို ဘယ်တုန်းကများ ပြခဲ့ကြဖူးပါသနည်း။

ယုတ်စွအဆုံး မိဘများကပင်လျှင် ဘဝတိုးတက်မှုနှင့် ယှဉ်လာလျှင် တစ်ဦးတည်းသော သားကို နေရစ်ခဲ့တော့နော်ဟု ဆိုနိုင်ခဲ့ကြသည် မဟုတ် ပါလား။

တစ်မိသားနှင့် တစ်မိသမီး။

ချစ်သူတွေ ဘာဖြစ်လို့ ဖြစ်ကြရပါသနည်း။

တကယ်တော့ ဘဝမှာ တခြားသူတွေ အားလုံးနှင့် ခပ်တန်းတန်း နေချင် နေရပါစေ။ သည်တစ်ယောက်ကတော့ အရင်းနှီးဆုံး၊ အနီးကပ်ဆုံး အတူတူ နေချင်သည်ဟု ဆုံးဖြတ်ဖို့ ကြိုတင် ပြင်ဆင်ရတာမျိုး မဟုတ်ပါလား။

အဲသည်လို ဆုံးဖြတ်ပြီး လက်တွဲခဲ့ကြရသည့် ချစ်သူတွေထဲမှာ ဒုက္ခတွေကိုတော့ မျှဝေခံစားနိုင်းဖို့ မပြောရက်ပါ။ ထားခဲ့လိုက်ပါဟု ပြောရဲလောက်အောင် ကိုယ့်အပေါ်မှာ ကိုယ့်ဘက်ကချည်း သက်သက် ငဲ့စားပေးတတ်သည့် ချစ်သူမျိုးနှင့် ဆုံစည်းခွင့် လူဘယ်လောက်များများ ရခဲ့ဖူးကြပါသနည်း။

အဲသည်လို ချစ်သူမျိုးပါဆိုတာ ကွင်းကွင်းကွက်ကွက် သိရပြီးမှ ဘယ်ပဲ ထားခဲ့ရမှာတဲ့လား။ ဒါတော့ ဘယ်လိုမျှ မဖြစ်နိုင်ဘူးဟု တွေးမိသည်။

မြို့ကလေးမှ သက်မောင် မထွက်ခွာမီ အချိန်တိုင်းနီးနီးမှာ သက်မောင် အနားမှာ ရှိနေဖို့ သိသိသာသာ ကြိုးစားနေရှာသော်လည်း ရှေ့ရေး အတွက် သက်မောင်စကားစ,တိုင်း နွမ်းလျစွာ ပြုံး၍ ခေါင်းခါတတ်သော ချစ်သူကလေး ကို ဘာစကားမျှ တိတိကျကျ ဆွေးနွေးခွင့်မရဘဲ သက်မောင် ပြန်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့မှာ သင်တန်း စတက်တော့ သက်မောင် မျှော်လင့်မထားသည့်သူ နှစ်ဦးနှင့် ပြန်ဆုံရသည်။

တစ်ယောက်က မိစူး။

နောက်တစ်ယောက်က ကယ်ရီလင်း။

[ ၁၁ ]

မိစူးနှင့် ဆုံတာက အထူးကု ဆေးခန်းကြီးတစ်ခုတွင် ဖြစ်သည်။ ဆရာကြီးတစ်ယောက်၏ ဆေးခန်းမှာ လိုက်ကူပေးနေသော သက်မောင်၊ အဲသည်ဆရာကြီးကို လာပြသည့် လူနာနှင့် ပါလာသောဆွေမျိုး မိစူးနှင့် ပြန်ဆုံရခြင်း ဖြစ်သည်။

နည်းနည်း ဝလာတာက လွဲ၍ မိစူး သိပ်မပြောင်းလဲ။ သက်မောင်ကိုတော့ သူက အသားတွေ ညိုသွားတယ်ဟု ဆိုသည်။

အံ့ဩစရာ ကောင်းတာက သူ သက်မောင်ကို အခင်မင် မပျက်တာဘဲ ဖြစ်သည်။ ဘာအကြောင်းပြချက်မှ မည်မည်ရရ မပြဘဲ သည်အတိုင်းပစ်သွားခဲ့သည့် ချစ်သူဟောင်းကို နည်းနည်းတော့ စိတ်နာနေသင့်သည်ဟု သူထင်သည်။ သို့သော် သူက ဘာမျှ မဖြစ်ခဲ့ကြသည့် ငယ်သူငယ်ချင်းများ ပုံစံအတိုင်း တရင်းတနှီးပါပဲ။

စာရင်းစစ်ချုပ်ရုံးမှာ စာရေး လုပ်နေသတဲ့။ သက်မောင်၏ လက်ကိုင်ဖုန်းနံပါတ်ကို တောင်းသွားသည်။

ပြီးတော့ အဲသည်ညပဲ ဆက်သည်။

အိမ်ထောင် မပြုသေးဘူးဆို ဟုတ်လား တဲ့။

သူလည်း အိမ်ထောင်မပြုသေး တဲ့။

ပြီးတော့

ရုံးကို လာလည်ပါလား တဲ့။

သက်မောင် ဖုန်းချရင်း သက်ပြင်းချမိသည်။



[ ၁၂ ]

ကယ်ရီလင်းကိုတော့ ဆေးရုံမှာ ဆုံသည်။

ဆေးကုမ္ပဏီကြီးတစ်ခုက အရောင်းမန်နေဂျာ ဆိုပဲ။

နိုင်ငံခြားမှာ အဆင်မပြေခဲ့ တဲ့။ သည်ပြန်လာတော့ ပြည်တွင်းက ဆေးကုမ္ပဏီကြီး တစ်ခုမှာ အလုပ် ရသတဲ့။ ဒေါ်လာနှင့်လည်း လခရသတဲ့။ ဘယ်လောက် ရသလဲမေးတော့ ၃၀၀ ဟု မဖြေချင့် ဖြေချင်ဖြေသည်။

သက်မောင်၏ ဆရာ၊ ဆရာဝန်ကြီးကို လာတွေ့တာ တဲ့။ အဲသည့်ဆရာဝန်ကြီးက ဆေးကုတာ နာမည်ကြီး၍ လူနာ အလွန်များသော်လည်း ဆေးကုမ္ပဏီများကို ရင်းရင်းနှီးနှီး ဆက်ဆံလေ့ မရှိသဖြင့် အခက်အခဲတွေ့နေရသတဲ့။ သက်မောင်ကတော့ အဲသည် ဆရာဝန်ကြီးက ဆော်တော်ချစ်သော တပည့်ဟု ကြားရ၍ ကူညီစေချင်သတဲ့။

'ကယ်ရီလင်းရယ် တို့က အမ်အက်စ်စီကျောင်းသားပါ၊ ဘာမှိလို့လဲ'

သက်မောင်က ဖြေတော့ ကယ်ရီလင်းက မခို့တရို့ ပြုံးသည်။

'သမားတော်လောင်းလေ၊ နောက် နှစ်နှစ်ဆို ဖြစ်ပြီ ဥစ္စာ၊ အခုအတည်းက အချောဆုံး၊ အငယ်ဆုံး သမားတော်လောင်းဆိုပြီး နာမည်ကြီးနေတာ သိပြီးသားပါနော်'

သက်မောင် ဘာဖြေရမည် မသိ။

ကယ်ရီလင်းက သူ့ဖုန်းနံပါတ်ကို တောင်းမသွား။ သို့သော် ညကျတော့ ဖုန်းဆက်သည်။ ဆေးကုမ္ပဏီမှာ အလုပ်လုပ်နေသူ တစ်ဦးအနေနှင့် ဆရာဝန်တစ်ယောက်၏ ဖုန်းနံပါတ်ကို စုံစမ်းဖို့ သိပ်မခက်လှသည့်အကြောင်း သူ သတိရမိသည်။

အသစ် တွေ့နေပြီလား တဲ့။

တင့်အင်း သက်သက်ထွေးကို သူ အသစ်၊ အဟောင်း မတပ်လိုပါ။

သူ့ကိုရော သတိရသေးလား တဲ့။

'ဒါတွေ ပြောမနေပါနဲ့တော့'

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူသတိရနေသည်က သူ စာအစောင်စောင် ရေးသော်လည်း တစ်စောင်မျှ မပြန်သည့် သက်သက်ထွေး အကြောင်းကိုပါ။

[ ၁၃ ]

'မင်း မဖောက်ဖူးသေးဘူး မဟုတ်လား၊ မင်းဖောက်၊ ငါ ဘေးက စောင့်ပေးမယ်။ ကိုယ့်အချင်းချင်းတော့ ဖြစ်နေတယ်၊ လူနာက သူနာပြုဆရာမ၊ ဒါပေမဲ့ ဘာမှ မခက်ပါဘူး။ ငါလည်း လက်အိတ်စွပ်ထားမှာ၊ ရဲရဲသာ ဖောက်'

နှလုံးဖုံးမြှေးအတွင်း တီဘီပိုး ဝင်ရောက်နေသဖြင့် ရေဖျဉ်းစွဲပြီး မောနေသည့် လူနာ တစ်ယောက် နယ်မှ ရောက်လာသည်။ နှလုံး အထူးကုသမားတော်က သက်မောင်ကို သင်ပေးချင်သဖြင့် လှမ်းခေါ်ပြီး ဖောက်ခိုင်းခြင်း ဖြစ်သည်။

'သူနာပြုဆရာမ အသက်က ၂၇ နှစ်ပဲ ရှိသေးတယ်၊ လူနာဆီက ရတာလား ဆရာ'

နှလုံး အထူးကုသမားတော်က ခေါင်းဆတ်ပြသည်။

'ငါလည်း အဲဒီလို ထင်ပြီး စိတ်မကောင်းနေတာ၊ လူနာတော့ လူနာ၊ ဆေးရုံက လူနာ မဟုတ်ဘူးကွ၊ ဒီကောင်မလေးက အဒေါ်အရင်းကို ပြုစုနေရတာ၊ အဒေါ်က တီဘီရယ်၊ ရီထရိုရယ်၊ နောက် သေရော၊ သေတော့ အဒေါ့်ကလေးတွေကို ဆက်စောင့်ရှောက်နေရှာတာ၊ အဘွားက မျက်မမြင်တစ်ယောက်လည်း ပါသေးသတဲ့၊ အဲဒီလူတွေ အကုန်လွှတ်ပြီး သူက တီဘီနဲ့ ကျန်ခဲ့တာ၊ တော်သေးတာပေါ့၊ အမ်ဒီအာရ်တီဘီ အဆင့်တော့လည်း မဟုတ်၊ ပြီးတော့ ရီထရိုကလည်း မကူးလို့'

ဘုရား ဘုရား။

ဆရာနှင့်အတူ ခွဲစိတ်ခန်းငယ်ထဲ ကမန်းကတန်း လိုက်ဝင်ကြည့်မိသည်။ ဟုတ်ပါသည်။ သက်သက်ထွေး ပါပဲ။

သိသိသာသာ မောနေ၍ မျက်လုံးပိတ်ပြီး မှိန်းနေရှာသည်။



ပိန်မြှောင်းလို့။ နားသယ်ဆံစတွေ ခြောက်သွေ့လို့။

'မလုပ်၊ မလုပ်ပါရစေနဲ့ ဆရာ၊ အဲဒါ အဲဒါ ကျွန်တော့် ချစ်သူပါ၊ ဆရာပဲ လုပ်ပေးပါ ဆရာ'

မျက်တောင် အရှည်ကြီး တစ်စုံကလွဲလျှင် အလှဆို၍ ပြစရာ သိပ်မကျန်တော့သော လူနာမိန်းကလေးကို တစ်လှည့်၊ သက်မောင်ကို တစ်လှည့်ကြည့်ရင်း ဆရာ မှင်တက်နေပါသည်။

[ ၁၄ ]

သည်ချစ်သူကို ထားခဲ့ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် သူသည် သက်မောင်ဘဝမှာ တစ်ဦးတည်းသော သက်မောင်ကို ထားခဲ့တော့ကွယ်ဆိုသည့် စကားကို ပြောခဲ့သည့်သူ။ စိတ်ထား မြင့်မြတ်လွန်းရှာသူလေးပါ။

သည်လို စိတ်ထားမျိုးနှင့် ချစ်သူကလေးကို ပိုင်ဆိုင်ခွင့် ရဖို့ဆိုလျှင် ပေးသည့် စွန့်စားမှုမျိုးမဆို ထိုက်တန်သည်ဟု သက်မောင် ထင်ပါသည်။

အမ်ဒီအာရ်တီဘီ မဟုတ်ဘူးတဲ့။ ဆရာ ပြောသွားသည်။ ကုသ၍ ရသော တီဘီပေါ့။ အဲသည် တီဘီရောဂါ ပျောက်သည်အထိ သူကိုယ်တိုင် ချစ်ကြိုက် ပြုစုမည်။ ရီထရိုဆိုသည့် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ လည်း မရှိ။

ဘာမှ ငြင်းမယ်တော့ မကြံနဲ့တော့ သက်ထွေးရေ။ ဘယ်လို ခေါင်းထုတ်ထုတ်၊ အစ်ကို ဒီတစ်ခါ မင်းအနားက မခွာနိုင်တော့ဘူး။

သက်သက်ထွေးက နွမ်းလျစွာ အိပ်ပျော်နေဆဲ။

သက်မောင်က သက်သက်ထွေး ဆံစမှ ချွေးစက်ကလေးများကို သစ်သားဖြီးစဖြင့် ကြင်နာစွာ သုတ်ပေးသည်။

စရသာ

၂၀၁၁၊ ဇန်နဝါရီလ

○

www.burmeseclassic.com

www.burmeseclassic.com

# နွံမနစ်သည့် ကြာ



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

မျက်စိတစ်ဆုံး နွံပြင်ကြီး ဖုံးနေလည်း
တစ်ပွင့်တည်း ပွင့်နေသည့် ကြာပန်းကလေးက
ဖြူဥ သန့်စင်နေမှာပါပဲ။
ကြာမှန်မှတော့ နွံကြားထဲမို့ မတင့်တယ်စရာ မရှိပါဘူး။

[ ၂ ]

ဒုရဲအုပ်ကလေး မင်းဆွေတစ်ယောက် နယ်မြို့ကလေး၏ ရဲစခန်းတာဝန်မှူးစားပွဲ သေးသေးနုပ်နုပ်ကလေး ရှေ့က ခုံတန်းရှည်ကလေးပေါ် ထိုင်နေသည့် အသက် အစိတ်ခန့်အရွယ် မိန်းမပျိုကို ကြည့်၍ ပါးစပ်အဟောင်းသား ဖြစ်နေဆဲ။

အသားက ကြာဖြူပွင့်တစ်ပွင့်လို ဆွတ်ဆွတ် ဖြူသည်။

ကော်လာပါသော ဘလောက်စ် ချည်အင်္ကျီကလေးကလည်း ဆွတ်ဆွတ်ဖြူသည်။ ရုပ်ရည်ပြေပြစ်၍ အမူအရာ တည်ငြိမ်သော မျက်နှာကလေးမှာလည်း ဒေါသ၏ အရောင်၊ လောဘ၏ အရောင်တို့ ကင်းစင်ပြီး ဆွတ်ဆွတ်ဖြူနေသည်။



ဒီလို နေရာမျိုးကို ဘယ်လိုလုပ် ရောက်လာရတာတဲ့လဲ။

သူ့နံဘေး ခုံတန်းပေါ်မှာတော့ တရှုပ်ရှုပ် ငိုနေသော ၁၈ နှစ်ခန့်အရွယ် မိန်းကလေးတစ်ဦး ရှိသည်။ ထိုမိန်းကလေးက အတော်အတန် သန့်သန့် ပြန့်ပြန့် ဝတ်စားထားပြီး မိန်းမပျိုက ဘလောက်စ်အင်္ကျီနှင့် ချည်ထည် လုံချည် ရိုးရိုးကလေးသာ ဝတ်စားထားသော်လည်း အသွင်အပြင်အားဖြင့် ကွာခြားလွန်းနေသည်။ ညီအစ်မ မဖြစ်နိုင်၊ အိမ်ရှင်နှင့် အိမ်ဖော်ပဲ ဖြစ်ရမည်ဆိုတာ မင်းဆွေ ချက်ချင်း ရိပ်မိသည်။

စားပွဲနားသို့ မင်းဆွေ ကပ်သွားတော့ သူတို့နားမှာ ရပ်နေသည့် ရဲကြပ်ကြီးက မင်းဆွေကို လှည့်ကြည့်ပြီး ကောင်မလေးကို လက်ညှိုးထိုးပြသည်။

'ဒါ ဟိုဆရာဝန်မအိမ် ဖောက်ထွင်းတဲ့ တရားခံက သူနဲ့ ပူးပေါင်းပြီး လုပ်ပါတယ်လို့ ဖြောင့်ချက်ပေးထားတဲ့ အိမ်ဖော်မကလေးလေ၊ ကျွန်တော်တို့ မေးမလို့ ခေါ်ခိုင်းလိုက်တာ'

မင်းဆွေက ခေါင်းညိတ်၍ မိန်းမပျိုဘက်သို့ လက်ပြမေးသည်။

'သူက'

'သူက အိမ်ရှင်ပါ၊ မိန်းကလေး တစ်ယောက်တည်း မထည့်လိုက်ချင်ဘူးဆိုပြီး လိုက်လာတာ'

မင်းဆွေ မျက်လုံး ပြူးသွားသည်။

'ဒါဆို အစ်မက ဒေါက်တာ ဖြူဖြူသန့်ပေါ့၊ ဟုတ်လား'

မိန်းမပျိုက နှမ်းလျစွာ ပြုံး၍ ခေါင်းညိတ်ပြသည်။ မင်းဆွေက ရဲကြပ်ကြီးဘက် လှည့်၍ မေးသည်။

'ခင်ဗျား စစ်ပြီးပြီလား'

'ဟုတ်ကဲ့၊ ငြင်းတာတော့ ငြင်းနေတာပဲ၊ ဒါပေမဲ့ ဟိုကောင် ဖြောင့်ချက်ပေးတဲ့ သူနဲ့ ပတ်သက်တဲ့ အချက်တွေက အကုန် လာကိုက်နေတယ်၊ သူ့အခန်းထဲမှာလည်း ဟိုကောင် ရေးထားတဲ့ ရည်းစားစာ မိတယ်၊ ပေါင်းလုပ်တယ် ဆိုတာတော့ ထင်ရှားနေတာပဲ'

မင်းဆွေ သက်ပြင်းချ၍ ဒေါက်တာ ဖြူဖြူသန့်ကို လှမ်းမေးသည်၊

www.burmeseclassic.com

www.burmeseclassic.com



'အစ်မ ပါသွားတဲ့ လက်ဝတ်ရတနာတွေက ဘယ်လောက်ဖိုးလောက် ရှိမလဲ'

ဒေါက်တာ ဖြူဖြူသန့် စိတ်ကျဉ်းကျပ်ဟန် ပေါ်သွားသည်။

'မိဘပစ္စည်းတွေပဲ၊ ပေါက်ဈေးနဲ့တော့ ဘယ်သိမလဲ၊ အဲဒါတွေ အခိုးခံရတဲ့နေ့က ပြောခဲ့ပြီးသားပဲ၊ အခုက ဒီမိန်းကလေးကိစ္စပဲ ပြောပါဦး။ သူ့ကို ရှင်တို့ ခေါ်ထားမလို့လား'

မင်းဆွေ နားမလည်စွာ ပြန်ပြောမိသည်။

'အမှုက တော်တော် ထင်ရှားနေပြီပဲ၊ အစ်မ ပစ္စည်းတွေ နည်းနည်းပါးပါး ပြန်ရလိုရငြားလည်း မေးမြန်းကြည့်ရဦးမယ်လေ'

'အာမခံ မရနိုင်ဘူးလား'

'သူ့ကို ဘယ်သူက အာမခံမှာမို့လို့လဲ'

'ကျွန်မ အာမခံမယ်'

မင်းဆွေ မျက်မှောင်ကြုတ်မိပြန်သည်။

'အစ်မကို ကျွန်တော် နားမလည်နိုင်တော့ဘူး၊ ဒီမိန်းကလေးက သူစိမ်းနဲ့ပေါင်းပြီး အစ်မကို မကောင်းကြံထားတယ်ဆိုတာ ကျွန်တော်တို့ အခိုင်အမာ သိထားတဲ့ မိန်းကလေးနော်၊ အစ်မက ကျွန်တော်တို့ ပြောနေတာတွေကို မယုံလို့လား'

ဒေါက်တာ ဖြူဖြူသန့် မျက်နှာ အထားရ ခက်သွားဟန် ပေါ်သည်။

'အဲသလိုတော့ မဟုတ်ပါဘူး၊ ရှင်တို့ တွေ့ထားတာတွေက မှန်မှာပါ၊ ကျွန်မ ယုံပါတယ်၊ ကျွန်မအတွက် လုပ်ပေးနေကြတယ် ဆိုတာလည်း ကျွန်မ သဘောပေါက်ပါတယ်'

'ဒါနဲ့များဗျာ'

ဒေါက်တာ ဖြူဖြူသန့် သက်ပြင်းချသည်။

'သူ မလိမ္မာတာက မလိမ္မာတာ တစ်ပိုင်းပဲလေ၊ လောလောဆယ် အထိကတော့ သူက ကျွန်မ ခေါ်ထားတဲ့ မိန်းကလေး၊ ကျွန်မ အုပ်ထိန်းမှုအောက်မှာ ရှိတယ်၊ ကျွန်မ သဘောကတော့ သူ့မိဘတွေရှိတဲ့ ရွာကို လှမ်းခေါ်ပြီး အကျိုးအကြောင်း ပြောပြပြီး ပြန်ထည့်ပေးလိုက်ချင်တယ်၊ သူ ၁၈ နှစ် ပြည့်ပြီလား၊ မပြည့်ပြီလားလည်း ကျွန်မ သေချာ မသိဘူး'



မင်းဆွေ စိတ် တော်တော် အိုက်သွားသည်။

'ကျွန်တော်တို့ဘက်ကလည်း အစ်မ လုံခြုံရေးအတွက်ကို ထည့်စဉ်းစားရသေးတယ်၊ ဟို ကျွန်တော်တို့ ဖမ်းထားတဲ့ကောင်က အပြင်မှာ အဖွဲ့တွေ ရှိနေသေးလား၊ မရှိတော့ဘူးလား အပိုင် မပြောနိုင်ဘူး၊ ဒီမိန်းကလေးနဲ့ ချိတ်ပြီး အစ်မကို မကောင်းကြံမှာ စိုးတယ်။ အစ်မက ဆရာဝန်ဆိုပေမယ့် တစ်ဖက်ကလည်း မိန်းကလေးငယ်ငယ် လှလှကလေး၊ မိဘမပါဘဲ ဒီဝေးလံခေါင်ဖျား ဒေသမှာ တာဝန်ကျလို့ တစ်ယောက်တည်း လာနေရတာ၊ ကိုယ့် လုံခြုံရေးလည်း ကိုယ်ကြည့်ဦး'

ပြောချင်ဇောနှင့် ရွတ်ပြောနေသဖြင့် သူ့စကားလုံးတွေကို မင်းဆွေ သတိမထားမိ။ ရဲကြပ်ကြီးကတော့ မသိမသာ မျက်လုံး ပြူးပြသည်။ မိန်းမပျိုကတော့ သိမ်မွေ့စွာ ပြုံးသည်။

'စိတ်ပူပေးတာကို ကျေးဇူးတင်ပါတယ်၊ ရှင်တို့ဘက်က ကျွန်မ လုံခြုံရေးအတွက် တာဝန်ရှိတယ်လို့ သဘောထားတာလည်း လေးစားပါတယ်၊ ကျွန်မကလည်း ဆရာဝန်တစ်ယောက် ဖြစ်နေတော့ ကိုယ်နဲ့ ပတ်သက်နေတဲ့ သူတစ်ယောက် ကိုယ့်အတွက် ဘေးဒုက္ခရောက်တာကို သူ ဘယ်လိုပဲမှားမှား ရန်သူတောင် ခွင့်လွှတ်ရမယ့်လူစား ဖြစ်နေတယ်၊ ကျွန်မကို နားလည်ပေးပါ'

နောက်ဆုံးတော့ ကောင်မလေးကို ဒေါက်တာဖြူဖြူသန့်နှင့် ပြန်ထည့်ပေးလိုက်ရပါတော့သည်။

ရဲကြပ်ကြီးက ဟက်ဟက်ပက်ပက် ရယ်သည်။

'တို့လူပျိုကြီး ရိုးမလိုလိုနဲ့ ထည့်ထည့်လိုက်တာ၊ ငယ်ငယ် လှလှကလေး တဲ့၊ ထိတယ်ကွာ၊ ကြည့်တော့လုပ်ဦး ကိုယ့်ဆရာရေ့၊ ဆရာဝန်မက လှသာ လှတာ၊ ဂေါက်တောက်တောက်ပဲ၊ အခု လုပ်သွားတာ ကြည့်'

မင်းဆွေ လိုက်ရယ်မိသည်။

'မတော်တဆ ပြောမိတာပါဗျာ၊ ပြီးတော့ ဂေါက်တယ် မပြောပါနဲ့၊ သူက သိပ်ပြည့်ဝနေတာ ဖြစ်မှာပါ'

'ပေးပြန်ပြီ အမှတ်တွေ'

www.burmeseclassic.com

www.burmeseclassic.com



'ရိုးရိုးသားသား လေးစားတာပါဗျာ၊ မမှန်းရဲပါဘူး၊ ပြောသွားတာကြည့်၊ ကျွန်မတို့ ဆရာဝန်တွေဆိုတာ ရန်သူကိုတောင် ခွင့်လွှတ်ရမယ့် လူစားတွေတဲ့၊ သူ့ ပရော်ဖက်ရှင်ကို သူ သိပ်ဂုဏ်ယူနေတဲ့ လူစားမျိုး'

ရဲကြပ်ကြီးက ရယ်သည်။

'ကျွန်တော်က ဆရာမင်းဆွေ ကြိုခွင့်ပြု မထားလို့ပါဗျာ၊ ခွင့်ပြုထားရင် ကျွန်တော့်ဆရာကလည်း တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက် ရှာမှရှားတဲ့ တာဝန်ကျေ စံပြရဲအရာရှိ တစ်ယောက်ပါလို့ ထည့်လိုက်ပါတယ်'

'တော်၊ တော်၊ မထည့်လည်း ခင်ဗျားကို ကျွန်တော် လက်ဖက်ရည်တိုက်မှာပါ'

ဒုရဲအုပ်ကလေး မင်းဆွေနှင့် ဒေါက်တာ ဖြူဖြူသန့်တို့ စတင်ဆုံတွေ့ဖြစ်ခဲ့ပုံကတော့ ဘယ်စာရေးဆရာ၊ ဘယ်ဇာတ်ညွှန်းရေးဆရာမှ ဇာတ်လမ်းမဆင်ချင် လောက်အောင်ပင် ကဗျာဆန်ခြင်းအတိ ကင်းမဲ့၍နေလေသည်။

| ၃ |

ဒုတိယအကြိမ် တွေ့ဆုံခြင်းကတော့ သာ၍ပင် ကဗျာမဆန်သေး။

'မှတ်မိလား မမ'

မင်းဆွေက အူအသည်းများ အော်ဂလီဆန်အောင် အန်ချင်နေစိတ်တို့ကြိတ်မှိတ်မျိုသိပ်ရင်းက မေးသည်။ ဒေါက်တာ ဖြူဖြူသန့်က သေနတ်မှန်ထားသော လူနာ၏ မျက်နှာကို ငေးစိုက်ကြည့်ရင်းက စဉ်းစားနေသည်။

စောစောက ပတ်တီးစများ ဖြေလိုက်သဖြင့် ထွက်လာသော မျက်နှာမှာ သွေးတော့ သိပ်မထွက်တော့။ သို့သော် ညာဘက်ပါးရိုးတစ်ခုလုံး ပြုတ်ထွက်သွားသဖြင့် ညာဘက်မျက်လုံးကြီးက အောက်ဘက်အနားသတ်ဘောင်မရှိဘဲ လည်နေသည်ကို ကြည့်ရသည်မှာ ဗီဒီယိုသရဲကားတွေ



ကြည့်ရတာထက်ပင် ကြောက်စရာ ကောင်းနေသည်။ ပို၍ ဆိုးသည်က ထိုဒဏ်ရာသည် ကျည်ထွက်ဒဏ်ရာ ဖြစ်ပြီး ဝင်တုန်းက ညာဘက်နောက်စေ့မှ ဝင်ထားခြင်း ဖြစ်သည်ကို သိထားရခြင်းပင် ဖြစ်လေသည်။

'မျှော်လင့်ချက်တော့ နည်းတယ်၊ ကျည်လမ်းကြောင်းက ဦးနှောက်ကို ဖြတ်သွားတာတော့ သိပ်သေချာတယ်၊ အထဲမှာ ဘယ်လောက်ထွက်နေတယ် သိရဖို့က ဒီမှာက ရိုးရိုးဓာတ်မှန်ပဲ ရှိတာ ထွက်နေတယ် သိဦးတော့ ဖွင့်ဝင်ဖို့က ဒီမှာ ကျွန်မနဲ့ မြို့နယ်ဆရာဝန်ကြီးပဲ ရှိတာ၊ နှစ်ယောက်စလုံးကလည်း ခွဲစိတ်အထူးကုဆရာဝန်တွေမှ မဟုတ်တာ၊ ခေါင်းတော့ ဘယ်ဖွင့်ရဲပါ့မလဲ၊ အနီးဆုံး ဆေးရုံကြီးကလည်း နေ့တစ်ဝက်ခရီးလောက် ရှိတယ်၊ လမ်းမှာ ခံနိုင်မယ် မထင်ဘူး၊ အခုတောင် သွေးက တအားထွက်ထားတော့ သွင်းရဦးမှာ၊ သွေးအုပ်စုကတော့ 'အေ' ဆိုတော့ ကျွန်မလည်း မလှူတာ ၆ လ ရှိနေပြီဆိုတော့ အဆင်ပြေတာပေါ့လေ'

မင်းဆွေ ကမန်းကတန်း လက်ကာပြသည်။

'ဟာ မလှူပါနဲ့၊ ကျွန်တော်လည်း 'အေ' ပါပဲ၊ ကျွန်တော် လှူပါရစေ၊ မမက နားရတာလည်း မဟုတ်ဘဲ'

မင်းဆွေ သွေးလှူဖို့ကိုလည်း ဒေါက်တာ ဖြူဖြူသန့်ပဲ ထုတ်ပေးရသည်။ မင်းဆွေ အသက် ၂၄ နှစ်ဆိုတာ သိရတော့ ဒေါက်တာဖြူဖြူသန့်က ပြုံးသည်။

'ရှင် တကယ်ပဲ ကျွန်မထက် သုံးနှစ်တောင် ငယ်တာကိုး၊ ကျွန်မက ရမ်းသန်း 'မမ' ခေါ်နေတယ် မှတ်နေတာ'

မင်းဆွေက ရယ်သည်။

'ရုပ်သက်ကလည်း ကျွန်တော်က ၁၀ နှစ်လောက်ကြီးနေတော့ မမ အဲသလိုပဲ ထင်မှာပေါ့'

သည်အခါတော့ ဒေါက်တာဖြူဖြူသန့်က သွားညီညီကလေးတွေ ပေါ်အောင် ရယ်မောပါသည်။

'ဘာပဲဖြစ်ဖြစ် ကော်ဖီတွေ မုန့်တွေက စီစဉ်ပြီးသားပါရှင်၊ ရှင် အဲဒီရွာက ပြန်လာကတည်းက မနားရသေးဘူး မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မင်းဆွေက သွှေသွေးများ စီးဝင်ကျနေသော ပုလင်းကို ငုံ့စောင်းကြည့်ရင်းက ခေါင်းညိတ်ပြသည်။

'ပစ်ပြေး ပြေးကြတာ မမရေ၊ ကြားထဲက ရွာသား သွားမှန်တာ၊ ကျွန်တော့်သာ မှန်ရင် မမဆီ ပက်လက်ကြီး ရောက်လာမှာ'

'ပေါက်ကရ မပြောကောင်း မဆိုကောင်း'

မင်းဆွေ ရယ်နေသည်။ ခဏနေမှ တွေးတွေးဆဆ ပြောသည်။

'မောင်မင်းဆွေပဲ ဖြစ်ဖြစ် ခေါ်ပါလား မမရယ်'

ဒေါက်တာ ဖြူဖြူသန့် မျက်လုံးများတွင် ခန့်မှန်းရခက်သော အရောင်တချို့ ရိပ်ခနဲ ဖြတ်ပြေးသွားသည်။

'ဘာဖြစ်လို့လဲ'

'ကျွန်တော်လည်း ဒီမြို့က မဟုတ်ဘဲ တာဝန်နဲ့ လာရတာ၊ မမလည်း အတူတူပဲ၊ နေရတုန်းမှာ မောင်နှမတွေလို ရင်းရင်းနှီးနှီး တစ်ယောက်ကို တစ်ယောက် စောင့်ရှောက်ကူညီပြီး နေရတာမျိုး မကောင်းဘူးလား၊ ရှင်တွေ ကျွန်မတွေက စိမ်းနေသလိုပဲ'

ဒေါက်တာ ဖြူဖြူသန့် မပီမသ ပြုံးသည်။

'မြန်မာစာနဲ့ ဘွဲ့ရတာလား'

'ဟုတ်တယ်၊ မမ ဘယ်လိုလုပ် သိသလဲ'

'အပြောကောင်းလို့လေ၊ စာရေးဆရာနဲ့ တူတယ်'

ဒေါက်တာဖြူဖြူသန့် ထထွက်သွားတော့ ရယ်ကျဲကျဲနှင့် ကျန်ရစ်ခဲ့သော မင်းဆွေ ရင်မှာ နွေးထွေးစွာ ခုန်လျက်။

[ ၄ ]

ရောက်တော့မည်။

သူ စီးလာသော စက်ဘီးကလေး ဆေးခန်းရှေ့ရောက်လျှင် မမဖြူ ထွက်ထိုင်နေတာနှင့် တိုးလိုတိုးဖြား လှည့်ကြည့်လိုက်ဦးမည်ဟု ကြိုတင်တွေးထားရင်း မင်းဆွေ ရင်ခုန်နေမိသည်။

တကယ်တမ်းကျတော့ မမဖြူက ထွက်ခေါ်ရှာပါသည်။



'မမဖြူ ဘာလုပ်ပေးရမလဲ'

မမဖြူက ရယ်သည်။

'အိမ်က ပို့ပေးလိုက်တဲ့ မုန့်တွေ၊ လက်ဖက်သုပ်တွေ ရောက်လာလို့ ကျွေးချင်လို့ ထွက်ခေါ်တာပါပဲ၊ မမဆိုရင် ခိုင်းမယ်ချည်း မှတ်နေတာလား'

'ဆောရီး မမ'

လက်ဖက်သုပ်က သည်ဒေသမှာ စားရခဲလှသော ပုစွန်ခြောက်နိုင်နိုင်နှင့် မမဖြူ၏ စေတနာတို့ကြောင့် ချိုနေသည်။

'သုံးရက်လောက် ပျောက်နေတယ်နော်'

ရင်ထဲတွင် နွေးခနဲ။

'နယ်ထွက်တာ မမ'

'သတိထားပါဟယ်၊ ဟိုလူကြီးကို ရှင်အောင် ကုပေးလိုက်နိုင်တာတွေးတိုင်း ပီတိဖြစ်ရပေမယ့် ငါ့မောင် နယ်ဆင်းတိုင်း သူ့ကို သတိရပြီး စိတ်ပူရတယ်'

ဘယ်လိုမှ ရှင်မည် ထင်မထားမိသော ကျည်ဆန်ခေါင်းထုတ်ချင်းခတ်သည့် လူနာကြီး ရှင်ပြီး ဆေးရုံဆင်းသွားစဉ်က မိသားစုတွေ ဘယ်လိုခံစားရမည်ဆိုတာ မသိသော်လည်း သွေးလှူလိုက်သည့် မင်းဆွေနှင့် ဆေးကုပေးသည့် ဒေါက်တာဖြူဖြူသန့်တို့ တော်တော် ပျော်ခဲ့ရဖူးသည်။

'ကျွန်တော်က မမကို စိတ်ပူတာ၊ ဟို ဦးကျော်ခေါင်တို့နဲ့ မမ ဘာဖြစ်သေးလဲ'

မမဖြူက ပခုံး တွန့်ပြသည်။

'ဘာမှ မဖြစ်ပါဘူး၊ အချုပ်ထဲမှာ ဖျားလို့တဲ့၊ လာပြတယ်၊ ပြတဲ့အချိန်ကျတော့ မဖျားတာ အမှန်ပဲ၊ လိုရမည်ရတော့ ဆေးတွေ ပေးလိုက်တာပေါ့လေ၊ သူတို့က ပြင်ပလူနာမှတ်တမ်းကို တရားရုံးမှာ သွားပြပြီး အာမခံလျှောက်တယ်၊ နေမကောင်းလို့ပေါ့၊ မူးယစ်ဆေးဝါး ဖြန့်တဲ့အမှု ဆိုတော့ ထူးရာဇဝတ်မှု ဖြစ်နေတော့ အာမခံလျှောက်လို့မှ မရတာ၊ ရုံးသူကြီးက လှမ်းမေးတော့ မမလည်း တွေ့တဲ့အတိုင်း အမှန်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာပဲ၊ အာမခံအတွက်တော့ ကျွန်မ ထောက်ခံခွင့် မရှိဘူး၊ လူနာ တကယ် အသည်းအသန် ဖြစ်ရင်တော့ ဆေးရုံမှာ ရဲအစောင့်နဲ့ တင်ထားလို့ ရတယ်လို့၊ အဲဒါ သူ့ရှေ့နေက အိမ်လာတွေ့ချင်တယ် ပြောတယ်၊ မမက အတွေ့မခံဘူး'

မင်းဆွေ သက်ပြင်းချသည်။

'လူရှုပ်တွေ မမရဲ့၊ မမရော အခုထိ အဖော် မိန်းကလေး ထပ်မရ သေးဘူးလား'

မမဖြူက ရယ်သည်။

'ဆေးရုံဝင်းထဲ နေတာပဲ ငါ့မောင်ရယ်၊ လူကတော့ အဆင်မပြေ သေးဘူး။ ညီမဝမ်းကွဲကလေး လာနေတော့လည်း ခဏပဲ၊ မပျော်ဘူးဆိုပြီး ပြန်တာပဲ၊ လာနေတုန်း သူ့ကိုကျွတာ ခံရတာပဲ အဖတ်တင်တယ်'

မင်းဆွေ သက်ပြင်းချမိသည်။

ရန်ကုန်သို့ သင်တန်းကိစ္စနှင့် ခဏပြန်ရတော့ မိဘနှင့် တွေ့ရမှာ ပျော်ပေမယ့် မမဖြူကို စိတ်မချစိတ်ဖြင့် ရင်တို့ လေးလံနေသည်။

| ၅ |

'ကောင်းတယ်ကွာ၊ အပြုတ်ရေးထားတာ၊ ငါတော့ ကြိုက်တယ်'

သူငယ်ချင်း ရွှေနေက ဂျာနယ်တစ်စောင်ကို ဖတ်ရင်း အားပါးတရ ရေရွတ်တော့ လက်ဖက်ရည်အတူ ထိုင်သောက်နေသော မင်းဆွေ တွန့်ခနဲ ဖြစ်သွားသည်။

'ဘာလဲကွ၊ ဘာအကြောင်းမို့လို့လဲ'

သူငယ်ချင်းက ဂျာနယ်ကို ကမ်းပေးတော့ ဖတ်ပြီး မင်းဆွေ သက်ပြင်း ချမိသည်။

'ကောင်းတဲ့ဆရာဝန်တွေ အများကြီးပါကွာ၊ အဲသလို သိမ်းကျုံးပြီး တော့ မရေးသင့်ဘူး'

သူငယ်ချင်း ရွှေနေက ခပ်အစ်အစ် ရယ်သည်။



'အဲဒီအတွက်လည်း ကာတွန်း ပါပါတယ်၊ ဒီမှာကြည့်၊ စေတနာ ဆရာဝန် ရှိသတဲ့၊ ဘယ်မှာလဲ ပြန်မေးတော့ ရုပ်ရှင်ထဲမှာတဲ့'

မင်းဆွေ သည်းခံနိုင်စွမ်း ကုန်သွားသည်။ နေရာမှ ရုတ်တရက် ထရပ်သည်။

'အေး ဘယ်မှာလဲ၊ မင်းတကယ်သိချင်ရင် ခုလို ရန်ကုန်မှာ ငုတ်တုတ် ထိုင်မနေနဲ့၊ ငါနေတဲ့ နယ်စပ်မြို့ကလေးကို လိုက်လာခဲ့၊ မင်း နားရွက်ကို ထံတွေး ဆွတ်ဆွဲပြီး ပြမယ်၊ နားလည်လား'

လက်ဖက်ရည်ဖိုးငွေကို စားပွဲပေါ် ချပြီး ဒေါင်းဘည်မောင်းတည် ထွက်ခွာ သွားသော မင်းဆွေ ကျောကုန်းကို ကြည့်၍ သူငယ်ချင်း ရွှေနေက ဘာလဲကွာ အခြောက်တိုက်ကြီးဟု ရေရွတ်ပြီး ကျန်ခဲ့သည်။

[ ၆ ]

ဆေးရုံအနောက်ဘက် ခရစ်ယာန်သင်္ချိုင်းကလေးရှိရာ ကုန်းကမူကလေး ဆီ လမ်းလျှောက်တက်လာသော မင်းဆွေ၏ ခြေလှမ်းတို့မှာ ဂဝံကျောက် တုံးကြီးများ ခြေထောက်တစ်ဖက်ကို တစ်တုံးစီ ဆွဲထားဘိသကဲ့သို့ လေးကန် တုံ့ဆိုင်းနေသည်။

မြို့နယ်ဆရာဝန်ကြီး၏ စကားသံကို ပြန်ကြားယောင်နေဆဲ။ စကား လုံးတစ်လုံးချင်းသည် မိုးသီးမိုးပေါက်များ ဖြစ်မည်ဆိုပါက ရေဖြင့် ဖွဲ့စည်းသော မိုးသီးမိုးပေါက်များတော့ မဖြစ်နိုင်။ သံမဏိ အပ်သွား ကလေးများဖြင့် ဖွဲ့စည်းထားသော မိုးသီးမိုးပေါက်တို့သာ ဖြစ်ပေလိမ့် မည်။ ရင်ထဲက အသည်းနှလုံးလည်း ဆန်ခါပေါက်ကျ စုတ်ပြတ်။

'စဖျားတဲ့ နေ့ကတည်းက ကျွန်တော် နားခိုင်းပါသေးတယ်ဗျာ၊ သမီး တစ်ခါ ဖျားတာ ဆရာ မကြိုက်ဘူးနော်၊ တော်တော် ဖြူဖျော့နေတယ်၊ ပန်းလာတာလည်း ကြာပြီ၊ ရက်ရှည်နားလိုက် အားပြည့်မှ အလုပ် ဆင်းလို့ သူက ဆရာကြီး သွေးတိုးနဲ့ ညတိုင်း ထရရင် ဘယ်လွယ်မလဲ၊ နိုင် လုပ်နိုင်သလောက် လုပ်ပါ့မယ်၊ တကယ် နေမကောင်းရင် နားမှာပေါ့ တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကုန်းကမူလေးထိပ် သချိုင်းအစပ် ရောက်သည်နှင့် အမြင်ချင်ဆုံး နာမည်ကို မမြင်ချင်ဆုံးပုံစံနှင့် မြင်ရသည်။

'ဒေါက်တာ ဖြူဖြူသန့်'

'အသက် ၂၈ နှစ်'

မမဖြူရေ

အဲဒါ တကယ်ပဲ မမဖြူတဲ့လား။

မျက်ရည်သီး မျက်ရည်ပေါက်ကြီးများ ဟန်မဆောင်နိုင်လောက်အောင် ဒလဟော ပြိုဆင်းလာသည်။

မြို့နယ်ဆရာဝန်ကြီး အသံကလည်း တုန်ခါစွာ ကြားနေရဆဲ။

'တကယ် နားရှာတော့ သတိမလစ်သွားခင် နှစ်ရက်ကမှဗျာ၊ ကျွန်တော်လည်း တစ်နေ့ တစ်ခါတော့ အနည်းဆုံး ဝင်ကြည့်ပါတယ်၊ ကြည့်တိုင်း နှုတ်ခမ်းလေးတွေက ဖျော့ဖျော့ကလေးနဲ့ ပြုံးပြီး ဆရာကြီး တစ်ယောက်တည်း ပင်ပန်းနေပြီနော်လို့ပဲ အမြဲ ပြောရှာတယ်၊ အမြဲတမ်း သူများဘက်ကပဲ စဉ်းစားပေးတတ်တဲ့ ကလေး၊ နှမြောလိုက်တာဗျာ'

မမဖြူ့ အုတ်ဂူကလေး ဘေးမှာ မင်းဆွေ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။ အုတ်ဂူကလေးကို ခေါင်းစိုက်၍ အသံမထွက်ဘဲ သည်းထန်စွာ ရှိုက်ကြီးတင် ငိုကြွေးနေမိသည်။

'ငိုလိုက်ကြတာဗျာ၊ ဆရာမတွေလည်း အားလုံးပဲ၊ မြို့ထဲက လူတွေလည်း ပြေးလာလိုက်ကြတာ အများကြီးပဲ။ ငိုလိုက်ကြတာ၊ ငိုလိုက်ကြတာ။ ကျွန်တော်လည်း မျက်ရည် မဆည်နိုင်ပါဘူးဗျာ၊ ဘယ်လို ဖြေရမှာလဲ။ ဒီလောက် အဖိုးတန်တဲ့ ဒီလောက် မွန်မြတ်တဲ့ လူငယ်တစ်ယောက်ရဲ့ ဘဝဟာ ဒီလောက်ပဲ တိုရသလားလို့'

ဟုတ်ပါတယ် ဆရာကြီးရယ်၊ ကံတရားကိုက ရက်စက်လွန်းတာပါ။ တစ်မြို့လုံးက လူတွေရဲ့ ငှက်ဖျားရောဂါကို ကုပြီး အသက်ကယ်နေတဲ့ ဆရာဝန်ကျမှ ငှက်ဖျားရောဂါနဲ့ သေရသတဲ့။

'တစ်ဖက်ကလည်း ဖြေရတာပေါ့လေ၊ လူ့ဘဝမှာ နှစ်ပေါင်း ၆၀၊ ၇၀ နေပြီး သူများအတွက် ဘာမှ လုပ်မပေးနိုင်ဘဲ သေသွားရတဲ့ ခန္ဓာ



ကိုယ်ပဲ ဖြစ်ဖြစ်၊ ဉာဏ်ရည်ပဲဖြစ်ဖြစ် မစွမ်းနိုင်၊ မဆောင်နိုင်တဲ့ လူတွေ၊ အဲသလိုပဲ နှစ်ပေါင်း ၆၀၊ ၇၀ နေပြီး သူများအပေါ်မှာ စေတနာမရှိလို့ ဘာမှ လုပ်ပေးမသွားတဲ့ သူတွေ၊ တချို့ဆိုရင် လူတွေကိုတောင် ပြန်ဒုက္ခပေးသွားတဲ့ လူတွေ၊ အဲသလို လူတွေရဲ့ ဘဝနဲ့စာရင် ဒီသမီးကလေးက နှစ်ပေါင်း ၃၀ တောင်ပြည့်အောင် နေမသွားရပေမယ့် သူ့ဘဝကလေးက တန်တယ်၊ မြတ်တယ်။ ဘယ်လောက်ဒုက္ခ၊ သုက္ခတွေ ကြားထဲမှာ နေရပါစေ၊ အဲဒီ ဒုက္ခ၊ သုက္ခတွေကြားက လူတွေကို ကူညီရင်း အသက်ကယ်ရင်းက သေသွားရရှာတာ။ သူ့စိတ်ကလေးက နွံထဲမှာပေါက်ပြီး နွံမပေမညစ်တဲ့ ကြာပန်းကလေးလိုပါပဲ၊ သူ့ဘဝလေးကလည်း လှလှပပကလေး သေသွားရရှာတာပါ'

မင်းဆွေ ဖြည်းညင်းစွာ ထရပ်သည်။ လက်ထဲတွင် အဆင်သင့်ကိုင်လာသော ပန်းစည်းကလေးအား အုတ်ဂူကလေးပေါ် ဖြေချ ဖြန့်ကြဲနေသည်။

ပြီးတော့ အုတ်ဂူကလေးကို မှီ၍ နာရီပေါင်းများစွာ ဆက်လက်ထိုင်နေသည်။ အနောက်ဘက်က တောင်စွယ်တန်းကြီးမှာတော့ နေလုံးကြီးက တဖြည်းဖြည်း ဝင်ရောက် ပျောက်ကွယ်သွားပါသည်။

မျက်စိတစ်ဆုံး နွံပြင်ကြီး ဖုံးနေလည်း
တစ်ပွင့်တည်း ပွင့်နေသည့် ကြာပန်းကလေးက
ဖြူဥ သန့်စင်နေမှာပါပဲ။
ကြာမှန်မှတော့ နွံကြားထဲမို့ မတင့်တယ်စရာ မရှိပါဘူး။

*သရုပါစွှစင်း*

၀

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

သူတ ဆရာဝန်တစ်ဦး ဖြစ်သည်။

ဆရာဝန်တစ်ဦးမို့ လူတို့ ပတ်ဝန်းကျင်ဝယ် လူကို အဆိပ်သင့်စေသော အရာ ဘာတွေ ရှိသည်ဆိုတာကို သူများထက်တော့ နည်းနည်းပိုသိသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားသူ တစ်ဦးလည်း ဖြစ်သည်။

လူတွေကလည်း လူတွေပင်။

အဲသည့် အဆိပ်တွေနှင့် ကင်းပြီး နေကို မနေတတ်ကြ။

[ ၂ ]

သူ တာဝန်ကျနေသည့် အညာမြို့ကလေးက ဖွံ့ဖြိုးမှု အနည်းငယ်နောက်ကျနေသော မြို့ကလေး ဖြစ်သည်။

သည်မြို့ကလေးကို သူ တာဝန်ကျတော့ သူ သွားမှာ မဟုတ်၊ သူ ထွက်ပြေးလိမ့်မည်ဟု ထင်ကြသူ အများအပြား ရှိသည်။ သို့သော် သူတ သွားရုံသာမက အနေပင် ကြာခဲ့သည်။

ပျော်၍တော့လည်း မဟုတ်။

သူများ မသွားချင်သည့် နေရာကို သွား၊ သူများ မမြင်ချင်တာကို မြင်၊ သူများ မကြားချင်တာကို ကြား၊ သူများ မထိတွေ့ချင်တာကို ထိတွေ့၊ သူများ မရှူချင်သည့် အနံ့ကို ရှူ၊ သူများမပြောချင်သည့် စကားကို ပြော



ဆရာဝန် ဖြစ်ပြီ ဆိုကတည်းက သည်တာဝန်တွေ ကပ်ပါလာပြီးသားတု သူ ယူဆသည်။ ငြင်းစရာ မရှိ။

သို့သော် အဆိပ်ကို သာမန် လူတစ်ယောက်ထက် နည်းနည်းပို၍ နားလည် ကျွမ်းကျင်သူပီပီ အဆိပ်ကိုတော့ တတ်နိုင်သမျှ ရှောင်ချင်သည်။ လူကို အဆိပ်သင့် မခံချင်။

[ ၃ ]

သည်မြို့ကလေးက တော်တော် ဖုန်ထူသော မြို့ကလေး ဖြစ်သည်။ အိမ်ရှေ့ခန်းက တစ်နေ့ သုံးခါလောက် တံမြက်စည်း လှည်းတာတောင် ဖုန်က တရှပ်ရှပ်။

သို့သော် စက်မှု လက်မှု လုပ်ငန်းများ မြို့ထဲမှာ မရှိသလောက် ထားကလည်း ရှား။ ကိုယ်ပိုင် မီးစက် ထားသူကလည်း ရှားမို့ လေထဲမှာ ဓာတုဗေဒ အညစ်အကြေးတော့ သိပ်ရှိဟန် မတူ။

လေက အဆိပ် သိပ်မသင့်သေးပေ။

ဖုန်ကလည်း အဆုတ်ကို ဒုက္ခပေးတာပါပဲ။ သို့သော် အဲသည့်ဖုန်က မြင်သာထင်သာ လာနေတာ ဖြစ်သည်။ ကြောက်တတ်လျှင် နှာခေါင်းကို လက်ကိုင်ပဝါကလေးနှင့် အုပ်လိုက်၍ ရသည်။ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းကလေး စည်းထားလည်း ရသည်။

မြင်နိုင်သည့် အဆိပ်က သိပ်ကြောက်စရာ မလို။

မမြင်နိုင်သည့် အဆိပ်ကသာ ကိုယ်မသိဘဲ တစိမ့်စိမ့်ဝင်၍ တွယ်မှာ ဖြစ်တတ်ပါလား။

သည်တော့ ဖုန်ကို သူ သိပ်မကြောက်။

ဖုန်ထူသော မြို့ကလေးက ဖုန်ထူသော လမ်းကလေးကို လျှောက်၍ သူ ငှားရမ်းနေထိုင်ရာ ဖုန်ထူသော အိမ်ကလေးမှ ဖုန်ထူသော ဆေးရုံသို့ သူ နေ့စဉ် လမ်းလျှောက်၍ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



| ၄ |

လမ်းမှာ လက်ဖက်ရည် ဆိုင်ကလေးတစ်ခုကို ဖြတ်ရသည်။ လက်ဖက်ရည်ဆိုင်က ပလက်ဖောင်းအပြည့် နေရာယူထားသည်မို့ လက်ဖက်ရည်ဆိုင်ကို ရှောင်၍ လမ်းလျှောက်ရန် ဖြစ်မှ မဖြစ်နိုင်ဘဲ။

လက်ဖက်ရည်ဆိုင်ထဲမှ ဖြတ်လျှောက်ရတာလည်း တကယ်တော့ သူ့အတွက် ပြဿနာ မရှိသင့်ပါ။ သည်ဆိုင်က လက်ဖက်ရည်ကိုပဲ သူ့ တပည့်ကလေး နံနက်တိုင်း သွားဝယ်၍ သူ့ကို တိုက်နေသည်ပဲ။

ခက်တာက လက်ဖက်ရည်ဆိုင် ထိုင်နေသူတွေက လက်ဖက်ရည်ချည်း သက်သက် သောက်နေကြတာ မဟုတ်။

အဆိပ်တွေ ဖွာရှိုက်နေကြတာ ဖြစ်သည်။

ကိုယ်တိုင် မဖွာရှိုက်တတ်ပါဘဲနှင့် အဲသည့်အဆိပ်တွေ ဖွာရှိုက်နေသူတွေဘေးက ဖြတ်သွားရင်း ရှူမိသည့် အဆိပ်တွေကြောင့် သေဆုံးသူ တစ်နှစ်၊ တစ်နှစ် ဘယ်လောက်ရှိသည်ကို သူ ကောင်းစွာ သိသည်။ သည်တော့ မရှူလို။

ခက်တာက ဒါက တရားမဝင် ပိတ်ပင်ထားသည့် ကိစ္စမှ မဟုတ်လေဘဲ။

ကြော်ငြာတာကို ခွင့်မပြုတော့သော်လည်း ဖွာရှိုက်တာ၊ ရောင်းဝယ်တာကို ကမ္ဘာနှင့်အဝန်း ခွင့်ပြုထားသော ကိစ္စ။

သည်အဆိပ်တွေကို ရှူရင်းပဲ လက်ဖက်ရည်ဆိုင်ထဲက ဖြတ်ရသည်။

ခက်တာက ဆေးရုံဝင်းထဲ ရောက်တာတောင် အဲသည့် အဆိပ်ရှူနေသူတွေက တွေ့နေရတုန်း။ သူ့ လူနာဆောင်ဝန်းကျင်မှာ တွေ့လျှင်တော့ သူ ချက်ချင်း မောင်းထုတ်နေကျ။ ခက်တာက သူ့အဆောင်က အစွန်ဆုံးမှာ၊ အဲသည်ရောက်ဖို့ သူများအဆောင်တွေကို ဖြတ်သွားရသည်။

အဲသည်မှာ အဆိပ်ရှူနေသူတွေ တွေ့တော့ ပြောရခက်သည်။ သူတို့ကို ဒါမှမဟုတ် သူတို့ လူနာကို ကြည့်ပေးနေသော ဆရာဝန် မဟုတ်လျှင် ပြောစကား နားထောင်ကြမည် မထင်။



ဒါနှင့်ပဲ အဆိပ်နည်းနည်း ထပ်ရှူရသည်။

[ ၅ ]

ဆေးရုံဘက်ကို ကွေ့သော လမ်းထောင့်ကလေးမှာ အဆိပ်ဆိုင်ကလေး ရှိသည်။ အဲသည်ဆိုင်က ရောင်းသော အဆိပ်က ဝါး၍ ရသည်။ စား၍ မရ၊ မျိုချ၍မရ၊ ပြန်ထွေးထုတ်ရသည်။

ဗျစ်ခနဲ။

အခန့်မသင့်လျှင် ဘေးက လျှောက်လာသူကို အဆိပ်တွေ စဉ်သွားတတ်သည်။

သူ အဲသည်ဆိုင်ရှေ့ အရောက်မှာ 'ထုံး များများထည့်' ဟု ဝယ်သူ ပြောသောအသံကို ကြားရ၍ ဆိုင်ဘက် တစ်ချက် ငဲ့ကြည့်မိသည်။

ပြောနေသည့် လူရွယ်က အဆိပ်ရောင်းသည့် ကောင်မလေး ရင်ညွှန့်ကိုသာ စိုက်ကြည့်နေသည်ကို တွေ့ရသည်။

ဆီးလမ်းကြောင်းတော့ ဒုက္ခပေးတော့မည်။

ဆရာဝန်ပီပီ တွေးမိ၏။

နဂိုကတည်းက သောက်ရေ၊ သုံးရေမှာ သည်လောက် ထုံးဓာတ်များသော မြို့၊ ထုံးများများထည့်တဲ့။ ဆီးကျောက်တည်တော့မှာပေါ့။

ကြီးလာလျှင် လျှာကင်ဆာ ဖြစ်ဦးမည်။

အိုး သူ့ဘာသာသူ ဘာဖြစ်ဖြစ်၊ ကိုယ်တားလို့ ရတာမှ မဟုတ်တာ။ နှမ်းမြင်သံကြားမှာ အဲဒါတွေ ပညာပေးနေတာ သူ မကြားဘဲ နေမှာ မဟုတ်။ သည်ကြားထဲက သူ့ပါးစပ်ထဲသူ အဆိပ်တွေ ထိုးထည့်နေတာ ကိုယ်နှင့် ဘာဆိုင်လို့လဲ။

တွေးတွေး လျှောက်လျှောက်နှင့် အဲသည်လူ ဘေးက ပတ်လျှောက်သည်။ အဲသည်လူက ဝါးထားသော အဆိပ်တွေထဲက အဆိပ်ရည်တချို့ကို သူလျှောက်ရာ လမ်းသို့ လှည့်၍ ဗျစ်ခနဲ ထွေးထုတ်တော့ သူ့ခြေသန်းကို ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

သူက ဆရာဝန်တစ်ဦး သာမက ကျောင်းဆရာတစ်ဦးလည်း ဖြစ်သည်။ ဆရာဝန်လောင်း ကလေးတွေကို စာလည်း သင်ရသည်။ စာမေးပွဲလည်း စစ်ရသည်။ သူ့လို ဆရာဝန်တစ်ပိုင်း၊ ကျောင်းဆရာ တစ်ပိုင်းတွေကို လည်း အုပ်ချုပ်ရသည်။

ဆေးရုံထဲမှာရှိသော သူ့ဌာနရုံးခန်းရှေ့ကို ရောက်တော့ ကွန်ပျူတာ ရှေ့မှာထိုင်၍ မျက်စိ မျက်နှာ ပျက်နေသော လက်ထောက်ဆရာမလေး ကို တွေ့ရသည်။

'ဘာဖြစ်လဲ သမီး'

ဆရာမကလေးက သက်ပြင်းချသည်။

'အကျများနေတယ် ဆရာ၊ သုံးပိုင်းမှာ နှစ်ပိုင်းပဲ စစ်ရသေးတယ်၊ ကျပြီးသား ဖြစ်သွားတဲ့လူက များနေတယ်'

'ကျောင်းခေါ်ချိန်နဲ့ ယှဉ်ကြည့်လား'

ဆရာမကလေးက ခေါင်းညိတ်ပြသည်။

'အဲဒါတော့ ကိုက်တယ် ဆရာ၊ ကျောင်းမတက်တဲ့ သူတွေပဲ'

'ကျပါစေပေါ့ သမီးရယ်'

ဆရာမကလေးက ခေါင်းခါသည်။

'နှစ်ခါ ကျထားပြီးသားမို့ ဒီတစ်ခါကျရင် ကျောင်းထွက်ရမယ့်သူက တစ်ယောက်ပါနေတယ်၊ ဆရာ နည်းနည်း ပြန်ကြည့်ဦးမလား၊ မကြေညာ ခင်'

'မကြည့်ဘူး သမီး၊ အဆိပ်ပင် ရေမလောင်းနဲ့၊ အဲဒီလို ကောင်မျိုး ဆရာဝန်ဖြစ်သွားရင်လည်း ဆရာဝန်လောက အဆိပ်သင့်တာပဲ၊ လူနာ လည်း နစ်နာမယ်၊ ဆရာဝန်ကောင်းတွေလည်း သိမ်းကျုံး အပြောအဆို ခံရမယ်၊ ပေါင်းပင်၊ မြက်ပင်တွေ စောစောစီးစီးက နုတ်ပစ်လိုက်ရင် အေးတာပဲ'

ဆရာမကလေးက ပခုံး တွန့်ပြသည်။



'ဆရာ့ သဘောပါ၊ သူ့ဦးလေး ဘယ်သူလဲတော့ ဆရာ သိတယ်နော်'

သူ ပြုံးပြသည်။

'ဆရာတို့၊ သမီးတို့ဆိုတာ သမ္မာအာဇီဝနဲ့ပဲ အသက်မွေးချင်လို့ ဆေးကုတာနဲ့ စာသင်တာပဲ လုပ်တဲ့ ဆရာဝန်တွေ လုပ်နေကြတာ သမီး၊ အဂတိ လိုက်စားတယ်ဆိုတာ လာဘ်ယူမှ မဟုတ်ဘူး၊ ဘယာ မောဟ တဲ့၊ ကြောက်လို့ မလုပ်ရမယ့်ဟာကို လုပ်တာလည်း ပါတယ်၊ မိတ်ပျက် ခံလိုက်မယ် သမီးရယ်၊ အမှန်တရားကို အလျှော့အတင်း လုပ်မိရင် ကိုယ့်စိတ်ဓာတ်ပါ အဆိပ်မိတယ်'

ဆရာမကလေးက ပြုံး၍ ခေါင်းညိတ်ပြပြီး ကွန်ပျူတာ လက်နှိပ်ခုံ ပေါ်မှ 'CTRL' ဆိုသည့် ခလုတ်နှင့် 'S' ဆိုသည့် ခလုတ်ကို တွဲနှိပ် ချလိုက်သည်။

[ ၇ ]

လူနာကလေးက တစ်ကိုယ်လုံး ဝါထိန်နေသည်။

သတိလည်း ကောင်းကောင်းမရ။ ဘေးမှာလည်း လူနာ့အမေနှင့် အဘွားက ငိုမလို ဖြစ်နေသည်။ ခုတင် ပတ်ပတ်လည်မှာတော့ သူ့ လက်ထောက် ဆရာဝန်ကလေးတွေ ၄၊ ၅ ဦးနှင့် ဆရာမ သုံးလေးဦး ရှိနေသည်။

'ဘာဖြစ်နေကြတာလဲ'

သူ့အသံ ကြားတော့မှ ဆရာဝန်ကလေးတွေ ရှဲပေးကြသည်။

'ကိုမာ လား'

'ကိုမာတော့ မဟုတ်ပါဘူး ဆရာ၊ တောက်စစ်ဖြစ်နေလို့ ကိုမာ အတိုင်း ပေးထားပါတယ်'

လူနာ၏ အသည်းက ကောင်းကောင်း အလုပ်မလုပ်တော့။ သည်တော့ သွေးထဲမှာ သဘာဝအားဖြင့် ပေါ်ပေါ်လာသည့် အဆိပ်တွေကို မချေဖျက်နိုင်တော့။ သည်တော့ လူနာက အဆိပ်သင့်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ တောက်စစ် ဖြစ်နေသည်။ ကိုမာခေါ် သတိလစ်သည့် အဆင့်တော့ မရောက်သေး။

သက်ပြင်း တစ်ချက်ချ၍ ဆရာဝန်ကလေးတွေကို ညွှန်ကြားစရာရှိတာ ညွှန်ကြားပြီး အိမ်ပြန်ခဲ့သည်။

အိမ်ပေါက်ဝမှာ အဆိပ်သင့်နေသည့် လူတစ်ယောက် ရပ်နေသည်။

ရပ်နေသည်။

အဲသည့် စကား သိပ်တော့ မမှန်။ အဲသည့်လူက သူ့ခြေထောက်နှစ်ချောင်းအပေါ်မှာ သူ ငြိမ်ငြိမ်မရပ်နိုင်။ ယိုင်ထိုး ယိုင်ထိုးနှင့်။ မျက်လုံးတွေကလည်း နီရဲနေသည်။ ဒါကြောင့် အဲသည်လူ အဆိပ်သင့်နေသည်ဆိုတာ သူ ရိပ်မိတာပါ။ နေ့လယ် ၁၂ နာရီတွင် အဆိပ်တွေ သောက်ထားတာတော့ နည်းနည်း လွန်သည် ပြောရမည်။

အဲသည် လူကို ကွေ့ရှောင်၍ အိမ်ထဲဝင်ခဲ့ပြီး အတူနေ တပည့်လေးကို မေးငေါ့၍ မေးလိုက်သည်။

'ဘယ်သူလဲကွ'

'ဆေးရုံ တက်နေတဲ့ လူနာရဲ့ အဖေတဲ့ ဆရာ၊ ကျွန်တော်က ဆေးရုံက လူနာရှင်တွေကို ဆရာ့အိမ်မှာ လက်ခံ မတွေ့ပါဘူးလို့ ပြောပြီး ပြန်ခိုင်းတာ မပြန်ဘဲ ရပ်စောင့်နေတာ'

လူနာ 'အပ်' ချင်သည့် သူတွေကို သူ ဘယ်တော့မှ လက်ခံ တွေ့ဆုံလေ့မရှိ။ ကိုယ့်သွေးကိုယ့်သား နာမကျန်းဖြစ်လျှင် ပူပင်တတ်ကြတာ လူ့သဘာဝမို့ သူ နားလည်ပေးနိုင်ပေမင့် သည်လူတွေက အိမ်လာလျှင် အဆိပ်တွေ ပါလာတတ်ကြသည်။ အဲသည့်အဆိပ်တွေကို လက်ခံမိလျှင် ကိုယ် အဆိပ်သင့်ပြီး ကိုယ့်ကို သူတို့ လခပေး ခန့်ထားသော ဝန်ထမ်းတစ်ဦးလို ဆက်ဆံကြတော့မည်။ ကျေးဇူးတင်တာတွေ မရှိတော့။ အားနာတာတွေ မရှိတော့။ ကြားအဆင့်တွေကို လျစ်လျူရှုတော့မည်။ ဆရာဝန်သက်တမ်း အစိတ်တွင် အဲသည့် အဆိပ်တွေအကြောင်း သူ ကောင်းကောင်း နားလည်ခဲ့ပြီ။



လူနာရှင်က မေးချင်တာရှိလျှင် ဆေးရုံတွင်ပင် လူအများရှေ့မှာ ဖြေသည်။ တာဝန်ချိန် ပြင်ပတွင် အရေးပေါ်တာဝန်ကျ ဆရာဝန်ကလေးများမှ တစ်ဆင့်သာ သူ ဆက်ဆံသည်။ အဆိပ်သင့် မခံတော့။

'ရွဲနေတာ မင်း မမြင်ဘူးလားကွာ၊ မောင်းထုတ်လိုက်ပါလား'

'ထုတ်ပါတယ် ဆရာ၊ သူက ငြိမ်းခြောက်နေလို့'

'ဟေ'

တပည့် လူငယ် ရှင်းနိုင်မည့် ပြဿနာ မဟုတ်။ အဆိပ်သင့်နေသည့်လူကို ခေါ်တွေ့ရသည်။ စောစောက အသည်းရောင် လူနာကလေး၏ အခင်ပါပဲ။ ဆရာဝန်တွေ ဂရုမစိုက်လို့ သူ့ကလေး မသက်သာသေးတာတဲ့။ အကုန်လုံး ဒုက္ခရောက်အောင် လုပ်လိုက်၍ရသည် ဆိုပဲ။

အမှန်တော့ အသည်းပြဿနာက သည့်ထက် မြန်မြန်ပြန်ကောင်းဖို့ အကြောင်းမရှိ။ အချိန်ပေး၍ ကုရမည်။

သို့သော် ထိုလူ့ကို နားလည်အောင် ရှင်းပြဖို့က မဖြစ်နိုင်။ သူ အဆိပ်သင့်နေသည့် နေရာကလည်း အသည်း ဖြစ်နေသည်။

| ၈ |

ညနေဆေးခန်း ပိတ်ခါနီးတွင် မိတ်ဆွေဆရာဝန်ကြီးနှစ်ဦး လာခေါ်သည်။ ညစာ အတူသွားစားကြသည်။

သူတို့က အဆိပ် နည်းနည်းစီလောက် သောက်သည်။

ဟိုလူ့လိုတော့ မဟုတ်။ တစ်နေ့လုံး စိတ်ဖိစီးမှုဒဏ်ကြောင့် သွေးထဲမှာ ဖြစ်ပေါ်လာသမျှသော အဆိပ်တွေကို အဆိပ်၊ အဆိပ်ချင်း တိုက်ခိုင်း၍ လူက ဘေးက အနားယူတာ ဖြစ်သည်။

အချိန်တန်လျှင်တော့ အဆိပ်တွေက အချင်းချင်း တည့်သွားကြမှာပါ။ လူ့ဘက်ပဲ ပြန်လှည့်တိုက်မှာပါပဲ။

အဲသည်လို ခံယူ၍ သူ အဲသည့် အဆိပ်ကို ရှောင်ခဲ့တာ ၁၂ နှစ်ရှိပြီ။ ခြင်သာ မရိုက်မိလျှင် ငါးပါးသီလတောင် လုံနေပြီ။ သည်တော့ သူတာ ဟင်းပဲ စားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခက်တာက သူ့ဟင်းချိုခွက်ထဲမှာ အဆိပ်တွေ ဝေ့နေသည်။ သူ့ဟင်းခွက်ထဲမှာ အဆိပ်တွေ ရွှဲနေသည်။

တစ်နေ့ကပဲ မိတ်ဆွေ ဆရာဝန်ကြီး၊ ယခု သူနှင့်အတူ ညစာစားနေသူတစ်ဦးက စစ်ဆေးပေးသေးသည်။

'ကိုလက်စထရောက နည်းနည်း တက်နေတယ်ဗျ၊ အီးစီဂျီက ကောင်းနေပေမယ့် အပိုင် မတွက်နဲ့၊ အဆီ လျှော့ဦးဗျ၊ ယူရစ်အက်စစ်လည်း များနေတယ်၊ အဆစ်က တစ်ခါ ရောင်ထားပြီးသားဆိုတော့ ပြန်မရောင်ဘူး မပြောနိုင်ဘူး၊ ဝမ်းတွင်းသားတွေ ရှောင်ဦး' တားတုန်းက တားသော်လည်း ယခု သူ့ရှေ့မှာပင် ထိုင်စားနေတော့ ဘာမှ မပြော။

မိတ်ဆွေနှစ်ဦး သောက်နေသည့် အဆိပ်တွေနှင့် သူစားတော့မည့် အဆိပ်တွေ ဘယ်နေရာက အရင်ဒုက္ခပေးမလဲတော့ မှန်းရ ခက်လှသည်။

ဘယ်သူမှ မသိနိုင်။

| ၉ |

အိမ်ပြန်ရောက်တော့ တပည့်ကလေးက အဆိပ်တွေ ရေတွက်ပြီးပြီ။ သူ့ကို စာရင်းဇယားနှင့် အပ်သည်။

'မင်း ဈေးဖိုး ယူထားဦးမလား'

'ဟုတ်ကဲ့ ဆရာ'

အဆိပ်တချို့ ရေတွက်၍ သူ့ကို ပြန်ပေးလိုက်သည်။

ပညာသက်သက်နှင့် ရှာထားတာပါ။

ညှိတာ မပါ။ ညစ်တာ မပါ။ လိမ်တာ မပါ။ ထစ်တာ မပါ။

သမ္မာအာဇီဝ ဖြစ်ဖို့ကျတော့ မြတ်စွာဘုရားက မည်သည့် စီးပွားရေးလုပ်ငန်းကိုမှ သမ္မာအာဇီဝဟု မချီးမွမ်း မွမ်းချီးကျူးခဲ့လေဘဲ။ စီးပွားရေးအားလုံးကို ကျော်နိုင်းပြီး ဆွမ်းခံစားခိုင်းသည် မဟုတ်ပါလား။

ဘာပဲလုပ်လုပ် လောဘနှင့် စရမည်။ ရတာနဲ့သလောက် မရတော့ ဒေါသက ပါလာမည်။ ရနေပြီဟု ထင်လျှင် မောဟက ဖက်တော့မည်။



အချိန်တန်တော့ ရလာမှာကလည်း အဆိပ်တွေပါပဲ။

ဒါတွေ ပြန်သုံးလျှင် တခြားသော အဆိပ်တွေ ထပ်ရမည်။ အဲသည့် အဆိပ်တွေထဲမှာ လူးလွန့် နစ်မွန်းရတာ ကြာလာတော့ အဆိပ်ကို အဆိပ်ဟု မြင်တတ်တော့မည် မဟုတ်။

အဆိပ်တွေ ထပ်ရှာလိုက်။ အဆိပ်တွေနှင့် ထပ်ဖလှယ်လိုက်။

သူ သက်ပြင်းချသည်။

ခုနေ အခါမှာတော့ မနက်ဖြန်ကို ရင်ဆိုင်ဖို့အတွက် အဆိပ်နည်းနည်း လိုနေတုန်းပါပဲ။

တပည့်ကလေးကို ရေတွက်ပေးပြီး ကျန်သည့် အဆိပ်တွေကို သူ့သက်ကိုင်အိတ်ကလေးထဲ ထည့်လိုက်ပါသည်။

မဟေသီမဂ္ဂဇင်း

○

www.burmeseclassic.com

www.burmeseclassic.com



# နွေအလွန် မိုးဖွဲကလေးတွေကို လွမ်းသည့် အလွမ်း

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

နွေကုန်ပြီ။

မြေသား လမ်းကလေးကတော့ ဖုန်ငွေ့ငွေ့ သိပ်၍ ကျန်ခဲ့သည်။

မိုးဦးမိုးကလေးက တစ်ပေါက်စ နှစ်ပေါက်စ။

အနောက်တောင် လေကလေးက တိုက်တော့မည်ဟု အချက်ပေးရုံမျှ။

အဲသည်လို အချိန်မျိုးမှာမှ စွတ်စိုမြေသားပြင်က လွင့်တက်လာတတ်သော မြေသင်းရနံ့ကလေးကို သူ ချစ်သည်။ ဘာရယ်တော့ မဟုတ်။ ရှူရှိုက်လိုက်တိုင်းတော့ ရင်ထဲမှာ စိမ်းလန်းသည့် ခံစားချက်မျိုး ရသည်။ အဲသည့် ရနံ့ကို သဘောကျ၍ပင် ခါတိုင်းလို ကားမယူဘဲ တင်းနစ်ကွင်းသို့ ခြေလျင် လျှောက်ထွက်လာခဲ့ခြင်း ဖြစ်သည်။

သည်ရနံ့ သင်းသင်းကလေးကို တဝကြီး ရှူရှိုက်နေရင်းပင် နားထဲသို့ စကားသံသဲ့သဲ့ ဝင်လာသည်။ ရှေ့တူရူက

လှမ်းကြည့်လိုက်တော့ လူငယ်စုံတွဲ တစ်တွဲကို မြင်သည်။

ကောင်ကလေးက အသက်အစိတ်နှင့် သုံးဆယ် ကြားထဲလောက် ရှိမည်။ ကောင်မလေးက အသက်အစိတ်ပင် ပြည့်ပုံ မပေါ်သေး။

ကောင်လေးရော ကောင်မလေးပါ ပြည်တွင်းဖြစ်ဆိုတာ တော်တော်သေချာသော အင်္ကျီ လုံချည်ကလေးတွေ ဝတ်ထားသည်။ သပ်သပ်ရပ်ရပ်ကလေးတွေမို့ လက်လုပ်လက်စားတော့ မကနိုင်ပေမယ့် အလယ်အလတ်



တန်းစားသို့ပင် တိုးဝင်ဖို့ ကြိုးစားနေရဆဲ အဆင့်သာ ဖြစ်မည်ကို လူအများ အလုပ်လုပ်နေသော ကုမ္ပဏီကို အုပ်ချုပ်နေရသည့် ကျင့်သားရမျက်စိက ခန့်မှန်းနိုင်သည်။

လမ်းလျှောက်လာသော လူငယ်နှစ်ယောက် တဖြည်းဖြည်း သူနှင့်နီးလာသည်။

အလို

ပြုံးနေလိုက်ကြတာ။

တစ်ယောက်မျက်နှာကို တစ်ယောက် တစိမ့်စိမ့်ကြည့်၍ ပြုံးနေရင်း လမ်းလျှောက်လာကြတာ ရှေ့တည့်တည့်မှာ အသက် ၄၀ ကျော်အရွယ် ယောကျ်ားကြီးတစ်ယောက် လမ်းလျှောက်တာကိုပင် မြင်ပုံမရ။

'ခေါက်ထီး မဆောင်းချင်ဘူး၊ ချာလီထီးပဲ ဆောင်းချင်တယ် ဝယ်ပေး'

ကောင်မလေးက ခပ်နွဲ့နွဲ့ရယ်၍ ပြောသည်။ ပြောသာ ပြောနေသည်။ သူ့မျက်နှာက ခေါက်ထီး၊ ချာလီထီးတို့ထက် ကောင်လေးမျက်နှာကိုသာ ပိုစိတ်ဝင်စားနေသည့် အမူအရာက ထင်ရှားနေသည်။

'ချာလီထီး ဘယ်လောက် ပေးရလို့လဲ၊ အလွန်ဆုံး ငါးရာပေါ့။ ဝယ်ပေးမယ်၊ ဝယ်ပေးမယ်'

ငါးရာတန် ထီးတစ်လက်ကို ချစ်သူကို ဝယ်ပေးမည့် ကောင်လေး၏ မျက်နှာကလည်း တိုင်းနိုင်ငံတစ်ခုကို သိမ်းပိုက်ပြီး မိဖုရားဆီ ပြန်လာသည့် ရှေးမင်းဧကရာဇ် တစ်ယောက်လို ဝင့်ထည်နေသည်။

သူတို့ ဘာကြောင့် ဒီလောက် ပျော်နိုင်နေကြပါလိမ့်။

ရင်ထဲမှာ မနာလိုစိတ် မသိမသာ ပွားမိသည်။

နိုင်ငံ တော်တော်များများနှင့် ဆက်သွယ် အလုပ် လုပ်နေရသည့် သွင်းကုန်လုပ်ငန်း ကုမ္ပဏီပိုင်ရှင် တစ်ဦး ဖြစ်သော သူ။

ထီးတစ်လက် မပြောနှင့်။ ထီးစက်ရုံကြီး တစ်ခုလုံးကိုပင် မျက်တောင်တစ်ချက် မခတ်ဘဲ ဝယ်နိုင်သည်။ သို့သော် ကောင်လေး ယခု ပြုံးနေသည့် အပြုံးမျိုး ကိုယ် ပြုံးဖူးရဲ့လားဟုပင် စဉ်းစား၍မရ။ ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသည့် မျက်နှာမျိုးကိုလည်း အဲသလို အနီးကပ် ကြည့်ခွင့် မရခဲ့ဖူးဘူးဟု ထင်သည်။

နေပါဦး။

ချာလီထီးတဲ့။ တစ်ဖြောင့်တည်း ထီးတွေကို ချာလီထီးဟု မခေါ်ကြတော့သည်မှာ ဆယ်နှစ်တော့ မကတော့ဘူး ထင်သည်။

ငါးရာတဲ့။ ဒါကရော သည်ခေတ် ထီးတန်ဖိုး ဟုတ်လို့လား။

ဘုရားရေ။

ရှေ့တည့်တည့်မှာ သူနဲ့ နီးကပ်စွာ ရှိနေပြီဖြစ်သော စုံတွဲကို သေသေချာချာ ပြန်ကြည့်မိသည်။ အထူးသဖြင့် ကောင်လေး၏ မျက်နှာကို။

ဝုန်းခနဲ

သူ့ကို ဝင်တိုက်တော့မည်ဟု ထင်ထားသည့် လူငယ်လေးနှစ်ယောက်လေတို့ လေချင်း ဖြတ်သန်းသလိုပင် သူ့ကို ဖြတ်သန်း တိုးဝင်သွား သည်။

လှည့်ကြည့်လိုက်တော့လည်း ဘာမှ မမြင်ရ။

မြတ်စွာဘုရား အဲဒါ ငါပါပဲလား။

[ ၂ ]

'မောပြီဗျာ ဒီတစ်ပွဲ ထွက်ဦးမယ်'

တင်းနစ်ရက်ကက်ကို ဝှေ့ယမ်းပြရင်း ကွန်ကရစ်လောင်း တင်းနစ်ကွင်း အပြင်ဘက် လျှောက်သွားသော သူ့ကို တင်းနစ်အတူ ရိုက်နေသည့် စီးပွားဖက်မိတ်ဆွေက လှမ်းအော်၍ ကျီစယ်သည်။

'ဟေ့လူ၊ မဟောသီ စင်ကာပူသွားနေတုန်း အမောမခံနိုင်တော့ဘူးဆိုတော့ မရိုးသားဘူးနော်၊ မယ်တော် မရှိတုန်း မော်ဒယ်လ်တွေ တွေ့နေပြီလား'

ငယ်ပေါင်း ကြီးဖော်လည်း မဟုတ်၊ သာအတူ နာအတူ လူစားမျိုးလည်း မဟုတ်ပေမယ့် သည်လိုပင် ပြောမနာ ဆိုမနာ ဟန်မျိုးဖမ်း၍



ပြောတတ်ကြသည့် အသိုင်းအဝိုင်းမှာ ကျင်လည်နေကျဆိုတော့ ထူးပြီး ဘာမှ ပြန်မပြောတော့ဘဲ ရယ်ပြလိုက်ရသည်။

တင်းနစ်ကွင်း ဘေးက ခုံတန်းရှည်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်၍ ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ပြီး နဖူးမှ စီးကျလာသော ချွေးစက်များကို အသုတ်၊ ကွင်းတစ်ဖက်ထိပ်ရှိ သံဆန်ခါ နံရံနားမှာ ဘောလုံးကောက်နေသော အသက် ၂၀ အရွယ် လူငယ်ကလေးကို သတိထားမိသည်။

လူငယ်ကလေးက သူ့ဘက်လှည့်၍ ရယ်ပြတော့ ကြောင်တကြီးတက်နှင့် ပြန်ရယ်ပြမလို လုပ်ပြီးမှ လူငယ်ကလေး မျက်နှာကို မှတ်မိသွားသည်။

ဟုတ်ပ။

သူပါပဲ။ လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော်က သူ။

အဲသည်တုန်းကတော့ နွေလယ်ကောင်မှာ နေက ထိန်ထိန် တောက်နေသည်။

[ ၃ ]

သူ့မှာ မိဘ မရှိတော့။ သူ နေသည့် နယ်မြို့ကလေးမှာလည်း ဆယ်တန်းအောင်ထားသည့် သူ့ကို တက္ကသိုလ် ဆက်ထားပေးနိုင်လောက်သည့် ဆွေမျိုးရင်းချာ မရှိ။ ဦးလေးအရင်း ဘုန်းကြီးရှိရာ ရန်ကုန်သို့ လိုက်လာပြီး ဘုန်းကြီးကျောင်းမှာ ခိုကပ်၍ နေသည်။ ဘုန်းကြီးမှုနိုင် ဆလောက်ကို စားသည်။ တစ်ဖက်က သည်တင်းနစ်ကွင်းကလေးရှိရာ 'ကလပ်'တွင် လက်တိုလက်တောင်း ဝင်လုပ်ရင်း စီးပွားရေး အဝေးသင် တက်နေခဲ့သည်။

နေက ချစ်ချစ်တောက် ပူသည်။

လူကလည်း ဆင်းရဲလိုက်သည့် ဖြစ်ခြင်း၊ ဘတ်စ်ကားကိုပင် ခိုးဝေးနီး တွက်၍ ဝေးမှ စီးပြီး နီးလျှင် ခြေကျင် လျှောက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းမှာ နေတော့ နေ့လယ်စာက များသောအားဖြင့် အဆင်ပြေသော်လည်း ညစာက ဘုန်းကြီးနှင့်အတူ ဥပုသ်လိုက်စောင့်ရတာ များနေသည်။ ကျောင်းလခ ကြွေးကျန်၍ ကျောင်းမှာ စာကပ်ခံရတာလည်း အကြိမ်ကြိမ်။ ညည ရေထသောက်ရတာလည်း အကြိမ်ကြိမ်။

တက်ကြွနေသော အရွယ်မို့လားတော့ မသိ။ အဲသည် ဒုက္ခတွေအားလုံးက သူ့အတွက် ရယ်စရာ ဖြစ်နေသည်။ သူငယ်ချင်းများက အေးဆေးလားဟေ့ဟု မေးတိုင်းမှာ အပြုံးမပျက် အေးဆေးပဲဟု အမြဲဖြေနိုင်ခဲ့သည်။ ပြဿနာတွေ ဝိုင်းနေသော်လည်း ဘဝတူ သူငယ်ချင်းတွေကြားထဲမှာ သူ့ပြဿနာ၊ ကိုယ့်ပြဿနာ အလုအယက် ပြောရင်းပျော်နိုင်ခဲ့ကြသည်။

သည်ကြားထဲမှာ သူက ရင်ခုန်စရာပင် လှည့်ရှာလိုက်နိုင်ခဲ့သေးသည်။

သူ့ချစ်သူက အဝေးသင် အနီးကပ် သင်တန်းတွေမှာ ဆုံရသော တစ်တန်းတည်းသူကလေး ဖြစ်သည်။ သူ့ချစ်သူဘဝက သူ့လောက်တော့ မဆိုး၊ မိဘရှိသည်။ ဆင်ခြေဖုံး ရပ်ကွက်ကလေး တစ်ခုမှာ အိမ်ပိုင်ရှိသည်။ သို့သော် ၁၀ ပေ ပတ်လည်လောက် အိမ်ခန်းကလေးမှာ မောင်နှမ ငါးယောက်လောက် တိုးဝှေ့ အိပ်ရသည့် အိမ်မျိုးကလေး ဖြစ်သည်။ စုတိုးဆိုင်တစ်ခုမှာ အရောင်းကောင်တာ ထိုင်ရတော့ လှလှကလေး ဝတ်ရသည်။ လှလည်း လှသည်။ အနည်းဆုံးတော့ သူ့မျက်စိထဲမှာ တော်တော်ကို လှသည်။

သူ ခိုးကြည့်တိုင်းမှာ အဲသည် မိန်းကလေးလည်း ခိုးခိုးကြည့်နေတာ ဆုံရတတ်သဖြင့် ရင်ခုန်မိသော်လည်း သူ့အခြေအနေနှင့် အဲသည် မိန်းကလေးမှ မဟုတ်။ ဘယ်မိန်းကလေးကိုမှ မမျှော်လင့်ရဲခဲ့သူမို့ အဲသည် မိန်းကလေး၏ အချစ်ကို ရသောနေ့က ငါ့လောက် ကံကောင်းတဲ့သူ လောကကြီးမှာ ရှိပါမလားဟု ကြုံးဝါးခဲ့ဖူးသည်။



ချစ်သူကိုလည်း တို့ဘဝမှာ ဒီထက် တန်ဖိုးကြီးတဲ့ဆု ပိုင်ဆိုင်နိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူးဟု သူ လှိုက်လှိုက်လှဲလှဲ ပြောခဲ့သည်။

အဲသည့် အချိန်မှာ နွေကုန်၍ မိုးပေါက်ကလေးတွေ စကျလာသည်။

[ ၄ ]

တင်းနစ် လာရိုက်တာကို အိတ်တို့ ရက်ကက်တို့ ကူညီသယ်ပိုးပေးရင်း ခင်နေသည့် အန်ကယ်ကြီးတစ်ဦး တစ်နေ့တော့ တင်းနစ်ဝတ်စုံနှင့်ပင် တင်းနစ်ကွင်းဘေးက ခုံတန်းရှည်ပေါ်တွင် ထိုင်ရင်း စာရွက်အကြီးကြီးတစ်ခုကို စိမ်ပြေနပြေ ထိုင်ကြည့်နေသည်ကို သူတွေ့ရသည်။

'အန်ကယ် ဘာလိုအပ်ပါသလဲ'

အန်ကယ်ကြီးက မော့ကြည့်၍ နဖူးရှုံ့ ခေါင်းခါပြသည်။

'ဂဏန်း မှားတာကွာ၊ ဘယ်နားမှားသလဲ ရှာမရဘူး၊ ဒီတစ်ရွက်လုံး မင်ပြန် ခေါင်းပြန် ရှာနေတာ ညကလည်း ကောင်းကောင်း မအိပ်ရပါဘူး၊ ဒီမနက် ခေါင်းကြည်မလားလို့ လာရိုက်တာ၊ လာရိုက်တော့လည်း ဒီထဲပဲ စိတ်ရောက်နေတယ်၊ ငွေက သိန်းဂဏန်း ကွာတာကွ'

အန်ကယ်ကြီး ဝှေ့ယမ်းပြသော ကိန်းဂဏန်းပေါင်း များစွာပါသည့် စာရင်းကွက်ကြီးများကို လှမ်းအကြည့် သူ့မျက်စိက ဂဏန်းခေါင်းလွဲနေသော နေရာသို့ တည့်တည့် ရောက်သွားသည်။

'ဒီမှာပါ ခင်ဗျာ'

'ဟေ'

အန်ကယ်ကြီး မျက်လုံး ပြူးသွားသည်။ သူ ပြသောနေရာကို စိုက်ကြည့်သည်။ ပြီးတော့ စာရွက်ကို အပေါ်အောက် ခေါက်တုံ့ခေါက်ပြန် ကြည့်သည်။ မျက်နှာက အကြောများ လျော့လာသည်။

'မြတ်စွာဘုရား၊ ငါ တစ်ညလုံး ရှာမတွေ့တာ မင်းက တန်းတွေ့သယ်၊ မင်း မျက်စိ လျင်လှချည့်လား သားရဲ့၊ နေပါဦး မင်း ဘယ်နှတန်းအထိ ပညာသင်ဖူးသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် စီးပွားရေး အဝေးသင် တတိယနှစ် တက်နေပါတယ် ခင်ဗျ'

'ဟာ ကောင်းလိုက်တာကွာ'

သူ တင်းနစ်ကွင်းမှာ ဆက်မလုပ်ရတော့ပါ။ အန်ကယ်ကြီး၏ ကုမ္ပဏီတွင် ပထမ စာရင်းကိုင်၊ နောက်တော့ လူယုံ ဖြစ်လာခဲ့ပါသည်။

[ ၅ ]

'ခေါက်ထီး မဆောင်းချင်ဘူး၊ ချာလီထီးပဲ ဆောင်းချင်တယ်၊ ဝယ်ပေး'

ချစ်သူက ခပ်နွဲ့နွဲ့ရယ်၍ ပူဆာသည်။ လွန်ခဲ့သည် တစ်နှစ်ခန့်ကသာ သူ အဲသလို ပူဆာလျှင် ရှက်လွှဲခြင်း၊ အားငယ်ခြင်းတို့နှင့်အတူ တော်တော် စိတ်ညစ်ခဲ့ရမည် ဖြစ်သည်။

ယခုတော့ သူက ဘုန်းကြီးကျောင်းမှာလည်း မနေတော့။ အန်ကယ်ကြီး ကုမ္ပဏီရုံးခန်းမှာ နေနေပြီ၊ ဘွဲ့လည်း ရတော့မည်။ လခက လောက်ငရုံမက ပိုလျှံနေတာကို အန်ကယ်ကြီး သင်ပေးသည့်ပညာနှင့် တစ်နေ့နေ့ ကိုယ်တိုင် စီးပွားရေးလုပ်နိုင်ရန် စုဆောင်းဖို့ပင် ကြံစည် ဝံ့နေပြီ။

ဘတ်စ်ကား စီးနေရတုန်း၊ အင်္ကျီ ပြည်တွင်းဖြစ် သုံးလေးထည်သာ လဲလှယ်နိုင်တုန်းပေမယ့် ချာလီထီး တစ်လက်ကတော့ သူ့အတွက် ပြဿနာ မဟုတ်တော့ပြီ။

'ချာလီထီး ဘယ်လောက် ပေးရလို့လဲ၊ အလွန်ဆုံး ငါးရာပေါ့၊ ဝယ်ပေးမယ်၊ ဝယ်ပေးမယ်'

ချစ်သူ၏ မျက်နှာက ချာလီထီးလည်း တကယ် လိုချင်သည့် မျက်နှာ မဟုတ်ပါ။ ချစ်သူ ကောင်လေးက သူ့မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်ပြီး ဝယ်ပေးမယ်ဟု ပြောတာကိုပင် ပီတိဖြာချင်နေသည့် ပုံစံပါ။

သူ့ ရင်မှာလည်း ချမ်းမြေ့နိုင်ခဲ့ပါသည်။



[ ၆ ]

မိုးတွေ သဲကြီးမဲကြီး ရွာနေသည့် နေ့တစ်နေ့တွင် အန်ကယ်ကြီး ဆုံးသည်။ လူပျိုကြီးဖြစ်သော အန်ကယ်ကြီးက သေတမ်းစာတွင် သူ့ကို ပိုင်ဆိုင်မှု အချို့အဝက် လွှဲပေးခဲ့သော်လည်း အဲသည်အတိုင်း သူ မရပါ။ ထုံးစံအတိုင်း အန်ကယ်ကြီး၏ တူ၊ တူမများက လာတရားဆိုင် လိုက်ကြပါသည်။

မျှော်လင့်ထားပြီးမို့ သူ မတုန်လှုပ်ပါ။ လူပျိုကြီးဖြစ်သော အန်ကယ်ကြီးက သူ့ကို သားအရင်းလို ချစ်ခဲ့တာတွေကိုပင် မလိုတမာ သွားပုပ်လေလွင့် ပြောထွက်ဝံ့ကြသည့် တူ၊ တူမများ မဟုတ်ပါလား။

အန်ကယ်ကြီး မသေခင် ငါးနှစ်လောက်ကတည်းက သူ စနစ်တကျ ပြုစုထူထောင်နေခဲ့သော စီးပွားရေးလုပ်ငန်းခွဲ အချို့နှင့် အန်ကယ်ကြီး သင်ပေးသော ပညာတို့ သူ့မှာ ကျန်ခဲ့ပါသည်။

နောက် ၁၀ နှစ်လောက် အကြာတွင်မူတော့ သူ့မှာ အန်ကယ်ကြီး တုန်းလောက်နီးနီး အောင်မြင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု ကျန်နေခဲ့ပြီး အန်ကယ်ကြီး တူ၊ တူမတို့ လက်ချည်းသက်သက် ပြန်ဖြစ်သွားပါသည်။

နောက်ထပ် ၅ နှစ်ခန့် ထပ်ကြာသွားသော အခါတွင်ကား

[ ၇ ]

မိုးက အပြင်မှာ သဲကြီးမဲကြီး ရွာနေဆဲ။

မျက်လုံးအောက်ခြေကို အရောင်ဆိုးနေသည့် ဇနီးဖြစ်သူ၏ မျက်နှာကို မှန်ထဲက ပုံရိပ်မှတစ်ဆင့် လှမ်းကြည့်ရင်း သည်လောက် အေးစက်စက် နှလုံးသားနှင့် မိန်းမကို သူ ဘာဖြစ်၍ လက်ထပ်ခဲ့ပါလိမ့်ဟု သူ စဉ်းစားနေမိသည်။

'မင်းသားက စိတ်လေတဲ့ အဆင့် ရောက်နေပြီ၊ နောက်တစ်ဆင့် ဖျက်စီးဖို့ဆိုတာ နီးနီးကလေး'

www.burmeseclassic.com

www.burmeseclassic.com



သားအတန်းပိုင် ဆရာမ ကျောင်းမတက်၍ တိုင်ထားသော စာကို ထောင်ပြရင်း သူပြောတော့ ဇနီးဖြစ်သူက လှည့်မကြည့်ဘဲ ပခုံး တွန့်ပြသည်။

'ဘာမှ မပျက်စီးဘူး၊ မိုးတွေ သည်းလို့တဲ့၊ အိမ်မှာပဲ ဂိမ်းဆော့လိုက်၊ ဗီဒီယိုကြည့်လိုက် လုပ်နေတာ၊ ဒီလောက်မိုးနဲ့ ကလေးက ဘယ်သွားချင် မလဲ'

'ဟ ကျောင်းသားလေကွာ၊ မိုးရွာလည်း ကျောင်းတက်ရမှာပေါ့၊ သူများ ကလေးတွေလည်း တက်နေတာပဲဟာ'

'ယှဉ်မပြောနဲ့လေ၊ သားက သူများကလေးတွေ ဘဝမျိုးက လာတာ မဟုတ်ဘူး'

မြတ်စွာဘုရား။

ပစ္စည်းဥစ္စာ ပြည့်ဝလျှင် ပညာတတ်စရာ မလိုဟု ထုတ်ပြောရဲ လောက်အောင် ညံ့သည့်မိန်းမက သူ့ဇနီး ဖြစ်နေပါပေါ့လား။

'ဒီစာက ဘယ်လို လုပ်မလဲ'

'သွားတွေ့ခိုင်းထားတယ်၊ ထိုက်ထိုက်တန်တန်လည်း ကန်တော့ ခိုင်းထားတယ်၊ လိုရင် အဲဒီ ဆရာမကိုပါ အိမ်မှာ ခေါ်သင်ဖို့ ပြောမယ်၊ ဘာမှ စိတ်မပူနဲ့'

သူ မျက်မှောင် ကြုတ်မိသည်။

'ခိုင်းထားတယ်၊ ဘယ်သူ့ကို ခိုင်းထားတာလဲ'

ဇနီးဖြစ်သူက လှည့်ကြည့်သည်။

'နွယ်နွယ်ထွန်းပေါ့၊ ရှင့် အတွင်းရေးမှူးမကလေးလေ၊ သူက ပြောတတ် ဆိုတတ်တာပဲ'

'ဟ မိဘပါမှ ကောင်းမှာပေါ့'

'မိဘပါမှဆို ရှင်လိုက်သွား၊ အမေပါမှဆိုရင် နွယ်နွယ်ထွန်းသာ ပြလိုက်၊ ကျွန်မကတော့ အဲဒီကိစ္စလောက်နဲ့ ရေးကြီးခွင်ကျယ် လုပ်မနေနိုင်ဘူး၊ နက်ဖြန် သူဇာတို့နဲ့ ဂျက်စမင်ဖြူမှာ စိန်သွားကြည့်မလို့ ချိန်းထားတယ်'



ဇနီးဖြစ်သူက ဆောင့်ဆောင့်အောင့်အောင့် လေသံနှင့် ပြော၍ နေရာမှ ထသည်။

'ကျွန်မ မလိုက်လို့ မကျေနပ်ရင်လည်း အဲဒီ နွယ်နွယ်ထွန်းကိုပဲ အပြီး ယူလိုက်၊ ရတယ်၊ ကိစ္စ မရှိဘူး။ ကျွန်မတော့ လာရစ်မနေနဲ့'

ပြောရင်း ဆိုရင်း အခန်းထဲမှ ထွက်သွားပါသည်။

**[ ၈ ]**

နွယ်နွယ်ထွန်းကို သူ မယူပါ။ တခြားလည်း ဘယ်မိန်းမမှ ထပ်မယူပါ။ သို့သော် သမီးအရွယ် ကလေးတချို့က 'အစ်ကို' ခေါ်ပြီး ကြင်နာစွာ ပြုစုတာတွေကို သာယာနေခဲ့တာမျိုးတွေတော့ အများကြီး ရှိလာပါ သည်။

လုပ်ငန်းသဘောအရ ခရီးက ခဏခဏ ထွက်ရတော့ တစ်မြို့တွင် အနည်းဆုံး တစ်ယောက် အဲသည် မိန်းကလေးမျိုးတွေ ရှိလာပါသည်။ ဇနီးကလည်း ပါမလာတတ်။ သိန်းထောင်ချီတန်သော ခြံနှင့် အိမ် ဝယ်ပေးတာတောင် မေးလေးတစ်ချက်သာ ဆတ်ပြတတ်သော ဇနီး မျက်နှာနှင့်စာလျှင် လက်ကိုင်ဖုန်းကလေး တစ်လုံးဝယ်ပေးရုံနှင့် သူ့ လည်ပင်းကို ဖက်ပြီး ခုန်ပေါက် မြူးထူးနေတတ်သည့် အဲသည် မိန်းကလေးတွေနှင့် နေရတာ ပိုပျော်စရာ ကောင်းသည်ဟု သူ ထင် ပါသည်။

ဘဝနေပူပူမှာ မိုးဦး မိုးစက်ကလေးတွေ စကျခါစက ရှိနေခဲ့သော ချစ်သူ ကလေး၏ 'ချာလီထီး ဝယ်ပေး' ဟု ပူဆာနေသော မျက်နှာ ကလေးကို စိုက်ကြည့်ခဲ့ရ သလောက်တော့ ရင်ထဲတွင် မချမ်းမြေ့ပါ။

**[ ၉ ]**

ခုံခန်း မရောက်စဖူး ရောက်ရပြီ။

သားက လူရိုက်သတဲ့၊ ၁၀ တန်းကျောင်းသားချင်း။ ဟိုကလေးက မျက်ခုံး ကွဲသွားသည်။ မင်း ဘာလို့ ရိုက်ရတာလဲဆိုသည့် သူ့အမေးကို သားက ကြည့်မရလို့ဟု ပေကြည့်ရင်း ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိုက်ခံရသော ကလေးကိုရော သူ့မိဘတွေကိုပါ ဆေးရုံလိုက်တောင်းပန်ရင်း အကျိုးအကြောင်း မေးကြည့်တော့မှ သားကြိုက်နေသော ကောင်မလေးနှင့် ချစ်သူဖြစ်သွား၍ အရိုက်ခံရတာတဲ့။

သူ့သားက 'လောကကြီးမှာ ငါ လိုချင်တာ မရဘူးဆိုတာ ဘယ်တော့မှ မရှိစေရဘူး၊ ငါလိုချင်တာကို မရအောင် လုပ်တဲ့ကောင်အတွက် သင်ခန်းစာပဲ မှတ်ထား' ဟု ပြောသတဲ့။

မြတ်စွာဘုရား။ အဲဒါ အဖြူ အမည်းခေတ်က ရုပ်ရှင်တွေထဲမှာ လူကြမ်းတွေ ပြောနေကျစကား မဟုတ်ဘူးလား။ သူ့သား ၁၀ တန်းကျောင်းသားက ဒါမျိုးတွေ ပြောနေ လုပ်နေသတဲ့လား။

'ငါလိုချင်တာ' လောဘ။

'မရ မရှိစေရဘူး' မောဟ။

'မရအောင် လုပ်တဲ့ကောင်' ဒေါသ။

သား လိုချင်တာ မှန်သမျှ ပြည့်စုံအောင် ဖြည့်ပေးလိုက်တော့ သားမှာ တကယ် ရသွားတာက 'လောဘ'၊ 'မောဟ' နှင့် 'ဒေါသ' တွေချည်းပါပဲလား။

ဇနီးသည်လည်း လိုချင်တာ အားလုံး ရသွားချိန်တွင် 'မာန' တလွဲ၍ ဘာများ ပြည့်စုံသွားခဲ့လို့လဲ။

သူ ကရော

သည်လိုသာဖြင့် အစကတည်းက ဘာမှ မပြည့်စုံခဲ့တာတောင် မကောင်းပေဘူးလား။ အနည်းဆုံးတော့ ချာလီထီးကလေး တစ်လက် ဝယ်ပေးရုံနှင့် သူ့မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်ပြီး ပြုံးနေတတ်သည့် ချစ်သူကလေးကို သူ ဆုံးရှုံးခဲ့မှာ မဟုတ်။

သူ တစ်သက်လုံး ရှာဖွေခဲ့သည့် စည်းစိမ်ချမ်းသာတွေက သူ့ မိသားစုနှင့် ကြည်နူးချမ်းမြေ့နိုင်ခွင့်ကို မပေးနိုင်ပါဘူးဆိုလျှင် သူ ရှာမှားတာက အစကတည်းကပင် ဖြစ်ပေတော့လေမည်။



[ ၁၀ ]

ဆောစောက သူ မြင်ယောင်မိခဲ့သည့် ငယ်ဘဝက သူကိုယ်တိုင်၏ ပုံရိပ်များက သူ့ကို လွမ်းဆွတ် တမ်းတစေသည်။ တုန်လှုပ် ချောက်ချားစေသည်။

နွေအနှောင်းကလေးမှာ မိုးကလေး တစ်စက်၊ နှစ်စက် ခိုခွင့်ရသည်အမှ ချမ်းမြေ့သေးသည်။ သည်းသည်းထန်၍ ရေလျှံစေသော မိုးက စိတ်ကို ထွက်လမ်းပိတ်၍ အကျဉ်းကျစေသည်ဟု ခံစားလာမိစေသည်။

အိမ်အပြန် လမ်းတွင်တော့ မိုးက ရွာပြန်သည်။

တစ်ပေါက်၊ နှစ်ပေါက်ကနေ တော်တော်ကလေး စိပ်လာတော့ အိမ်ပြန်ခြေလှမ်းတို့ကို အပြေးတစ်ပိုင်း ဖြစ်စေသည်။

အိမ်ရှေ့ ဆင်ဝင်တွင်တော့ အဲသည့်နေရာမှာ မဆုံဖြစ်တာကြာသောသူနှင့် ဆုံသည်။ သူ့ဇနီးပါ။

ရွာနေသော မိုးကို ကြည့်၍ စိတ်ရှုပ်နေဟန်။ လူကလည်း ဖြီးလိမ်းပြင်ဆင်ထားသည်။ အပြင် သွားဦးမယ့် ပုံပါပဲ။

'ဘယ်လဲ'

ပခုံး တွန့်ပြသည်။

'ဘယ်မှ မလဲနိုင်ဘူး၊ ရှင့်ကားကို သားက ယူသွားတယ်၊ အဲ့ဒီဘယ်လ်ကောင်မလေး မွေးနေ့ပွဲ အဖိတ်ခံရလို့တဲ့၊ ကျွန်မ ကားကို ဒရိုင်ဘာနဲ့ တင်းနစ်ကုတ် လွှတ်လိုက်တယ်၊ မိုးရွာလို့ ရှင့်ကို လိုက်ကြိုခိုင်းလိုက်တာ၊ ဒီမိုးနဲ့ ကျွန်မက ဘယ်လိုလုပ် ထွက်တော့မလဲ၊ နေပါဦး။ ဒရိုင်ဘာနဲ့ မတွေ့ခဲ့ဘူးလား'

ခေါင်း ခါပြသည်။

'ငါတ နောက် လူသွားလမ်းကလေးက လျှောက်လာတာ'

'ကောင်းရော၊ ဟိုကောင် လိုက်ရှာနေရောပေါ့'

'မတွေ့ ပြန်လာလိမ့်မပေါ့၊ မင်းက ဘယ်သွားမှာလဲ'

'ဘယ်မှ မဟုတ်ဘူး၊ ဖေ့ရှယ်ကရင်မ် ကုန်နေလို့ လမ်းထိပ်ကဆူပါမားကတ်တင် သွားမှာ'

www.burmeseclassic.com

www.burmeseclassic.com



'နီးနီးလေးဟာကွာ၊ ထီးဆောင်းသွားလိုက် ရောက်နေရော'

ဇနီးက မျက်စောင်းထိုးသည်။

'အိမ်မှာ ဘယ်တုန်းက ထီးရှိဖူးလို့လဲ'

အဲသလို လှမ်းအပြောမှာ သူ့ဇနီးမျက်နှာက ရုတ်တရက် သူ့ မျက်စိထဲတွင် အနှစ် နှစ်ဆယ်လောက် ပြန်ငယ်သွားသည်။

'ထီး' တဲ့။ အဲသည် မျက်နှာကလေးနဲ့ ပူဆာခဲ့တာလေ။

မြတ်စွာဘုရား။ အဲဒါ သူပါပဲလား။

FACES မဂ္ဂဇင်း

ဝ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

'ရှိတယ်'

ရဲမြတ်၏ နှုတ်ခမ်းတို့က တိတိရိရိ စေ့ထားသည်။ ပြုံးတာလည်း မဟုတ်၊ မဲ့တာလည်း မဟုတ်၊ သရော်တာလည်း မဟုတ်။ ဘာစိတ်ခံစားချက်ကိုမှ ထုတ်မပြဘူးဟု တိတိရိရိ စေ့ထားသော တံခါးများနှင့်တူသည်။

အဲသည် နှုတ်ခမ်းတွေကို ဇော်နန္ဒ မကြိုက်၊ သူ့ကို အပေါ်စီးက ဆက်ဆံနေသယောင် ခံစားရသည်။ တကယ်တော့ ရဲမြတ်က ဇော်နန္ဒကို အပေါ်စီးက ဆက်ဆံစရာ အကြောင်းလည်း ဘာမှ မရှိပါ။ ရဲမြတ်တာ ဇော်နန္ဒဖခင်၏ မိတ်ဆွေတစ်ဦးပိုင်သော ကွန်ပျူတာ ကုမ္ပဏီတစ်ခုမှ အိတ်ဇက်ကတစ်ဖ်ခေါ် လူယုံတစ်ဦးမျှသာဖြစ်ပြီး ဇော်နန္ဒကတော့ ရဲမြတ်၏ အလုပ်ရှင် သူဌေးထက် အဆတစ်ရာလောက် ချမ်းသာသော သူဌေးကြီးတစ်ဦး၏ သား ဖြစ်ပါသည်။

သို့သော် ခက်တာက သူတို့နှစ်ဦးသည် ငယ်သူငယ်ချင်းကလည်း ဖြစ်နေပြန်သည်။ သည်တော့

'မင်း ငါ့ကို သည်လေသံနဲ့ စကားမပြောနဲ့'

ဟုလည်း ရဲမြတ်ကို ဇော်နန္ဒ ပြော၍ မရပါ။

'ဘာရှိတာလဲ'

'စောစောက မင်းပြောတာလေ၊ မင်းမှာရှိတဲ့ ပိုက်ဆံတွေနဲ့ အရှိန်အဝါတွေနဲ့ ရအောင်ယူလို့ မရတဲ့ ဥစ္စာ တစ်ခုမှ မရှိဘူးဆိုတာလေ၊ အဲဒါ ရှိတယ်လို့ ပြောတာ'



ဇော်နန္ဒက ဘီလီယက်ခုံပေါင်ပေါ်တွင် တင်ထားသော ဝီစကီခွက်ကို လက်နှင့် လှည့်ပတ် ဆော့ကစားရင်းက မဲ့ပြုံးပြုံးသည်။

'ကဲ ဆိုပါဦး ဘယ်ဟာလဲ'

'မျက်နှာ၊ မင်းမျက်နှာကို မင်းပြန်ဝယ်လို့ မရဘူး'

ရဲမြတ်က ဘီလီယက် ကျူတံကို ဘောလုံးဆီ ချိန်ရွယ်နေရင်းက ပြောတော့ ဇော်နန္ဒက ခွက်ထိုးခွက်လန် အော်ရယ်လိုက်သည်။

ရဲမြတ်က ဘောလုံးကို ဆတ်ခနဲ ထိုးချလိုက်ပြီး

'ငါပြောတာ ရုပ်ဆိုးတာ ချောတာကို ပြောတာ မဟုတ်ဘူး၊ အင်းမေ့ချ်၊ မင်းအပေါ် လူတွေက မြင်တဲ့အမြင်၊ မင်းမျက်နှာကို မြင်လိုက်တိုင်းမှာ လူတွေ သတ်မှတ်ထားတဲ့ မျက်နှာ၊ အဲဒါကို ပြောတာ'

ဇော်နန္ဒက အားရအောင် ရယ်ပြီးမှ ကျူတံကိုဆွဲ၍ ဘောလုံးကို ပတ်ကြည့်သည်၊ ကြည့်နေရင်းက ဖြေသည်။

'ငါသိပါတယ်၊ ကဲ အခု မင်းနဲ့ငါနဲ့ ဘီလီယက်ခုံက ထွက်သွားမယ်၊ မင်း ကြိုက်တဲ့ နေရာသွား၊ ငါ့ကိုရော မင်းကိုရော သိတဲ့လူတွေနဲ့ တွေ့နိုင်မယ့် နေရာမျိုး၊ အဲသလို လူတစ်ယောက်ယောက်နဲ့ တွေ့ရင် မင်းကို အရင် နှုတ်ဆက်မယ် ထင်သလား၊ ငါ့ကို အရင်နှုတ်ဆက်မယ် ထင်သလား'

'မင်းကို နှုတ်ဆက်မှာပေါ့'

'ဒါနဲ့များ မင်းက ငါ့ကို မျက်နှာကို မဝယ်နိုင်ဘူးလေး ဘာလေးနဲ့'

ရဲမြတ်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းသည်။

'အဲဒါ မင်းကို မျက်နှာလုပ်တာ၊ မင်းမှာ မျက်နှာရှိတာနဲ့ မင်းကို မျက်နှာလုပ်တာ တခြားစီပဲ၊ မျက်နှာဆိုတာ သိက္ခာနဲ့ လုပ်ရပ်နဲ့ တည်ဆောက်ရတာ၊ မင်း ကမ္ဘာ့အချမ်းသာဆုံး နံပါတ်တစ် ဘယ်သူလဲ သိလား'

ဇော်နန္ဒ မျက်မှောင်ကြုတ်သည်။

'ဘီလ်ဂိတ် မဟုတ်ဘူးလား'

ရဲမြတ် ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ'

'ငါလည်း မသိဘူး'

ဇော်နန္ဒ အသံမထွက်အောင် ဆဲသည်။ ရဲမြတ်က ရယ်သည်။

'အဲဒါ ပြောတာလေ၊ ဘီလ်ဂိတ်က 'တစ်' ဖြစ်ဖူးတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ 'တစ်' ကနေ ပြုတ်ကျသွားတာ ကြာလှပြီ၊ ဒါပေမဲ့ မင်းရော၊ ငါရော သူ့ကို သိတယ်၊ အခု ဘယ်သူ အချမ်းသာဆုံးလဲလို့ ဆိုတာ မသိဘူး၊ ဒါဆိုရင် ဘီလ်ဂိတ်က အခု ကမ္ဘာ့နံပါတ်တစ် သူဌေးထက် ဘာလို့ ပိုမျက်နှာရှိနေရသလဲ'

ဇော်နန္ဒ ပခုံးသာ တွန့်ပြသည်။ ရဲမြတ်က ဆက်ပြောသည်။

'သိက္ခာနဲ့ လုပ်ရပ်ကြောင့်ကွ၊ ဘီလ်ဂိတ်က ၇၅ ဘီလီယံ ချမ်းသာဖူးတယ်၊ အဲဒီတုန်းက သူ့အသက် ၄၀ ကျော်ပဲ ရှိသေးတယ်၊ သူ့မှာ 'မရင်ဒါ' ဆိုတဲ့ မိန်းမနဲ့ ကလေးတွေလည်း ရှိသေးတယ်၊ ကလေးတွေအတွက် အမွေမထားခဲ့ဘဲ ထိုင်လှူနေတာ မောင်၊ သူ့စည်းစိမ် တစ်ဝက်လောက် ပြုတ်နေပြီ၊ မိန်းကလည်း မငြိုငြင်တဲ့အပြင် တက်ညီလက်ညီပဲ၊ 'ဘီလ်နဲ့ မရင်ဒါ ဖောင်ဒေးရှင်း' လို့တောင် နာမည်ပေးထားသေးတယ်။ အဲဒါကြောင့် မျက်နှာ ရှိနေတာ'

ဇော်နန္ဒက မဲ့ပြုံးပြုံးသည်။

'မင်း စကားထဲမှာတင် ရှင်းနေတာပဲ၊ သူ ပိုက်ဆံရှိလို့ သူလှူတာ၊ လှူလို့ မျက်နှာရှိတာ၊ ဒါဆိုရင် မျက်နှာကို ငွေနဲ့ ဝယ်လို့မရဘူးဆိုတာ ဘယ်မှာ တုတ်လို့လဲ၊ အခုလည်း ငါ့အဖေ လှူနေတာ အများကြီး၊ ငါ ဆက်ခံတဲ့အခါကျရင် ငါလည်း လှူမှာပေါ့'

ရဲမြတ် ခေါင်းခါသည်။

'ပိုလို့ လှူနိုင်လို့ လှူတာနဲ့ ဘီလ်ဂိတ်နဲ့ သွားမနှိုင်းနဲ့ ဟိုက သူ့အတွက် သူစည်းစိမ်ခံစားဖို့ ဘာမှ စိတ်မကူးဘဲ ချလှူပစ်နေတာ။ အဲသည် စိတ်ဓာတ်ကို ပြောနေတာ၊ လှူနိုင်တာကို ပြောတာမဟုတ်ဘူး၊ ပြီးခဲ့တဲ့ နွေက မင်းနဲ့ငါ စင်ကာပူမှာ ချိန်းတာ မှတ်မိလား'

ဇော်နန္ဒက မဲ့ပြသည်။



'အေးလေ၊ ငါ ဒကာခံပါ့မယ် ဆိုတာတောင် ငါနဲ့လာ မတည်းဘဲ ဆမ်းမားဗျူးလို ဟိုတယ်အစုတ်မှာပဲ နေနေလို့ မင်းနဲ့ သိပ်တောင် မဆုံရဘူးလေ'

ရဲမြတ်က သက်ပြင်းချသည်။

'ဆမ်းမားဗျူးက မစုတ်ပါဘူးကွာ၊ ဒီက ထရိတ်ဒါးထက်တောင် ဈေးကြီးသေးတယ်၊ မင်းကမှ မိဘအိမ် ရှိလျက်သားနဲ့ ကာစီနို ကစားချင်လို့ စကိုင်းဗျူးသွားတည်းတာ၊ အဲဒီက တစ်ရက်ခက ဒီက ငါ့တစ်လခလောက်ရှိတယ် မောင်၊ မင်း ပိုက်ဆံနဲ့လည်း ငါ မတည်းချင်ပါဘူး'

ဇော်နန္ဒက ဘောလုံးကို ချိန်နေရင်းက

'ငါ့ပိုက်ဆံ ငါတောင်မှ မနှမြောတာ မင်းက နှမြောစရာလား'

ဟု ပြောသည်။

'နှမြောတာ မဟုတ်ဘူးကွ၊ စိတ်မလုံတာ၊ ဘီလ်ဂိတ် ဘာတွေလှူလဲ မင်း သိလား'

'ဘယ်သိမလဲ'

'ကာကွယ်ဆေးတွေကို လှူတာ၊ ကမ္ဘာ့ဆင်းရဲတဲ့ နိုင်ငံတွေက ငါးနှစ်အောက် ကလေးလေးတွေ သေနေတာ၊ သေနှုန်းကျဖို့ ကာကွယ်ဆေးတွေ လိုက်လှူတာ၊ တို့နိုင်ငံလည်း ပါတယ်၊ သူက အဲဒါတွေ လိုက်ပြီး စိတ်ပူပေးနေတဲ့အချိန်မှာ မင်းတည်းတဲ့ ဟိုတယ်တစ်ရက်ခက ကလေးလေး အယောက် ၅၀၀ ကာကွယ်ဆေး ထိုးပေးလို့ရတာ ငါသိထားတော့ ဘယ်လိုလုပ် စိတ်လုံနိုင်မှာလဲ'

ဇော်နန္ဒ 'အောင့်ခနဲ' မခံချိ မခံသာ ဖြစ်သွားသည်။

ရုတ်တရက် ဘာပြန်ချေပရမည် မသိ၊ ခဏနေမှ ဘောလုံးကို တစ်ချက် ထိုးထည့်လိုက်ပြီး ရဲမြတ်ဆီ လျှောက်သွား၍ ရဲမြတ်ပခုံးကို ဖွဖွ ပုတ်သည်။

'ရဲမြတ် ရဲမြတ်၊ ငါ့အတိတ်ကံနဲ့ ငါဖြစ်လာတာပါကွာ၊ မင်း ကြည့်ရတာ မုဒိတာ မပွားနိုင်သလိုပဲ'

ရဲမြတ်က ခပ်ထေ့ထေ့ ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဆိုးရင်လည်း ဆိုး သူငယ်ချင်း၊ မင်းကို မုဒိတာ ပွားဖို့ မပြော နဲ့ ငါ အားတောင်မကျဘူး၊ ငါ သိပ်မပြည့်စုံတာ မှန်ပေမယ့် ငါ မင်း အဖေလိုလည်း မပြည့်စုံချင်ဘူး'

'ဘာဖြစ်လို့လဲ'

'ငါက ငါ့သားသမီးတွေကို အခု ငါပြောတာတွေ နားလည်စေချင် တာ၊ ငါ ခံယူသလို ခံယူစေချင်တာ၊ မင်းအဖေလို ငါပြည့်စုံရင် အဲဒါ ငါ ဘယ်လိုမှ မလုပ်နိုင်လောက်ဘူး ထင်တယ်၊ မင်းလို သားမျိုးပဲ ရမှာ ပဲ'

ဇော်နန္ဒ နောက်တစ်ချက် အောင့်သွားပြန်ပါသည်။

[ ၂ ]

မြန်မာစကားသံ ကြားလိုက်ရ၍ ဇော်နန္ဒ ကြက်သေ သေသွားသည်။ စင်ကာပူသွားလျှင် မြန်မာစကား ကြားရတာ ဘာမှ အဆန်းမဟုတ်။ နေရာတိုင်းမှာ မြန်မာတွေရှိနေ၊ မြန်မာလို ပြောနေကြသည်သာ ဖြစ်သည်။

ယခုက ဟောင်ကောင်မှာ။

ဟောင်ကောင်ကို ဇော်နန္ဒ ဒါ ပထမဦးဆုံးအကြိမ် ရောက်ဖူးတာ ဖြစ်သော်လည်း ဖေဖေ့လို လူမျိုးမှာတောင် ဟောင်ကောင်မှာ သူသွား တည်းရသည့် မိတ်ဆွေ တစ်ယောက်မှ မရှိတာကို ထောက်လျှင် ဟောင် ကောင်မှာ ဘယ်လောက် မြန်မာရှားမှန်း သူ ရိပ်မိသည်။ သည်တော့ မြန်မာစကားသံ ကြားရတာ အံ့ဩစရာ။

အထူးသဖြင့် အခု ရောက်နေသည့် တိုင်းမ်စကွဲလို နေရာမျိုး။

ဟောင်ကောင်၏ စီးပွားရေး အချက်အချာ ရပ်ကွက်၊ မြန်မာတွေ နှင့် ဆိုစရာအကြောင်း သိပ်မရှိဟု သူထင်သည်။

လှည့်ကြည့်လိုက်တော့ အသားလတ်လတ်၊ ဆံပင်ရှည်ရှည်တို့ နက်မှောင် ဖြောင့်စင်းစွာ ပခုံးပေါ် ဝဲကျနေသည့် အသက် ၂၅ ခန့် မိန်းကလေးတစ်ဦးကို တွေ့ရသည်။ သူ့နံဘေးမှာလည်း မြန်မာပဲ ဖြစ်ဟန် တူသူ အသက် ၃၀ ကျော်ခန့် အမျိုးသားတစ်ဦးကို တွေ့ရသည်။



မိန်းကလေးက ဂျင်းဘောင်းဘီအကျပ်၊ တီရှပ်လက်ပြတ်၊ အပေါ်က ရင်ကွဲကုတ်အင်္ကျီလေးကို ဝတ်ဆင်ထားသော်လည်း သပ်ရပ်လှပသော ကိုယ်လုံးကလေးက ထင်းနေသည်။

မျက်နှာကလေးကလည်း လှတာပဲ။ တစိမ့်စိမ့် ထိုင်ငေးကြည့်ရမည့် အလှမျိုး။ မြန်မာပြည်မှာတုန်းက ငါ ဒီမိန်းကလေးနဲ့ ဘာလို့ တစ်ခါမှ မဆုံဖြစ်ခဲ့ပါလိမ့်။ ဟိုကောင်က သူ့ထက်လည်း ၁၀ နှစ်လောက် ကြီးမယ့် ပုံ၊ ရုပ်ကလည်း ဆိုးသေး၊ ချစ်သူတွေ ယောကျ်ားတွေတော့ မဖြစ်လောက် ဘူး ထင်တယ်။

'ထားထားရယ် နင်ရွှေးလိုက် လျှောက်လိုက် လုပ်နေတာကိုက နှစ်နာရီလောက်ရှိနေပြီ၊ ငါလည်း ခြေတော်တော် တိုနေပြီ၊ နင် မကြိုက် သေးရင်လည်း နောက်တစ်ခေါက်မှ ရှာပါတော့လား'

မိန်းကလေးက သွားတက်ကလေး ပေါ်အောင် ရယ်သည်။

'ဘယ်အချိန် သွားရှာမလဲ အစ်ကိုကြီး ကိုယဉ်ထွန်းရဲ့၊ အစ်ကိုကြီး က မနက်ဖြန်ပဲ မြန်မာပြည် ပြန်တော့မှာ၊ ညီမက လက်ဆောင်ကို အစ်ကိုကြီးနဲ့ ထည့်ပေးလိုက်ချင်တာ'

'နင်လည်း နှစ်လပဲ ကျန်တော့တာပဲ၊ နောက်မှ ဝယ်ပြီး နင်ပြန်လာမှ ယူလာတော့ဟာ'

ဟုတ်ပြီ။ သည်နှစ်ယောက် သာမန်မိတ်ဆွေတွေ သို့မဟုတ် မောင်နှမတွေသာ ဖြစ်ရမည်။ မောင်နှမတောင် မဟုတ်လောက်ဘူး ထင်တယ်၊ ဒီရုပ်နဲ့ ဒီရုပ်။

တွေးရင်းက ဇော်နန္ဒ ခိုးရယ်မိလိုက်သည်။

ဟိုပုဂ္ဂိုလ်တော့ သူတွေးနေတာသိလျှင် ဘယ်လောက်များ စိတ်ဆိုး လိမ့်မည် မသိ။ ဇော်နန္ဒ မယောင်မလည်နှင့် သူတို့နှစ်ယောက်နားမှ ကပ်၍ လျှောက်လိုက်သွားသည်။

'အစ်ကိုကြီးက အားကြီး ညည်းတွားတာပဲ၊ ဒါကြောင့် လူပျိုကြီး ဖြစ်နေတာ'

သေချာပါပြီ။ သူတို့နှစ်ယောက် ဘာမှမဆိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ နောက်က လိုက်နေရင်း သူတို့က သံလမ်းပြေး ကားပေါ် ပြေးတက်သွားပါသည်။

ဇော်နန္ဒ အပြေးတစ်ပိုင်း လိုက်သွားသော်လည်း သံလမ်းပြေး ကားတံခါး ပိတ်တာကို မမီလိုက်သဖြင့် ကျန်နေခဲ့သည်။

တောက် တော်တော်ကပ်စေးနှဲတဲ့ကောင်၊ ဒီလောက် တက္ကစီတွေ ဈေးပေါတဲ့ မြို့မှာတောင် ဒီလောက်လှတဲ့ မိန်းကလေးကို ဒီလောက် ဈေးပေါတဲ့ ဘတ်စ်ကားပေါ် တင်ခေါ်သွားတယ်။

အင်းလေ ယဉ်ထွန်းတဲ့၊ နက်ဖြန် မြန်မာပြည် ပြန်မယ်။ ကောင်မလေးက ထားထား၊ နှစ်လနေရင် မြန်မာပြည် ပြန်မယ်။

သူ အကုန်မှတ်မိလိုက်သည်။

အသိုင်းအဝိုင်း ခွန်အားကြီးသော သူ့အဖို့ ကျန်တာ ဆက်စုံစမ်းဖို့ မခက်လှဘူးဟု ထင်သည်။

[ ၃ ]

အံ့အားသင့်စရာ တိုက်ဆိုင်မှု တစ်ရပ် ထပ်တွေ့ရပြန်သည်။

ယဉ်ထွန်းဆိုတာက ရဲမြတ်တို့ ကွန်ပျူတာ ကုမ္ပဏီက မန်နေဂျာတဲ့၊ ထားထားကလည်း လက်ထောက် မန်နေဂျာ ကလေးတဲ့၊ ရဲမြတ်တို့ ကုမ္ပဏီက အစီအစဉ်နှင့် ဟောင်ကောင်မှာ လုပ်ငန်းခွင် လာလေ့လာနေတာတဲ့။ ရပြီ။

ဟောင်ကောင် ဗီဇာက ကြာကြာနေ၍မရသဖြင့် ဇော်နန္ဒ ပြန်ခဲ့ရသည်။ ရဲမြတ်ဆီက တစ်ဆင့် ချဉ်းကပ်ဖို့ စဉ်းစားသေးသည်။ သို့သော် ထိုစိတ်ကူးကို ဖျက်လိုက်သည်။ ရဲမြတ်က သူ့သူငယ်ချင်း ဆိုပေမယ့် သူ့ကို အထင်ကြီးသူ မဟုတ်။ ကောင်မလေးကို သူ့ဘက်က ပြောပေးမည့် လူစားမျိုး မဟုတ်။

ကောင်မလေး ပြန်လာဖို့ကလည်း နှစ်လ လိုသေးသည်။ သည်ကြား ထဲမှာ စဉ်းစားချိန် ရသေးသည်။ လောလောဆယ် လာကပ်နေသော



မော်ဒယ် မင်းသမီး ပေါက်စကိုလည်း ခွာချရဦးမည်။ ထားထား အကြောင်းလည်း လေ့လာရဦးမည်။

တကယ်တော့ ထားထားအကြောင်း သူ ဘာမှ မသိ။

သူ ဘာမှ မသိသော မိန်းကလေးက ဘာကြောင့် သည်လောက် ချစ်စရာ ကောင်းနေသလဲက ပို၍ အံ့ဩဖို့ ကောင်းသည်။

ခဏလေး မြင်ဖူးရုံနှင့် သည်မိန်းကလေးကို သူ ဘာကြောင့် သည်လောက် စွဲလမ်းသွားရသည်ကို မသိ။ အဲဒါ အချစ်လားဟု မေးလျှင်လည်း 'မသိ' ဟုသာ သူ ဖြေရမည်။

သူ သိတာက ထားထားကို သူလိုချင်သည်။ သူ့ဘဝမှာ သူလိုချင်သည့် အရာတွေ မရခဲ့ဖူးတာ တစ်ခုမှ မရှိဖူးသေးဟု သူ ထင်သည်။ သည်တစ်ခါလည်း သူ ရရမည်။ ရဲမြတ် မှားသွားရမည်။

[ ၄ ]

ထားထား ပြန်ရောက်တော့ ရဲမြတ်က မန္တလေးရုံးခွဲသို့ ပို့လိုက်သတဲ့။ မိုက်လိုက်တဲ့ ကောင်၊ သည်လောက် လှသည့် မိန်းကလေး၊ သူသာဆို အနားမှာပဲ ခေါ်ထားမှာပဲ။ ရဲမြတ်ကလည်း လူပျို့ပဲ။

တစ်ခုတော့ ရှိသည်။

ရဲမြတ်က သူ့ပိုင်ရှင် သူဌေးသမီး ဝေဝေနှင့် တော်တော်ပြေလည် နေသည်ဟုလည်း ကြားသည်။ သူဌေးကလည်း ရဲမြတ်နှင့် သဘောတူ သတဲ့။ ဒါလည်း အံ့ဩစရာ။ သူတို့ ကြွယ်ဝမှုက ဇော်နန္ဒ ဖခင်နှင့်စာလျှင် နိမ့်သာပေမယ့် ရဲမြတ်လိုကောင်နှင့်တော့ သဘောတူလောက်စရာ မရှိဘူးဟု သူထင်သည်။ ပြီးတော့ ဝေဝေက ၁၉ နှစ်ပဲ ရှိသေးသည်။ သမီးကို တုန်တက်နေမြောနေရမည့်အစား မိဘနှစ်ပါးစလုံးက 'ရဲမြတ်' ဖြစ်နေကြသတဲ့။

ဇော်နန္ဒ ပခုံးသာ တွန့်မိသည်။

ထားထားကို လွှဲ၍ပဲ ရဲမြတ်နှင့်ဝေးရာ သူတို့ပဲ ပို့ကြသလား မသိ၊ ဇော်နန္ဒကတော့ မန္တလေးသို့ တက်ဖို့ ပြင်ဆင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



| ၅ |

အရောင်းစာရေးမလေးက မျက်စိပျက် မျက်နှာပျက်နှင့် ခဏလေး စောင့်ပါရှင်၊ ကျွန်မ မန်နေဂျာကို ခေါ်ပေးပါ့မယ်ဟုပြော၍ အထဲဝင် သွားသည်။ ဇော်နန္ဒက အနားမှာရှိနေသော ကွန်ပျူတာ မော်နီတာ အလုံးတစ်ခု၏ အမိုးကို တတောက်တောက်နှင့် ခေါက်၍ ဆော့ကစား နေသည်။

စောစောက ကောင်မလေးက မန်နေဂျာမလေးကိုခေါ်၍ ပြန်ထွက် လာသည်။

ဟုတ်ပ၊ ထားထားပါပဲ။

ပိုလှလာပါလားကွယ်။

ချပ်ရပ်သော စကဒ်ထဘီအရှည် အစိမ်းရောင်၊ ဘလောက် အဖြူ ရောင်၊ ကုတ်အစိမ်းရောင်တို့မှာ လှပသပ်ရပ်သော ကိုယ်လုံးကလေးနှင့် လိုက်ဖက်လှသည်။ ထူထဲသော မျက်ခုံးများအောက်က လှပသော မျက်ဝန်းများတွင်တော့ ထူးဆန်းသော အရိပ်တချို့ ဖြတ်ပြေးသွား ပါသည်။

'ဘာများ ကူညီရပါ့မလဲ အစ်ကို'

ဇော်နန္ဒ ပခုံးတွန့်ပြသည်။

'အိုင်ပက်ဗျာ၊ ဒီက မိန်းကလေးက မရှိဘူး ပြောနေတယ်၊ မှာပေး လို့ မရဘူးလား၊ မှာခပါ ပေးဆိုပေးမှာပေါ့'

ထားထားက ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

'အက်ပဲလ် ကုမ္ပဏီက အိုင်ပက်တွေကို ကြော်ငြာရုံပဲ ကြော်ငြာ ပေးတာပါရှင်၊ ဒီနှစ်ကုန်မှ အမေရိကားမှာ စဖြန့်မှာပါ၊ အာရှတို့ ရောက်မယ့်အချိန် မသိသေးပါဘူး၊ မှာဖို့ မဖြစ်နိုင်သေးပါဘူး'

ဇော်နန္ဒ နည်းနည်း ရှက်သွားသည်။ ဂျာနယ်ထဲက သတင်းကို လုံးစေ့ပတ်စေ့ မဖတ်ခဲ့မိခြင်းအတွက် နောင်တ ရသွားမိသည်။

'အစ်ကိုက တက်ပလက် လိုချင်တာလား'

'တက်ပလက် အဲဒါ ဘာကိုပြောတာလဲ'

ထားထား မျက်နှာ တစ်မျိုးဖြစ်သွား ပြန်သည်။



'တပ်ချ်စကရင် သုံးတဲ့ သယ်သွားရတာလွယ်တဲ့ ကွန်ပျူတာ သေးသေးကလေးတွေကို ပြောတာပါ'

'အိုင်ဖုန်း လိုလား'

'ဟုတ်ကဲ့ သဘောချင်း တူပါတယ်၊ အိုင်ဖုန်းက အက်ပဲလ်အော့စ်ကို သုံးတာပါ၊ အိုင်ပက် ထွက်လာရင်လည်း အက်ပဲလ်ပဲ ဖြစ်ပါမယ်။ တခြား ကုမ္ပဏီတွေကတော့ အခု ပေါ်လာတဲ့ အင်ဒရွိုက်ဆိုတဲ့ အော့စ်ကို သုံးတာပါ၊ အစ်ကိုက ဘာအတွက် သုံးချင်တာလဲ မသိဘူး၊ အင်တာနက် ကြည့်ရှုသက်သက် ဆိုရင်တော့ နက်ဘွတ်စ်ကလေးတွေလည်း မဆိုးပါ ဘူး။ စျေးလည်း သက်သာပြီး ပေါ့ပါးပါတယ်၊ အိုင်ပက်ပဲ လိုချင်တယ်၊ တဲ့အခါ အကြောင်းကြားပေး ဆိုရင်လည်း ဖုန်းနံပါတ် ပေးခဲ့ပါရှင်'

ဇော်နန္ဒ ပခုံးတွန့်ပြ၍ ဘောင်းဘီအိတ်ထဲက လိပ်စာကတ်ပြား ကလေး ထုတ်၍ လှမ်းပေးသည်။

'ကောင်းသားပဲ အစ်ကိုလည်း လာလာစုံစမ်းပါမယ်၊ ညီမနာမည်က'

'ထားထားပါ'

ထားထားက လိပ်စာ ကတ်ပြားကလေး တစ်ခု ပြန်ပေးသည်။ ပြီးတော့ ဇော်နန္ဒ၏ ကတ်ပြားကို ယူဖတ်ကြည့်ပါသည်။

ဇော်နန္ဒ ဆိုင်ရှေ့တွင် ရပ်ထားသော လင်ခရူဇာကားဆီ ပြန် ထွက်တော့ ထားထားက ကိုယ်တိုင် လိုက်ပို့သည်။

အရောင်းစာရေးမလေးကို နေခဲ့ဟု မျက်ရိပ်ပြခဲ့သည်။

ကားနားရောက်တော့ ဇော်နန္ဒက ပြုံး၍ လှည့်ကြည့်သည်။

'ထားထားက သိပ်လုပ်ငန်း နားလည်တာပဲ ခင်စရာလည်း ကောင်း ပါတယ်။ အစ်ကို့ကိုလည်း မိတ်ဆွေလို သဘောထားပါလား'

ခသိမသာ ခေါင်းညိတ်ပြသည်။

ဇော်နန္ဒက ခြေတစ်လှမ်း တိုးကြည့်သည်။

'တစ်ခါတလေ ကော်ဖီလေး ဘာလေး အတူ သွားသောက်ရင်း စကားပြောဖို့ လာခေါ်ချင်တယ်၊ ဖြစ်နိုင်မလားဟင်'

ထားထားက မဲ့ပြုံးကလေးနှင့် ဖြည်းညင်းစွာ ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

ထားထားက အကြာကြီး ငြိမ်နေသည်။ ပြီးမှ တိုးတိုးပြောသည်။

'အစ်ကို ဘာကွန်ပျူတာမှ မလိုချင်ပါဘူး'

'ထားထား ဘာပြောတာလဲ'

'စောစောက ကျွန်မ ပြောနေတာတွေ အစ်ကို တစ်ခုမှ နားမလည်ဘူး မဟုတ်လား'

ဇော်နန္ဒ ချက်ကောင်း ထိသွားပါသည်။

ဘာပြောရမည် မသိ။

'နားလည်လည်း အစ်ကို ဒီဆိုင်က စောင့်ဝယ်စရာ မလိုပါဘူး။ အစ်ကိုက ရန်ကုန်မှာ အနေများတာ၊ လိုချင်တဲ့ ပစ္စည်းကို ကိုယ်တိုင် ထွက်ရှာစရာလိုတဲ့ လူလည်း မဟုတ်ဘူး။ ပြီးတော့ ကျွန်မတို့ ကုမ္ပဏီက အိတ်ဇက်ကတစ်ဖ် ကိုရဲမြတ်ရဲ့ သူငယ်ချင်းလည်း ဖြစ်သေးတယ်၊ လိုချင်ရင် သူ့ကို မှာရုံပဲ၊ အစ်ကို ဒီကို ဘာရည်ရွယ်ချက်နဲ့ လာတာလဲ'

ဇော်နန္ဒ မျက်နှာထားရ ခက်သွားပါသည်။

'ထားထားက အစ်ကို့ကို သိနေတာလား'

ထားထားက ပခုံးတွန့်ပြသည်။

'သိလို့ ပေါင်ကောင်မှာ အစ်ကို လိုက်လာတုန်းက ကျွန်မ 'ထရပ်' ကားပေါ် ပြေးတက် လိုက်တာပါ။ အစ်ကို မိဘပိုက်ဆံ သုံးဖြုန်းပြီး ဘယ်လို ပျော်ပျော်နေတတ်တယ် ဆိုတာလည်း ကျွန်မ သိပါတယ်၊ ကျွန်မက မိဘ မပြည့်စုံပေမယ့် ပညာကို ကြိုးစား သင်ယူပြီး သိက္ခာရှိရှိ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခု လုပ်နေတဲ့ မိန်းကလေးပါ။ အစ်ကိုနဲ့ ကော်ဖီဆိုင်မှာ တွဲလျက် အတွေ့ခံဖို့ မပြောနဲ့၊ အခုဆိုင်ရှေ့မှာ အကြာကြီးစကား ပြောရမှာတောင် ကျောမလုံပါဘူး၊ ကျွန်မကို ခွင့်ပြုပါဦး'

ထားထားက ပြောပြောဆိုဆို ဆိုင်ထဲ ချာခနဲ လှည့်ဝင်သွားရာ ဇော်နန္ဒ ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့ပါသည်။



[ ၆ ]

'လူဝါးဝလို့ကွာ သူက ဘာသားနဲ့ ထုထားလို့လဲ၊ မင်းလိုကောင်မျိုးက စိတ်ဝင်စားတာ သူက ပျော်နေရမှာ'

အရက်အတူ သောက်နေသော သူငယ်ချင်းက မှတ်ချက်ပေးသည်။ သည် သူငယ်ချင်းက ခါတိုင်းလည်း သည်လိုပဲ သူတိုက်သည့် အရက်ကို သောက်၍ သူ့ကို လိုက်ပင့်မြှောက် ပြောနေကျ။ သည်တစ်ခါတော့ အဲဒီ တောင် သံယောင်လိုက်သော စကားက သူ့နားမှ မချိုပါ။

'ဟေ့ကောင် စကားကြည့်ပြောကွာ၊ အဲဒါ ငါ တန်ဖိုးထားတဲ့ မိန်းကလေးကွ'

'ဝေလေလေ' သူငယ်ချင်း နည်းနည်း မျက်နှာ ပျက်သွားသည်။

'ဆောရီး ဆောရီး ဒါဆိုလည်းကွာ ငါပြောပြမယ်၊ သူ စနေနေ့တိုင်း မှာ တောင်မြို့က ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ကလေးတွေကို အင်္ဂလိပ်စာ သွားသင်ပေးတယ်၊ မင်း အဲဒီကိုလိုက် ကားနဲ့ ကြိုကြည့်ပါလား'

ဇော်နန္ဒ တွေးတွေးဆဆ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

[ ၇ ]

ထားထား စာသင်ပြီးချိန်ကို ကားထိုး၍ စောင့်မိသော ဇော်နန္ဒ တကယ် ကျောင်းလွှတ်ချိန်တွင် ထားထားနှင့် ဆုံပင် မဆုံရပါ။

'ဆရာတော် ခေါ်တယ်'

ဟု ကျောင်းသားလေး တစ်ယောက် လာခေါ်သဖြင့် ကျောင်းပေါ် ရောက်နေ၍ ဖြစ်ပါသည်။

'ဒကာလေးကားကိုလည်း လူတိုင်း သိတယ်၊ ဒကာလေးကိုလည်း လူတိုင်း သိတယ်၊ ဒကာလေး အကြောင်းကိုလည်း လူတိုင်း သိတယ်၊ ဒီက ဆရာမလေးတွေနဲ့ ပရဟိတ စာသင်ဝိုင်းလေး သိက္ခာ ညှိုးနွမ်းအောင် မလုပ်ပါနဲ့ ဒကာလေးရယ်၊ ဒကာလေး ပြန်ပါ၊ နောက်လည်း မလာပါနဲ့'

www.burmeseclassic.com



ဆရာတော်က ပြတ်ပြတ် မှတ်ချက်ချ နှင်ထုတ်တော့ ဇော်နန္ဒ မျက်နှာတစ်ခုလုံး ထူပူသွားသည်။

'တပည့်တော်က အရှင်ဘုရားကို စေတနာ စာသင်ခန်းလေး တစ်ခု ကို လှူဒါန်းချင်လို့ လာတာပါ ဘုရား'

ဆရာတော်က ခေါင်းခါသည်။

'ဒကာလေး စေတနာ ဖြူလား၊ မဖြူလား ဒကာလေးလည်း သိတာပဲ၊ ဘုန်းကြီးလည်း သိတာပဲ၊ ပြန်သာပြန်ပါ ဒကာလေးရယ်'

ဇော်နန္ဒ ရှက်ရှက်နဲ့ ထပြန်ခဲ့ ရပါသည်။

[ ၈ ]

တစ်လ၊ နှစ်လ၊ သုံးလ။

မန္တလေးက ပြန်မလာသော သားကို ခါတိုင်း ဘာသိဘာသာ နေတတ်သော အဖေပင် သတိထားမိပြီး သား ဘာလုပ်နေတာလဲဟု လှမ်းမေးနေပြီ။

ဘာမှလည်း တိုးတက်မလာခဲ့။ ရင်းရင်းနှီးနှီး စကားပြောခွင့်ပင် မရ။

ပို့လိုက်သမျှ လက်ဆောင်ပစ္စည်း အားလုံးလည်း မန္တလေးရှိ ဇော်နန္ဒ လိပ်စာနှင့် အကုန် ပြန်ရောက်လာသည်။

'အသည်းကွဲ နေတာတဲ့ကွ'

မန္တလေးသား သူငယ်ချင်းတစ်ဦးက စုံစမ်းလာပြီး ပြောပြသည်။

'ဘာဖြစ်လို့လဲ'

'မင်း သူငယ်ချင်း ရဲမြတ်ကို ကြွေတာတဲ့'

ဇော်နန္ဒ မခံချင်စိတ် ထောင်းခနဲ ဖြစ်သွားသည်။

'ဘာလဲကွ ရဲမြတ်က ဝေဝေနဲ့ ယူပဲယူတော့မှာ'

'အဲဒါကြောင့် အသည်းကွဲ နေတာပေါ့ကွ၊ ရဲမြတ်ကို သူ ဆုံးရှုံးရ ပေမယ့် ရဲမြတ်လို လူမျိုးကို အထင်ကြီး လေးစားတဲ့ မိန်းကလေးက မင်းကိုတော့ စဉ်းစားမှာ မဟုတ်ဘူး။ မင်းတို့နှစ်ယောက်က တစ်ပုံစံ ဟာ၊ ထားလိုက်ပါတော့ကွာ'



ဇော်နန္ဒ တက်ခေါက်မိသည်။

မင်းမျက်နှာကို မင်းပြန်ဝယ်လို့ မရဘူးဆိုသည့် ရဲမြတ်၏ စကားသံ ကို ပြန်ကြားယောင်မိသည်။

မျက်နှာဆိုတာ သိက္ခာနဲ့ လုပ်ရပ်နဲ့ တည်ဆောက်ရတာတဲ့။ ဆက်ပြောနေခဲ့သေးသည်။

တောက် ဒီကောင်ပဲ တားနေသလား မသိ။

ဘာမှ မတတ်နိုင်တော့တာတော့ သေချာလှသည်။

ဇော်နန္ဒ သက်ပြင်းချ၍ ခုံပေါ်တွင်သာ စိတ်ပျက်လက်ပျက် ထိုင်ချ ထိုက်မိတော့သည်။

**Family**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

အခန်း ကျဉ်းကျဉ်းကလေးထဲမှာ စတီတ်ရှိုးတွေမှာ သုံးသည့် အသံချဲ့စက်မျိုးတွေ တပ်ဆင်ထားသဖြင့် ဆူညံနေသည်။

စတီတ်ရှိုးနှင့် မတူတာကတော့ ဆိုနေသူတွေက အသံမကောင်းတာပါပဲ။ 'အကူဆို' ဆိုပြီး လာထိုင်နေသည့် မိန်းကလေးအများစုက အသံကောင်း ကြသော်လည်း ကိုလှိုင်မြင့်တို့ အဖွဲ့ကတစ်ယောက်မှ အသံမကောင်း။

ကောင်းမလား။

အားလုံး အသက်လေးဆယ်ကျော်မှ စ ဆိုသူတွေချည်း။ ပြီးတော့ သောက်ကလည်း သောက်ထားကြသေးသည်။ ဗိုက်အင့်လောက်အောင်ကလည်း စားထားကြသေးသည်။ သည်ကြားထဲမှာ မိန်းကလေးတွေက ဗိုက်ဆာနေပြီဟု ပြောကာ ထပ်မှာကြတာတွေကလည်း ရှိသေးသည်။

မှောင်ပျပျ ဆူညံနေသော အခန်း၏ တံခါးကလေး ပွင့်ကာ စားပွဲထိုးလူငယ်တစ်ဦး ဝင်လာသည်။ အစွန်ဆုံးမှာ ထိုင်နေသည့် မိန်းကလေးကို နားနားကပ်၍ တိုးတိုး ပြောသည်။ မိန်းကလေးက ကိုလှိုင်မြင့်ဘက်လှည့်၍ နားနားကပ်၍ တိုးတိုးပြောသည်။

'ဦးတို့ထဲမှာ ဦးလှိုင်မြင့်ဆိုတာ ရှိသလားတဲ့'

'ရှိတယ်၊ ဦးပဲ ဘာဖြစ်လို့လဲ'



'မိန်းကလေးတစ်ယောက် အပြင်မှာ လာစောင့်နေတယ်တဲ့၊ အသက် ၁၇-၁၈ နှစ်လောက်တဲ့၊ 'ယု'လို့ ပြောပေးပါတဲ့'

ကိုလှိုင်မြင့် စိတ်အိုက်သွားသည်။ အေး အေးဟု ဆိုကာ နေရာမှ ထဟန်ပြင်သည်။ သီချင်းတစ်ပုဒ် ဆုံးသွားသဖြင့် အသံတွေ ခဏငြိမ်သွားတာနှင့် တိုက်ဆိုင်သွားသဖြင့် မေးသံတွေ၊ ဟိုမိန်းကလေးက ဖြေသံတွေ ထွက်လာသည်။

'ကိုလှိုင်မြင့် ဇွလုချည်လား'

လျှာလေးအာလေးနှင့် တစ်ယောက်က အော်သည်။ သမီးတို့ကို ဝင်မသွားနဲ့နော်ဟု မိန်းကလေးတစ်ယောက်က သံယောင်လိုက်သည်။ ကိုလှိုင်မြင့် မျက်နှာတစ်ခုလုံး သွေးတို့ ဆူပွက် ပူထူသွားသည်။

'အိမ်က သမီး လိုက်လာတာဗျ'

ကျယ်ကျယ် လှည့်ပြောလိုက်သော်လည်း နောက်သီချင်းတစ်ပုဒ်စနေ၍ တူရိယာသံများ ဆူညံစွာ ထွက်ပေါ်လာသဖြင့် ကြားကြပုံမပေါ်။

| ၂ |

'သမီး ဘာလို့ လိုက်လာရတာလဲ'

ကိုလှိုင်မြင့် လေသံမာနှင့် မေးတော့ သမီးက နှုတ်ခမ်းကိုတင်းအောင်စေ့ထားသည်။ အသက် ၂၀ မှာ အိမ်ထောင်ကျခဲ့တော့ အသက်လေးဆယ်ကျော်မှာတင် အပျိုအရွယ် သမီးတစ်ယောက် ရှိနေခြင်းသည် မိသားစုဘဝကို ခုံမင်သည့် ဖခင်တစ်ယောက်အတွက် ဂုဏ်ယူစရာဖြစ်ကောင်းဖြစ်မည် ဖြစ်သော်လည်း မိသားစုနှင့် ခွဲနေနေပြီး ဘဝကိုပျော်သလို ကူးခတ်နေသည့် ကိုလှိုင်မြင့်လို လူမျိုးအတွက်တော့ တစ်ခါတစ်ရံ မသက်သာစရာ ဖြစ်ရပါသည်။

'မေမေ နေမကောင်းဘူး ဖေဖေ'

ကိုလှိုင်မြင့် စိတ်ထဲက ကျွတ်ခနဲ ရေရွတ်မိသည်။

'သမီးကို မေမေ လွှတ်လိုက်တာလား'

သမီးက နှုတ်ခမ်းကို စေ့၍ ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ မသိပါဘူး၊ သမီးလည်း ဖေဖေ့ဆီ လိုက်လာတာ မဟုတ်ပါဘူး၊ ဒီလမ်းထဲက ဓာတ်ခွဲခန်းမှာ မေမေ့အသားစ အဖြေ လာရွေးတာ၊ ဖေဖေ့ကား ဒီဆိုင်ထဲမှာ ရပ်ထားတာတွေ့လို့ ဝင်လာတာ'

ကိုလှိုင်မြင့် ပါးစပ် ဟသွားသည်။ အသားစ အဖြေ၊ ဟုတ်သလား ဟုလည်း မေးမိသည်။

'ဟုတ်တယ် မေမေ သွေးတွေ ဆင်းဆင်းနေတာ၊ အစကတော့ သွေးဆုံးခါနီးလို့ပဲထင်တာ၊ ၄ ၅ လ ဆက်လာတော့ ကြောက်ပြီး အိုဂျီ သွားပြတာ၊ အိုဂျီက အောက်ကနေခြစ်ပြီး အသားစအဖြေ ပို့ထားတာ'

'ဘာတွေ့လဲ'

'သမီးလည်း ဘယ်ဖတ်တတ်မလဲ၊ ကင်ဆာ မဟုတ်ဘူးလို့တော့ ပြောတာပဲ'

ကိုလှိုင်မြင့် စိတ်အိုက်သွားသည်။

သူ့ဇနီးနှင့် သူက တရားဝင် ကွာရှင်းထားတာ မဟုတ်ပေမယ့် ဆက်ပေါင်းနေ၍ မဖြစ်တော့ဟု နှစ်ယောက်စလုံးက လက်ခံပြီး သူက ကုမ္ပဏီရုံးခန်း အပေါ်မှာပဲ နေနေခဲ့တာ တစ်နှစ်လောက်ရှိပြီ။

မကွဲ၊ တကွဲ ဇနီးကျန်းမာရေးအတွက် စိတ်ပူလှသည် မရှိသော်လည်း အရွယ်မရောက်တရောက် သမီးလေးက အဲသည် စိတ်ညစ်စရာ ကိစ္စတွေ ဦးဆောင်ဖြေရှင်း ပေးနေရတာ တွေ့ရတော့လည်း စိတ်မကောင်းဖြစ်။

'ဖေဖေ ဘာလုပ်ပေးရမလဲ၊ သမီး ပိုက်ဆံလိုသေးလား၊ ဖေဖေ့မှာ ချက်စာအုပ် ပါတယ်'

သမီးက ပြုံးမဲ့မဲ့ဖြင့် သူ့ကို ပြန်ကြည့်သည်။

'ဖေဖေ ကိုယ့်ယောက္ခမကို ဘယ်သူဆိုတာ မေ့နေတယ် ထင်တယ်'

ရင်ထဲတွင် အောင့်ခနဲ ဖြစ်သွားသော်လည်း သမီးက ထိုသို့ ဖြစ်စေရန် ရည်ရွယ်ချက်နှင့် ပြောတာဖြစ်မှာဟု တွေးမိပြီး မသိချင်ယောင် ဆောင်လိုက်ရသည်။

'ဒါဆို သမီး ဖေဖေ့ကို ဘာလို့ လာပြောနေတာလဲ'

သမီးက အကြာကြီး ငြိမ်နေသည်။ ပြီးမှ တိုးတိုး ပြောသည်။



'ဖေဖေ့ကို ပြန်လာစေချင်လို့ပါ'

'ဘာရယ်'

'ဟုတ်တယ်၊ စိတ်ပူစရာ၊ စိတ်ညစ်စရာ တွေ့ရင် မိသားစု စုံစုံညီညီနဲ့ ရင်ဆိုင်ချင်တယ်၊ အပူတွေ မျှလိုက်ရင် နွေးရုံလောက်ကလေးပဲ ဆိုတော့ ခံသာတာပေါ့၊ ဖေဖေ မပါတဲ့ မိသားစုကို မိသားစု စုံစုံညီညီ လို့ သမီး ခံစားလို့ မရဘူး'

စကားတတ်သော သမီးကြောင့် ကိုလှိုင်မြင့် ဘာပြန်ပြောရမည်မသိ ဖြစ်သွားသည်။ ခဏနေမှ တိုးတိုး ပြန်ပြောသည်။

'သမီး ငယ်ပါသေးတယ်ကွယ်၊ ဖေဖေက အသက် ၂၀ ကတည်းက စိတ်ညစ်စရာတွေနဲ့ချည်းပဲ နေခဲ့ရတာ၊ ဖေဖေ ထွက်ပေါက် ပိတ်နေသလို ခံစားခဲ့ရတဲ့အချိန်တွေက အကြာကြီး၊ သမီးအမေက နေကောင်းနေတုန်းတလည်း ဖေဖေ့ကို စိတ်ညစ်စရာတွေပဲ အမြဲပေးနေခဲ့တာ၊ အခု ဘဝ အသစ်ကလေးမှာ ဖေဖေ ပျော်နေပြီ၊ ဖေဖေ ပြန်မလာချင်တော့ဘူး'

သမီးက ခေါင်းငုံ့၍ အံကြိတ်ပြီး အကြာကြီး ငြိမ်နေသည်။ ပြီးမှ တိုးတိုးကလေး သမီးသွားတော့မယ်ဟု ပြော၍ လှည့်ထွက်သွားသည်။

## [ ၃ ]

တွဲလောင်း ဆွဲထားသော သားရေ ခါးပတ်များကို တစ်ချောင်းချင်း ကြည့်ရင်း စဉ်းစားနေသော ကိုလှိုင်မြင့်ကို လျှပ်စစ်လှေကားမှ တက်လာသော စူဇန်က လှမ်းတွေ့တော့ ပြုံးပြီး အနားသို့ လျှောက်လာသည်။

'စီဒီတွေ ရွေးနေရင်းက ပျောက်သွားလို့ ဘယ်များ ရောက်သွားပါလိမ့်လို့ လိုက်ရှာနေတာ 'ကို' က ဒီမှာကိုး'

ကိုလှိုင်မြင့်က လှည့်ကြည့်၍ ပြုံးပြသည်။

'စူဇန် လိုချင်တာ ရလား'

စူဇန်က မဲ့ပြသည်။

'တခြားဆိုင်ပဲ သွားရအောင် ကိုရယ်၊ ဒီ ဟာတွေက 'အမ်မိနန့်' ရှိလားဆိုတာကို 'ဆမ်ဆောင်း' ထဲကပဲ ရှိတယ်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကိုလှိုင်မြင့် ဟက်ဟက်ပက်ပက် ရယ်မိသည်။

'ဒီမှာ ကူရွှေးပေးပါဦး၊ ကိုက အညိုကလေးနဲ့ အနက်ကလေး ဘာပတ်ရ ကောင်းမလဲလို့'

စူဇန်က ရယ်၍ ဘယ်လောက်မို့လို့လဲဟု မေးသည်။ ကိုလှိုင်မြင့်က ခုနစ်သောင်းခွဲဟု ဖြေသည်။ စူဇန်က ရယ်သည်။

'အဲဒါများ ဦးနှောက်ခြောက် ခံနေရလား ကိုရယ်၊ ဘေးက ရပ်ကြည့်နေရတဲ့ ကောင်မလေးလည်း ကိုယ့်ရုပ် အလွတ်ရ နေလောက်ပြီ၊ နှစ်ချောင်းစလုံး မဝယ်နိုင်တာကျလို့'

ကိုလှိုင်မြင့် ရယ်၍ အေး ဟုတ်သားပဲဟု ဆိုသည်။

စူဇန်က အဲသည်လို။

အမြဲ ရှင်ပျနေတတ်သလို စိတ်ရှုပ်စရာကို ခေါင်းထဲမှာ တစ်မိနစ်ပြည့်အောင် လက်ခံထားဖို့ ဝန်လေးတတ်သူဖြစ်သည်။

ဒါကြောင့်လည်း သူ့ဘဝ တစ်ခုလုံးမှာ စိတ်ညစ်ညူးစရာတွေများလွန်းခဲ့သည်ဟု ခံယူထားသော ကိုလှိုင်မြင့်က တွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

ပြီးတော့ တစ်ခု ကောင်းတာ ရှိသေးသည်။

လက်ထပ်ရအောင်ဟုလည်း တစ်ခါမှ မပြော။

## [ ၄ ]

သက်တူရွယ်တူ သူငယ်ချင်း လူပျိုကြီးတစ်ဦးက လက်ထပ်တော့မည်ဟု ပြောသဖြင့် ကိုလှိုင်မြင့်တို့ အပေါင်းအသင်းတစ်စု ညစာစားပွဲကလေး တစ်ခု လုပ်ဖြစ်ပြန်သည်။

အသက် လေးဆယ်ကျော်မှ လက်ထပ်သော လူပျိုကြီးကို ဘယ်သူမှ မအံ့သြ။ အံ့သြတာက သတို့သမီးက အသက်သုံးဆယ် တော်တော်ကျော်နေသော အပျိုကြီး ဖြစ်နေတာကို ဖြစ်သည်။

'ငါက နောက်အိမ်ထောင် မပြုတော့ဘူး ဆုံးဖြတ်ထားလို့သာပါကွာ၊ ပြုချင်းပြုရင်တော့ နှစ်ဆယ်ကျော်ပဲ ယူမှာ၊ မင်းဟာက အခုနည်းနည်း အရွယ်တင်လို့ လှနေတယ်ထား၊ နောက် ဘယ်နှနှစ် ခံမှာမို့လို့လဲ'



ပြောမနာ ဆိုမနာ သူငယ်ချင်းကလည်း ဖြစ်၊ နည်းနည်းကလည်း မူးနေသဖြင့် ကိုလှိုင်မြင့် ဝေဖန်မိသည်။

သူငယ်ချင်းက ပြုံးရုံသာ ပြုံးသည်။

'အလှထိုင်ကြည့်နေဖို့ သက်သက် ယူတာမှ မဟုတ်တာကွာ၊ ကွန်ပင်နီယမ်ရှစ်ပ် (Companionship) လက်တွဲဖော် ရှာတာကွ၊ သမီးအရွယ်ကလေး သွားယူတော့ အလှတော့ ကြည့်လို့ကောင်းပါရဲ့၊ အေးတိုက်စွလည်း ပိုအဆင်ပြေချင် ပြေမှာပေါ့၊ အေးတာတွေ၊ ပူတာတွေ မျှဖို့၊ ဝေဖို့ကျတော့ စကားပြောတာတောင် တစ်ယောက်နဲ့ တစ်ယောက် ဂျင်နရေးရှင်းဂက်ပ် (Generation Gap) ဆိုတဲ့ ကွာဟမှုကြီးက တန့်လန့်ဖြစ်နေမှာ'

ကိုလှိုင်မြင့် တဟက်ဟက် ရယ်သည်။

'မယူနဲ့ပေါ့ကွာ၊ တွဲရုံတွဲ၊ ငါနဲ့ စူဇန်ဆို ဟန်ကိုကျလို့ ငယ်ကလည်း ငယ်၊ လှကလည်းလှ၊ စိတ်ညစ်စရာဆိုလည်း ဘာမှမပြော'

သူငယ်ချင်းက အပြုံးမပျက် ခေါင်းခါသည်။

'စိတ်ညစ်စရာဆို ဘာမှမပြောတာ မအံ့သြနဲ့ သူငယ်ချင်း၊ မင်းပြောလည်း သူ နားမထောင်ဘူး၊ အပျော်ချစ်သူဆိုတာ ပျော်စရာကောင်းမှ ချစ်တတ်တဲ့အမျိုး၊ မင်းတကယ် ညစ်နေရပြီ မွန်းကျပ်နေပြီဆိုတဲ့ အချိန်မျိုးကျတော့ ကွန်မစ်မင့် (Commitment) ခေါ်တဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးနဲ့ မင်းတည်ဆောက်ထားတဲ့ မင်းမိသားစုကသာ ဝေဒနာကို သာမျှဝေပေးမှာ၊ လူ့ဘဝ ဆိုတာကလည်း ပျော်နေရတဲ့ အချိန်က နည်းနည်း၊ ညစ်နေရတဲ့ အချိန်က များများဆိုတော့ အဲသလို မိသားစုကလေးတစ်ခု ရှိမနေလို့ကလည်း မဖြစ်ပြန်ဘူး'

ကိုလှိုင်မြင့်က ဟက်ဟက်ပက်ပက် ရယ်သည်။

'ဒီလောက် တရား တွေ့ထားတာများ ဒီအရွယ်ကျမှ မိန်းမယူနေသေးတယ်လို့ကွာ၊ ဘုန်းကြီးပဲ ဝတ်လိုက် ပြီးရော'

သူငယ်ချင်းက မရယ်ပါ။

'မှိုင်းစရာ ပခုံးကလေး တစ်ခုတော့ လိုတယ်နော် မင်း၊ မင်းငိုချင်တဲ့ အချိန်ကျမှ လိုက်ရှာနေလို့ မရဘူး'

www.burmeseclassic.com

www.burmeseclassic.com



## [ ၅ ]

စံချိန်တင်အောင် အေးသော ဆောင်းရက်တစ်ရက်မှာ ကိုလှိုင်မြင့် ညဥ့်နက်အောင် အပြင်မှာ သူငယ်ချင်းတွေနှင့် ထွက်၍ အရက်သောက်မိသည်။ စူဇန်ကလည်း မန္တလေး သွားနေသည်။

ပြန်လာတော့ ရုံးခန်းအပေါ်ထပ် သူနေသော အခန်းက နှစ်ယောက်ထိုင် ဆိုဖာမှာပဲ သူ အိပ်ပျော်သွားသည်။

တစ်ရေးနိုးလာတော့ ကိုယ်က ချစ်ချစ်တောက် ပူနေသည်။ ညာဘက် နားတစ်ဖက်က ကိုက်နေသည်။

မျက်နှာက ဘယ်ဘက်သို့ ရွဲ့နေသည်။

## [ ၆ ]

'မသေကောင်း မပျောက်ကောင်း သူငယ်ချင်းရာ'

မိန်းမရခါစ သူငယ်ချင်းက စုတ်သပ်ရင်း ပြောသည်။ သူ့ဇနီးက ကိုလှိုင်မြင့် အိပ်ရာဘေးရှိ ဗီရိုပေါ်က ပစ္စည်းတွေကို ရှင်းလင်း၍ စီပေးနေသည်။

'လေဖြတ်တာ မဟုတ်ဘူးတဲ့၊ နားထဲက ပိုးကြောင့် ဖြစ်တာတဲ့၊ ပြန်ကောင်း မကောင်းတော့ တစ်ပတ်လောက် စောင့်ကြည့်ပြီးမှ ပြောနိုင်မှာတဲ့၊ လက်တွေ၊ ခြေတွေ ကောင်းနေတာ တော်သေးတာပေါ့ ကွာ၊ ဒါပေမဲ့ အခု မင်းတို့ ကြားရသလိုပဲ စကားကလည်း ဗလုံးဗထွေး လူကလည်း ရုပ်ပျက်ဆင်းပျက်ဆိုတော့ စိတ်ညစ်တာနဲ့ အောက်က အလုပ်တွေတောင် ဒီအတိုင်း ပစ်ထားလိုက်တာပါပဲ'

မပီမသ အသံကြီးနှင့် စကားပြောနေရှာသော သူတစ်ခါမှ မမြင်ဖူးသည့် မျက်နှာပိုင်ရှင် ကိုလှိုင်မြင့်ကို ကြည့်၍ သူငယ်ချင်းက သက်ပြင်းချသည်။

'အစားအသောက်ရော'

'ဝါးလို့ သိပ်အဆင်မပြေလှဘူး'



'ငါ ဘာလာပို့ပေးရမလဲ'

'ရပါတယ်၊ အောက်က တပည့်တွေ ဆန်ပြုတ်မှန်မှန် လာပို့ပေးနေတာပါပဲ'

သူငယ်ချင်းက စုတ်သပ်သည်။

'မင်း ဘယ်တုန်းက ဆန်ပြုတ် ကြိုက်လို့လဲ'

'ခုနေခါတော့ နတ်သုဒ္ဓါလည်း အရသာ ပေါ်မှာ မဟုတ်တော့ပါဘူး ကွာ၊ ကြိတ်မှိတ် မျိုချနေရတာပါပဲ'

သူငယ်ချင်းက ခေါင်းခါသည်။ စူဇန်ရော ဟု မေးတော့ ပခုံးသာ တွန့်ပြမိသည်။

'အဖျားရော သက်သာရဲ့လား'

'နည်းနည်းတော့ ကျတယ်၊ အကြောဆေးက တစ်နေ့ သုံးခါထိုးနေရတာ'

ခြေရင်းမှာ 'ဗျူး' ကာတွန်းဖတ်၍ ပြုံးစိပြုံးစိ လုပ်လိုက်၊ တခစ်ခစ် တိုးတိုးရယ်လိုက် လုပ်နေသော သူနာပြုဆရာမ ကလေးကို မေးငေါ့ပြလိုက်သည်။

သူငယ်ချင်းက ခေါင်းသာ ခါသည်။

## [ ၇ ]

ညဥ့်နက်ပိုင်းတွင် ကိုယ်က စောင်ကွာသွားသည်ကို သတိထားမိသည်။ လက်နှင့် လိုက်စမ်းသော်လည်း မမိ။

လေအေးစက်ကလည်း အလုံပိတ်အခန်းဆိုတော့ ဖွင့်ထားရသည်။ အဖျားကလည်း နည်းနည်း ပြန်တက်သည်။ သည်တော့ နည်းနည်း ချမ်းသလို ရှိသည်။ ထ၍ စောင်ရှာရမှာလည်း တစ်ကိုယ်လုံး ကိုက်ခဲနေသဖြင့် မထချင်။ ဆရာမလေးကိုလည်း အကြောဆေး မလိုတော့ ကတည်းက ည မခေါ်တော့သဖြင့် လှမ်းခေါ်၍ မရ။

သည်အတိုင်းပဲ ပေအိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းတော့ ပက်လက် အနေအထားနှင့် နိုးလာသည်။ အဖျားက ကျနေသည် ထင်သည်။ ခေါင်းက ကြည်လင်နေသည်။ လူက နွေးနွေး ထွေးထွေး။ အင်းပေါ့ စောင်က ရင်ဘတ်အထိ လွှမ်းထားသည်။

စူဇန် ပြန်ရောက်လာတာလား။

မဖြစ်နိုင်ဘူး ထင်သည်။ သူ နေမကောင်းတာ သိပြီးမှ စူဇန်က မန္တလေးမှာ ကြာမည်ဟု တစ်ခါဖုန်းဆက်ပြီးသား။ သူငယ်ချင်းတစ်ယောက် ကလည်း စူဇန်ကို သူဌေးတစ်ယောက်နှင့် ရန်ကုန်မှာပဲ တွေ့လိုက်သည်ဟု လာပြောပြထားပြီးသား။

သွားပါပြီ။

ဟိုသူငယ်ချင်း ပြောသလိုပင်။ အပျော်ချစ်သူဆိုတော့ ပျော်စရာ မရှိတော့ သွားပြီပေါ့။

နားက နည်းနည်းကိုက်နေဆဲ။

မျက်နှာကို ကိုင်ကြည့်တော့ ရွဲ့တာ နည်းနည်း သက်သာသည် ဟုတော့ ထင်သည်။

'ဖေဖေ နိုးပြီလား'

ကြည်လင် အေးမြလိုက်သည့် အသံကလေး။

လှည့်ကြည့်တော့ သမီးကလေး ယု။

မြန်မာဆန်ဆန်ကလေးဝတ်ပြီး ကျောပိုးအိတ်ကလေး လွယ်ထား သည်။ ဟုတ်သားပဲ။ သမီးက နိုင်ငံခြားဘာသာ တက္ကသိုလ်က ဒုတိယနှစ် ကျောင်းသူကလေးပဲ။ မြန်မာလိုပဲဝတ်ပြီး တက်ရသည့်ကျောင်း။ ဒါ သူ ကျောင်းသွားခါနီး ပုံစံပေါ့။

ဒါ နည်းနည်း ဆန်းမနေဘူးလား။

သမီးကလေးနှင့် သူ အတူတူ မနေတာ ကြာလှပြီလေ။

'သမီး ကျောင်းသွားမလို့လား'

သမီးက နာရီကို ငုံ့ကြည့်သည်။

'ဖေဖေ့ ဆရာမကို စောင့်နေတာ၊ သူရောက်ရင် သမီးသွားမလို့ သူက နောက်ကျနေတယ်၊ အရေးတော့ မကြီးပါဘူး၊ သမီးကျောင်း



ပြေးလိုက်လို့လည်း ရတယ်၊ ဖေဖေ့အတွက် သမီး သာကူ ယူလာတယ်၊ ဖေဖေ သောက်ရင် သမီး ခွံ့ပေးမယ်လေ'

ခွံ့ပေးမတဲ့။ သာကူတဲ့။

ရင်ထဲမှာ နွေးထွေးလိုက်တာ။

သာကူဆိုတာ အချိန်မရွေး ထ, ရှာဝယ်၍ မရနိုင်တော့သော မြန်မာမုန့်ပါ။ သင်္ကြန်တွေမှာသာ ဖောဖောသီသီ စားရတတ်သည်။ အဲသည့် သာကူကို အဖတ် သူ ကောင်းကောင်း မဝါးနိုင်တော့သည့်နေ့ တတည်းကစ၍ နေ့တိုင်း တောင့်တနေတာ သမီးက ဘယ်လိုလုပ်ပြီး သိနေရပါသနည်း။

'ရပါတယ် သမီးရယ်၊ ဖေဖေ လက်က ဘာမှမဖြစ်ပါဘူး၊ သမီး ဆည့်သာပေး၊ ဖေဖေ့ဘာသာ သောက်ပါ့မယ်'

သမီး သူ့ကို တွဲ၍ ထိုင်လျက် အနေအထားသို့ ထူပေးသည်။

'ဖေဖေ့ မျက်နှာက နည်းနည်းမညီသေးဘူး၊ သောက်ရင်း ပါးစပ်က ထွက်ကျရင် ဖေဖေပဲ စိတ်ညစ်နေဦးမယ်၊ စောင့်သာနေပါ ဖေဖေရယ်၊ သမီးပဲ ခွံ့ပါ့မယ်၊ ကျောင်းလည်း ခွင့်တိုင်လိုက်တော့မယ်'

'အေးလေ နေပါဦး၊ သမီးက ဘယ်တုန်းက ရောက်နေတာလဲ'

'မနက် စောစောကမှ၊ အောက်က ကုမ္ပဏီက ညစောင့်ကလေးကို ဖေဖေ ပေးထားတဲ့ သော့နဲ့ ဝင်လာတာ၊ ဖေဖေ စောင်မကပ်ဘဲ အိပ်နေတာတွေ့လို့ စောင်တောင် ခြုံပေးခဲ့သေးတယ်'

[ ၀ ]

သမီး တစ်နေ့နှစ်ခေါက် လာပြုစုနေတာ တစ်ပတ်လောက် ကြာတော့ ကိုလှိုင်မြင့် တော်တော်သက်သာလာသည်။

'ဖေဖေ့မျက်နှာ မသိသာတော့ဘူး၊ ဟင်းအမာ စားတော့ပေါ့၊ ညနေကျရင် သမီး ပုစွန်နဲ့ ပဲစောင်းလျားသီးသုပ် ယူခဲ့မယ်'

သမီးက ကိုလှိုင်မြင့် မျက်နှာကို တယုတယ ကိုင်ကြည့်ရင်းက ပြောသည်။ ကိုလှိုင်မြင့်က သက်ပြင်း တစ်ချက်ချ၍ ပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေ နေကောင်းရဲ့လား သမီး'

သမီး ပါးစပ်ကလေး ဝိုင်းသွားသည်။ ဖေဖေက ထူးထူးဆန်းဆန်းဟု တိုးတိုး ရေရွတ်သည်။ သူ ခေါင်းသာ ခါပြလိုက်သည်။

'သမီး ယူလာတဲ့ ဟင်းတွေအားလုံး မေမေရွေးပြီး စီစဉ်ပေးနေတာဆိုတာ ဖေဖေသိတယ် သမီး၊ ဒီလိုအချိန်မျိုးမှာ ဒီလိုအစာ စားချင်လိမ့်မယ်လို့ ဖေဖေ့စိတ်ကို သူကလွဲရင် ဘယ်သူမှ မသိနိုင်ဘူး၊ ပဲစောင်းလျားသီးနဲ့ ပုစွန် သုပ်တာလည်း ဖေဖေ နေမကောင်းဖြစ်ပြီး နာလန်ထတိုင်း သူ လုပ်ပေးနေကျ၊ ဒါကြောင့် မေမေ နေကောင်းလားလို့မေးတာ'

သမီးက ခေါင်းငုံ့သွားသည်။ ကောင်းသွားပါတယ်။ သွေးဆုံးခါစ နေမထိ ထိုင်မသာ ဖြစ်တာလောက်ပါပဲဟု တိုးတိုးပြောသည်။

သားအဖ နှစ်ယောက်သား အကြာကြီး စကား မပြောဘဲ ငြိမ်ထိုင်နေကြပြီးမှ သမီးက ဆတ်ခနဲ မော့ကြည့်၍ ပြောသည်။

'ဖေဖေ'

'ဘာလဲ သမီး'

'ဖေဖေ ပြန်လာပါလား ဟင်'

ကိုလှိုင်မြင့်က ယဲ့ယဲ့ ပြုံးသည်။

'သမီး မေမေက ဖေဖေ့ကို ခွင့်လွှတ်တော့မယ် မထင်ပါဘူးကွာ'

'ရပါတယ် ဖေဖေရဲ့၊ ခေါင်းသာ ထိုးချလိုက်'

ကိုလှိုင်မြင့် မျက်မှောင်ကုတ်သည်။ သမီးက မျက်ရည်များနှင့် ရယ်နေသည်။

'ဘာလဲ သမီးရဲ့'

'မေမေ့ ပခုံးကိုလေ ခေါင်းသာ ထိုးချပြီး ငိုလိုက်၊ ဖေဖေ မလုပ်ရဲရင် သမီး လိုက်လာပြီး ဘေးက ဝင်လုပ်မယ်၊ မေမေ့ ပခုံးကို မှီပြီး ဖေဖေ့ကို ပြန်ခေါ်ပေးပါ မေမေရယ်ဆိုပြီး ငိုချလိုက်မယ်။ ဒါဆို ရပြီ'

ကိုလှိုင်မြင့် ဖွဖွရယ်၍ သမီးခေါင်းကလေးကို ချစ်စနိုး လှမ်းကိုင်လိုက်သည်။

'ဖြစ်ပါ့မလား သမီးရယ်'



'ဖြစ်ပါတယ် ဖေဖေရဲ့၊ မေမေ့ပခုံးက ဖေဖေနဲ့သမီး ပိုင်တယ်၊ ဖေဖေ့ပခုံးကိုသာ မေမေနဲ့ သမီး ပြန်ပိုင်ဖို့ လိုတာ'

သူငယ်ချင်းပြောသည့် 'မှီငိုစရာ ပခုံးကလေး' ဆိုသည့်စကားကို သတိရမိပြီး ကိုလှိုင်မြင့် ပြုံးနေမိပါသည်။

ကလျာမဂ္ဂဇင်း

၂၀၁၁၊ ဧကြီတင်ဘာလ

○

www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်တုံး
မောင်ဏောသည့်ပါ။



www.burmeseclassic.com

| ၁ |

တံဆိပ်တုံး လုပ်လျှင်ပဲ ဖြစ်ဖြစ်၊ လိပ်စာကတ်ပြား လုပ်လျှင်ပဲ ဖြစ်ဖြစ် နာမည် နောက်မှာ ဘာထည့်ရမည် မသိ၍ သူတော်တော် စိတ်ညစ်ခဲ့ရဖူးသည်။

မှတ်မှတ်ရရ ပထမဦးဆုံး သတိထားမိတာက သူ ဒုတိယနှစ်ကျောင်းသားဘဝတုန်းကပါ။

အဲသည်တုန်းက သူငယ်ချင်း တစ်ယောက်က လက်ထိုးပုံနှိပ်စက်ကလေးတစ်ခု ထောင်သည်။ သူအပါအဝင် သူငယ်ချင်း လေးငါးယောက်ကို ခေါ်၍ လက်ဖက်ရည်တိုက်၊ မုန့်ကျွေးသည်။

'မင်္ဂလာဆောင်ရင်တော့ ငါ့ဆီ ဖိတ်စာအပ်ကြပေါ့ကွာ၊ အခုတော့ ငါ မင်းတို့ကို လိပ်စာကတ်ပြားကလေးတွေ လုပ်ပေးမယ်၊ အလကား အလကား'

သူငယ်ချင်းက သူ့ကို လိပ်စာကတ်ပြားပေါ်မှာ ရေးရမည့် စာသားကို မေးတော့ သူ့နာမည်ကို 'မြတ်ဦး' ဟုပဲ ရေးရမလား၊ 'မောင်မြတ်ဦး' ဟုပဲ ရေးရမလား၊ 'ကိုမြတ်ဦး'ဟုပဲ ရေးရမလား သူ သိပ်မသေချာ။ အသက်က ၁၈ နှစ်မို့ ဦးမြတ်ဦးဟု ရေးလို့မရတာတော့ သေချာသည်။ နောက်ဆုံး သူ 'မြတ်ဦး' ကိုပဲ ရွေးချယ်လိုက်သည်။ နာမည်နောက်က ဘာထည့်ရမလဲ စဉ်းစားတော့ သူ့မှာ လိပ်စာက လွဲ၍ ထည့်စရာ ဘာမှ မရှိ။ လိပ်စာတောင် အဆောင်နေတာဆိုတော့ အဆောင်လိပ်စာ ထည့်ရမလို ဖြစ်နေပြန်သည်။



နောက်ဆုံးတော့ သူ အကြံ ရသွားသည်။ မြတ်ဦး LLB 2nd year YU တဲ့။

အဲသည် ဥပဒေဘွဲ့သည်ပင် မတော်တဆများ သူ စာမေးပွဲကျကျောင်းထွက်၍ မရခဲ့လျှင် သည်ကတ်ပြား ဝှက်ထားရဦးမည်ဟု ကြိုတင်တွေးကြောက်ခဲ့တာ မှတ်မိနေသေးသည်။

| ၂ |

သို့သော် သူ စာမေးပွဲ မကျခဲ့ပါ။

နောက် သုံးနှစ်ကျော် အကြာတွင် သူ အဲသည် ဥပဒေဘွဲ့ကို ရခဲ့ပါသည်။ တံဆိပ်တုံး တစ်တုံးတောင် ခပ်တည်တည် ပြေးလုပ်လိုက်သေးသည်။

'မြတ်ဦး LLB'

ပြဿနာက နောက်က ဘာဆက်ထည့်ရမည် မသိ။ တရားရုံးချုပ်ရှေ့နေ ဆိုသည့် ဂုဏ်ပုဒ်က 'ချိန်ဘာ' တစ်နှစ်ဆင်းပြီး လက်မှတ်ရမှဖြစ်မှာ။ မိဘတွေကလည်း နယ်ပြန်လာပြီး မိသားစုပိုင် မုန့်အမျိုးမျိုးထုတ်လုပ်ရေး လုပ်ငန်းကို ဦးစီးစေချင်နေသည်။

'ဦးမြတ်ဦး LLB

မုန့်အမျိုးမျိုး လုပ်သည်'

သည်လိုတော့လည်း မနိပ်သေးဘူးဟု သူ ထင်သည်။

သည်တော့ သူ ချိန်ဘာ ဆင်းသည်။ တရားရုံးချုပ် ရှေ့နေလက်မှတ်ရသည်။ ပြီးတော့ နယ်ပြန်သွားသည်။

မိဘတွေက မုန့်လုပ်ငန်းကို လုပ်ခိုင်းနေကြသော်လည်း သူက နယ်တရားရုံးကလေးမှာ တတ်ထားသည့် ပညာနှင့် အသက်မွေးလိုနေသည်။

'မြတ်' မုန့်မျိုးစုံ လုပ်ငန်းဆိုသည့် ဆိုင်းဘုတ်အောက်မှာ 'ဦးမြတ်ဦး LLB တရားရုံးချုပ် ရှေ့နေ' ဆိုသည့် ဆိုင်းဘုတ် သေးသေးလေး

www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆွဲသည်။ သူ့ကို ရုံးခန်းသေးသေးလေး ကန့်ပေးဖို့ မိဘတွေကို တောင်းဆိုသည်။ စားပွဲတစ်လုံး ချသည်။ စာရေးကိရိယာတွေ တင်သည်။

ဘာမှ မရေးရသေးသော စာရွက်လွတ်တွေပေါ်မှာ တံဆိပ်တုံးတွေ အများကြီး ထုပစ်လိုက်သည်။

'ဦးမြတ်ဦး LLB

တရားရုံးချုပ်ရှေ့နေ'

| ၃ |

သူ အမှုသည် တော်တော်ရသည်။

သို့သော် အလကား လိုက်ရသည်က များသည်။ လက်လုပ်လက်စား ဆင်းရဲသားတွေကြားမှာ အမှုဖြစ်လျှင် 'ဟို မြတ် မုန့်လုပ်ငန်းက သူဌေးသား ရှေ့နေလေးဆီသွား၊ သူက ပိုက်ဆံ မယူဘူး' ဟု အချင်းချင်း ဖောက်သည်ချနေကြသည်။

ကိစ္စမရှိ။

အနည်းဆုံးတော့ သူ တံဆိပ်တုံး ထုခွင့် ရနေသေးသည်။

ဆင်းရဲသား အမှုသည်တွေက ပညာကလည်း ချို့တဲ့တော့ ဘယ်လိုမှလည်း သူပြောတာ ကိုယ်နားမလည်၊ ဘယ်လိုမှလည်း ကိုယ်ပြန်ပြောပြတာ သူနားမလည်တော့ နည်းနည်း သည်းညည်းခံရသပေါ့။

တစ်ခါကများ အသက်၄၀ကျော် ရွာသားကြီးတစ်ယောက် အသက် ၃၀ မပြည့်သေးသော ရှေ့နေကို 'အန်ကယ်'ချင်း ထပ်အောင် ခေါ်တာတောင် သည်းခံနေခဲ့ရဖူးသည်။ 'အန်ကယ်'၏ အဓိပ္ပာယ်ကို သေချာစွာ သိပုံမရ။

အံ့ဩစရာ ကောင်းတာက အဲသည်မြို့မှာ ရှေ့နေ စလိုက်ပြီး နှစ်နှစ်အကြာမှာ သူ အဲသည်မြို့ ရှေ့နေအသင်း၏ အတွင်းရေးမှူး ဖြစ်လာသည်။ အသက်က သူအငယ်ဆုံး ဖြစ်သော်လည်း အမှုသည်များကရော၊ တရားသူကြီးများကရော၊ ရဲများကရော၊ ရှေ့နေအားလုံးကပါ ကိုယ်ကျင့်သိက္ခာ ကောင်းသော ရှေ့နေလေးဟု ဘွဲ့တပ်ကြ၍ဖြစ်သည်။



သည်တော့ သူ့မှာ တံဆိပ်တုံး နောက်တစ်တုံး တိုးလာသည်။

'ဦးမြတ်ဦး LLB

တရားရုံးချုပ်ရှေ့နေ

အတွင်းရေးမှူး

မြို့နယ် ရှေ့နေများအသင်း'

[ ၄ ]

'ပိုက်ဆံ မရတဲ့ အလုပ်တွေနဲ့ချည်းပဲ အချိန်ကုန်မနေနဲ့၊ အိမ်က စီးပွားရေးလည်း လှေ့လာဦး၊ မင်းအသက်က ၃၀ ပြည့်တော့မယ်'

သည်တစ်ခါတော့ ကျွန်တော် ပညာရှင်ဘဝနဲ့ပဲ ရပ်တည်ချင်တာ၊ စီးပွားရေးသမား သက်သက် မဖြစ်ချင်ဘူးဟု မငြင်းမိတော့။ သူ ကိုယ်တိုင်က တွေဝေနေပြီ။

အကြောင်းက သူ့မှာ ချစ်သူ ရှိနေပြီ။

သူ့ချစ်သူကလည်း ဥပဒေပညာရှင်တစ်ဦး ဖြစ်သည်။ ပြီးတော့ စန်ထမ်းကလည်း ဖြစ်နေသည်။ တစ်နေ့နေ့ မြို့နယ်တရားသူကြီး ဖြစ်တော့မည်။ ဇနီးက တရားသူကြီး၊ ခင်ပွန်းက ရှေ့နေ။ ဒါတော့ သိပ်မနိုင်ဘူးဟု သူ ထင်သည်။

ပြီးတော့ သူ့ချစ်သူက အမှုသည်တွေ၊ ရှေ့နေတွေ ဘယ်လိုမှ ချည်းကပ်လို့မရ။ လစာကလွဲလျှင် ဘာဝင်ငွေမှ မရှိ။ စက်ဘီးကလေး တစ်စီးနှင့် ရုံးတက်နေရသူ ဖြစ်သည်။ သည်မိန်းကလေးကို သူယူပြီး သူ သည်လိုပင် 'ပိုက်ဆံမရတဲ့' အလုပ်တွေ ဆက်လုပ်နေပါက ဖခင်ကြီး နှစ်ယောက် တင်ကျွေးရတော့မည်။

သက်ပြင်းချ၍ ဖခင်ကြီး မုန့်လုပ်ငန်းကို ဝင်လေ့လာသည်။ တံဆိပ်တုံးတစ်ခု တိုးလာပြန်သည်။

'ဦးမြတ်ဦး LLB

'မြတ်' မုန့်မျိုးစုံလုပ်ငန်း'

www.burmeseclassic.com

'တရားရုံးချုပ်ရှေ့နေ' ဆိုတာကိုတော့ မဆီလျော်သဖြင့် မထည့်ခဲ့။ သူ မင်္ဂလာဆောင်တော့ သူ့မိဘတွေက တရားသူကြီး ချွေးမကို လိုလိုလားလား သဘောတူကြသည်။ မင်္ဂလာဆောင် ဖိတ်စာမှာတော့ သတို့သားနာမည် အောက်မှာ LLB ရော၊ တရားရုံးချုပ် ရှေ့နေရော၊ အတွင်းရေးမှူး၊ မြို့နယ် ရှေ့နေများ အသင်းရော၊ 'မြတ်' မုန့်မျိုးစုံ လုပ်ငန်းပါ စုံနေအောင် ထည့်ကြသည်။ တား၍လည်း မရ။

## | ၅ |

သမီးလေး နှစ်ယောက် ထွန်းကားပြီးချိန်တွင် သူလည်း ရှေ့နေ မလုပ်တော့၊ ဇနီးလည်း အလုပ်ထွက်လိုက်ပြီ။

သူက မုန့်လုပ်ငန်းကိုသာ ဦးစီးနေပြီး ဇနီးက ဘာသာရေး ပိုကိုင်းရှိုင်းလာသည်။

'အဘိဓမ္မာသင်တန်း သွားတက်တာ သိပ်အကျိုးရှိတာပဲ သိလား အစ်ကိုသာဆို ပိုသိမှာ၊ အစ်ကိုက ဒီလောက် ဉာဏ်ကောင်းတာ'

ဇနီးသည်၏ တိုက်တွန်းမှုဖြင့် သူ အဘိဓမ္မာသင်တန်း တက်သည်။ သင်တန်းဆရာတွေ၏ တိုက်တွန်းမှုဖြင့် အဘိဓမ္မာ စာမေးပွဲကို ဝင်ဖြေဖြစ်သည်။ သုံးဆင့်စလုံး အောင်သွားတော့ နာမည်အောက်မှာ အဘိဓမ္မာ တပ်ခွင့်ရှိသည်ဟု ဆိုသည်။

'ဦးမြတ်ဦး LLB.(အဘိဓမ္မာ)

'မြတ်' မုန့်မျိုးစုံ လုပ်ငန်း'

သည်လို တံဆိပ်တုံး ပြောင်းရမလား။

စာစီရင်းက သူ ရယ်ချင်သွားသည်။ တစ်မျိုးကြီးပါလား။

အဲသည်အချိန်မှာ သူမြို့ပေါ်က ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့၏ အတွင်းရေးမှူး တာဝန်လည်း တွဲယူထားသေးသည်။ ပရဟိတ မေတ္တာ ဖြင့် ဆောင်ရွက်သည့် အလုပ်ဆိုပေမယ့် တံဆိပ်တုံး ထုရသည်။



'ဦးမြတ်ဦး (အဘိဓမ္မာ)

အတွင်းရေးမှူး

ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့'

ဆိုတော့ မဆိုးပါဘူး။ ဒါပေမဲ့ LLB က ဘယ်နား ထည့်ရမှန်း မသိ။ ဒါနှင့်ပဲ သူ တံဆိပ်တုံး မပြောင်းဘဲ ထားလိုက်သည်။

## [ ၆ ]

'အဘိဓမ္မာ' ထည့်ရမည့်နေရာ ရှာတွေ့သွားသည်။

ဘိုးဘွားရိပ်သာ၏ နာယကဆရာတော်က ဓမ္မမဂ္ဂဇင်းတစ်စောင်ကို ထမကထပြု၍ ထုတ်ဝေတော့ အဲသည်မှာ သူ စာရေးသည်။

'မြတ်ဦး (အဘိဓမ္မာ)' ဆိုသည့် အမည်နှင့်။

ကျောင်းတောင် မနေရသေးသည့် သမီးကလေးတွေကို ကြည့်၍ ရေးသောဆောင်းပါးများကို သမီးကလေးတို့အတွက်ဟု နာမည် ပေးဖြစ်သည်။ လူမှုရေးစံများ ယိုယွင်းနိမ့်ကျလာသော ဆယ်ကျော်သက် သမီးကလေးတို့၏ ပတ်ဝန်းကျင်ကို နောက်ဆယ်နှစ်၊ ၁၅နှစ် အကြာမှာ ကြီးဝင်သွားကြမည့် သမီးကလေးတွေကို ကြည့်၍ စိတ်ပူစိတ်ဖြင့် ရေးသော ဆောင်းပါးများဖြစ်၍ လူမှုရေး ဆောင်းပါးများ ဟုပင် သတ်မှတ်ရမည် ထင်သည်။

အဲသည် ဆောင်းပါးတွေက အောင်မြင်သည်။

ထုတ်ဝေသူ တစ်ယောက်က အဲသည်ဆောင်းပါးတွေကို သူ့ဆီမှာ ခွင့်တောင်း၍ လုံးချင်းအဖြစ် ထုတ်ဝေသည်။ သူ အမျိုးသား စာပေဆု (သူငယ်စာပေ) ချီးမြှင့်ခံရသည်။

ပျော်လိုက်တာ။

တရားရုံးချုပ်ရှေ့နေ ဖြစ်ခဲ့တုန်းကထက်ပင် ပို၍ဂုဏ်ယူမိသည်။

'ဦးမြတ်ဦး LLB

(စာရေးဆရာ မြတ်ဦး (အဘိဓမ္မာ) အမျိုးသား စာပေဆုရ)'

www.burmeseclassic.com



အဲသည် တံဆိပ်တုံးပင် လုပ်လိုက် သေးသည်။ ခက်တာက စာရေးဆရာ အနေနှင့် တံဆိပ်တုံး ထုစရာကိစ္စ မရှိတော့ သည်အတိုင်း သိမ်းထားရသည်။

[ ၇ ]

ဆရာတော်က ဘိုးဘွားရိပ်သာသာမက လူမှုရေး ကူညီမှုအသင်း အဆင့် အထိ တိုးတက်ဆောင်ရွက်သွားဖို့ ဩဝါဒ မြွက်ကြားသည်။

နာရေးလည်း ကူညီချင်သည်။ ဆေးခန်းလည်း ဖွင့်ချင်သည်။ အင်္ဂလိပ်စာ သင်တန်းကလေးတွေလည်း ပေးချင်သည်။ ဆရာတော် လုပ်ချင်တာက အများကြီး။ သက်န်းကြီး တကားကားနှင့် ပြောသွားနေ၍ မရ။ လူငယ်ပိုင်းက တက်ကြွသူ လိုသည်။ အားလုံးက သူ့ကို ပွဲတောင်းကြ တော့ သူ အဲသည် အသစ်ဖွဲ့စည်းလိုက်သည့် အသင်း၏ ဥက္ကဋ္ဌ ဖြစ်လာ သည်။ စာရေးဆရာကလည်း ဖြစ်၊ ဥပဒေပညာရှင်ကလည်း ဖြစ်၊ မြို့ခံစီးပွားရေး လုပ်ငန်းရှင်ကလည်း ဖြစ်တော့ သူ့စည်းရုံးရေးလုပ်ငန်း များ တော်တော် မြန်မြန်ဆန်ဆန် အောင်မြင်ခဲ့သည်။ မြို့ခံသူဌေးတွေ ပါလာသည်။ ဆရာတော် ဆန္ဒရှိသည့် ပရဟိတ လုပ်ငန်းတွေ တော်တော် ခရီးတွင်လာသည်။

သူလည်း တော်တော် တံဆိပ်တုံး ထုရသည်။

'ဦးမြတ်ဦး LLB
စာရေးဆရာမြတ်ဦး (အဘိဓမ္မာ)
ဥက္ကဋ္ဌ
လူမှုရေး ကူညီမှုအသင်း'



[ ၈ ]

ကျောင်းပြီးကတည်းက တက္ကသိုလ်နောက်တစ်ခု တက်ဖြစ်လိမ့်မည်ဟု မထင်ထားသော သူ တက္ကသိုလ်တစ်ခု ထပ်တက်ရပြန်သည်။

'ဘဝ တက္ကသိုလ်'

သဘာဝ ဘေးသင့်ဒေသ တစ်ခုမှ တိုင်းရင်းသား မိဘမဲ့ကလေးတစ်စု ကို စောင့်ရှောက်ပေးဖို့ ဒကာတစ်ဦးက ဆရာတော်ဆီ လာအပ်သည်။ အပ်တုန်းက သူသိသည်။ သူတို့အသင်း ဖွဲ့စည်းခွင့် လျှောက်တုန်းက မိဘမဲ့ကလေး စောင့်ရှောက်ရေးကိစ္စ မပါတော့ ဥပဒေကြောင်းအရ ဆောင်ရွက်စရာ ကလေးတချို့ ရှိနေသည်ကို သူနားလည်သည်။ သို့သော် ကလေးတွေက လတ်တလော သိပ်ဒုက္ခရောက် နေသဖြင့် သူပဲ လက် မှတ်ထိုး တံဆိပ်တုံးထု၍ လက်ခံထားလိုက်သည်။ ပြီးတော့ သက်ဆိုင်ရာကို အကြောင်းကြားဖို့ ပြင်သည်။

ဒကာ၊ ဒကာမတွေလည်း တတ်နိုင်သလောက် ဝိုင်းကူကြပေမယ့် ကျောင်းအနေအထားနှင့် ရေရှည်မှာ ကလေးတွေကို စောင့်ရှောက်နိုင် ဖို့တာ မလွယ်။

အဲသည် အချိန်မှာ မျက်နှာသိ ဒကာမကြီးတစ်ဦး ပေါ်လာသည်။ သူ တချို့ မွေးစားပါရစေဟု ဆိုသည်။ ဆရာတော်က ဆိတ်ဆိတ်ငြိမ် နေသည်။ ကလေးသုံးယောက် ပါသွားသည်။

ပါသွားသည်အထိ သူ မသိလိုက်။

အဲသည် မိန်းမကြီး၏ မရိုးသားမှုတွေ ပေါ်လာပြီး ကလေးတွေကို သက်ဆိုင်ရာက အချိန်မီ ထိန်းသိမ်းလိုက်နိုင်၍ ဆရာတော်ကို ပြဿနာ တက်ဆောင့်မှ သူသိသည်။ ဘာမှ မတတ်နိုင်တော့။

ဆရာတော်ကိုတော့ လူကိစ္စထဲ ပေးပါ၍ မဖြစ်။ သူပဲ ဘဝ တက္ကသိုလ်ကို ကျောင်းသွားတက်လိုက်သည်။

လ အနည်းငယ်ကလေးပဲ ကြာပါသည်။

သူ့စေတနာနှင့် တည်ကြည်မှုကို သက်ဆိုင်ရာက ယုံကြည်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ထွက်လာသည်။ အသင်းဥက္ကဌ တာဝန်လည်း ဆက်လုပ်သည်။ မှန့်လုပ်ငန်းလည်း မထိခိုက်၊ စာရေးလည်း မပျက်။

အသင်းကလည်း တစ်နေ့တခြား အလှူရှင် ပိုပေါများလာပြီး လူမှုရေး ကူညီမှု လုပ်ငန်းတွေလည်း ပိုကျယ်ပြန့်လာသည်။

သူလည်း တံဆိပ်တုံးတွေ ခဏခဏ ထုရသည်။

[ ၉ ]

သူ့အသက် ၄၀ပြည့် မွေးနေ့ကို ဆရာတော့် ကျောင်းမှာပဲ အကျဉ်းချုံး ဆွမ်းကပ်ဖြစ်သော်လည်း အိမ်မှာ မွေးနေ့ လက်ဆောင်နှင့် ဆုတောင်းကတ်ပြားတွေ တစ်ပုံကြီး ရောက်နေသည်။

ပို့လိုက်သူတွေ နာမည်၏ တစ်ဝက်ကိုသာ သူသိသည်။

စုံစမ်းလည်း မနေအား။ အလုပ်တွေက အများကြီး။

တစ်နေ့ အသင်းရုံးခန်းမှာ သူ စွပ်ကျယ် လက်ပြတ်ကြီးနှင့် ထိုင်စာရင်းတွက်နေတုန်း အသက် ၂၀ ကျော်ခန့် လူငယ်လေး ငါးယောက် ဝင်လာသည်။

'ဦး ဒီအသင်းက ဦးမြတ်ဦးနဲ့ တွေ့ချင်လို့ပါ'

'ဦးပဲကွ၊ ဘာကိစ္စရှိလို့လဲ'

ကလေးတွေက ဘာမှဆက်မပြောဘဲ ကြမ်းပြင်မှာ ပုဆစ်တုပ် ထိုင်ကြသည်။

'ဟဲ့ ဟဲ့ ဘာလဲကွ'

'ကျွန်တော်တို့က ရန်ကုန်ကပါ၊ ဘုရားဖူးလာရင်း ဒီမြို့မှာ ဦးကို ဝင်နှုတ်ဆက် ကန်တော့ချင်လို့ ဝင်လာကြတာပါ၊ အသင်းကိုလည်း ငွေလှူချင်ပါတယ်'

ကလေးတွေက ထိုင်ကန်တော့သည်။ ဘုမသိ ဘမသိ သူ မျက်ရည်ဝဲသည်။ သူတို့ ငွေလှူတော့ ဖြတ်ပိုင်းပေါ်မှာ သူ လက်မှတ် ထိုးပေးပြီး အံဆွဲထဲမှာ တံဆိပ်တုံး လိုက်ရှာသည်။



'ဘာရှာတာလဲ ဦး'

'တံဆိပ်တုံးကွ'

ကလေးတွေက ရယ်ကြသည်။

'ဦးလိုလူက တံဆိပ်တုံး လိုလို့လား ဦးရယ်၊ ရှာမနေပါနဲ့၊ ဒီမှာ ကျွန်တော်တို့ ဦးစာအုပ် ကလေးတွေပါ ယူလာကြပါတယ်၊ လက်မှတ်ထိုးပေးပါဦး၊ တံဆိပ်တုံး မလိုပါဘူးခင်ဗျ'

သူလည်း ရှက်ရယ်ရယ်၍ လက်မှတ်ထိုးပေးရသည်။

[ ၁၀ ]

မြို့နယ်ဆေးရုံမှာ အောက်ဆီဂျင် ခဏခဏ ပြတ်သတဲ့။

အဝေးပြေး ကားပိုင်ရှင်တစ်ဦးက သူ့ကားနှင့် ဆလင်ဒါ အလွတ်တွေကို ရန်ကုန် အောက်ဆီဂျင် ဖြည့်ရာဌာနသို့ မှန်မှန်ပို့ပေးဖို့ တာဝန်ယူတော့ အဲဒါ ပြေလည်သွားသည်။

သို့သော် အလဲအလှယ်ရှိဖို့ အောက်ဆီဂျင် ဆလင်ဒါကြီးများ အမြောက်အမြား လိုလာသည်။

ချေရမည့် ငွေကလည်း များ၊ ပစ္စည်း လိုသလောက် အလုံ အလောက် ရဖို့ကလည်း ခက်သဖြင့် သူကိုယ်တိုင် ရန်ကုန် ဆင်းခဲ့သည်။

ချိန်းထားသူ တစ်ဦးက နောက်ကျနေသဖြင့် အောက်ဆီဂျင် ဆလင်ဒါအိုးများ ရောင်းသည့် နေရာသို့ သူ တစ်ယောက်တည်း ရောက်သွားသည်။

ခြံဝင်းအပြည့် ဆလင်ဒါအိုးများကို ဟိုရွှေ့သည်ရွှေ့လုပ်နေသည့် အကျီဗလာနှင့် လူငယ်သုံးဦး ရှိသော်လည်း တစ်ယောက်မှ သူ့ကို ညှော်ထောက်ခံစကား မပြောသဖြင့် 'ငါ ရောက်နေတာ စောလို့ တကယ် ရောင်းမယ့်သူ မရောက်သေးတာ နေမှာပါပဲ' ဟု စိတ်ကူးကာ လှည့်ပတ် ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ပါဂျရိုကားကလေးတစ်စီး ဆိုက်၍ အသက် ၃၀ ကျော် ခန့် လူလတ်တစ်ဦး ဆင်းလာသည်။ လက်ထဲတွင် သားရေအိတ်ကြီးကြီး တစ်လုံး ပိုက်ထား၍ ဆိုင်ရှင်ဟု ခန့်မှန်းရသည်။

ပိုင်ရှင်က အလုပ်သမား ကလေးတွေနှင့် ခဏ စကားပြောနေသည်။ အလုပ်သမား ကလေးတွေက သူ့ဘက်သို့ လက်ညှိုးထိုးပြတော့ အမှတ်တမဲ့ လှည့်ကြည့်သည်။ ခေါင်းက ပြန်လှည့်သွားပြီးမှ တစ်ခေါက် ထပ်ကြည့်သည်။ သည်တစ်ခါတော့ မျက်နှာက အံ့သြ ဝမ်းသာဟန်။

သူ့ဆီ အပြေးတစ်ပိုင်း ချဉ်းကပ်လာသည်။

'ဦးမြတ်ဦး မဟုတ်လား ဟင်'

သူက လှည့်ကြည့်သည်။

'ဟုတ်ပါတယ် ကျွန်တော်နဲ့ ဆုံဖူးလို့လား'

ပိုင်ရှင်က ရယ်သည်။

'ဆုံဖူးစရာ လိုလို့လား ဦးမြတ်ဦးရယ်၊ ဂျာနယ်တွေထဲရော၊ အင်တာနက်မှာပါ ပါနေတဲ့ဥစ္စာ ဘာလိုအပ်လဲ ပြောပါဦး'

သူ ပခုံးတွန့်ပြသည်။

'ကျွန်တော်တို့ မြို့က ဆေးရုံကို လှူချင်လို့ဗျာ၊ အောက်ဆီဂျင် ဆလင်ဒါ နည်းနည်း လိုချင်တယ်'

'ရတာပေါ့၊ ဘယ်လောက် လိုချင်တာလဲ'

'ငွေနဲ့ နိုင်သလောက်ပေါ့၊ အသင်းက နည်းနည်း ဝယ်မယ်၊ ကျွန်တော်ကိုယ်တိုင်လည်း နည်းနည်းပေါ့'

'ဟုတ်ပြီ၊ လာ ဦးမြတ်ဦး အထဲ ခဏဝင်ထိုင်ပါဦး၊ တစ်ခုခု သုံးဆောင်ပါ'

'ဟာ ရပါတယ်၊ ကျွန်တော် မနက်စာ စားခဲ့ပြီးပါပြီ'

'တစ်ခုခုတော့ ကျွေးပါရစေဗျာ၊ လာပါ'

ဆိုင်ရှင်က သူ့ကို အတင်းခေါ်၍ တိုက်ပုကလေးထဲ ဝင်သွားသည်။ ကြိမ်ဆက်တီခုံမှာ ဝင်ထိုင်ပြီးနောက် အလုပ်သမား ကောင်လေးကို ခေါ်၍ စားစရာများ ရှည်လျားစွာ မှာကြားသည်။



ပြီးတော့ သူ့ကို ပြုံးပြုံးကြီး ကြည့်၍ ခေါင်းညိတ်ပြသည်။

'လေးစားတယ် ဦးမြတ်ဦးရယ်၊ လူကိုယ်တိုင် တွေ့ဖူးချင်တာ ကြာပြီ'

သူ မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

'ကျွန်တော့် စာတွေ ပြောတာလား'

ဆိုင်ရှင်က ရယ်သည်။

'ဦးမြတ်ဦးက စာအုပ် နည်းနည်းလေးပဲ ထွက်တာ၊ အဲဒါတွေလည်း ရှာဖတ်ပြီးပါပြီ၊ ကျွန်တော်က လူကို လေးစားတာ၊ ဦးမြတ်ဦးရဲ့ လုပ်ရပ်တွေ အားလုံးကို လေးစားတာပါ'

သူ မနေတတ်စွာ ရယ်သည်။

'ဈေးလျှော့ ပေးတော့မယ်နဲ့ တူတယ်'

'ကျွန်တော့် အလှူပါ ထည့်ဦးမှာပါဗျာ၊ ဒီမှာ လိုချင်သလောက် အရေအတွက်ကို ပြော၊ ကျွန်တော် မြို့အရောက် ပို့ပေးမယ်၊ အဲသည်ကားက ကျွန်တော့် အလှူပဲ၊ ဆလင်ဒါဖိုးလည်း နိုင်သလောက် သာချေ၊ ကျန်တာ တချို့ လှူမယ်၊ တချို့ စောင့်မယ်၊ ပြီးရော မဟုတ်လား'

သူ့ရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်။ သာဓုဗျာ၊ သာဓုဟု တိုးတိုး ရေရွတ်မိသည်။

ပြီးတော့ သူလိုချင်သည့် အရေအတွက်နှင့် ချေနိုင်သည့်ငွေကို တွက်ပြသည်။ ပိုင်ရှင်က ဂဏန်းပေါင်းစက် တဂျောက်ဂျောက် ရိုက်ရင်းက ရောက်လာသော လက်ဖက်ရည်နှင့် မုန့်များကို သုံးဆောင်ပါဦးဟု မေးငေ့ပြသည်။

'ကဲ ဟုတ်ပြီ၊ နက်ဖြန် ပို့ပေးမယ်နော်'

ဆိုင်ရှင်က ပြောတော့ သူ လွယ်လာသော လွယ်အိတ်ထဲသို့ လက်နှိုက်ရှာသည်။ မတွေ့။ ငါများ မထည့်ခဲ့မိတာလားဟု တွေးမိသည်။

'ဘာရှာနေတာလဲ ဦးမြတ်ဦး'

'တံဆိပ်တုံးဗျ'

'တံဆိပ်တုံး၊ တံဆိပ်တုံး ဘာလုပ်ဖို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကို ပစ္စည်းရကြောင်း လက်မှတ် ထိုးပေးမလို့လေ'

ဆိုင်ရှင်က တဟားဟား အော်ရယ်သည်။

'ဦးမြတ်ဦးကလည်း နောက်ပြီ၊ ဦးမြတ်ဦးက တံဆိပ်တုံးလိုတဲ့ လူစားမျိုးမှ မဟုတ်တာ၊ တံဆိပ်တုံး ဆိုတာက ဘွဲ့တွေ၊ ရာထူးတွေ၊ ဌာနန္တရတွေ ထည့်တာ၊ ဦးမြတ်ဦးက ဦးမြတ်ဦးပဲ၊ ဘာဘွဲ့မှလည်း မလိုဘူး၊ ဘာရာထူးမှလည်း မလိုဘူး၊ ဦးမြတ်ဦး ဖြစ်နေရုံနဲ့ ကွန်တော်တို့က လေးစားပြီးသား၊ လက်မှတ်လည်း မလိုပါဘူးဗျာ၊ ယူသွားတော့'

သူ ရှက်ရယ်ရယ်၍ လွယ်အိတ်ကို ပြန်ချသည်။

တံဆိပ်တုံး မလိုတော့ဘူးတဲ့။

တံဆိပ်တုံးမှာ ဘာတွေ ထည့်ရကောင်းမလဲ နှစ်ပေါင်းများစွာ စဉ်းစား ခေါင်းရှုပ်နေရင်းက တံဆိပ်တုံး မလိုတော့သော လူဘဝကို သူ ဘယ်လို ရောက်ရှိသွားခဲ့သည် မသိ။

ဒါလည်း တော်တော်တော့ ထူးဆန်းသည့် ဒဿန တစ်ခုပဲ ဖြစ်သည်။

**Life Style**

○

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

နှလုံးသားသည် အရွယ်ရောက်တတ် ပါသလား။

ရောက်သည်ဆိုလျှင်ရော ဘယ်အရွယ်လောက်မှာ ရောက်တတ်ပါသနည်း။

အရွယ်ရော လွန်တတ် ပါသလား။

အဲဒါကရော ဘယ်အရွယ်မှာပါလဲ။

အရွယ် မရောက်သေးသော နှလုံးသားကို အရွယ်မရောက်သေးဟု ရိပ်မိနိုင်လောက်အောင် မြင်သာထင်သာ ရှိတတ် ပါသလား။

အရွယ်လွန်သွားသည့် နှလုံးသားကိုရော။

[ ၂ ]

ဝေမာက လက်ထဲက နာရီကို ငုံ့ကြည့်၍ ဘေးက ပါလာသော အထက်တန်းသူနာပြုဆရာမကလေး နန်းဆန်ရှမ်းကို လှည့်လောသည်။

'အစ်မနန်းရေ တံတားပိတ်ခါနီးပြီ၊ ပြန်ကြစို့'

နန်းဆန်ရှမ်းက ခပ်လှမ်းလှမ်းမှာ မြင်နေရသော မယ်ဆိုင်-ထိုင်းလူဝင်မှု ကြီးကြပ်ရေးဂိတ်ကို လှမ်းကြည့်၍ ပြုံးသည်။



'ခဏလေး ဒေါက်တာ၊ ဒီနားက ဆေးဆိုင်မှာ အိမ်က ဆေးဆိုင်အတွက် ဆေးနည်းနည်း ဝယ်ဦးမယ်၊ မီပါတယ်'

ဝေမာ မျက်လုံး ပြူးသွားသည်။

'အစ်မနန်း အိမ်ကလည်း ဆေးခန်းရှိသလား'

နန်းဆန်ရှမ်းက ရယ်သည်။

'ကျပ်နဲ့ရပြီး ဘတ်နဲ့သုံးနေရတော့ နည်းနည်းတော့ ထိုင်ရတာပေါ့ ဒေါက်တာရဲ့၊ ဒေါက်တာလည်း ထိုင်တော့၊ ရောက်တာပဲ တစ်လပြည့်တော့မယ်'

ဝေမာက သက်ပြင်းချသည်။

'အိမ်က ပါလာတာ ကုန်ခါနီးရင် ထိုင်မှာပေါ့ အစ်မရယ်၊ နေပါဦး ဟိုနားမှာတုန်းက ဆေးဆိုင် ဖြတ်ခဲ့သားပဲ၊ ဘာလို့ မဝယ်တာလဲ'

နန်းဆန်ရှမ်းက မျက်လုံးပြူးပြသည်။

'ပါကွေ့ဆေး ရှိသည် တဲ့၊ မြန်မာလို အကြီးကြီး ရေးထားတာ၊ ဝင်လို့ ဖြစ်မလား'

'ဘာလဲ ပါကွေ့ဆေး'

နန်းဆန်ရှမ်းက မျက်လုံးကလေး ပိတ်အောင်ရယ်သည်။

'ပါကွေ့ဆိုတာ မကောင်းတဲ့ ရပ်ကွက် ဒေါက်တာရဲ့၊ နောက် ဆေးခန်းဖွင့်ရင် တွေ့ပါလိမ့်မယ်။ ပါကွေ့မြန်တွေ'

ဝေမာ မျက်နှာကလေး ရဲသွားပါသည်။

[ ၃ ]

စာကို ခေါက်သိမ်းရင်းက မျက်နှာမကောင်းသည့် ဝေမာ့ကို ဂျူတီခန်းထဲ ဝင်လာသည့် နန်းဆန်ရှမ်းက ချက်ချင်းရိပ်မိသည်။

'မိဘတွေ နေမကောင်းလို့လား ဒေါက်တာ'

ဝေမာက ယဲ့ယဲ့ပြုံး၍ ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိဘတွေဆီက စာမဟုတ်ပါဘူး အစ်မရယ်၊ လူကြီးတွေ စီစဉ်ထားတဲ့ ဝေမာ လက်ထပ်ရမယ့် လူဆီက'

နန်းဆန်ရှမ်းက 'ဟုတ်လား' ဟု အားရဝမ်းသာ ပြုံး၍ဝင်ထိုင်သည်။

'တို့ဒေါက်တာက စွံခါနီးနေပြီပဲ၊ ဘာတဲ့လဲ၊ လက်ထပ်ရအောင်တဲ့လား'

ဝေမာက ခေါင်းခါသည်။

'သီတင်းကျွတ်လောက် လက်ထပ်ဖို့က စီစဉ်ထားပြီးသားပါ။ အခုက အလုပ်ထွက်ဖို့ပဲ တစ်ချိန်လုံး ပြောနေလို့'

နန်းဆန်ရှမ်းက မျက်မှောင်ကြုတ်သည်။

'သူက ဆရာဝန် မဟုတ်ဘူးလား'

'မဟုတ်ဘူး၊ သူက ကုမ္ပဏီပိုင်ရှင် တစ်ယောက်ပါ၊ ဝေမာ့ထက်လည်း ခြောက်နှစ်လောက် ကြီးတယ်၊ သူက ဆရာဝန်မကို ယူတယ်ဆိုတဲ့ ဂုဏ်သာ လိုချင်တာ၊ ဆရာဝန်မတစ်ယောက် ဆေးကုနေလို့ အိမ်ထောင့်တာဝန် လစ်ဟင်းတာတော့လည်း သည်းမခံနိုင်တဲ့ လူစားမျိုးပေါ့၊ သူ့ကို ယူရင် ချမ်းချမ်းသာသာ နေရမယ်ဆိုတာလေး တစ်ခုနဲ့တော့လည်း ငါးနှစ်လုံးလုံး ပင်ပင်ပန်းပန်း လေ့လာထားတဲ့ ဆေးပညာကို စွန့်လွှတ်ရမှာ နှမြောစရာ မဟုတ်လား'

နန်းဆန်ရှမ်း နှုတ်ခမ်းစူပြသည်။

'ဟုတ်ပါတယ် ဒေါက်တာရယ်၊ နို့ ဒေါက်တာက အဲဒီလူကြီးကို ချစ်လို့လား'

ဝေမာက ရယ်၍ ခေါင်းခါပြသည်။

'တစ်နာရီ ပြည့်အောင်တောင် စကား မပြောဖူးပါဘူး အစ်မရယ်' ဟုဖြေသည်။

'ဒါဆို ဖြတ်လိုက်ပေါ့'

ဝေမာ တွေဝေနေသည်။



'အမှန်အတိုင်း ပြောရရင် အစ်မရယ်၊ ဝေမာ ကိုယ်တိုင်ကလည်း ဒီဆရာဝန်ဘဝနဲ့ ဆက်ရပ်တည်ရမှာ တွေဝေနေတာ'

'အလိုတော် လုပ်တာမှ တစ်လရှိသေး'

ဝေမာက ရှက်ရယ် ရယ်သည်။

'ဟုတ်ပါတယ် အစ်မရယ်၊ မကွေးမှာ ဆေးကျောင်း တက်တုန်းကလည်း မိဝေးဖဝေးနဲ့ အစားဆင်းရဲ၊ အနေဆင်းရဲ ငါးနှစ်နေခဲ့တာပဲ၊ အခု ဆရာဝန် ဖြစ်တော့လည်း မိဝေးဖဝေးနဲ့၊ ကိုယ့်ထမင်း ကိုယ်ချက်၊ ကိုယ့်အဝတ် ကိုယ်လျှော်၊ သက်တူရွယ်တူ ဆရာဝန် မဟုတ်တဲ့ သူငယ်ချင်းတွေ မြို့ကြီးပြကြီးတွေမှာ ကားအကောင်းစားကြီးတွေ စီး၊ ရှော့ပင်းစင်တာတွေ ပတ်၊ အိမ်ဖော်တွေ ချက်ပြုတ်ပေးတာ ထိုင်စား အဲသလို လုပ်နေကြတာတွေ့ရင် ငါလည်း အဲသလို နေနိုင်လျက်သားနဲ့ ဒီဘဝကို ဘာလို့ ရွေးလိုက်မိတာပါလိမ့် တွေးနေမိတယ်လေ'

နန်းဆန်ရှမ်း ခေါင်းကုတ်သည်။

'ဒါ ဒေါက်တာ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက် ကတည်းက ဆုံးဖြတ်ပြီးသား မဟုတ်လား၊ ထားပါတော့၊ ဒါနဲ့ပဲ ဟိုလူကြီးကို ယူပြီး သူဌေးကတော်ပဲ လုပ်တော့မယ်ပေါ့။ မဟုတ်သေးပါဘူး၊ နို့ ဒေါက်တာ့မှာ ကျောင်းတုန်းက ချစ်သူတွေ ဘာတွေရော မရှိခဲ့ဘူးလား'

ဝေမာ ခေါင်းခါဟန် ပြင်ပြီးမှ ဖျတ်ခနဲ. . . အောင်ဦးကို သွားသတိရမိသည်။ သတိရသည်နှင့် အံ့က မသိမသာ ကြိတ်ပြီးသား ဖြစ်သွားသည်။ ရင်က နည်းနည်း နင့်သည်။

အောင်ဦးရယ်၊ နင်လေ။

[ ၄ ]

အောင်ဦးနှင့် ဝေမာ သူငယ်ချင်းဘဝကနေ ချစ်သူတွေ ဖြစ်သွားကြတော့ ဝေမာ့ သူငယ်ချင်းတွေက သဘောမတူပါ။

www.burmeseclassic.com

www.burmeseclassic.com



သဘောမတူရခြင်း အကြောင်းရင်းက ဝေမာနှင့် ယှဉ်လိုက်လျှင် အောင်ဦးမှာ တစ်ခုခု လိုနေတာရှိ၍ မဟုတ်။

အောင်ဦးက ရုပ်လည်းချောသည်။ မိဘတွေကလည်း ပုသိမ်မြို့ မျက်နှာဖုံး သူဌေးတွေဖြစ်သည်။ ဝေမာ့မိဘတွေကလည်း တောင်ကြီးမှ ကြေးရတတ်များ ဖြစ်ပြီး ဝေမာကလည်း ပထမ အမ်ဘီဘီအက်စ် သင်တန်းတုန်းက 'ပေါ်ပြူလာ အဖြစ်ဆုံး ကျောင်းသူ' ဆု ရဖူးသူ ဆိုတော့ သူတို့ကို လိုက်ဖက်သည်ဟုပင် ပြော၍ ရသည်။

စာမတော်သဖြင့် အတန်းတိုင်း နောက်ဆက်တွဲ စာမေးပွဲကျမှ အောင်တာကလေးတော့ ရှိသည်။ ဒါကတော့ ဝေမာလည်း လိမ်ဖယ် လိမ်ဖယ်မို့ သိပ်မထူးလှပါ။

သူငယ်ချင်းတွေ သဘောမတူရသည့် အဓိက အကြောင်းရင်းက အောင်ဦး၏ စိတ်ဓာတ်ကို သေးသိမ်သည်ဟု ယူဆ၍ဖြစ်သည်။

'သူ့ကိုယ်သူပဲ အမြဲညှာနေ၊ ဦးစား ပေးနေတာ၊ မိန်းကလေးတွေ ထက်တောင် ဆိုးသေးတယ်။ အဲသလိုကောင်မျိုး သွားယူရင် လင်မယား နှစ်ယောက်စားဖို့ ဟင်းတစ်တုံးပဲရှိရင် နင်က ထမင်းချည်း စားရမှာ သေချာတယ်'

သူငယ်ချင်းမလေး တစ်ဦးက အဲသလို ပျစ်ပျစ်နစ်နစ် ဖွပ်စွဲတော့ ဝေမာ ခေါင်းငုံ့၍သာ နေရသည်။ သူ ပြောတာကလည်း ဖြစ်နိုင်နေ သည်ကိုး။

မိဘက ဆိုင်ကယ်တစ်စီး ဝယ်ပေးထားသော်လည်း မကွေးမြို့နှင့် ရှစ်မိုင်ခွဲဝေးသော မကွေးဆေးတက္ကသိုလ်ကို ဘယ်တော့မှ ဆိုင်ကယ် နှင့် မလာ။ နေပူဒဏ် မခံနိုင်ဟု ဆိုသည်။ ရိန်းဂျားဖယ်ရီ စီးလျှင်လည်း ယောကျ်ားလေး အများစုက ရပ်စီးကြသည့် အချိန်မှာ အောင်ဦးက မိန်းကလေးတွေကို နည်းနည်း အတင်းတိုးခိုင်းပြီး ထိုင်တတ်သည်။ 'ငါက ရပ်စီးရင် မူးလို့' ဟုဆိုသည်။ ယုတ်စွအဆုံး ကွင်းဆင်းလေ့လာ



ခရီးများမှာ ဘတ်စ်ကားကြီးများနှင့် သွားရတော့ လူတိုင်း ထိုင်ခုံရတာ တောင် အောင်ဦးက ရှေ့နားကို အမြဲလုတတ်သည်။

ဟိုဟင်းလည်း မစားနိုင်၊ ဒီဆိုင်က ယင်ကောင် များသည်။ သေတော့ တော်တော်သေချာသည်။ ဝေမာ ထမင်းချည်းပဲ စားရမှာ။ သို့သော် ချစ်လျှင် တဖြည်းဖြည်း ပြောင်းလဲလာလိမ့်မည်ဟု ယူဆပြီး ဝေမာ သည်းခံ ချစ်ခဲ့သည်။

ဝေမာ ထင်ထားတာတွေ အားလုံးမှားကြောင်း သိရတာက တတိယ အမ်ဘီဘီအက်စ် အတန်းတင် စာမေးပွဲကို ပုံမှန်စာမေးပွဲမှာ နှစ်ယောက်စလုံး ကျ၍ နောက်ဆက်တွဲ ပြန်ဖြေရတော့မှပါ။

[ ၅ ]

နောက်ဆက်တွဲ စာမေးပွဲကို ထပ်ကျတော့ ဝေမာ ချုံးပွဲချ ငိုဖြစ်သည်။ စာသိပ် မကြိုးစားသည့် ကျောင်းသူမို့ စာမေးပွဲ ခဏခဏ ကျသော်လည်း နောက်ဆက်တွဲ စာမေးပွဲတွေမှာ ဝေမာအမြဲ အောင်ခဲ့သည်။ တစ်ခါမှ အတန်းမကျ။ သည်တစ်ခါတော့ အတန်းပါ ကျသွားသည်။

အောင်ဦးက အောင်သည်။ ကိုယ့်ချစ်သူ အောင်တာ ဝမ်းသာစရာ ဆိုပေမယ့် တစ်တန်းတည်းအတူ မတက်ရတော့တာကို ဝမ်းနည်း၍ ဝေမာ ထပ်ငိုသည်။ အံ့လည်း အံ့ဩမိသည်။ သူတို့ နောက်ဆက်တွဲ ဖြေရသည့် ဘာသာက အောင်ဦး အလွန်အားနည်းသော ဘာသာ ဖြစ်နေ၍ပါ။

သို့သော် များမကြာမီပင် ဝေမာ ပိုဝမ်းနည်းစရာတွေ ကြားရသည်။ 'အနီးကပ် သင်တန်း' တစ်ခု ရှိလိုက်သတဲ့။ အဲသည့် သင်တန်းက ကလေးတွေ အကုန် အောင်သွားသတဲ့။ အဲသည့်အထဲမှာ အောင်ဦး ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဦးပါမှန်း ဝေမာ မသိလိုက်ပါ။

[ ၆ ]

'အောင်ဦးရယ်၊ ငါ့ကို အမှန်အတိုင်း ဖြေစမ်းပါ၊ ဒါ တကယ်ပဲလား'

အောင်ဦး ခေါင်းငိုက်စိုက် ချထားသည်။ ဘာမှ မဖြေနိုင်။

ဆိတ်ဆိတ်နေ ဝန်ခံသတဲ့။

ဝေမာ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာပြန်သည်။

'ဘာဖြစ်လို့လဲဟာ၊ နင် ငါ့ကို ဖြတ်တော့မလို့လား၊ ငါများ ဘာအမှား လုပ်မိလို့လဲဟာ'

အောင်ဦး ပျာပျာသလဲ လက်ကာသည်။

'မဟုတ်ဘူး ဝေမာ၊ မဟုတ်ဘူး၊ လူက ပြည့်နေတာ၊ ဟိုကောင် တွေကလည်း ငါ့ကို ဘယ်သူ့မှ မပြောရဘူး၊ နင့်ကိုပါ မပြောရဘူးလို့ ပြောလို့'

'ဘာပြောတယ်'

ဝေမာ မျက်လုံး မီးဝင်းဝင်း တောက်သွားသည်။

'ဟိုကောင်တွေက လူပြည့်ရင် အဲဒီအတိုင်း ပြောမှာပဲ၊ ဘာမှ မထူးဆန်းဘူး၊ ဒါပေမဲ့ နင့်နေရာမှာ ငါဆိုရင် ငါပါ မတက်ဘဲ လှည့်ပြန်လာမယ်ဆိုတာ နင် မသိဘူးလား'

အောင်ဦး အကြာကြီး ခေါင်းငုံ့တိတ်ဆိတ်နေသည်။ ပြီးမှ 'ငါ အဲဒီလို မတွေးလိုက်မိဘူးဟာ' ဟု တိုးတိုးပြောသည်။

'ဘယ်တွေးမလဲ၊ နင်က ငါ့ကို နင့်ကို ငါချစ်သလိုမှ မချစ်ဘဲ၊ ဘယ်သူ့ကို မှလည်း နင် အဲသလိုချစ်မှာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ ချစ်တဲ့ကောင်၊ အတ္တသမား၊ လူတွေကို နင်နဲ့ နှိုင်းနှိုင်းတွေးတော့ နင် အဲသလို ဘယ်တွေးတတ်ပါ့မလဲ'

'ဝေမာ'



အောင်ဦး မျက်လုံးမှာ မျက်ရည်တွေ ဝဲနေသည်။

'နင် ဘာမှမပြောနဲ့၊ ငါပြောမယ်၊ နင့်လိုလူမျိုးကို ချစ်ခဲ့မိတာ ငါ့ရဲ့အမှား၊ ငါလည်း ငါ့အမှားကို ငါပြင်မယ်၊ နင်လည်း တစ်သက်လုံး အဲဒီ စိတ်ဓာတ်နဲ့ပဲ နေသွား၊ နင့်ကို ချစ်တဲ့သူ တစ်ယောက်မှ ထပ်ပေါ် မလာစေရဘူး၊ ငါ ဇက်ဖြတ်ကြေး လောင်းရဲတယ်၊ ငါဟာ နောက်ဆုံးပဲ၊ သွားတော့၊ နင့်မျက်နှာကို ငါတစ်သက်လုံး မကြည့်ပါရစေနဲ့တော့'

ဝေမာ ချာခနဲ လှည့်ထွက်လာခဲ့သည်အထိ အောင်ဦး ခြေစုံရပ်ပြီး ခေါင်းငိုက်စိုက်ကျ ကျန်နေခဲ့ပါသည်။

[ ၇ ]

နောက်ဆုံးနှစ် အပိုင်း(က) တွင် အောင်ဦး ရန်ကုန်ဆေးတက္ကသိုလ် ၂ သို့ ပြောင်းရွှေ့သွားသည်။ သူ ပြောင်းဖို့ လုပ်နေသည်။ 'ဝေမာရော ပါမလား' ဟု သူငယ်ချင်းများကတစ်ဆင့် မေးဖော် ရသေးသော်လည်း ဝေမာက ဘာမှ အကြောင်းမပြန်ပါ။ အောင်ဦးကို သူ့နှလုံးသားထဲကရော၊ ဦးနှောက်ထဲကရော၊ ဘဝထဲကပါ အပြီး ထုတ်လိုက်ပါသည်။

အဲသည်ကတည်းက အောင်ဦးသတင်းကို သူ ဘာမှ မကြားရတော့ပါ။ သူလည်း မိဘတွေ သဘောတူသော သူဌေးပေါက်စ ကိုမျိုးညွန့်ကို ခေါင်းညိတ်ခဲ့ပါသည်။

အဲသည် အချိန်မှာ သုံးနှစ် အမှုထမ်းရမည် ဆိုသည့်မူ ရှိနေသဖြင့် နယ်စပ်မြို့ကလေးသို့ သူရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

သည်အကြောင်းတွေကိုတော့ နန်းဆန်ရှမ်းကို သူ သွားပြောပြနေ၍ မဖြစ်။ ကိုမျိုးညွန့်ပင်လျှင် မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



| ၈ |

နန်းဆန်ရှမ်းက အားတုံ့အားနာ ရယ်သည်။

'သိပ်လည်း စိတ်မညစ်ပါနဲ့ ဒေါက်တာရယ်၊ ကျွန်မလည်း ပါမှာပဲ ဥစ္စာ၊ ပျော်စရာကြီး'

ဝေမာတော့ ခေါင်းသာ ကုတ်မိသည်။

'ဒီရက်ထဲ ဝေမာ့ အမျိုးသား လိုက်လာဖို့ ရှိတယ် အစ်မနန်းရဲ့၊လွဲမှာ၊ ပြီးတော့ ငလျင် လှုပ်ထားတဲ့ ဒေသဆိုတော့ နေရေး ထိုင်ရေး ကလည်း တော်တော်ကသီမှာ၊ ဘယ်နှရက် ကြာမယ်လည်း တိတိပပ မပြော'

'နီးနီးလေးပါ ဒေါက်တာရယ်၊ လမ်းတချို့ ပျက်သွားလို့သာ ဖင့်သွားတာ၊ တိုက်နယ် ဆရာဝန်ဆိုရင် တိုက်နယ်ဆေးရုံတောင် ပြန်မရောက်ဘူးတဲ့၊ လူနာတွေက များ၊ လမ်းက မကောင်းဆိုတော့ တောင်ပေါ်ရွာမှာပဲ သောင်တင်နေတာတဲ့။ ကျွန်မတို့က တိုက်နယ် ဆေးရုံတင်နေရမှာ၊ သိပ်မဆိုးပါဘူး၊ ပြီးတော့ ကျိုင်းတုံနဲ့ ရန်ကုန်က ဆရာကြီးတွေ ပါလာမှာတဲ့၊ အဆင်ပြေမှာပါ ဒေါက်တာရယ်'

အရေးပေါ် ဆေးကုအဖွဲ့နှင့် လိုက်ရမည်ဆို၍ ရွံ့မဲ့ ညည်းတွားနေသော ဆရာဝန်မကလေး ဒေါက်တာဝေမာ့ကို နန်းဆန်ရှမ်း တစ်နေကုန် ချော့နေရပါသည်။

| ၉ |

'ဒီကောင့်ကို ရအောင် ပြန်ခေါ်ခဲ့လို့ ငါ မှာလိုက်တယ် မဟုတ်လား'

ခေါင်းစုတ်ဖွားနှင့် ဒုတိယ ပြည်နယ်ဦးစီးမှူးက အံကြိတ်ထားသော လေသံနှင့် မေးတော့ ကွင်းဆင်းအဖွဲ့မှ ကျန်းမာရေး ဝန်ထမ်းများ ခေါင်းငုံ့နေကြသည်။



ခဏနေမှ တစ်ယောက်က မော့ကြည့်၍ တိုးတိုးပြောသည်။

'လူနာ တအား များနေလို့တဲ့၊ တချို့လူနာတွေ ကျွန်တော်တို့ သယ်သွားတာတောင် သူ့ဆီမှာ ကျန်တာတွေက များနေသေးတာ၊ သူ တိုက်နယ် ဆေးရုံကို ပြန်လာလို့ မဖြစ်သေးဘူးတဲ့၊ ကျွန်တော် နေခဲ့ပေးမယ်လို့ ပြောတော့လည်း ဆရာဝန်လောက်မှ ဖြစ်မှာတဲ့၊ သူ့ကြည့်ရတာ တော်တော်ယိုင်နေပြီ ဆရာ၊ စကတည်းက ဟောင်းကောင်း အိပ်ရပုံ မပေါ်သေးဘူး'

ဒုပြည်နယ်ဦးစီးမှူး ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ငါသိတယ်၊ ဒီကောင် ကျိုင်းတုံက ပြောင်းသွားတာ၊ ကျိုင်းတုံမှာ တုန်းကလည်း အဲသလို လုပ်တတ်တဲ့ကောင်မျိုး၊ သဘာဝဘေးဒဏ်နဲ့ ကြုံတော့ ပိုလုပ်တော့တာပေါ့၊ သူ့စိတ်ခတ်ကို ဘယ်လောက် လေးစား လေးစား အဲသလို လွှတ်ထားလို့ မရဘူး၊ လူကောင်း တစ်ယောက် ဆုံးရှုံးသွားလိမ့်မယ်၊ မြို့နယ်ဆေးရုံက ပါလာတာလည်း ခိန်းကလေး ဆရာဝန် ဖြစ်နေတယ်'

စောစောက လူက ယခုမှ သတိရဟန်နှင့် ပြောသည်။

'ဆရာ သူ ဖျားလည်း ဖျားနေတယ်၊ ကျွန်တော် မေးတော့ ရှတယ်တဲ့၊ အာတီမိုဒီ သောက်ထားတယ်တဲ့'

'ဒုက္ခပါပဲကွာ'

ဒုဦးစီးမှူးက ဝေမာ့ကို လှမ်းကြည့်သည်။ ဝေမာလည်း မျက်နှာ အထားရ ခက်သဖြင့် ခေါင်းငုံ့၍ နေလိုက်သည်။

'ကဲ ရန်ကုန်အဖွဲ့ကို မေးကွာ၊ ယောကျ်ားလေး လက်ထောက် ဆရာဝန် တစ်ယောက်လောက် တိုက်နယ်ဆရာဝန်ကို တက်လဲပေးနိုင် မလားလို့၊ သူတို့ အဆင်မပြေရင်တော့ ငါကိုယ်တိုင်ပဲ တက်လဲလိုက် မယ်'

'ဟုတ်ကဲ့ပါ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



[ ၁၀ ]

လက်နှိပ်ဓာတ်မီးနှင့် ပစ္စည်းသိမ်းနေသော နန်းဆန်ရှမ်းကြောင့် ဝေမာ လန့်နိုးလာသည်။

'အစ်မ နန်း မအိပ်သေးဘူးလား၊ မီးဖွင့်လေ'

မီးချောင်းရောင် လင်းလက်သွားသည်၊ ရှိုက်သံတစ်ချက်ကို သဲ့သဲ့ ကြားရသည်။

'ဟယ် အစ်မနန်း၊ ငိုနေတာလား။ ဘာဖြစ်လို့လဲ'

ဝေမာ နေရာမှ ပျာပျာသလဲ ထ၍ နန်းဆန်ရှမ်း၏ ပခုံးကလေးကို ပွေ့ဖက်လိုက်သည်။ နန်းဆန်ရှမ်း မျက်နှာမှာ မျက်ရည်စီးကြောင်း တွေနှင့်။

'ဘာဖြစ်လို့လဲ ဟင်၊ အစ်မနန်း'

နန်းဆန်ရှမ်း ခေါင်းခါသည်။

'ဒေါက်တာ ပြန်အိပ်တော့ ကျွန်မ ဒီည ဝဒ် (Ward) ထဲမှာပဲ နေတော့မယ်'

'ဘယ်သူ ဘာဖြစ်လို့လဲဟင်'

နန်းဆန်ရှမ်း မျက်ရည်တွေ တွေတွေ ကျလာသည်။

'သနားလွန်းလို့ ဒေါက်တာရယ်၊ တိုက်နယ် ဆရာဝန်လေးကို သူတို့ ခေါ်ချလာကြပြီ'

ဝေမာ တစ်ချက် စဉ်းစားလိုက်သည်။

'ဟို ပြန်မလာဘူးဆိုပြီး ပေတေ လုပ်နေတဲ့သူ မဟုတ်လား။ အခုတော့ လိုက်လာပြီလား'

'လိုက်လာတာ မဟုတ်ဘူး ဒေါက်တာရေ၊ သတိလစ်ပြီး ပါလာတာ၊ ထမ်းခေါ်ရတယ်၊ ဦးနှောက်ထဲ ငှက်ဖျားပိုး ဝင်နေပြီတဲ့'



မြတ်စွာဘုရား

ဝေမာပါ မျက်ရည်စို့လာသည်။

'ကဲ သွား သွား။ အစ်မနန်း ကျွန်မပါ လိုက်ခဲ့မယ်'

နေရာမှ ထသည်။

[ ၁၁ ]

နှလုံးသွေးတို့ အားလုံး အေးခဲ ရပ်တန့်သွားသည်။

အောင်ဦး

အောင်ဦးမှ အောင်ဦးအစစ်။

မုတ်ဆိတ်ကျင်စွယ် ဗရပွ၊ ဆံပင်ရှည်နှင့် ဖြစ်နေသော်လည်း ဖြူဖြူ ချောချော မျက်နှာကလေးက ပြောင်းမသွားပါ။

ဝေမာ့ကိုတော့ လှည့်မကြည့်။

ဘယ်သူ့ကိုမှလည်း မကြည့်ပါ။

မျက်လုံးက အပွင့်သားနှင့် မျက်နှာကြက်ကို ကြောင်တောင် တောင် ကြည့်နေသည်။ လူက ပက်လက်။ လေပြွန် ပိတ်ဆို့နေသလို တစ်ဆို့ဆို့ အသံကြီးနှင့် အသက်ရှူနေသည်။ သေချာပါသည်။သတိ မရ။

ခုတင်ဘေးက ခုံကလေးမှာ ဒုပြည်နယ်ဦးစီးမှူး ထိုင်နေသည်။ သူလည်း မျက်နှာမကောင်း။ သူ့နောက်မှာလည်း ဆရာဝန်တစ်ဦးနှင့် ကျန်းမာရေး ဝန်ထမ်းသုံးဦး ရပ်နေသည်။ အားလုံးရဲ့ မျက်နှာကတော့ စိတ်ပူနေကြပုံပါ။

ဝေမာ ဟန်မဆောင်နိုင်တော့ဘဲ ခုတင် တစ်ဖက်ခြမ်း ခုံမရှိသော ကြမ်းပြင်ပေါ်တွင် ဒူးထောက် ထိုင်ချလိုက်သည်။ မျက်ရည်တို့က တွေတွေကျလာသည်။ အောင်ဦး၏ လက်တစ်ဖက်ကို ကိုင်၍ လှုပ်ခါ သည်။

www.burmeseclassic.com

www.burmeseclassic.com



'အောင်ဦး   အောင်ဦးရေ ငါပါ၊ ဝေမာပါ၊ ငါ့ကို ကြည့်ပါဦး'

ရပ်နေသော ဆရာဝန်က ဝေမာ့ကို ဟန့်ဟန် ပြင်သည်။ ဒုပြည်နယ် ဦးစီးမှူးက အသာ လက်ကာ ပြလိုက်သည်။

'သမီး သူငယ်ချင်းလား'

'ဟုတ်. . ဟုတ်ပါတယ် ဆရာ'

ဝေမာ မျက်ရည်အရွဲသားနှင့် ဖြေသည်။ ရင်ထဲမှာတော့ 'ချစ်သူပါ ဆရာ၊ အတ္တသိပ်ကြီးတာကို သည်းမခံနိုင်လို့ ကျွန်မ ကျောခိုင်းခဲ့တဲ့ ချစ်သူပါ၊ အတ္တသိပ်ကြီးသူ ဘယ်လိုလုပ်ပြီး အများအတွက် အသက်ပါ ပေးကူညီတဲ့ လူစားမျိုး ဖြစ်သွားရတာလဲ၊ သူ အဲသလို လူမျိုးဖြစ်နေပြီ ဆိုရင်ရော ကျွန်မ ဘာလို့ သိခွင့်မရခဲ့ရတာလဲ၊ ပြီးတော့ ဘာလို့ သူနဲ့ ဆန့်ကျင်ဘက်အရပ်ကို ကျွန်မ သွားနေမိရတာလဲ' ဟု ဆူညံစွာ မေးခွန်းတွေ ထုတ်နေမိသည်။

ဒုပြည်နယ်ဦးစီးမှူးက တိုးတိုး ထပ်မေးသည်။

'သမီးက ဒေါက်တာဝေမာနော်'

'ဟုတ်ပါတယ် ဆရာ'

'ခရိုင်ဆေးရုံကြီးက အားဖြည့်အဖွဲ့ တစ်ဖွဲ့ ရောက်နေတယ်၊ ဆရာဝန်လေး တစ်ယောက်လည်း ပါတယ်၊ သမီးကို လဲပေးမလို့တဲ့ သမီး ဧည့်သည်တစ်ယောက် ဟိုမှာ ရောက်နေတယ်။ ကိုမျိုးညွန့်တဲ့ ပြန်မယ့်အဖွဲ့ နက်ဖြန်မနက် ထွက်လိမ့်မယ်၊ သမီး လိုက်သွားမလား'

'ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မ 'အောင်ဦး' အဲ သူနားမှာ နေပေးချင်သေးတယ်၊ သူ့ကို ရွှေ့လို့ရလို့ ခရိုင်ဆေးရုံကြီး ပို့တဲ့ အခေါက်ကျမှ လိုက်ချင်ပါတယ်။ ဧည့်သည်ကို ပြန်နှင့်ဖို့ စာရေးပေး လိုက်ပါမယ်'

ဒုပြည်နယ် ဦးစီးမှူးက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်သည်။

'သမီး သဘောပဲ၊ ဒါဆို လိုက်လာတဲ့ ဆရာဝန်လေးကို သမီး အလုပ်တွေ လွှဲလိုက်၊ သမီးက သမီးသူငယ်ချင်းကို ပြုစုပေါ့'



ဝေမာက တစ်ဆို့သံကြီးနှင့် အသက်ရှူနေဆဲဖြစ်သော အောင်ဦး ကို တစ်ဖက်သို့ ညင်သာစွာ စောင်းပေးရင်းက ခေါင်းညိတ်သည်။

'ကျေးဇူးတင်ပါတယ် ဆရာ'

| ၁၂ |

*'ကျွန်မတို့ဟာ အလွန်ကြီးမားတဲ့ အလုပ်တွေကို လုပ်နိုင်စွမ်း မရှိကြပါဘူး။ သေးငယ်တဲ့ အလုပ်ကလေးတွေကိုပဲ ကြီးမားတဲ့ နှလုံးသားနဲ့ လုပ်နေကြတာပါ'*

**မသာထရီစာ**

ဗိဝက

၂၀၁၁၊ စက်တင်ဘာလ

○

www.burmeseclassic.com

www.burmeseclassic.com

# ရှိုင်းကြက်ခွပ်ကလေးများ



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

လေအေးစက်က အသံနည်းနည်း ဆူသော်လည်း မေလ ညောင်ဦးမြို့၏ အပူချိန်ကိုတော့ ကောင်းကောင်း အန်တု နိုင်စွမ်းရှိသည်။ ပြတင်းပေါက် တစ်ပေါက်တည်းသာရှိပြီး ဖွင့်လိုက်လျှင်လည်း ပုဂံ၏ ရှုခင်းနှင့် တည့်သော နေရာ မဟုတ်သဖြင့် ပိတ်သာထားလိုက်တော့သည်။

'တစ်ည ငါးထောင်နဲ့ ဒီလောက်ပဲ ရမှာပေါ့ကွာ၊ မင်း ရှုခင်း ကြည့်ချင်ရင် ဟိုဘက်က ဘန်ဂလိုတွေ သွားငှား'

အညာသား သူငယ်ချင်းက နွေခေါင်ခေါင်မှာ လေအေးစက်ဒဏ်ကို ကြောက်လှစွာဖြင့် တစ်ကိုယ်လုံး စောင်ခြုံထားလျက်က ပြောသည်။

'ဟိုဘက်က ဘယ်လောက်တဲ့လဲ'

'ဒေါ်လာနဲ့'

သူ ရယ်မိသည်။

'တော်ပါပြီကွာ၊ ဘုရားတွေက နံနက်ကျ လိုက်ဖူးမှာပဲ၊ ဒီမှာပဲ အဆင်ပြေပါတယ်၊ ပြီးတော့ ရန်ကုန် မန္တလေး မရနိုင်တဲ့ ဈေးနဲ့ အေးအေးလေး အိပ်ရတာနဲ့တင် တန်နေပါပြီ'

'ဒီက မီးမှန်တာကိုးကွ'

ဟုတ်ပါသည်။ မီးပျက်သည်ဆိုသည့် စကားအဓိပ္ပာယ်ကို ပုဂံ ညောင်ဦးသားတို့ သိပ်နားမလည်သေးပါ။

သူလည်း အိပ်ရာပေါ် ကျောဆန့်ချလိုက်တော့ ခါးက တဖျောက်ဖျောက် မြည်သည်။ မနက်ကျတော့ ပွဦးမှာဟု ညည်းမိသည်။



'မင်းအပြစ်ပဲလေ၊ ပုဂံကို သူများတွေ ဆောင်းတွင်း လာကြတာ၊ မင်းက မေလကြီး ရွေးလာတာကို'

'ဆေးရုံက အလုပ် များတယ်ဟ၊ ကိုယ်က ခုမှဝင်တဲ့ လက်ထောက် ဆရာဝန်ဆိုတော့ မတတ်သေးတာတွေကလည်း အများကြီး၊ ပြီးတော့ မကွေး ဆေးတက္ကသိုလ်က ပြီးတာ၊ အခု မကွေးဆေးရုံမှာ ကိုယ့်ဆရာတွေနဲ့ နေရတုန်း တတ်အောင် သင်ထားမှ၊ တော်ကြာ တိုက်နယ်ဆရာဝန် ဘဝနဲ့ တစ်ယောက်တည်း နယ်က ဆင်းရဲဦးမှာ၊ ခုတောင် ဆေးရုံပိတ်ရက်က ကြာသပတေး ကျတာနဲ့ ဒီနေ့ သောကြာကလေး ခွင့်ယူလိုက်လို့ လေးရက် ရသွားတာ'

သူငယ်ချင်းကို ရှင်းပြနေစဉ် တံခါးခေါက်သံ ဖွဖွ ပေါ်လာသည်။

| ၂ |

ဟိုတယ်မှ အလုပ်သမားလေး ဖြစ်သည်။

'အစ်ကိုက ဆရာဝန် မဟုတ်လား' တဲ့။

'ဟုတ်ပါတယ်'

'ဟိုဘက်က ဘန်ဂလိုမှာ လေယာဉ်မယ်လေး တစ်ယောက် တော်တော်ဖျားနေလို့ ကြည့်ပေးလို့ ရမလား' တဲ့။ 'ရပါတယ်၊ ဒါပေမဲ့ လေယာဉ်မယ်က ဘယ်လိုလုပ် ဒီရောက်နေရတာလဲ'

'ရန်ကုန်နားမှာ လေဖိအားနည်း ရပ်ဝန်း ရှိလို့တဲ့ မလေယာဉ်တွေ ပြန်မတက်ကြဘူး၊ လေယာဉ်မောင်တွေရော လေယာဉ်မယ်တွေပါ ကျွန်တော်တို့ ဟိုတယ်မှာ တည်းနေကြတယ်။ တစ်ယောက်က ညနေပိုင်းကျမှ တော်တော် ဖျားလာလို့'

'ဟုတ်ပြီလေ'

အသင့် ထည့်လာခဲ့သော နားကျပ်နှင့် သွေးပေါင်ချိန်တိုင်း ကိရိယာကို သေတ္တာထဲမှ ထုတ်ယူခိုက် သူငယ်ချင်းက တိုးတိုးပြောသည်။

'ငါလည်း လိုက်မယ်၊ ဆရာဝန်ရဲ့ လက်ထောက်ပေါ့ကွာ၊ လေယာဉ်မယ် ဆိုတော့ နှစ်ခုတော့ သေချာတယ်'

'ဘာနှစ်ခုလဲ'

www.burmeseclassic.com

www.burmeseclassic.com



'တစ် အပျို့ဖြစ်မှာ သေချာတယ်၊ နှစ် လှမှာ သေချာတယ်'

'နှာဘူး'

သူငယ်ချင်း နှစ်ယောက်သား ရယ်မော၍ ဟိုတယ် အလုပ်သမားလေး နောက် လိုက်ခဲ့ကြသည်။

[ ၃ ]

သူငယ်ချင်း ခန့်မှန်းချက် မှန်ပါသည်။

ဖျားနေသော လေယာဉ်မယ် ကလေးရော၊ အဖော် လေယာဉ်မယ် ကလေးပါ တော်တော်လှကြသည်။ အထူးသဖြင့်တော့ ဖျားနေသည့် လေယာဉ်မယ်ကလေးက ကြွေရုပ်ကလေးကို ပက်လက် ချထားသလို လှသည်။ မျက်နှာက အခြယ်အသလည်း မဖျက်ရသေးသဖြင့် လူမမာနှင့် ဘယ်လိုမှကို မတူပါ။

'ဒေါက်တာတို့ အနားယူနေတုန်း အားနာလိုက်တာရှင်'

လှသောကလေးမက အဖျား ကြီးနေသည့်ကြားက ယဉ်ကျေးစွာ ယဲ့ယဲ့ပြုံး၍ ဆိုသည်။

'အားနာမနေနဲ့ ညီမရေ၊ ဒီကောင်က ရောက်လေရာမှာ ဆေးကုချင်လွန်းလို့ ဘုရားဖူး လာတာတောင် ဒါတွေ ထည့်လာတာ ကြည့်'

သူငယ်ချင်းက ဝင်၍ နှုတ်သွက်သည်။

'ဆေးတွေ ဘာတွေ ထိုးဖို့ မလိုတာပဲ တော်ရဲ့၊ ကျွန်တော်ကလည်း ဒါပဲ ပါတာ၊ သောက်ဆေးတွေကတော့ ဒီက ညီမလေးတွေ သွားဝယ်ပေးတတ်မလား၊ ကျွန်တော် ဆေးညွှန်းကလေး ရေးပေးလိုက်မယ်'

'ရပါတယ် ဆရာ'

[ ၄ ]

နံနက်ပိုင်း စောစောထ၍ ဘုရားဖူးကြရန် ပြင်နေစဉ် လူမမာ၏ အဖော်ဖြစ်သူ လေယာဉ်မယ် ကလေးက နံနက်စာ အတူစားကြရန် လာခေါ်သည်။



ဟိုတယ် စားသောက်ခန်းအတွင်း လိုက်သွားတော့ နေမကောင်းသည့် လေယာဉ်မယ် ကလေးက ထိုင်စောင့်နေတာ တွေ့ရသည်။ မျက်နှာမှာ အခြယ်အသ ဘာမှ မရှိတော့။ ဒါပေမဲ့ လှတာတော့ လှနေတုန်းပါပဲ။

'နေသာရဲ့လား ညီမ'

ခေါင်းကလေး ညိတ်ပြ၍ သူ့နံဘေးတွင် ထိုင်ရန် ခုံကလေး ဆွဲထုတ်ပေးသဖြင့် ဝင်ထိုင်လိုက်သည်။

'အဖျားက ညကတည်းက တောက်လျှောက် ကျသွားပါတယ်၊ အစ်ကို့ဆေးက သိပ်စွမ်းတာပဲ'

'ဆေးက သူလို ငါလိုပါပဲ ညီမရယ်၊ စေတနာက စွမ်းနေတာပါ'

အညာသားက ဝင်အရွှန်းဖောက်သည်။

'အဖျား ကျတယ်သာ ပြောတယ် ညီမ မျက်နှာက မလန်းဘူး'

သူက တွေးတွေးဆဆ ဝင်ပြောတော့ မျက်လုံးနက်များနှင့် တစ်ချက် ဝင့်ကြည့်၍ အစ်ကိုတို့ မကြားလိုက်ဘူးလားဟု မေးသည်။

'ဘာလဲ ညီမ'

'ညက မြစ်ဝကျွန်းပေါ်မှာ မုန်တိုင်း ဝင်သွားတယ်လေ၊ ခုထက်ထိ အရှိန် မသေသေးဘူး၊ ရန်ကုန်လည်း ပါတယ်၊ ညီမ မိဘတွေက ရန်ကုန်မှာဆိုတော့ စိတ်ပူနေတာ၊ ဒီအစ်မက မန္တလေးဇာတိဆိုတော့ လွတ်တာပေါ့။ အခု ရုံးက ညီမတို့ အိမ်တွေကို လူလွှတ်ပြီး ကြည့်ပေးမယ် ပြောလို့ စောင့်နေတာ၊ ဖုန်းတွေ၊ မီးတွေ အားလုံး မရတော့ဘူး'

ရုတ်တရက် အာစေးမိသွားသည်။ ပြီးမှ

'အစ်ကိုက မကွေးဆေးရုံက လူပျိုဆောင်မှာ နေတာ၊ မိဘတွေက မင်းဘူးမှာ၊ ဒီကောင်လည်း မင်းဘူးကပဲ၊ ဒါပေမဲ့ သူများတွေအတွက် စိတ်မကောင်းစရာ၊ အဲဒါဆို ညီမတို့လည်း မပြန်နိုင်သေးဘူးပေါ့'

ခေါင်းညိတ်ပြသည်။

'နက်ဖြန်ကားနဲ့ မကွေးကို ပြန်မှာ၊ ဒီညတော့ အိပ်ဦးမှာပါ၊ အဖျား ပြန်တက်ရင် လှမ်းခေါ်လိုက်နော်'

ညင်သာစွာ ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



## [ ၅ ]

လူနာလှလှကလေး နာမည်က နွေးနေခြည်တဲ့။ နေခြည်လို့ ခေါ်ပါ အစ်ကိုဟု ပြောသည်။ သူ့နာမည်က အောင်ဇရာ ဟု ပြောတော့ ဝိုင်းရယ်ကြသည်။ လေယာဉ်မယ် အကြီးကလေးကတော့ ဘွင်းဘွင်း မှတ်ချက်ချသည်။

'အစ်ကို့ နာမည်ကလည်း သဘော်နဲ့ တူလိုက်တာ'

'အေးကွာ၊ မိဘတွေ ဘာစိတ်ကူးပေါက်ပြီး ပေးခဲ့တယ် မသိပါဘူး။ မင်းဘူးသားတွေဆိုတော့ ဇရာဝတီမြစ်ကြည့်ပြီး ပေးခဲ့ဟန် တူပါရဲ့'

နေခြည်က ဝင်ဖာထေးသည်။

'ဒေါက်တာ အောင်ဇရာ ဆိုတော့လည်း ခန့်ပါတယ် အစ်ကိုရယ်။ နေခြည်သာ နာမည် စီးသွားလိုက်တာ၊ တိမ်တွေပေါ်မှာချည်း နေရတော့တာပဲ'

'ဟုတ်ပါရဲ့'

## [ ၆ ]

ပျူစောထီး ပစ်ခဲ့သည့်မြားဟု အဆိုရှိသော သစ်သားတိုင်ကြီး ဘေးမှာရပ်၍ မော့ကြည့်နေသော သူတို့နှစ်ယောက်ဘေးမှာ ဘုရားသမိုင်း ရှင်းပြလိုသော ကလေးတွေ ဝိုင်းနေကြသည်။

အညာသားက ရယ်သည်။

'ငှက်ကြီးက မှဲ့တစ်ပေါက် ပါရင်တောင် မချီဘူးတဲ့ကွ၊ မင်းလူနာကလေး နေခြည် ဒီခေတ်လာလူဖြစ်လို့သာ တော်သေးတယ်၊ မှဲ့တစ်ပေါက်တောင် မပါဘူး ကိုယ့်လူ၊ နို့မို့ဆို ပုဂံမှာ ငှက်ကြီးချီမှာ စိုးရသေး'

သူလည်း ဖွဖွ လိုက်ရယ်မိသည်။

'ဘာထူးလဲကွာ၊ သူလည်း လေယာဉ်ပျံကြီးနဲ့ ပါသွားမှာပဲဟာ'

'အောင်မယ် လွမ်းတောင် လွမ်းနေပြီလားဟ'

'မလွမ်းပါဘူးကွာ၊ ဘဝချင်း မတူတာ ပြောတာပါ။ သူက နေခြည် ဆိုတဲ့ နာမည်နဲ့ လိုက်အောင် တိမ်တွေပေါ်မှာပဲ နေရတာ၊ ငါက ဇရာဆိုတဲ့ နာမည်နဲ့လိုက်အောင် မြေကြီးပေါ်မှာ စီးဆင်းရတာ'



သူငယ်ချင်းက မျက်လုံး ပြူးပြသည်။

'ဆရာဝန် ဘဝမို့ လေယာဉ်မယ်ကို မမှန်းရဲပါဘူးလို့ ပြောမလို့လား၊ ဟော့ကောင် ရှေးတုန်းက ဝတ္ထုတွေ ဒုက္ခရောက်လိမ့်မယ်နော်၊ အဲဒါတွေထဲမှာ လူကြီးမိဘ သဘောတူပြီး အတင်းစီစဉ်တာ ဆရာဝန်တွေနဲ့ချည်းပဲ'

'ဆရာဝန် တစ်နှစ်လုံး လေးရာ ထွက်တဲ့ခေတ်က နေမှာပေါ့ကွာ၊ အခုက ဆရာဝန် တစ်နှစ် နှစ်ထောင်ကျော် ထွက်နေတာ၊ လေယာဉ်မယ် လခ ကလည်း ငါ့လခ ခုနစ်သောင်းခွဲထက် များမှာပါ။ ဒါပေမဲ့ ငါပြောချင်တဲ့ ဘဝချင်း မတူဘူးဆိုတာ အဲဒါ မဟုတ်ဘူး'

'ဘာလဲ'

မြင်းလှည်း ရပ်ထားရာနေရာသို့ နှစ်ယောက်သား ပြန်လျှောက်ခဲ့ကြ ရင်းက ဆက်ရှင်း ပြမိသည်။

'ဒီလိုလေကွာ၊ ဘဝဆိုတာကို မင်း စဉ်းစားကြည့်၊ အခြေခံ စားဝတ် နေရေး ပြည့်စုံဖို့က အဓိကလား၊ သူများကို ကူညီနိုင်ဖို့က အဓိကလား'

သူငယ်ချင်းက ပခုံးတွန့်ပြသည်။

'မြင့်တယ်ဟေ့၊ ငါကတော့ ပဲအရောင်းအဝယ်သမားဆိုတော့ အခြေခံ စားဝတ်နေရေးက အဓိကလို့ ပြောရမှာပဲ'

'မှန်တယ်၊ ငါက ဆရာဝန်ဆိုတော့ သူများကို ကူညီဖို့က အဓိကလို့ ပြောရမှာပဲ၊ တကယ်တော့ ဘဝဆိုတာ အခြေခံ စားဝတ်နေမှုကလေးကလည်း ပြည့်စုံမှ၊ ပြည့်စုံအောင် လုပ်ပေးတဲ့ သူတွေ ရှိဖို့ လိုတာပေါ့ကွာ၊ တို့လို လူတွေကို ကူညီတဲ့အလုပ် လုပ်ပေးနေတဲ့ သူတွေလည်း ရှိရမယ်၊ ဒါမှ မကြောင့်ကြရမှာ၊ ဒါနဲ့ မပြီးဘူးကွ။ ဟောဒီ လောကကြီးက စားဝတ်နေရေး ပြည့်စုံပြီး မကြောင့်ကြရုံ သက်သက်ဆိုရင် ဘယ်လာ ပျော်စရာ နေစရာ ကောင်းမှာလဲ၊ လှလည်း လှရမယ်၊ ဘဝကြီးလှလှပပ ကလေးဖြစ်နေဖို့ နေခြည်တို့လို လှလှပပ ဝတ်စားဆင်ယင် ယဉ်ယဉ် ကျေးကျေးကလေး ပြောပြီး သူများ စိတ်နှလုံးကို ငြိမ်းချမ်းအောင် လုပ်ပေးနေတဲ့ လူတွေလည်း လိုတယ်'

သူငယ်ချင်းက နှာခေါင်းရှုံ့သည်။

'မင်းဟာလေ ဆရာဝန် စာရေးဆရာ နှစ်ယောက်ရဲ့ ဘာပည့်လို့ မပြောရဘူး၊ တော်တော် စိတ်ကူးယဉ်တဲ့ကောင်၊ အဲဒါနဲ့ ဘဝချင်းမတူတာက ဘယ်လို ပတ်သက်သွားသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ပတ်သက်တာပေါ့ကွ၊ ငါ့ဘဝက အနိဋ္ဌာရုံတွေ ကြားထဲမှာ ကျင်လည် ရုန်းကန်ပြီး သူများဝေဒနာကို ပျောက်အောင် သက်သာအောင် ကူညီနေရတဲ့ ဘဝ၊ နေခြည်တို့ ဘဝက လှလှကလေး တိမ်တွေပေါ်မှာ နေရတဲ့ဘဝ၊ သူ့အလုပ် လုပ်နေတဲ့ နေရာကို ရောက်ဖူးဖို့ ငါလည်း လေယာဉ် မစီးနိုင်၊ *ငါ့အလုပ် လုပ်နေတဲ့ နေရာကို သူတစ်ခေါက် ရောက်ဖူးရင်လည်း နောက်* ဘယ်တော့မှ လာချင်မှာ မဟုတ်တာ'

'ဘုရားရေ'

သူငယ်ချင်းက ရင်ဘတ်ကို လက်ဖြင့် ဖိပြသည်။

'ဒီကောင် ဇဲသလောက်တောင် စဉ်းစားထားပြီးပြီပဲ အောင်ရောရယ်၊ မင်းကြွေတာ မြန်လှချည့်လား'

ချက်ကောင်း ထိသွားသဖြင့် သူ ပြန်မချေပနိုင်ဘဲ ရယ်နေရသည်။

| ၇ |

နေ့လယ်စာကို ဟိုတယ်မှာပင် ပြန်စားကြသည်။

ဟိုတယ်မှာ စားတာ အပြင်မှာ စားတာထက် ဈေးကြီးမှန်း သိပေမယ့် နေခြည်က နေ့လယ်တော့ ပြန်လာမယ် မဟုတ်လား အစ်ကိုဟု တိုးတိုး ကလေး အပြောတွင် ခေါင်းညိတ်မိပြီးသား ဖြစ်သွားသည်။

အဖျား ဆက်တိုက် ကျနေပြီဖြစ်သော နေခြည်က နေ့လယ်စာကို ဒကာခံ၍ ရွှင်လန်းစွာ ညွှန်ခံသည်။

'ရုံးချုပ်နဲ့ အဆက်အသွယ်ရပြီ အစ်ကို၊ နေခြည်တို့ အိမ်က အမိုး လန်သွားတာရယ်၊ မီး မရတာ၊ ဖုန်း မရတာရယ်ဘဲတဲ့၊ လူတွေ ဘာမှ မဖြစ်ကြဘူးတဲ့၊ လေယာဉ်လည်း တော်တော်နဲ့ မထွက်နိုင်တော့ဘူး၊ မနက်ဖြန် တော့ ညောင်ဦးရုံးက ကားနဲ့ မန္တလေးအထိ လိုက်ပို့လိမ့်မယ်၊ မန္တလေးက အဖွဲ့တွေနဲ့ ပေါင်းပြီး ရန်ကုန်ကို ကားနဲ့ ဆင်းကြမှာ'

'ဟုတ်လား၊ အစ်ကိုတို့လည်း နက်ဖြန်မနက် လိုင်းကားနဲ့ မကွေးကို ပြန်ကြမှာ'ဟု ပြန်ပြောရင်းက ရင်ထဲမှာ ဟာတာတာ ဖြစ်သွားသည်။

တိမ်တွေ အထက်ကို ပြန်တော့မည့် နေခြည်ပေါ့။



[ ၈ ]

မကွေး ပြန်ရောက်ပြီး မကြာခင် မြစ်ဝကျွန်းပေါ်သို့ သွားရသည်။

နာဂစ် မုန်တိုင်းဒဏ်သင့် ဒေသများအတွက် တစ်နိုင်ငံလုံးမှ ကုသရေး အဖွဲ့များ သွားကြသည်။ စေတနာ့ဝန်ထမ်း အဖွဲ့တွေရော၊ နိုင်ငံ့ဝန်ထမ်း အဖွဲ့တွေပါပါသည်။ အောင်ရောက မကွေးဆေးရုံမှ အဖွဲ့နှင့် လိုက်သွား သည်။ သူ့ဘာသာသူ ဆန္ဒပြုလိုက်တာပါ။

'ရန်ကုန်က ဆရာဝန်တွေ ကိုယ့်အိမ် အမိုး လန်နေတာတောင် ထားပစ်ခဲ့ပြီး လိုက်ကြရတာကွာ၊ ဒို့အညာက အစကတည်းက မုန်တိုင်း လွတ်နေတာပဲ'

သူငယ်ချင်းကို ရှင်းပြသည်။ သူငယ်ချင်းကလည်း အလှူရှင်အဖွဲ့ တစ်ဖွဲ့က ဆင်းမည်ဟု ပြောသည်။ မုန်တိုင်းဒဏ်သင့် ဒေသက ကျယ်ပြောလှ သဖြင့် ဆုံဖြစ်ချင်မှ ဆုံဖြစ်မည်ကို ပြောမိကြသေးသည်။

တကယ်ဆုံတော့ မောင်နေမင်းနှင့် ဆုံသည်။

[ ၉ ]

မောင်နေမင်းက စင်ကာပူ စက်မှုသိပ္ပံတွင် ကျောင်းတက်နေသော မြန်မာ နိုင်ငံမှ လူငယ်ကလေးဖြစ်သည်။ နာဂစ်သတင်းကို ကြားရသဖြင့် သူငယ်ချင်း စေတနာရှင်များစုကာ အဖွဲ့ဖွဲ့၍ မြန်မာနိုင်ငံသို့ ပြန်လာခြင်း ဖြစ်သည်။ မိဘ ချမ်းသာပြီး ခြေမွေးမီးမလောင် လက်မွေး မီးမလောင် နေလာခဲ့ကြသော လူငယ်ကလေးများ ဖြစ်ပေမယ့် ကိုယ့်လူမျိုး ဒုက္ခသည်တွေအပေါ်မှာ မေတ္တာ အပြည့်ဖြင့် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲနေသည့် ရွာတွေအထိ သွားရောက် လှူဒါန်း ကူညီကြခြင်း ဖြစ်သည်။

မောင်နေမင်းနှင့် ဒေါက်တာ အောင်ရောတို့ ဆုံမိကြတော့ အမိုးတစ်ခြမ်း မရှိတော့သည့် မိုးယိုနေသော ဘုန်းကြီးကျောင်း တစ်ခုပေါ်မှာပါ။

'ပြောင့်စူးထားတာ အစ်ကို၊ မေးခိုင်ဆေးများ ထိုးဖို့ လိုမလား

www.burmeseclassic.com

www.burmeseclassic.com



မောင်နေမင်း ဒဏ်ရာက တော်တော် ကြီးသည်။

'လိုမှာကွ၊ မင်းဟာက အနာတောင် ရင်းနေပြီ၊ ဆေးထည့်ပြီး ပိုးသတ်ဆေးတွေ ဘာတွေ သောက်ရမှာ၊ ဘာနဲ့ ထိတာလဲ'

'သစ်သားငုတ် ထင်တာပဲ အစ်ကို၊ ရေက ဒူးတစ်ဝက်လောက်ဆိုတော့ မမြင်ရဘူး'

'အဲဒါ ပိုဆိုးတာပေါ့ ရေထဲမှာ ပိုးမွှားတွေနဲ့'

ဒေါက်တာ အောင်ဇေယျာ ဂရုတစိုက် ဆေးထည့် ဆေးတိုက်သော်လည်း နောက်တစ်နေ့မှာ အနာက တော်တော် ရင်းလာပြီး အဖျားပါ တက်လာသည်။

'အရိုးနဲ့ နီးတယ်ကွ၊ ပေါ့လို့ မရဘူး၊ ငါညီ ရန်ကုန် ပြန်ပါလား၊ အစ်ကိုတို့အဖွဲ့က လူလဲမယ့်ကား လာစရာ ရှိတယ်၊ အစ်ကို စာရေးပေးလိုက်မယ်၊ ရန်ကုန်ဆေးရုံကြီးကို တန်းသွားလိုက်၊ မင်းအနာက ခွဲခန်းထဲမှာ ဖွင့်ဖို့ လိုချင်လိုမှာ'

မောင်နေမင်းက ယဲ့ယဲ့ပြုံးသည်။

'အရိုးနဲ့ဆိုင်ရင် ကြည့်မြင်တိုင် အရိုးဆေးရုံကို ရေးပေးပါလား၊ အိမ်နဲ့ နီးလို့'

'ရတယ်'

'အစ်ကို ရန်ကုန် ပြန်ရောက်ရင် တည်းမယ့်လိပ်စာလည်း ရေးပေးဦးနော်'

'အေးပါကွာ'

မောင်နေမင်း ကားနှင့် ပြန်ပါသွားပြီး တစ်ပတ်လောက်နေမှ ဒေါက်တာ အောင်ဇေယျာ ရန်ကုန် ပြန်ရောက်သည်။ ရောက်ရောက်ချင်းပင် မောင်နေမင်းကို သတိရသဖြင့် ကြည့်မြင်တိုင် အရိုးအထူးကု ဆေးရုံကြီးကို သွားစုံစမ်းသည်။

အတွင်းလူနာအဖြစ် တက်နေရဆဲ၊ သီးသန့်ခန်းတွင် ရှိသည် ဆို၍ လိုက်သွားသည်။ အဲသည်မှာ မမျှော်လင့်ထားသူကို တွေ့ရတော့ လေသည်။

ခုတင်ပေါ်တွင် ခြေထောက်ပတ်တီးဖြင့် ထိုင်နေသူ မောင်နေမင်းကို ပန်းသီးစိတ်ကလေးများ တယုတယ ခွံ့ပေးနေသည့် နေခြည်။

သူတို့ ကိုယ့်ကို မမြင်ခင် ကိုယ်ရှိန်သတ်၍ နောက်ဆုတ်မိသည်။

ဟုတ်တာပေါ့။



နိုင်ငံခြား တိုင်းပြည်များမှာ အင်ဂျင်နီယာအဖြစ် လုပ်သော ဘဝလမ်းကို လျှောက်လှမ်းတော့မည့် မောင်နေမင်း။ တိမ်တွေအထက်မှာ လှလှကလေး အလုပ်လုပ်နေသည့် နေခြည်။

ရုပ်ကလေးတွေကလည်း အချောချည်း။

လိုက်ဖက်ပါတယ်လေ။ ဒေါက်တာ အောင်ဇေယျာ အသာလှည့်၍ ပြန်ခဲ့သည်။

## [ ၁၀ ]

ဆိုင်ကယ် မှောက်၍ ရောက်လာသူတစ်ဦး၏ ဦးခေါင်းဓာတ်မှန်ကို နေရောင်တွင် ထောင်ကြည့်နေစဉ် အလုပ်သင် ဆရာဝန်မလေးတစ်ဦး အနားရောက်လာသည်။ တိုးတိုးပြောသည်။

'ဆရာရေ၊ ဓာတ်မှန် ခဏထား၊ ဟိုမှာ မမလှလှမလေး လာမေးနေတယ်'

ဆရာဝန်မကလေး လက်ညွှန်ပြရာ လှမ်းကြည့်လိုက်တော့ ထိတ်ခနဲ၊ နေခြည်ပါလား။ မြန်မာဆန်ဆန် အရပ်ဝတ် အရပ်စားကလေးနှင့် လှပ တင့်တယ်နေသည်။ ပြုံး၍ လက်ဝှေ့ယမ်းပြသည်။

ဘယ်လိုလုပ် မကွေးအထိ ရောက်လာရတာလဲ၊ မကွေးလေယာဉ်ကွင်းလည်း လေယာဉ်မဆင်းပါဘူး။ အနားတိုး လျှောက်သွားပြီး မေးမိသည်။

'နေခြည် ဘယ်လိုလုပ် မကွေး ရောက်လာတာလဲ'

နေခြည်က ပြုံး၍ ဖြေသည်။

'ခွင့်နဲ့ ဘုရား လာဖူးတာလေ၊ ဖေဖေ၊ မေမေနဲ့ မောင်လေးလည်း ပါတယ်၊ ပုဂံ ဘုရားတွေဖူးပြီး မကွေးကို ကားငှား ဆင်းလာတာ၊ ကျောင်းတော်ရာအထိ သွားမလို့၊ မောင်လေး နိုင်ငံခြားက ခဏရောက်တုန်းဆိုပြီး'

'မောင်လေး ဟုတ်လား'

'ဟုတ်ပရှင်၊ မောင်လေးက မောင်နေမင်းတဲ့။ အစ်ကိုပဲ ဆေးကုပေးခဲ့တာ၊ ပြီးတော့ သတင်း လာမေးပြီး အပေါက်ဝက လှည့်ပြန်သွားလို့ ကျေးဇူးတင်ကြောင်း မပြောလိုက်ရတာ၊ အခု မောင်နှမ နှစ်ယောက်စလုံးကို ဆေးကုခဲ့တဲ့ ဒေါက်တာကြီးကို မကွေးထိ လိုက်နှုတ်ဆက်ရတာ ရှင်းပြီလား'

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ။ ဟုတ်ပါရဲ့ နေခြည်၊ နေမင်း၊ မောင်နှမပဲ ဖြစ်ရတော့မှာပေါ့။ ငါ့နှယ် ညံ့လိုက်တာ။

'အစ်ကို လာသွားတာ နေခြည်တို့ ဘယ်လိုသိလဲ'

'ဆရာမတွေ ပြောတာပေါ့'

အောင်ဇေယျာ ရှုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

'ကဲပါ ခဏလောက် ထွက်လို့ရရင် မြသလွန်ဘုရားကို လိုက်ခဲ့ပါလား'

ခေါင်းသာ မသိမသာ ညိတ်မိသည်။

| ၁၁ |

မောင်နေမင်းက အလိုက်သိစွာ မိဘနှစ်ပါးကို တန်ဆောင်းထဲ ခေါ်သွားခိုက် အောင်ဇေယျာနှင့် နေခြည်တို့ ဧရာဝတီမြစ်ကို မိုးထားသော ရင်ပြင်အစွန်းဆီ လျှောက်လာကြသည်။

'ရွှေစည်းခုံဘုရား ညဘက် သွားခဲ့ကြတာ မှတ်မိလား အစ်ကို'

နေခြည် ပြုံးပြုံးကလေး မေးသည်။

ဟုတ်တာပေါ့။ ခွဲခွာရခါနီး နောက်ဆုံး ည ရွှေစည်းခုံဘုရား အတူ သွားခဲ့ကြသေးတာပဲ။

'အစ်ကို့ သူငယ်ချင်းက အစ်ကိုပြောတာတွေ အကုန်၊ အစ်ကို့ အလစ်မှာ ဖောက်သည်ချသွားတာ၊ အဲဒီကတည်းက အစ်ကို့ကို ရန်ဖြစ်ချင်လို့ စောင့်နေတာ၊ မောင်လေးနဲ့ နေခြည်ကို တွေ့တော့ လှည့်ပြန်သွားတာ သိရတော့ မအောင့်နိုင်တော့ဘူး၊ အဲဒါနဲ့ ဒီအထိ ရောက်အောင် ဖေဖေနဲ့ မေမေကို ဘုရားဖူးဆိုပြီး ဆွယ်လာခဲ့ရတာ'

သူငယ်ချင်းကို စိတ်ထဲက ကျိန်ဆဲမိရင်းက ဘာကို ရန်ဖြစ်ချင်တာလဲ နေခြည်ဟု ပြန်မေးမိသည်။

နေခြည်သည် နေရောင် အောက်တွင် လှိုင်းကြက်ခွပ်ကလေးများ တဖွေ့ဖွေ့ တောက်ပနေသော ဧရာဝတီမြစ်ကြီးကို လက်ညှိုး ညွှန်သည်။

'တွေ့လားအစ်ကို နေခြည်က တိမ်တွေပေါ်မှာချည်း အမြဲနေရတာ မဟုတ်ပါဘူးနော်'



နေခြည် စကားအဆုံးတွင် ပါးမို့မို့တို့ ရှက်သွေးဖြင့် ဖြန်းခနဲ နီသည်။ ခေါင်းကို မသိမသာ ငုံ့သွားသည်။

မြစ်ဘက်က တိုးဝှေ့လာသော လေအေးအေးလေး တစ်ချက်ကြောင့် ချွေးစို့နေသော ပါးပြင်နှင့် လည်ကုပ်တို့ အေးမြသွားသည်။

ဟုတ်ကဲ့။

လှလိုက်တဲ့ လှိုင်းကြက်ခွပ်ကလေးတွေ။

ပုဂံညောင်ဦး မြို့နယ်အသင်း (ရန်ကုန်)
နှစ် ၅၀ ပြည့် ရွှေရတု မဂ္ဂဇင်း

○

www.burmeseclassic.com

www.burmeseclassic.com



# သမီး သိနေမှာပါ

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

မျက်လုံးဝိုင်းဝိုင်းနှင့် ဆရာဝန်မလေး။

'ရန်ကုန်ကျရင် ပြန်ဆုံမယ်နော် သမီး'

သူ လာနှုတ်ဆက်သည့်နေ့က ကျွန်တော် တရင်းတနှီး ပြောလိုက်သည့်စကား။ ခေါင်းညိတ်ပြဖို့ကျမှ ဘာကိစ္စ သူ မေ့သွားရသည် မသိ။

## [ ၂ ]

အညာမှာ ငါးနှစ် ကြာခဲ့ပြီ။

အခက်အခဲတွေမှ အများကြီး။ ဘယ်လောက် များသလဲဆိုလျှင် အဲဒီ အခက်အခဲတွေကို မိမိမှတစ်ပါး ဇနီး၊ သား၊ သမီးတို့ကိုပင် မခံစားစေချင်သဖြင့် အားလုံးကို ရန်ကုန်မှာ ထားခဲ့ပြီး တစ်ယောက်တည်း လာနေနေခဲ့တာ ဖြစ်သည်။

မျှော်လင့် ထားတာတွေရော၊ မမျှော်လင့် ထားတာတွေရော။

အဓိကကတော့ မိသားစု စီးပွားရေးပါပဲ။ ရန်ကုန်မှာ အခြေအနေကောင်းတုန်းက စုဆောင်းထားရတာကလေး တချို့လည်း ပြန်ထုခွဲရသည်။

'တစ်ခုခုလုပ်မယ် စိတ်ကူးတိုင်း ကိုယ့်အတွက် ပညာ၊ စီးပွား၊ မိတ်ဆွေ ကုသိုလ် တစ်ခုခုရမှ လုပ်၊ မရရင် ဘာမှ မလုပ်နဲ့'

သည်စကားကို လူတိုင်း ကြားဖူးကြတာ ဖြစ်သည်။ သို့သော် ကျွန်တော် ပထမဦးဆုံးအကြိမ် ကြားဖူးတုန်းက ပြောခဲ့သော ဆရာရင်းက ဘာသာခြား ဖြစ်နေသည်။ သူ့ဘာသာနှင့် ကိုယ့်ဘာသာ 'ကုသိုလ်'ကို အနက်ဖွင့်



တာတော့ အနည်းအကျဉ်း ကွာနိုင်သည်။ သည်တော့ ကိုယ် ဆရာ ဖြစ်လာတော့ တပည့်တွေကို သည်လို မှာသည်။

'တစ်ခုခုလုပ်မယ် စိတ်ကူးတိုင်း ကိုယ့်အတွက် ပညာ၊ စီးပွား၊ မိတ်ဆွေ တစ်ခုခု ရပါစေ၊ ဒါမှမဟုတ်ရင် သူများအတွက် အကျိုးရှိပါစေ'

အညာမှာ ပညာ၊ စီးပွား ရှာရခက်သည်။ မိတ်ဆွေတော့ အများကြီး တိုးသည်။ သူများအတွက် အကျိုးရှိတာတွေတော့ အများကြီး လုပ်ပေးခဲ့ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေမိသည်။

ကိုယ်က ကျောင်းဆရာ။ သည်တော့ တပည့်တွေကို စာသင်ရသည်။ ပြီးတော့ ဆရာဝန်။ လူနာတွေကို ဆေးကုရသည်။

သည်မြို့၊ သည်ဆေးရုံ အင်အားနှင့်က ကိုယ်မရှိလည်း လူနာတွေကို ဆေးကုဖို့လူက အလုံအလောက် ရှိနေခဲ့ပြီးသား။ ကိုယ်က ဆေးတက္ကသိုလ် ဖွင့်လိုက်၍ ရောက်လာရတာဖြစ်သည်။ သည်တော့ 'အများ အကျိုးရှိ' ဆိုသည့် ကိစ္စတွင် လူနာတွေကို ဆေးကုသပေးဖို့ထက် ဆေးကျောင်းသူ၊ ဆေးကျောင်းသား၊ ဆရာဝန်ကလေးတွေကို ဆေးပညာ သင်ကြားပေးဖို့၊ ကုသမှုတွေ လေ့ကျင့်ပေးဖို့၊ ထို့အပြင် စိတ်ထားတတ်အောင် စည်းရုံးဖို့ ဒါတွေ လုပ်ပေးဖို့ အဓိကကျသည်ဟု ခံယူသည်။

စိန်ခေါ်မှုက များစွာ။

'ခြောက်နှစ်ခွဲ သင်နေကျကနေ ငါးနှစ်တည်း သင်တာ၊ ဆရာဝန်ကလေးတွေ ဘာမှတတ်တော့မှာ မဟုတ်ဘူး' တဲ့။

'၅၅၀ ခေါ်နေကျကနေ ၂၆၀၀ တောင် တစ်နှစ်၊ တစ်နှစ် ခေါ်နေတာ၊ စိတ်ဓာတ်မကောင်းတဲ့ ဆရာဝန်ကလေးတွေ များလာတော့မှာပဲ'တဲ့။

'ဒီလောက် ခေါင်နေတဲ့နေရာ ဆေးကျောင်း သွားဖွင့်တာ၊ ကလေးတွေ အကုန်လုံး စိတ်လေကြ၊ ပျက်စီးကြတော့မှာပဲ' တဲ့။

သူတို့ ဘာပြောပြော။ တကယ် ရင်ဆိုင် ဖြေရှင်းကြရမည့် ဆရာတွေက စိတ်မလျှော့ပါ။ ကိုယ်တွေလည်း လူပျို၊ အပျိုအရွယ် သားတွေ၊ သမီးတွေ ထားခဲ့ရပြီး လာနေကြတာဆိုတော့ မိဘတွေ ထားပြီး ပညာ လာသင်ရသည့် ဆေးကျောင်းသူ ကျောင်းသားကလေးတွေကိုပင် ကိုယ့်သား၊ ကိုယ့်သမီးကလေးတွေလို မြင်နေကြသည်။ ကိုယ် အဲသည့်အရွယ်တုန်းက တော်သလို တတ်စေချင်နေကြသည်။ ကိုယ် အဲသည် အရွယ်တုန်းက ကြိုးစားသလို

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားစေချင်နေကြသည်။ ကိုယ် အဲသည်အရွယ်တုန်းက စိတ်ထားတတ်သလို ထားတတ်စေချင်နေကြသည်။ ကိုယ် အဲသည်အရွယ်တုန်းက အလုပ်လုပ်ရင်း ပျော်နေသလို ပျော်နေစေချင်ကြသည်။

'မင်းတို့ဆီမှာ ဆေးတက္ကသိုလ်အသစ် ဖွင့်လို့ဆို'

နိုင်ငံခြားမှာ ပညာတော်သင် သွားစဉ်က ဆုံခဲ့ရသည့် ဆရာက မေးဖူးသည်။ သူက မြန်မာလူမျိုးပါ။ ဒါပေမဲ့ ဟိုမှာ အနေကြာပြီ။

'ကြားတာပဲ ဆရာ၊ ဆရာတွေလည်း အဲဒီ ပြောင်းရလို့ စိတ်ညစ်တဲ့လူနဲ့၊ အလုပ် ထွက်ရတဲ့ လူနဲ့'

ဆရာက ခေါင်းခါသည်။

'မင်း ပြန်ရောက်လို့များ အဲဒီကို အပို့ခံရရင် သွားသာသွား'

'ဘာဖြစ်လို့လဲ ဆရာ'

'ဘဝဆိုတာ တစ်နေ့ တစ်နေ့ ဒါချည်းပဲဆိုရင် ဘယ်မှာ ပျော်စရာကောင်းမှာလဲ၊ မင်း အောင်ချင်တဲ့ စာမေးပွဲတွေလည်း အကုန် အောင်ခဲ့ပြီးပြီ၊ စိန်ခေါ်မှု အသစ်ကလေးတွေကို ရှာရတော့မယ်၊ စိန်ခေါ်မှု ကလေးတွေနဲ့မှ ဘဝက စိတ်လှုပ်ရှားစရာ ကောင်းတာ၊ သူများတွေ လုပ်လို့မရပါဘူးလို့ ပြောနေတာမျိုးဆိုရင် ပိုတောင် ကောင်းသေးတယ်၊ ဖြစ်အောင် လုပ်ပြလိုက်၊ ဖြစ်သွားရင် ခံစားရတဲ့ ပီတိကလေးကမှ ဘဝမှာ တကယ့် အရသာ'

ပြန်ရောက်ပြီး နှစ်အနည်းငယ် အကြာမှာ ကျွန်တော် အဲသည်ကို အပို့ခံရတော့ ဆရာ့စကားတွေ ပြန်ကြားယောင်မိသည်။

ဆရာ ပြောသလိုပဲ စိတ်ထားခဲ့သည်။ ရလဒ်တွေ အပေါ်မှာလည်း အထိုက်အလျောက် ပီတိ ခံစားခဲ့ရသည်။

ပထမဦးဆုံး အဲသည် တက္ကသိုလ်က ထွက်လာသည့် ဆရာဝန်ကလေးတွေထဲမှာတော့ အဲသည် မျက်လုံးဝိုင်းဝိုင်းနှင့် ဆရာဝန်မကလေး ပါလာသည်။

## [ ၃ ]

စိန်ခေါ်မှုတွေက နဂို မျှော်လင့်ထားတာထက် ပို၍ လှိုင်းတံပိုး ထန်လာခဲ့သည်။

နဂို မျှော်လင့်ထားတာက မိသားစု အခက်အခဲတွေ၊ ငွေရေးကြေးရေး မလုံလောက်မှုတွေ၊ မိမိကိုယ်တိုင်၊ မိမိ မိသားစုနှင့် မိဘကျန်းမာရေးကို မစောင့်ရှောက်နိုင်မှုတွေ။



ထင်ထားသည့် အဲဒါတွေက အကုန် ဖြစ်သည်။

ထင်မထားမိတာက လူနာနှင့် ဆရာဝန်တွေကြားမှာ ဖြစ်ပေါ်လာသည့် သံသယများ၊ လျော့ပါးလာသည့် ယုံကြည် အားကိုးမှုများ။

ဆရာဝန် အများစုကတော့ အဲသည် ကိစ္စတွေကို မိမိ ဂျာနယ်ရောင်းကောင်းရ ပြီးရောဟု 'ငတေမာ' ကြသည့် ဒုတိယတန်းစား စာနယ်ဇင်းသမားများကို တရားခံဖွဲ့ကြသည်။

ရောင်းရင်းဆရာဝန် စာရေးဆရာကတော့ အနောက်နိုင်ငံတွေမှာ ဖြစ်နေကျ ပြဿနာတွေ 'ဂလိုဘယ်လိုက်ဖေးရှင်း' နှင့် ရွှေ့လျားလာတာဟု ရေးသည်။ ဖြစ်တော့လည်း ဖြစ်နိုင်သည်။ လေတိုက်ရာ မျောပါကြစတမ်းဆိုလျှင် လေးလံသည့် ကျောက်သံပတ္တမြားတို့က နောက် ဖုန်ငွေ့၊ သဲငွေ့များက ရောက်လာကြမှာက အရင်ဟုတောင် ကျွန်တော် ရေးခဲ့ဖူးသေးတာပဲ။

ကံကောင်းတာက သည်လေ၊ သည်လှိုင်းတွေ တိုက်ခတ်လာချိန်မှာ ကျွန်တော်တို့၏ နှလုံးသားက ကျောက်သားကျောက်စိုင်လို မာနှင့်နေပြီ၊ ကျွန်တော်တို့ ခြေထောက်တွေက ကျောက်ဆူးများလို ခိုင်နေပြီ။

ကံမကောင်းတာက အဲသည်အချိန်မှာ ကျွန်တော်က တစ်ယောက်တည်း မဟုတ်တော့ပြီ။ နှလုံးသား နုနုကလေး၊ ခြေထောက် နုနုကလေးနှင့် လူငယ်ကလေးတွေကို ပုံ့ပြင် အားပေးနေရသူ ဖြစ်နေပြီ။

'ဆရာဝန်ကလေးတွေက ဒီလောက်အများကြီး၊ ငယ်ငယ်ကလေးတွေ၊ ဘာ လုပ်တတ်မှာတဲ့လဲ'

နေ့တိုင်း အဲသလို စိန်ခေါ်ခံနေရသည့် လူငယ်ကလေးတွေကို ငယ်ငယ်ကလေးနှင့် တကယ်တတ်အောင်၊ ပြီးတော့ 'မိုးလုံးပြည့်' တွေကို မယိမ်းမယိုင်၊ မတုန်မလှုပ်၊ ခြေထောက် ကျောက်ဆူးချ၍ သံမဏိအသည်းနှလုံးနှင့် ရင်ဆိုင်တတ်လာအောင် လေ့ကျင့်သင်ကြားပေးရမည့် ဆရာက ကျွန်တော်တဲ့။

ဘယ်လောက် ကြီးမားလိုက်ပါသည့် စိန်ခေါ်မှုကြီးပါလဲ။

နိုင်ငံခြားတုန်းက ဆရာ့စကားကို နားထောင်၍ အဲသည့်စိန်ခေါ်မှုကြီးကို ကျွန်တော် ရဲရဲ ရင်ဆိုင်လိုက်ပါသည်။

အဲသည် အချိန်မှာ အဲသည် မျက်လုံးဝိုင်းဝိုင်းကလေးနှင့် ဆရာဝန်မတလေးက ကျွန်တော် အုပ်ချုပ်သည့် လူနာဆောင်မှာ လက်ထောက်ဆရာဝန်အဖြစ် ရောက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## [ ၄ ]

သူ အပါအဝင် လူငယ် လက်ထောက်ဆရာဝန်ကလေး လေးငါးယောက်၊ အလုပ်သင် ဆရာဝန်ကလေး ၁၀ယောက်၊ အထူးကု လက်ထောက်ကထိက ခြောက်ယောက်၊ ကလေးလူနာ ၃၀လောက်သာ ရှိသည့် အဆောင်မှာ တစ်ခါမှ ထိုင်နေတာ မတွေ့ရဘဲ ပြေးလွှား အလုပ်များ နေကြသည်။

လူနာအတွက် စိတ်ပူတတ်တာပဲလား။

မလုပ်တတ်သေးသည့်၊ မကျွမ်းကျင်သေးသည့် ကိစ္စတွေကိုပဲ သိချင်၊ တတ်ချင်စိတ် များနေကြတာလား။

ဆေးလောကနှင့် လူငယ်ဆရာဝန်တွေ အပေါ်မှာ မတရားနှိမ်ချ ပြောဆိုတတ်ကြ၊ ရေးတတ်ကြ သူတွေနှင့် ခပ်လှမ်းလှမ်း အရပ်ကို ရောက်နေကြ၍ပဲ စိတ်ဓာတ် မကျကြသေးတာလား။

အားလုံးတော့ နည်းနည်းစီ မှန်မည် ထင်သည်။

သူတို့ထဲမှာ ပါလာသည့် အဲသည့် မျက်လုံးဝိုင်းဝိုင်းနှင့် လက်ထောက်ဆရာဝန်မကလေးကိုတော့ ကျွန်တော်က သူများထက် ပို၍ သတိထားမိခဲ့သည်။ သတိထားမိရသည့် အကြောင်းအရင်းက ဘယ်လောက် အလုပ်ပင်ပန်းပင်ပန်း အပြုံးမပျက်တတ်တာရယ်၊ အမြဲတမ်း လူကြီးကလေးလို သပ်သပ်ရပ်ရပ်၊ လှလှပပ ဝတ်စားတတ်တာရယ်၊ ပြီးတော့ အိမ်ထောင်ကျခါစ အိမ်ရှင်မကလေး တစ်ဦးဖြစ်ပြီး ခင်ပွန်းသည်က ရန်ကုန်မှာ နေနေ၍ သူက သည်မှာ တစ်ယောက်တည်း ဖြစ်နေတာကို သိထားရသဖြင့် သည်လို နေရတာတောင် ထိုင်မှိုင်၊ ထိုင်လွမ်းမနေဘဲ အလုပ်ကို တက်တက်ကြွကြွ လုပ်နေတာကို လေးစားမိ၍ရယ် ပါပဲ။

'ကလေး မယူကြသေးဘူးလား သမီးတို့'

သူက ရယ်သည်။

'ဆရာရယ်၊ အတူတူနေရပြီးမှ ယူလို့ အဆင်ပြေမှာပေါ့'

'မလျှောက်ဘူးလား'

'လျှောက်တော့ လျှောက်ထားတယ် ဆရာရဲ့၊ ရန်ကုန်မှာလည်း ကလေးဆေးရုံ အသစ်တစ်ခု ဖွင့်မယ်ဆိုတော့ ရမလားပဲ'

'ဘွဲ့လွန်ရော မဖြေဘူးလား'

'ဖြေမယ်၊ သမီးက ပက်သိုလိုဂျီ (ရောဂါဗေဒ) ဖြေမှာ'



ကျွန်တော်က ရယ်သည်။

'ညည်းဟာက ဒက်ဘော်ဒီ (လူသေအလောင်း) တွေနဲ့ပဲ အလုပ်လုပ်ရမယ့် ဘာသာကြီး၊ ပျင်းစရာ'

တကယ်တော့ ရောဂါဗေဒဆိုတာ လူသေ အလောင်းတွေနှင့်ချည်း အလုပ်လုပ်ရသည့် ဘာသာတော့ မဟုတ်ပါ။ ဓာတ်ခွဲခန်းဆိုင်ရာ ပညာသင်ကြားရေး စသည်ဖြင့် အစုံရှိပါသည်။

သို့သော် လူနာဆောင်ထဲတွင် လူနာကလေးလေးတွေကို ပြုစုစောင့်ရှောက်သည့် ကိစ္စမှာ သည်လောက် သွက်သွက်လက်လက်၊ တက်တက်ကြွကြွ လုပ်တတ်သည့် သည်ကလေးကို ကလေးအထူးကုဆိုင်ရာ ဘွဲ့လွန်တက်စေချင်သဖြင့် တမင် မခံချင်အောင် ကျွန်တော်က ပြောလိုက်တာပါ။

'ဒက်ဘော်ဒီတွေနဲ့ လုပ်ရလည်း မတတ်နိုင်ဘူး ဆရာရေ၊ အိမ်ထောင်တစ်ဖက်နဲ့ အလုပ်လုပ်ရတာ အခုတောင် အခက်အခဲတွေနဲ့၊ ကလေးရရင် ပိုဆိုးဦးမယ်၊ 'ပက်သို' လုပ်ရင် နိုက်ဂျူတီ မရှိတာလေး မက်ပြီး ဖြေမလို့၊ အမှန်တော့ သမီးလည်း ဆရာ့လို ကလေးအထူးကု ဆရာဝန် ဖြစ်ချင်ပါတယ်'

သူ့ကို နှမြောတသစွာပင် ကျွန်တော် ရောဂါဗေဒ ဆရာဝန်လုပ်ဖို့ စာမေးပွဲ ဖြေခွင့် ပြုလိုက်ရပါသည်။

## | ၅ |

သူက သူ့အမျိုးသားကလေးရှိရာ ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ကို အရင်ရသည်။ စာမေးပွဲက မဖြေရသေး။

သူ မျှော်လင့်ထားသည့်အတိုင်း အသစ်ဖွင့်သော ကလေးဆေးရုံမှာပါပဲ။ ကလေးအထူးကု ဆရာဝန်ကောင်းတစ်ယောက် ဖြစ်လာနိုင်ပါလျက်နှင့် မိသားစုတာဝန်နှင့် ပညာနှင့် ဝါသနာကို မစွန့်လွှတ်ချင်သော စိတ်ကြားထဲတွင် ပျှမ်းမျှခြင်း ကိန်းခြေဆွဲ၍ ကလေးအထူးကု ဆရာဝန် မလုပ်မည့်သူ ယခုတော့ ကလေးဆေးရုံကြီးမှာ လက်ထောက်ဆရာဝန် လုပ်ရတော့မည်ပေါ့။

ကျွန်တော်ကလည်း မကြာခင် မိသားစုရှိရာ ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့ရဖို့ နီးစပ်နေပြီ။ အဲသည် ဆေးရုံကိုပဲ ပြောင်းရမှာပါပဲ။

'ရန်ကုန်ကျရင် ပြန်ဆုံမယ်နော် သမီး'

www.burmeseclassic.com

www.burmeseclassic.com



သူ လာနှုတ်ဆက်သည့်နေ့က ကျွန်တော် တရင်းတနှီး ပြောလိုက်သည့် စကား။

ခေါင်းညိတ် ပြဖို့ကျမှ ဘာကိစ္စ သူ မေ့သွားရသည် မသိ။

## [ ၆ ]

ရန်ကုန်ဆေးရုံ အသစ်ကို ဌာနမှူးအဖြစ် ကျွန်တော် ရောက်လာတော့ သင်းကလေးကို မတွေ့။

မီးဖွားခွင့် ယူထားသတဲ့။

မင်္ဂလာသတင်း ပါပဲ။ မိသားစု အတူပြန်နေရတော့ ကလေးယူပြီး သိုက်သိုက်ဝန်းဝန်း၊ နွေးနွေးထွေးထွေး ရှိတော့မပေါ့။

စာမေးပွဲလည်း အောင်သွားသတဲ့။

ရောဂါဗေဒ အထူးကုဆရာဝန် ဖြစ်တော့မှာပေါ့။ ဒါလည်း မင်္ဂလာရှိသည့် သတင်းပါပဲ။

ကျွန်တော်လည်း ဌာန အပြောင်းအရွှေ့၊ ဆေးရုံ အပြောင်းအရွှေ့နှင့် အလုပ် များနေသောကြောင့် သူ အလုပ် ပြန်ဆင်းမှ နှုတ်ဆက်တော့မည်ဟု စိတ်ကူးလိုက်သည်။

သို့သော်

## [ ၇ ]

တိတိ မြည်နေသော လက်ကိုင်ဖုန်းကိုကြည့်၍ ကြက်သေသေနေရင်းက ကျွန်တော့်ရင် တဆတ်ဆတ် ခါနေသည်။

ကျွန်တော့် ဆေးရုံက မွေးကင်းစဆောင် တာဝန်ခံဆရာဝန်ကြီး ဆက်တာပါ။ အစ်မအရွယ်၊ မောင်နှမလို ရင်းနှီးနေသူပါ။ နင် တို့ ဆေးရုံက မီးဖွားခွင့် ယူထားတဲ့ ဆရာဝန်မကလေးကို သိသလားတဲ့။ သိတယ်လေ။ နယ်မှာတုန်းက ကျွန်တော့် တပည့်မကလေးပဲ။ ဘာဖြစ်လို့လဲ။ သူ့ အခြေအနေ မကောင်းဘူးတဲ့။ ကလေးမွေးရင်း သွေးမတိတ်လို့ စစ်ဆေးကြည့်တော့ သွေးကင်ဆာဖြစ်နေတာ တွေ့ရသတဲ့။ လေးရက်လောက် အတွင်း ချက်ချင်း အခြေအနေ အရမ်း ဆိုးလာတာတဲ့။ အခု လက်လျှော့ရမယ့် အဆင့်တဲ့။



ဘုရားရေ။

သိပ်တက်ကြွပြီး သိပ်ကြိုးစားသည့် လူငယ် ဆရာဝန်ကလေး တစ်ဦး၏ဘဝ ကံကြမ္မာက အသက် အစိတ်ကျော်ကလေးမှာ ဆေးလောက အသိုင်းအဝိုင်းကိုရော၊ သူ့မိသားစုကိုရော၊ အသစ်စက်စက် မွေးဖွားလာသည့် ရင်သွေးကလေးကိုပါ ကျောခိုင်းသွားရ မလို့တဲ့လား။

ဒါ ဖြစ်နိုင်ပါ့မလား။

နေဦးလေ။

ဆရာဝန်ကလေးတွေ စိတ်ဓာတ်လည်း မကောင်းတော့ဘူး။ ကြိုးလည်း မကြိုးစားတော့ဘူး။ ဘာမှလည်း မတတ်တော့ဘူးလို့ ဖြန်းဖို့ လိုအပ်နေတဲ့ အချိန်တွေမှာ ဖောဖောသီသီသုံးပြီး လက်ဖက်ရည်ဆိုင်မှာ ပြောနေတဲ့သူတွေ၊ ဂျာနယ်ထဲမှာ ရေးနေတဲ့ လူတွေကို ဆရာ နားရွက်ဆွဲပြချင်တဲ့ လူငယ် ဆရာဝန်တွေထဲမှာ သမီး ပါတယ်လေ။ ဒီလိုပဲ ထွက်သွားတော့ မလို့လား။

တုန်ယင်သော ခြေလှမ်းများဖြင့် ကျွန်တော် ဆေးရုံသို့ အပြေးတစ်ပိုင်း လိုက်သွားမိပါသည်။

## [ ၈ ]

မြင်ရုံနှင့် သိပါသည်။

ကျွန်တော် မီရုံသာ ရှိကြောင်း။

မျက်လုံး ဝိုင်းဝိုင်းကလေးတွေလည်း ဖောင်းမို့ရောင်ကိုင်း သွေးခြေဥ၍ မဖွင့်နိုင်တော့ပါ။

ကျွန်တော် လာသည်ဟု ဘေးက ပြောတော့ အေးချမ်းစွာ ပြုံး၍ နှုတ်ဆက်ရှာပါသည်။

'ဆရာ သမီး စာမေးပွဲအောင်တယ် သိလား၊ ဒါပေမဲ့ မတတ်နိုင်တော့ ပါဘူး ဆရာရယ်'

'ဒါတွေ မစဉ်းစားပါနဲ့တော့ သမီးရယ်၊ သမီး သက်သာအောင် နေပါ'

အသံ မတုန်အောင် ကျွန်တော် ထိန်း၍ မရ။ သူ့အသံ ကလေးကတော့ အေးချမ်း တည်ငြိမ်လွန်းနေသည်။ အပြုံးကလည်း မပျက်။

'နိုင်ငံခြားကို သွားကုမလားတဲ့၊ မိသားစုတွေက စီစဉ်တယ်၊ သမီး မသွားနိုင်တော့ပါဘူး ဆရာရယ်'

www.burmeseclassic.com

www.burmeseclassic.com



'အေး အေးပါ သမီးရယ်'

ဝဲလာသော မျက်ရည်များကို ကြိုးစားထိန်းရင်းက သူငယ်ချင်းပါမောက္ခကို သွားသတိရသည်။ ကျွန်တော် ရန်ကုန် ရောက်မလာသေးခင်က တစ်ဆေးရုံလုံးကို ဌာနမှူးကိုယ်စား ကြီးကြပ် တည်ထောင်ပေးခဲ့သူ၊ သည်ကလေးတွေ အပေါ်မှာ သူ သံယောဇဉ် ကြီးပေလိမ့်မည်။

သူ မလာဘူးလားလို့ မေးတော့ လူနာက ပြုံး၍ ဖြေသည်။

'မနက်က လာသတဲ့ဆရာ၊ သမီးက သတိလစ်နေတော့ စကားမပြောလိုက်ရပါဘူး'

ဘုရား ဘုရား။

ငါတောင် ကံကောင်းလို့ နှုတ်ဆက်ခွင့် ရလိုက်တာပါလား။

## [ ၉ ]

မျက်လုံးဝိုင်းဝိုင်းနှင့် ဆရာဝန်မလေး အဲသည် ညမှာပဲ ဆုံးသွားပါသည်။ သူ့အသက်ကို မီရုံကလေး မီလိုက်သော ကျွန်တော် သူ့အသုဘကို မမီပါ။ အလုပ်တွေ မနည်းထားခဲ့ပြီး အပြေးကလေး ရောက်သွားတော့ ယာဉ်တန်းက ယခုပဲ ပြန်ထွက်သွားသည်ဟု ဆိုပါသည်။

ဆရာဝန်လေ။

တာဝန်တွေကြားထဲမှာ လူမှုရေး လစ်ဟင်းတာက အများ လက်ခံထားသည့် 'စံ' ဖြစ်နေပြီမို့ သူ့မိသားစုက ခွင့်လွှတ်ကြမည် ထင်ပါသည်။

နောင်တစ်နေ့ကျမှ သူငယ်ချင်းပါမောက္ခနှင့် နှစ်ယောက်သား ငူငူငိုင်ငိုင် ထိုင်ရင်း အဲသည်အကြောင်းတွေကို စဉ်းစားနေမိကြပါသည်။

'အံ့ဩတယ်ကွာ၊ သူ သိပ်တည်ငြိမ်ခဲ့တာ'

သူငယ်ချင်း ပါမောက္ခက အံ့ဩဟန်ဖြင့် လှည့်ကြည့်သည်။

'အစ်ကို့ကို ကျွန်တော် မပြောရသေးဘူးလား'

ရက်ပိုင်းသာ သူ့ထက် ကြီးသော်လည်း အတန်းကြီးသော ကျွန်တော့်ကို သူက အစ်ကိုဟု အမြဲ ခေါ်ပါသည်။

'ဘာကိုလဲ'

'ရောဂါစ မသိခင်က အရေပြားမှာ အနီစက်ကလေးတွေ တွေ့လို့ သူ့သူငယ်ချင်းက နင့်ဟာ ဘာလည်း မသိဘူး၊ စစ်ရအောင်လို့ ပြောတော့ သူက



ရတယ်၊ အဲဒါ ဘာမှ မဟုတ်ဘူးလို့ ငြင်းသတဲ့၊ နောက်မှ ကျွန်တော်တို့ သိရတယ်။ ကျွန်တော် ထင်တာ သူ သိနေတယ်၊ သူများတွေ သိသွားလို့ အမေကို အတင်းဆေးကုကြရင် သူ့ကလေး ထိခိုက်မှာစိုးလို့ ဖုံးကွယ်နေတာ၊ ဒါ့ကြောင့် ရောဂါသိတော့ အားလုံး တုန်လှုပ် ချောက်ချားနေချိန်မှာ သူ အေးအေးဆေးဆေး ဖြစ်နေတာပေါ့။ တကယ်တော့ သူ့ရင်သွေးကလေးကို သူ့အသက်နဲ့ လဲပြီး စောင့်ရှောက်သွားခဲ့တာ'

မြတ်စွာဘုရား။

ကလေး အထူးကုဆရာဝန် မလုပ်တော့ဘူးဟု ဆုံးဖြတ်ခဲ့ပြီး ရောဂါဗေဒ ဆရာဝန် လုပ်ခွင့်လည်း မကြုံခဲ့သော သည်တပည့်ကလေးက တကယ်တော့ ကလေးအထူးကု ဆရာဝန်ကောင်းတစ်ဦး၏ စိတ်ဓာတ်ကို အသက်နှင့်လဲ၍ ပြသွားခဲ့တာပါကလား။

ကျွန်တော် ယောင်ယမ်း၍ အံ့ကြိတ်မိပါသည်။

## | ၁၀ |

ကျွန်တော်တို့ ဆေးရုံမှာ ခေါ်စောင့်ရှောက်ထားသော သူ့ရင်သွေးကလေးကို အဘိုး၊ အဘွား၊ အဖေတို့ လက်ထဲသို့ ကျန်းမာစွာ အပ်နှံပြီးသည့်အချိန်။

ဂျာနယ်အချို့တို့မှာ ဆရာဝန် အမနာပတွေ ဝေဆာ၍ လာနေပြန်ပါသည်။

ရင်ဆိုင်ချင်ရင်လည်း ရင်ဆိုင်။ ရင်မဆိုင်ချင်ရင်လည်း ရင်ဆိုင်ရုံသာ။

မြန်မာ့မြေ မြန်မာ့ရေမှာ မြန်မာလူနာတွေကို စောင့်ရှောက်ဖို့ မြန်မာဆရာဝန်များသာ ရှိပါသည်။ ဘယ်နိုင်ငံက ဆရာဝန်မှ မြန်မာလူနာတွေကို လာမကြည့်ပေးပါ။

ဘယ်သူတွေ ဘာပြောပြော မြန်မာဆရာဝန် အများစုကလည်း ဒါကို မဖြစ်မနေ လုပ်ဆောင်ရမည့် သမိုင်းပေးတာဝန်ဟု ခံယူထားကြပါသည်။ စေတနာနှင့် ဆုံးဖြတ်ချက်က ကျောက်ဆောင်၊ ကျောက်သားလို ခိုင်မာနေမှတော့ မြေပျော့ရာ ထယ်ထိုးသည့် လှိုင်းတံပိုးတွေကို မှုစရာတဲ့လား။

သည်လမ်းကို ဖြောင့်ဖြောင့်ဆက်လျှောက်။ လျှောက်နိုင်သမျှ လျှောက်။ မစွမ်းတော့ မနိုင်တော့သည့် တစ်နေ့မှာ လူငယ်လေးတွေ လက်ထဲ အဲ့သည် တာဝန်ကို ပခုံးပြောင်း အပ်နှံခဲ့ရုံသာ။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ လူငယ်ကလေး တစ်ယောက်က ကိုယ့်ရှေ့ကတောင် လျှောက်ပြခဲ့ပြီးပြီ။ အဲသည့် တာဝန်ကို ကျွန်တော်တို့ လက်ထဲသို့ ပြန်ထည့်သွားခဲ့နှင့်ပြီ။

သက်ပြင်း တစ်ချက်သာ ချမိသည်။

မနက်ဖြန်ပေါင်း များစွာက ကျွန်တော်တို့ကို စောင့်နေပါသေး၏။

ဓိဝက

၂၀၁၂၊ ဇန်နဝါရီလ

○

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

***'ခရေချစ်သူနှင့် တွေ့ဆုံခြင်း'***

*မနေ့ည*
*တွေ့ရတဲ့ အိပ်မက်နှယ်*
*ဆန်းကြယ်လည်း ကြယ်ပါဘိတောင်း။*
*အိပ်မက်က ခရေပင်*
*ဖြူလွှင်လွှင် ပွင့်စုံဖြာလို့*
*မက်စရာကောင်း။*
*လေနီပူ*
*ခြွေဆယ်သူ မရှိခင်ပ*
*ကြွေလွယ်သူ လေအထိမှာ*
*ကြွေမိသည့် သည်ခရေ*
*မြေမှာဖြင့် မြင်မကောင်း။*
*ကုန်စင်ကာ*
*ပင်ဗလာ ဖြူပြာကျခါမှ*
*ဝင်လာခဲ သူငယ်မရယ်ပေါ့။*
*မျက်ရည်စ တဝေဝေနဲ့*
*ခရေမှ ချစ်လို့ ငိုပါသတဲ့*
*ကြွေသမျှအပွင့်တို့ လိုပါသတဲ့*
*အို... ဘယ့်နှယ် သည်အိပ်မက်ရယ်*
*နိုးလွယ်လည်း လွယ်ပါဘိတောင်း။*



| ၂ |

ဟောင်းနွမ်း၍ အဝါရောင် ပြောင်းစပြုနေသော မင်္ဂလာဆောင်စာအုပ်ကို သဲကြီးမဲကြီး ဖတ်နေသော 'ယု' ကိုကြည့်၍ 'ပန်းချစ်' က ရယ်သည်။

'စာအုပ် အဟောင်းကြီးကို ဘာတွေ အသည်းအသန် ဖြစ်နေရတာလဲ မိန်းမရယ်၊ နင်လည်း ငါ့အိမ် လာနေကျ၊ ဒီစာအုပ်ကလည်း ဒီနားမှာ အမြဲရှိတာ၊ အခုမှ ဘာအထူးအဆန်း ဖြစ်နေရတာလဲ'

'ယု'က နဖူးပေါ် တွန်းတင်ထားသော အဝေးကြည့်မျက်မှန်ကို မျက်လုံးဆီ ပြန်ချ၍ 'ပန်းချစ်' ကို မော့ကြည့်သည်။

'အရင်ကလည်း ထူးဆန်းတာတော့ ရှိပါတယ်။ နင်နဲ့ ငါနဲ့က ကျောင်းပြီးမှ အလုပ်ထဲမှာ ခင်တာဆိုပေမယ့် နင် ဒီကို (Eco) နဲ့ ပြီးတာ ငါ သိနေတာပဲလေ၊ ဒါက ဆေးတက္ကသိုလ် နှစ်လည် မင်္ဂလာကြီး၊ နင့်အိမ်မှာလည်း ဆေးကျောင်းသူ၊ ကျောင်းသားတစ်ယောက်မှမရှိ မေးမယ်၊ မေးမယ်နဲ့ ငါလည်း မမေးဖြစ်ဘူး၊ ဒီနေ့မှ ကောက်ကိုင်ကြည့်တော့ ဒီကဗျာနေရာလေး ခေါက်မှတ် ထားတာတွေ့လို့ ဖတ်ကြည့်ရင်း ပိုစိတ်ဝင်စားလာတာ'

'ယု' က *'ခရေချစ်သူနှင့်တွေ့ဆုံခြင်း'* ကဗျာကို 'ပန်းချစ်'ဘက် လှည့်ပြသည်။ 'ပန်းချစ်'က ဖွဖွကလေး သိပ်သည်းစွာ ပြုံးနေသဖြင့် သည်ကဗျာ တစ်ခုခုတော့ ထူးခြားရမည် ဆိုသည့် အထင် ပိုခိုင်မာသွားသည်။

'ကဲ ပြောပါဦး၊ ဒီကဗျာရေးတဲ့ 'သက်ကျော်' ဆိုတဲ့ ဆေးကျောင်းသားက နင့်ကို ဒီစာအုပ်ပေးခဲ့တာ မဟုတ်လား၊ သူနဲ့ နင်နဲ့က ဘာလဲ'

'ပန်းချစ်' က ရယ်၍ ပခုံးတွန့်ပြရင်း 'ယု' ဘေးမှာ ဝင်ထိုင်သည်။

'နင် စိတ်ဝင်စားလောက်တဲ့ ဇာတ်လမ်း မရှိပါဘူးဟာ၊ လူကြီးတွေ စီစဉ်ကြတာပါ၊ နောက်တော့ ငါ ငြင်းလိုက်တော့ ပြီးသွားတာပါပဲ'

'ယု' မျက်လုံး ပြူးသွားသည်။

'ဒီလောက် ကဗျာလှလှလေး စပ်တတ်တဲ့ ဆရာဝန်လောင်းကို နင်က ငြင်းလိုက်တယ်၊ ဟုတ်လား၊ လူက တော်တော် ရုပ်ဆိုးလို့လား'

'ပန်းချစ်' က မျက်လုံးကလေး ပိတ်အောင် ရယ်သည်။

'လူလည်းလှလှကလေးပါပဲဟာ၊ သူ့အတန်းက ကျောင်းသူတွေကတောင် သူ့ကို 'ကင်း' (King) ရွေးထားသေးသတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့များဟာ'

'ဟဲ့ ငါမှ လှလှကလေး မကြိုက်တာဟ'

'ယု' က မျက်စောင်းထိုးသည်။

'အပိုတွေ မပြောနဲ့၊ လှလှကလေး မကြိုက်တဲ့သူ ဘယ်သူရှိလဲ'

'ငါရှိတယ်လေ၊ အသားကလေးကလည်း ဖြူဖွေး၊ မျက်ခုံးမွေးကလည်း မည်းပြီး ထင်းနေတာပဲ၊ အမူအရာ၊ အနေအထိုင်ကလည်း သူရေးတဲ့ ကဗျာလိုပဲ နုဖပ်နေတာပဲ၊ ဒါပေမဲ့ စကားပြောပြီး ၅ မိနစ် မပြည့်သေးဘူး၊ ငါက ဆက်နားမထောင်ချင်တော့ဘူး၊ ပျင်းလာရော၊ အဲသလိုလူနဲ့ ငါနဲ့ ဘယ်လိုလုပ် အတူနေမလဲ'

'သူက ဘာအကြောင်းတွေ ပြောလို့လဲ'

'ပန်းချစ်' တွေဝေ စဉ်းစားရင်းက နှုတ်ခမ်းကလေး တွန့်ပြသည်။

'မမှတ်မိတော့ပါဘူးဟာ၊ တောရောက် တောင်ရောက် ပါပဲ။ သူ့အကြောင်းက ခပ်များများရယ်၊ သူဟာလေ သူနဲ့ စကားပြောနေတဲ့လူ စိတ်ဝင်စားမလား၊ မဝင်စားမလားလို့ ဘယ်တော့မှ အကဲမခတ်တတ်တဲ့ လူမျိုးဟ၊ သူ့ကိုယ်သူက လွဲရင်လည်း ဘယ်သူ့ကိုမှ စိတ်ဝင်စားပုံ မပေါ်ဘူး၊ သူ့ကို ငါ့စိတ်ထဲမှာ ဘယ်လိုမှ ခံစားကြည့်လို့ မရဘူး။ ပေါ့ရွှတ်ရွှတ်ကြီး'

'ယု' သက်ပြင်းချသည်။

'အဲဒါနဲ့ပဲ ဆရာဝန် ချောချောကလေး တစ်ယောက်နဲ့ လွဲခဲ့ပြီး အပျိုကြီး ဖြစ်နေရတယ် ဆိုပါတော့'

'ပန်းချစ်' က မျက်လုံးကလေး ပိတ်အောင် ရယ်သည်။

'၁၀ နှစ် ရှိပြီဟ၊ ငါ ၁၈ နှစ် သမီးတုန်းက ငြင်းခဲ့တာ၊ အဲဒီတုန်းက သူ့အသက်က၂၅၊ အခုဆို ၃၅လောက် ရှိရောပေါ့၊ ထိပ်ကြီးပဲ ပြောင်နေမလား၊ ဗိုက်ကြီးပဲ ရွှဲနေမလား၊ သားတွေ၊ မယားတွေနဲ့ ဖြစ်နေဖို့တော့ သေချာတယ်'

'မတွေ့တော့ဘူးပေါ့'

'ပန်းချစ်' က ခေါင်းညိတ်ပြသည်။

'မန္တလေးမှာဟ၊ ငါလည်း ရန်ကုန် ပြောင်းလာကတည်းက သူ့အကြောင်း မကြားတော့ပါဘူး'

'ယု' က တွေးတွေးဆဆ ခေါင်းရမ်းသည်။



'ငါ ထင်တာကတော့ သူက မရင့်ကျက်သေးတာပဲဟ၊ အသက် အစိတ်မှာ မရင့်ကျက်သေးတာကို နင် အပြစ်တော့ မမြင်သင့်ဘူး'

'ပန်းချစ်' က ပခုံး တွန့်ပြသည်။

'အပြစ်မြင်တာ မဟုတ်ဘူးလေဟာ၊ ဖီးလ် (Feel) မလာတာ၊ အဲဒါ ငါက ဘာတတ်နိုင်မှာလဲ၊ ထားလိုက်ပါဟာ'

'ယု' က လက်ထဲက စာအုပ်ကို မြှောက်ပြသည်။

'ဒါဆို ဒါ နင့်အကြောင်း ရေးတာလား'

'ပန်းချစ်' က ရယ်ပြန်သည်။

'မဟုတ်လောက် ပါဘူးဟာ၊ ဒါ သူ ပေးတာလည်း မဟုတ်ဘူး၊ အဲဒီတုန်းက သူငယ်ချင်း တစ်ယောက်က သူ့အစ်ကို ဆေးကျောင်းသားဆီက ရပြီး ငါ့ကို 'နင့်လူကြီး ကဗျာ ပါတယ်ဟ' ဆိုပြီး ခေါက်မှတ်ပြီး ပေးသွားတာ၊ အဲဒီတော့ မတွေ့တာတောင်ကြာနေပြီ၊ သူ့လာကြိုက်တဲ့ ကောင်မလေး တစ်ယောက်ယောက်အကြောင်း ရေးထားတာ နေမှာပေါ့'

'နို့ ဒါ သူပဲလို့ နင်က ဘယ်လိုလုပ် သိလဲ'

'ပန်းချစ်' ပခုံး တွန့်ပြပြန်သည်။

'မသိဘူးလေ၊ သူငယ်ချင်းရဲ့ အစ်ကိုက ပြောတာပဲ၊ သူ့နာမည်အရင်းကလည်း 'သက်ကျော်' ဆိုတော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ ထားလိုက်ပါဟာ၊ အသက်တွေလည်း တကယ် ကျော်နေပါပြီ'

ပြောရင်းက 'ပန်းချစ်' ထပ်ရယ်တော့ 'ယု' သက်ပြင်းသာ ချမိသည်။

| ၃ |

ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး လူနာခုတင်ပေါ်မှာ လှဲလျောင်းရင်းက နွမ်းလျစွာ ပြုံးပြနေသော 'ယု' ကို ကြည့်၍ 'ပန်းချစ်' သက်ပြင်းချမိသည်။

'ယု ရယ်၊ ငါ ပြန်ရောက်ရောက်ချင်း ရုံးက လူတွေ ဆီးပြောတော့ စိတ်ပူလိုက်ရတာ၊ နင်က ပြုံးနေနိုင်သေးတယ်'

'ယု' က အသံမထွက်ဘဲ ရယ်သည်။

'ကောင်းသွားပါပြီဟယ်၊ ညကတော့ အူအတက် ပေါက်သွားပြီ ထင်တယ်လို့ ဆရာဝန်ကပြောတော့ ငါ့ကိုယ်ငါ သေတော့မလား ထင်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ညတွင်းချင်း ခွဲပေးလိုက်တော့ ကောင်းသွားတာပါပဲ၊ ဆရာဝန်ကြီး ကျေးဇူးပေါ့'

'နင့်ကို ခွဲပေးတာ ဘယ်ဆရာဝန်ကြီးလဲ'

'ယု' က ခေါင်းခါသည်။

'သေသေချာချာ မသိဘူး၊ အသားညိုညို၊ အသက်ကြီးကြီးပဲ၊ ဒီကတာဝန်ခံဆရာဝန်ကြီး ဒေါက်တာသိန်းလွင်နဲ့ တူတယ်'

'ပန်းချစ်' မျက်မှောင်ကြုတ်သည်။

'ဟုတ်ရဲ့လားဟယ်၊ စောစောက ထိပ်မှာ ဆေးကုမှုဏ်က ကောင်မလေးတွေ ပြောနေကြတယ်၊ ဆရာကြီး မန္တလေးမှာ စာမေးပွဲ သွားစစ်နေသတဲ့'

'ယု' ပခုံး တွန့်ပြသည်။

'မသိဘူးလေ၊ အသက်ကြီးကြီးမို့ ဆရာကြီး ကိုယ်တိုင်လို့ ထင်တာ၊ ပြောရင်းဆိုရင်း ဟိုမှာ လာနေပြီ၊ နင် နည်းနည်း ဖယ်ပေးလိုက်'

'ပန်းချစ်' ကမန်းကတန်း နေရာမှ ထ၍ ဘေးဖယ် ပေးရင်း လှည့်ကြည့်မိသည်။ အသက် ၄၀ ကျော်ခန့်အရွယ် လူကြီး တစ်ဦးဦးဆောင်သော ဆရာဝန်အုပ်ကြီးက လူနာနား ချဉ်းကပ်လာသည်။

ခေါင်းဆောင် ဖြစ်ပုံရသော ဆရာဝန်ကြီးက မြန်မာဝတ်စုံနှင့် တိုက်ပုံအညိုကို သပ်ရပ်စွာ ဝတ်ထားသည်။ အသားက နှစ်ရှည်လများ နေပူထဲတွင် အလုပ် လုပ်ခဲ့ရသလို နီညိုရောင် ထနေသည်။ ပိန်ပိန်ပါးပါး၊ ဆံပင်က နားသယ်တွင် ဖြူစပြုနေပြီ။ မျက်နှာကျကလည်း ဆရာဝန်ကြီးတစ်ယောက်ထက် ကာယလုပ်သား တစ်ဦးနှင့်သာ ပို၍ တူနေသည်။

'နေကောင်းရဲ့လား မယုယု'

ဆရာဝန်ကြီးက သိမ်မွေ့စွာပြုံး၍ နှုတ်ဆက်သည်။ 'ယု' လက်အုပ်ချီသည်။

'ဆရာကြီး ကျေးဇူးပါ ဆရာကြီး၊ ညက ဆရာကြီးကိုယ်တိုင် ခွဲပေးခဲ့တာ ကျေးဇူးတင်ပါတယ်'

ဆရာဝန်ကြီးမျက်နှာ အနေရခက်ဟန် ပေါ်သွားသည်။ အနောက်က ပါလာသော ဆရာဝန်၊ ဆရာမကလေးတွေ တိုးတိုးရယ်ကြသည်။

'တစ်ခုခုတော့ နားလည်မှုလွဲနေပြီ ထင်ပါရဲ့၊ ညက မယုယုကို ခွဲပေးခဲ့တာ ဆရာပါပဲ၊ ဒါပေမဲ့ ဆရာက ဒီအဆောင်က တာဝန်ခံဆရာဝန်ကြီး



ဒေါက်တာသိန်းလွင်တော့ မဟုတ်ပါဘူး၊ သူ့ရဲ့ ပထမလက်ထောက် ခွဲစိတ်ဆရာဝန်ပါ။ ဆရာကြီးက မန္တလေး ခဏ သွားနေပါတယ်'

'ယု' လည်း အားတုံ့အားနာဟန် ဖြစ်သွားသည်။

'အို ဆောရီးပါနော်၊ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်'

ဆရာဝန်က ရယ်ပြန်သည်။

'ဆရာကြီးလည်း မခေါ်ပါနဲ့ဗျာ၊ ကျွန်တော့် အသက်က ကျွန်တော့်ရုပ်ထက် အများကြီး ပိုငယ်ပါတယ်'

နောက်က ဆရာဝန်၊ ဆရာမများ သည်တစ်ခါ ပိုကျယ်ကျယ် ရယ်ကြသည်။ ဆရာဝန်က 'ပန်းချစ်' ဘက်သို့ လှည့်ကြည့်၍ ပြုံးပြသည်။

'မယုယုက မပန်းချစ်နဲ့ ဘာတော်လို့လဲ'

သည်တစ်ခါတော့ ယုရော၊ ပန်းချစ်ပါ ပါးစပ် အဟောင်းသားဖြစ်သွားသည်။ ဒါကို ရိပ်မိသော ဆရာဝန်က ဖွဖွရယ်သည်။

'ဟုတ်ပါရဲ့၊ ကျွန်တော့်ရုပ်ကလည်း တော်တော်ပြောင်းသွားတာကိုး၊ နယ်စွန်နယ်ဖျားတွေ လျှောက်သွားနေရတာ များလို့ထင်ပါရဲ့၊ 'သက်ကျော်' ပါ မပန်းချစ်၊ မန္တလေးမှာ ကျွန်တော်တို့ မိဘတွေ တော်တော်ခင်တယ်လေ'

အသက် ၃၅ နှစ်အရွယ်မှာ လောကဓံ ဖိစီးခံထားရသည့် အသက် ၄၀ ကျော်တစ်ယောက် ရုပ်မျိုး ဖြစ်နေသော ဒေါက်တာသက်ကျော်ကို ကြည့်၍ 'ပန်းချစ်' ရော၊ 'ယု' ပါ ပါးစပ် ပြန်မစေ့နိုင်ကြ။

## [ ၄ ]

'နင့်ကြောင့် နေမှာ'

ကွန်ပျူတာ မော်နီတာကို ကြည့်နေရင်းက အရင်းမရှိ အဖျားမရှိ ပြောတာ ဖြစ်သော်လည်း 'ယု' ဘာကိုဆိုလိုမှန်း 'ပန်းချစ်' ချက်ချင်း ရိပ်မိသည်။

'ရမ်းသန်း စွပ်စွဲမနေနဲ့၊ သူနဲ့ ငါနဲ့ ဘာမှ မ 'ဘာ' ခဲ့ကြဘူး'

'ဟဲ့ နင်က မ 'ဘာ' တာလေ၊ သူက မငြင်းဘူး မဟုတ်လား'

'ပန်းချစ်' ပခုံးသာ တွန့်ပြသည်။

'လူပျိုကြီးတဲ့၊ နင့်စိတ်နဲ့ မယူတာ နေမှာ'

'ဘုရားရေ၊ ဒီလောက် သနားနေလည်း နင်ပဲ ယူလိုက်ပေတော့၊ နင့်ကို သူက အူတွေ၊ ကလီစာတွေအထိ မြင်ဖူးပြီးသားဆိုတော့ အတော်ပဲ'

www.burmeseclassic.com



'ပန်းချစ်' က အငေါ်တူးတော့ 'ယု' က တိုးတိုး ရယ်သည်။

'နောက်မှ လိုက်ပြန်မတောင်းနဲ့နော် မိန်းမ၊ ငါက စိတ်ပါချင်ပါသွားမှာ'

'အမယ် အမယ် ကြည့်စမ်း၊ စိတ်ချဟော့၊ စိတ်ချ၊ ငယ်ငယ်ချောချော ကလေးတုန်းကတောင် ရင်မခုန်ခဲ့တာ ၅၃နှစ် ရုပ်ပေါက်နေတဲ့ ၃၅ နှစ်ကြီး ဖြစ်နေမှတော့ မခုန်ရေးချ မခုန်'

'ယု' က ပြုံး၍ ခေါင်းကို ညင်သာစွာ ခါသည်။

'အပိုင်မပြောနဲ့ မိန်းမရေ မတူဘူး၊ ယောကျ်ားတွေရဲ့ ဆွဲဆောင်မှုက ရုပ်မှာ တကယ်တမ်း တည်တာ မဟုတ်ဘူး၊ ဟန်ပန်အမူအရာ၊ အတွေးအခေါ်၊ တည်ကြည်၊ ဖြောင့်မတ်မှု၊ သူများဘက်က ငဲ့ညှာ စဉ်းစားပေးတတ်တဲ့၊ သူများကို ဦးစားပေးတတ်တဲ့ အမူအကျင့် အဲဒါတွေ အပေါ်မှာ အဓိက တည်တာ။ ငယ်ငယ်ချောချော ကလေးဘဝက သူ့မှာ အဲဒါတွေ မရှိသေးဘဲ အခု ရှိနေတာ ဖြစ်ချင်ဖြစ်မှာ၊ သူ ရေးခဲ့ဖူးတဲ့ ကဗျာထဲကလို သူက ကြွေသွားတဲ့ ခရေပန်း ဖြစ်နေပြီး ခြောက်မှ ပိုမွှေးနေတာ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

'ပန်းချစ်' ပါးစပ် ပိုင်းသွားသည်။

'ဟယ် ယု၊ နင် တကယ် အဲသလို ဖြစ်နေတာလား'

'ယု' က မျက်နှာကလေး နီလျက်က ရယ်သည်။

'မဖြစ်ပါဘူး၊ ငါနဲ့လည်း ရင်းရင်းနှီးနှီး တစ်ခါမှ စကား မပြောဖူးပါဘူး၊ ငါဖတ်ဖူးတဲ့ စာအုပ်တွေမှာ တွေ့ရတဲ့ ဖြစ်နိုင်ခြေကို ပြောပြတာပါ။ ဟုတ်၊ မဟုတ်တော့ နင့်ဘာသာနင် လိုက်ဆုံးဖြတ်၊ ငါ ရက်ချိန်းသွား ပြန်ပြရင် နင် လိုက်ခဲ့'

'အောင်မယ်၊ မလိုက်ပါဘူး၊ ဘာဖြစ်လို့ လိုက်ရမှာလဲ'

'မရဘူး၊ လိုက်ခဲ့၊ နင်ပါတော့ ငါမျက်နှာ ရှိတာပေါ့'

'ယု'ကို မျက်စောင်းထိုး ဖြစ်လိုက်သော်လည်း ရင်က လှပ်ခနဲ တစ်ချက် ခုန်သည်။

[ ၅ ]

ညကလည်း မအိပ်ရဘူး မဟုတ်လားဆိုသည့် မေးခွန်းကို မေးဖို့ တော်တော် သတ္တိ မွေးလိုက်ရသည်။ ကိုယ့်ကို ကမ်းလှမ်းဖူးသူ၊ ကိုယ်က ငြင်းထားသူတစ်ဦး ကို သည်လို မေးလိုက်ရမှာ သိပ်များ လှိုက်လှဲလွန်းနေသလားဟု တွေးမိသည်။



သို့သော် မမေးဘဲ မနေနိုင် လောက်အောင်ပင် သူ့မျက်နှာက နွမ်းလျ နေသည်။

မေးတော့မှ သူကလည်း ရှက်ကိုးရှက်ကန်းဟန်ဖြင့် ရယ်သည်။

'သိသာနေလို့လား'

ခေါင်းညိတ်ပြမိသည်။ ဖိုသီဖတ်သီ ဖြစ်နေသလားလို့ဟု ဖြည့်ပြောတော့ 'ယု' က မသိမသာ မျက်ခုံး တွန့်ပြသည်။ ဒေါက်တာသက်ကျော်က

'တို့က အိပ်ရလည်း ဖိုသီဖတ်သီပါပဲ'

ဟု ဖြေ၍ ရယ်သည်။

နောက်ထပ် သတ္တိတွေ အများကြီးရင်းရသည့် စကားတစ်ခွန်း လျှာဖျားပေါ် ရောက်လာပြန်သည်။

'နေ့လယ်စာ မစားရသေးရင် တစ်ခုခု လိုက်စားပါလား၊ မိတ်ဆွေဟောင်း တွေ ပြန်ဆုံတဲ့ အထိမ်းအမှတ်ပေါ့'

'ယု' ပါးစပ် အဟောင်းသား လုပ်ပြသည်။

ဒေါက်တာ သက်ကျော်က နာရီကို ငုံ့ကြည့်ပြီး အားတုံ့အားနာဟန် ဖြစ်သွားသည်။

'အစာအိမ်အနာ ပေါက်ထွက်သွားတဲ့ လူနာတစ်ယောက်အတွက် ခွဲခန်း ပြင်ခိုင်းထားတာ ဝင်ရတော့မယ်၊ အားနာလိုက်တာ၊ လိုက်လည်း တကယ့်ကို လိုက်ချင်ပါတယ်'

'ပန်းချစ်' က ခေါင်းညိတ်ပြသည်။

'အားမနာပါနဲ့၊ အစ်ကို သိပ်အလုပ်များတာ သိပါတယ်၊ ဒါပေမဲ့ အားတဲ့ တစ်ခေါက်တော့ လိုက်ကျွေးပါရစေ'

'အစ်ကို' ဆိုသည့် အခေါ်အဝေါ်ကို 'ယု'က မျက်လုံး ပြူးပြပြန်သည်။

[ ၆ ]

စားသောက်ဆိုင် ဝရန်တာမှာ လှမ်းမြင်နေရသော စိမ်းစိမ်းစိုစို သစ်ကိုင်း သစ်ရွက်များကြားတွင် ဖွံ့ဖွံ့မျှသော မိုးရေပေါက်များ တိုးဝှေ့လူးလွန့်နေ သည်ကို ငေးကြည့်နေသည့် ဒေါက်တာသက်ကျော်ကို မေးငေါ့ပြ၍ 'ယု'က 'ပန်းချစ်' ကို တံတောင်နှင့် တွက်သည်။

'ဆရာ၊ နယ်ကို သတိရ နေတာလား'

www.burmeseclassic.com

'ယု' လှမ်းမေးတော့ ဒေါက်တာသက်ကျော် ရုတ်တရက် အသက်ဝင်လာသလို လှည့်ကြည့်၍ ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ နယ်မှာဆို အဲသလို သစ်ပင်တွေချည်းပဲ'

'ပန်းချစ်'က ထွေပြုံးကလေး ပြုံး၍ ဝင်မေးသည်။

'နယ်ကို သတိရ နေတာလား၊ နယ်က ကောင်မလေးတွေကို သတိရနေတာလား'

ဒေါက်တာသက်ကျော်က

'ဟာ' ဟု မြည်တမ်း၍ ရယ်သည်။

'ပန်းချစ်ရယ် တကယ်တော့ နယ်မှာ တို့သတိရစရာ ကျန်ခဲ့တာဆိုလို့လည်း အဲဒီသစ်ပင်တွေလောက်ပဲ ရှိတာပါ'

သုံးယောက်သား ရယ်မိကြသည်။

'ပန်းချစ်' ရင်ထဲကတော့ နည်းနည်း အေးချမ်းသွားသလိုလို။

## | ၇ |

ပလက်ဖောင်းပေါ်မှ ကတ္တရာလမ်း လူကူးမျဉ်းကြားပေါ် ခြေလှမ်းမည်ကြံလိုက်သော 'ပန်းချစ်'ကို ဘေးမှ ပါလာသည့် ဒေါက်တာသက်ကျော်က လက်တစ်ဖက် မသိမသာကလေး ဟန့်၍ တားလိုက်သည်။

တက္ကစီတစ်စီးက ဝေါခနဲ ဖြတ်မောင်းသွားသည်။

လမ်းကူးပြီး တစ်ဖက်ကိုရောက်တော့ ပန်းချစ်က ဒေါက်တာသက်ကျော် ကိုင်လာပေးသော စာအုပ်များကို လှမ်းတောင်းသည်။ ဒေါက်တာသက်ကျော်က ခေါင်းခါ၍ မေးငေါ့ပြသည်။ ဆက်သယ်ခဲ့ပေးမည် ဆိုသည့်ဟန်ပန်။

ရင်ထဲမှာ နွေးသွားသလို ရှိသော်လည်း ဟန်မပျက် ရယ်၍ 'ပန်းချစ်' ဆက်လျှောက်သည်။ ဘေးချင်းယှဉ်လိုက်လာသော ဒေါက်တာသက်ကျော်ကို ဘယ်က ကောင်မလေးနဲ့ တွဲသွားတာလဲလို့ လူနာတွေ မေးမှာမကြောက်ဘူးလားဟု ရင်းရင်းနှီးနှီး ကျီစယ်သည်။ ဒေါက်တာသက်ကျော်က ပြုံးသည်။

'သမီးတို့ တူမတို့ပဲ ထင်မှာပါ၊ ညီမတောင် ထင်မှာ မဟုတ်ဘူး'



နားသယ်တွင် ဆံပင်ဖြူစတို့ ပြူထွက်နေသော သူ့အသွင်အပြင်ကို ကြည့်၍ 'ပန်းချစ်' အားတုံ့အားနာ ရယ်မိသည်။ ဒေါက်တာသက်ကျော်တလည်း ရယ်သည်။

'လူနာလည်း သိပ်မရှိပါဘူး'

'ဟုတ်ပါရဲ့နော်၊ အစ်ကိုက ဆေးခန်းလည်း မထိုင်ဘူး၊ ဘာဖြစ်လို့လဲ'

ဒေါက်တာသက်ကျော်က လမ်းဆက်လျှောက်နေရင်းက ခေါင်းကုတ်သည်။

'အစကတော့ ငါထိုင်တော့ရော ဘယ်သူ လာမှာလဲဆိုပြီး မထိုင်တာ၊ ဆရာကြီးကတော့ သူ အပြင်ဆေးခန်းတွေမှာ ခွဲရင် ကူလုပ်နိုင်းပြီး မုန့်ဖိုး ခွဲပေးပါတယ်၊ အဲဒါလည်း နည်းနည်းပါးပါးရတော့ ကြာတော့ ပျင်းပြီး မထိုင်ဖြစ်တော့ပါဘူး'

ဘုရားရေ။

ဘယ်လောက်များ ရိုးသား၊ နှိမ့်ချ၊ ဖြူစင်လိုက်သည့် စကားပါလဲ။ ရှင် ဘယ်တုန်းက အဲသလို ဖြစ်သွားတာလဲ ကိုသက်ကျော်။

'ပန်းချစ်' က သက်မတစ်ချက် ရှိုက်မိရင်းက ဆက်မေးသည်။

'ကိုယ့်ဘာသာကိုယ် ထိုင်ရတာလောက်တော့လည်း ဘယ်ရမလဲ၊ မဟုတ်ဘူးလား'

'ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ ပိုက်ဆံ ရတိုင်းလည်း ပျော်တာမှမဟုတ်တာ၊ မိုးလင်းက မိုးချုပ် ပိုက်ဆံဝင်နေတဲ့ လူတွေလည်း မိုးလင်းကနေ မိုးချုပ် စိတ်ရှုပ်နေကြရတာ မဟုတ်လား၊ ပိုက်ဆံက မရှိလို့ မဖြစ်တာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ပိုက်ဆံတစ်ခုတည်းနဲ့ စိတ်ချမ်းသာနေနိုင်တာမှ မဟုတ်တာ၊ ကိုယ်လုပ်ချင်တာကလေး လုပ်နေရတဲ့ ဘဝရမှ စိတ်ချမ်းသာမှာ'

ဒါလည်း မငြင်းသာပါ။

'ပန်းချစ်' အသက်တစ်ချက် မ၍ အစ်ကိုက ဘာလုပ်ရမှ စိတ်ချမ်းသာမှာလဲဟု တိုးတိုးမေးကြည့်သည်။

အကြာကြီး မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။ ပြီးတော့ တိုးတိုးဖြေသည်။

'ခုနေ စဉ်းစားကြည့်တော့လည်း ဘယ်ဟာမှ သိပ်မသေချာတော့သလိုပါပဲ၊ အဲသလို စဉ်းစားဖို့ အချိန် မရတော့တာလည်း ဖြစ်ချင်ဖြစ်မယ်'

တာန်မ ဘာများ ဆက်ပြောရမှာလဲ ကိုသက်ကျော်။

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

မျှော်စင်ကျွန်း လက်မှတ် သုံးစောင်ရ၍ 'ယု' ပါ ခေါ်ပြီး လိုက်ခဲ့ပါဟု ပြောနေသော သူဌေးရဲ့ တူကို ငြင်းလိုက်သည့် 'ပန်းချစ်' ကို 'ယု'က မလှမ်းမကမ်းမှသာ ဖွဖွပြုံး၍ အကဲခတ်နေသည်။

ဟိုလူ စိတ်ပျက် လက်ပျက်နှင့် အခန်းထဲက ထွက်သွားတော့မှ လှမ်းစသည်။

'စတိတ်ရှိုး သရဲမ။ စတိတ်ရှိုးတောင် ဖီးလ် မလာတော့ဘူးပေါ့လေ'

'ပန်းချစ်'က ပခုံး တွန့်ပြသည်။

'သူနဲ့ မသွားချင်တာပါ။ သူမှမဟုတ်ဘူး၊ အဲဒီ ငါ့ကို လာကြိုင်နေသမျှ အကောင်တွေ အားလုံးကို ကြည့်ရတာ ပေါ့ရွှတ်ရွှတ်ကြီးလိုပဲ'

'ယု' က ဟက်ဟက်ပက်ပက် ရယ်သည်။

'အဲသလို ပေါ့ရွှတ်ရွှတ်ကြီး တစ်ယောက်က အခု လေးလေးပင်ပင်ကြီး ဖြစ်နေပြီ မဟုတ်လား၊ ကျန်တဲ့သူတွေ အဲဒါကြောင့် ပေါ့ရွှတ်ရွှတ် ဖြစ်ကုန်တာ မဟုတ်လား'

'ပန်းချစ်' ဘာမှ ပြန်မပြောနိုင်။ အကြာကြီး တွေဝေ စဉ်းစားနေသည်။

သည်တော့မှ 'ယု' က အလန့်တကြား

'ဟဲ့ ပန်းချစ်၊ နင်က တကယ်လား' ဟု မေးသည်။

'ပန်းချစ်'က မျက်မှောင် ကြုတ်၍ ခေါင်းညိတ်သည်။ အေးဟာ ဟု တိုးတိုးပြောသည်။

'မြတ်စွာဘုရား၊ နင် ဘယ်လိုလုပ်မတုံး'

'ပန်းချစ်' ခေါင်းခါ၍ မသိတော့ပါဘူးဟာ ဟု ညည်းပြောကလေး ပြောသည်။ 'ယု' ပါ ရော၍ အကြာကြီး ငိုင်နေသည်။

ခဏနေမှ ဆတ်ခနဲ 'ပန်းချစ်' ကို လှည့်ကြည့်သည်။

'ဇာတ်လမ်းဟောင်း ပြန်စဟာ'

'ပန်းချစ်' က ဖြည်းညင်းစွာ ခေါင်းခါသည်။

'သူ့ဘဝမှာ ဘာကို လိုချင်တယ်၊ ဘာရရင် စိတ်ချမ်းသာမယ်ဆိုတာ သေသေချာချာ မသိတော့ပါဘူးတဲ့၊ အဲသလို ပြောထားတဲ့ သူကို ငါက ဘယ်လိုလုပ်ပြီး'

'ပန်းချစ်' ပြောရင်းနှင့် အသံ တိမ်ဝင်သွားသည်။ မျက်ရည်တို့ စို့လာသည်။



[ ၉ ]

ဒေါက်တာသက်ကျော်က ပန်းချစ် လှမ်းပေးသော လက်ဆွဲတစ်ခြင်းစာ စားစရာများကို လက်တွင် ဆကြည့်ရင်းက အိမ်ကို ပေးပေးရမှာလား၊ ဦးတို့ ဒေါ်ဒေါ်တို့က အရင်အိမ်ပဲ မဟုတ်လားဟု မေးသည်။

'ပန်းချစ်' က သက်ပြင်းချရင်းက ရယ်၍ အစ်ကို စားဖို့ပါ၊ ဖေဖေတို့ ကတော့ ဟုတ်တယ်၊ အရင်အိမ်မှာပဲဟု ဖြေသည်။

ဒေါက်တာသက်ကျော်က 'ရွှေမန္တလာ' အဝေးပြေးကားပေါ် စတက်နေကြသော လူအုပ်ကြီးဘက် တစ်ချက် လှမ်းကြည့်သည်။ ပြီးတော့ 'ပန်းချစ်' ဘက်ပြန်လှည့်၍ ပြောသည်။

'ရောက်အောင်တော့ သွားလိုက်မယ်လေ၊ ပန်းချစ် ဘာမှာဦးမလဲ'

'ပန်းချစ်' က ပြုံး၍ ခေါင်းသာ ဖြည်းညင်းစွာ ခါပြသည်။

ဒေါက်တာ သက်ကျော်က ပန်းချစ်နှင့် ယုတို့ကို နှုတ်ဆက်၍ အဝေးပြေးကားပေါ် တက်နေကြသော လူအုပ်ကြီးထဲသို့ ဝင်သွားသည်။

'အခု လာတာ ဖေဖေတို့ သမီး ငယ်ငယ်က သဘောတူခဲ့တဲ့ သမက်လောင်းပဲ၊ ရာထူးတိုးပြီး မန္တလေးကို ပြောင်းလာတာ၊ ဒီတစ်ခါ ဖေဖေ တို့ စိမ်တာ နာခံပါတော့မယ်လို့ မှာလိုက်လေ'

'ယု' က တိုးတိုးစတော့ 'ပန်းချစ်' က မျက်စောင်းထိုးသည်။

အဝေးပြေး ကားကြီးက ဖြည်းညင်းစွာ ဘီးစလိမ့်တော့ ဒေါက်တာ သက်ကျော်က မှန်ပြတင်းပေါက်မှ လက်ဝှေ့ယမ်း၍ ပြလေသည်။


မိတ

၂၀၁၂၊ ဧပြီလ

○

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## [ ၁ ]

'ကိုင်း စပယ်ယာ အင်းနားကေ့စ်မျူးတော့ လာပြီပော့၊ တိုင်တည်ကြပေတော့'

အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် 'တွဲဖက် အတွင်းရေးမှူး' ဟူသော ရာထူးကို မဖွယ်မရာ ခေါ်ဝေါ် နှုတ်ဆက်လိုက်သည့် အက်ကွဲကျယ်လောင်သော အသံတစ်သံကို စကြားလိုက်ရသည်။ ကိုအောင်သန်းဦး၏ အသံဟု ကျက်မိလိုက်သဖြင့် လှမ်းရယ်ပြလိုက်ပြီး အခန်းထဲသို့ မျက်လုံး ကစား ကြည့်မိသည်။ ဒေါ်သန်းခင်၊ ကိုသန်းထွန်း၊ ထောင်ပိုင်ကြီး၊ မင်းသန်းညွန့်၊ ခင်မောင်ထွေး၊ ကျော်ဝင်း၊ ချယ်ရီပြီးတော့ ဗုံတိုဗုံရှည် အသံစမ်းနေကြသော ရေတပ်မြန်မာ ဆိုင်းဝိုင်းမှ ဝိုင်းတော်သားများ၊ အမည်နှင့်လူ ကောင်းစွာ မတွဲတတ် သေးသော အတအတွက် ကျောင်းသူများကိုလည်း တွေ့ရသည်။

လက်ပတ်နာရီကို ငုံ့ကြည့်မိသည်။ ညနေ ခြောက်နာရီ။

လူတွေကို တစ်လှည့် ပြန်ကြည့်မိသည်။ သည်မှာ အခြေအနေကို ရိပ်မိလိုက်သည်။

ချစ်ဦး ချစ်ဦး မပါ။ ဩော် ချစ်ဦး နောက်ကျ၍ စိတ်ညစ်နေကြသည်ပဲ။



ရယ်ကျဲကျဲနှင့်ပင် ထောင်ပိုင်ကြီးဘေး ဖျာပေါ်တွင် ဝင်ထိုင်လိုက်သည်။ ဘာလဲ ချစ်ဦးကို မျှော်နေကြတာလားဟု မေးကြည့်သည်။ မင်းသန်းညွန့်က ထာဝရ အပိုးမကျိုးသော မျက်နှာပေးဖြင့် ချစ်ဦးကို မျှော်နေကြတာ မဟုတ်ဘူး။ မောင်ရင့်ကို မျှော်နေကြတာဟု ရိုတိုတို ဖြေသည်။

'ဆိုပါဦး ကိစ္စက'

'ကိစ္စကတော့ ချစ်ဦးနေရာမှာ အစားထိုးဖို့ကို မောင်ရင် တစ်ခါက ပြောထားတဲ့ 3rd MB က ကောင်လေး နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ဆက်ပေးဖို့ပဲ'

သေပါ့လားဟု ပစ်ပစ်ခါခါ ကျိန်ဆဲလိုက်မိသည်။ မှန်သည်လေ။ ဘွဲ့နှင်းသဘင် ညစာစားပွဲ လုပ်ရန်မှာ တစ်ပတ်ပင် ပြည့်အောင် မလိုတော့။ ညစာစားပွဲ ဖျော်ဖြေရေးတွင် မပါမဖြစ်သော 'ဖွဲ့' အငြိမ့် ဖျော်ဖြေခန်းအတွက် ဇာတ်တိုက် လာသည်မှာလည်း တစ်ပတ်ပင် မကတော့။ မင်းသမီး ချယ်ရီရော၊ ကျွန်တော်တို့ ဆေးတက္ကသိုလ် ၁ ၏ ပင်တိုင် လူရွှင်တော်ကြီးများ ဖြစ်ကြသည့် ထောင်ပိုင်ကြီးခေါ် ကိုကျော်မြင့်ဟန်၊ ကိုအောင်သန်းဦး၊ ချစ်ဦးနှင့် ခင်မောင်ထွေးတို့ပင်လျှင် ခွင်များကို အတော် ပိုင်နိုင်နေလေပြီ။ သည်အချိန် ကျခါမှ ချစ်ဦးနေရာတွင် တတိယနှစ်မှ တစ်ဦးကို ထည့်သွင်း လေ့ကျင့်ပေးရန်မှာ ဘယ်သို့လျှင် အချိုးကျ နိုင်ပါတော့မည်နည်း။

'အေး သေမယ်ကွာ၊ သေမယ်၊ ပထမ ငါသေလိုက်မယ်၊ ပြီးရင် ကျော်ဝင်း သေလိမ့်မယ်၊ ပြီးရင် မင်းပါ သေလိုက်၊ ရှိသမျှ ပြဿနာတွေအကုန် ကိုသန်းထွန်းနဲ့ ထားပစ်ခဲ့ အေးရော'ဟု မင်းသန်းညွန့်က ရေရွတ်သည်။

ဒေါက်တာ သန်းထွန်း၊ တစ်နည်းအားဖြင့် ကျွန်တော်တို့၏ ဇာတ်ဆရာကြီး ကိုသန်းထွန်းက မင်းသန်းညွန့်ကို ထိုင်လျက်ပင် ခြေနှင့် လှမ်းကန်သည်။ မင်းသန်းညွန့်က ရှောင်လိုက်ရင်း တဟားဟား ရယ်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာ ဒီလောက် ပြဿနာ ဖြစ်နေရတာလဲဟ၊ ဒီကောင် မလာလို့လား'

'မလာတာ မဟုတ်ဘူးဟေ့၊ မနက်က ဆေးရုံမှာ ငါနဲ့တွေ့လို့ ဒီနှစ်သူ မကတော့ဘူးလို့ ပြောသွားတာ ရှင်းပြီလား'

ကိုအောင်သန်းဦးက ဝင်၍ ရှင်းပြသည်။

ရုတ်တရက် အံ့အားသင့်သွားသည်။ ဘာပြန်ပြောရမှန်းပင် မသိတော့။ ပွဲတိုင်းကျော် ဖိုးကချင် ချစ်ဦး တစ်ယောက် ယခုမှ ဘယ်လိုဖြစ်သွားရလေသနည်း။

ခင်မောင်ထွေးက ဩော် ဒီဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းမှာ ကိုချစ်ဦးကို ပွဲမကချင့်အောင် လုပ်နိုင်တဲ့ အရာကြီးက ရှိနေပြီ မင်းကြီးရဲ့ဟု ဇာတ်သံနှင့် ညည်းတွားသည်။ ကိုသန်းထွဋ်က စိတ်ညစ်ရတဲ့အထဲ ကျက်သရေတုံးပေ့ကွာဟု အားပေးသည်။

'ငါကတော့ ဒီကောင် ငါ့ကို စိတ်ကောက်သွားတယ် ထင်တာပဲ'

ဒေါ်သန်းခင်က ဝင်၍ ပြောသည်။ မင်းသန်းညွန့်က 'နေစမ်းပါ အန်တီရာ၊ အန်တီ ဒီလောက် ပြောရုံနဲ့ ကောက်တတ်တဲ့ ကောင်စားသာဆိုရင် ဒီနှစ် အထိတောင် မခံဘူး'ဟု ပိတ်သည်။ မနေသာသဖြင့် အန်တီနှင့် ဘာဖြစ်လို့လဲဟု မေးမိသည်။

'ဘာဖြစ်ရမလဲကွ၊ မနေ့က 3rd MB က ကောင်မလေး တစ်ယောက်က အန်တီ့ကို လာပြီး အန်တီ့လူပြက်က စင်ပေါ်မှာတင် မပြက်ဘူး စင်အောက်မှာပါ ကျွန်မကို လိုက်နှောင့်ယှက်နေတယ်၊ အန်တီ ကြည့်ပြော ပေးပါဦးဆိုလို့ အန်တီလည်း ဇာတ်မတိုက်ခင် နည်းနည်း ပါးပါး ဖျောင်းဖျလိုက်တာ ဒီကောင် အဲဒီတုန်းက နည်းနည်း မျက်နှာပျက်သွားတယ်'

'ဒီလောက်နဲ့တော့ ကောက်မယ် မထင်ပါဘူး အန်တီရာ၊ နေပါဦး ဒီကောင်က ဘယ်သူ့ကို နောက်လွှတ်လိုက်လို့လဲ'ဟု မေးလိုက်သည်။ ခင်မောင်ထွေးက မေမိုးရည်ဟု ဖြေသည်။



'အဲဒါလေးကလည်း ကဲကို ကဲပါတယ်ကွာ၊ ချစ်ဦး နောက်တယ်ဆိုတာလည်း  မင်း သိတဲ့အတိုင်းပဲ၊ ရယ်ရရုံ နောက်တာပဲဟာ၊ ချစ်ဦးကို လူတိုင်း ဒီလိုပဲ ပေါင်းနေကြတာ၊ ချစ်ဦး နောက်တာလောက်ကို အန်တီ့ တက်တိုင်တယ်ဆိုတော့ ကဲလွန်းပါတယ်၊ ဟင်း ငါနဲ့များ တွေ့လိုက်ရင်'ဟု ကိုအောင်သန်းဦးက တိုက်ပုံအင်္ကျီလက်ကို မကျေမချမ်း ပင့်တင်ရင်းက ပြောသည်။ ချယ်ရီက 'ကဲ ဆိုပါဦး၊ ငါနဲ့များ တွေ့ရင်ဆိုတော့ ဘာလုပ်မလို့လဲ'ဟု မေးသည်။

'ဘာလုပ်ရမှာလဲ၊ နောက်မနေဘူး၊ တကယ် ယူပစ်လိုက်မှာ'

ဆိုင်းသမားများပါ အားလုံး ပွဲကျသွားကြသည်။

မင်းသန်းညွန့်က ကျွန်တော့်ကို လက်ညှိုး လှမ်းထိုးရင်းက ပြောသည်။

'ကဲ ကျော်သူ၊ ဒါ မင်းကိစ္စပဲ၊ ချစ်ဦးက တို့နှစ်ယောက်စလုံးနဲ့ တစ်တန်းတည်းဆိုပေမယ့် မောင်ရင်နဲ့က ငယ်သူငယ်ချင်းတွေ၊ ဒီတော့ မောင်ရင် သူနဲ့ သွားဆွေးနွေး၊ မနက်ဖြန်ညနေ ဇာတ်တိုက်တဲ့ နေရာကို ဒီကောင့်ကို အပါ ခေါ်လာခဲ့၊ ဟုတ်ပြီလား'

'ရေပါတာ မလိုချင်ဘူး၊ ရေဘူး ပေါက်တာပဲ လိုချင်တယ် ဟူသော ထောင်ပိုင်ကြီး၏ ညောင်နာနာ အသံ အဆုံးတွင် အားလုံး ပွဲကျသွားကြပါသည်။

( ၂ )

ကျိုက္ကဆံကွင်း အုတ်တံတိုင်းဘေး မြက်သားပြင်မှာ ဆောင်းည၏ နှင်းမှုန်တို့ အကြားတွင် အေးစက်သော အထိအတွေ့ကို ဖန်တီး၏။ လမ်းဘေး ခါတ်မီးတိုင် နှစ်တိုင်၏ စပ်ကြား မှုန်ဝါးဝါး နေရာကလေးတွင်မှ တမင်ရွေးပြီး

'ကဲ . . . ဆို'

ချစ်ဦးက ရယ်၍ 'ဘုရားရေ'ဟု ရေရွတ်သည်။ 'ဘာ ဘုရားရေတာလဲ' ဟု မေးတော့ 'မင်းပဲ ငါ့ကို ပြောစရာ ရှိတယ်ဆိုလို့ ကမန်း

www.burmeseclassic.com

www.burmeseclassic.com



ကတန်း ထမင်းပြီးအောင် စားပြီး ထလိုက်လာတာ၊ ပြီးတော့ မင်းကပဲ ငါ့ပြန်ပြီး 'ဆို' ဆိုတော့ ငါက ဘာလုပ်ရမှာလဲ'ဟု ရယ်ကျဲကျဲနှင့် ဖြေသည်။

'လုပ်မနေနဲ့ သူငယ်ချင်း၊ ရှင်းရှင်းပြော၊ ဘာကိစ္စ ဇာတ်လာမတိုက်တာလဲ'

'မကတော့ဘူးလေကွာ၊ ငါ ကိုအောင်သန်းဦးကို မှာလိုက်သားပဲ'

'သေကွာ သေလိုက်'

ငနဲသားက တဟီးဟီး ရယ်သည်။ ထာဝရ မတည်ကြည်သော မျက်နှာမှာ ယခုတွင်လည်း စပ်ဖြဲဖြဲသာ၊ ဒါပေမဲ့ လူပျိုပေါက်အရွယ်ကတည်းက လည်ပင်းဖက်ပြီး ကြီးလာသူမို့ သည်ရယ်သံကို ကြားရုံနှင့် လုပ်ရယ်သံမှန်း ကျက်မိနေလေပြီ။ ချစ်ဦးတော့ ပြဿနာ ရှိနေပြီ။

'ဆိုကွာ၊ ဟေ့ကောင် ဘာဖြစ်သလဲ'

'ဘာမှ မဖြစ်ပါဘူးကွာ၊ ရှင်းရှင်းလေးပဲ၊ လူပြက်ဆိုတာ သူများကို ရယ်အောင် လုပ်ရမယ့်သူ၊ ငါကိုယ်တိုင်ကမှ မရယ်ချင်တော့ ဘယ်လိုလုပ်မလဲ၊ ကဲ'

'မင်းက ဘာလို့ မရယ်ချင်ရတာလဲ၊ ဘာစိတ်ညစ်စရာ ပေါ်နေလဲ'

ချစ်ဦးက တွေသွားသည်။ လေးလေးနက်နက် စဉ်းစားနေသော ဟန်ကို ပြုသည်။ ပြီးတော့မှ 'ဘာခေါ်မလဲ' ဟု တိုးတိုးရွတ်သည်။ ရေးခဲ့ဖူးသော ဝတ္ထုတစ်ပုဒ်မှ ကျွန်တော့်အသုံးအနှုန်းကို ပြောင်ပြနေမှန်း ရိပ်မိ၍ အသံမထွက်အောင် ဆဲလိုက်သည်။ ငနဲသားက ဟက်ဟက်ပက်ပက် ရယ်တော်မူသည်။

'ဘာလဲ ချစ်ဦး၊ မေမိုးရည်ကိစ္စလား'

ချစ်ဦးက အရယ်ကို ရပ်သည်။ ကျွန်တော့်ကို မျက်လုံးပြူး၍ ကြည့်သည်။ မင်း ဘယ်လိုလုပ် သိလဲဟု မေးသည်။ အန်တီကြီး ပြောတာ၊ မင်းက လိုက်နောက်ပါတယ်လို့ မေမိုးရည်က လာတိုင်လို့ မင်းကို နည်းနည်းပါးပါး ပြောလိုက်တာ၊ မင်းက စိတ်ကောက်သွားတယ်တဲ့'ဟု ဖြေသည်၊ သေရောကွာ' ဟု ညည်းတွားပြီး ထရယ်ပြန်သည်။



'နတ်တော်လကြီးထဲ လာအူမြူးပြ မနေစမ်းပါနဲ့ကွာ၊ စိတ်ညစ်ရတဲ့အထဲ'

'ဟေ မင်းက ဘာကို စိတ်ညစ်တာလဲ'

'ဟ လူပြက်လုပ်ဖို့ နင်နောက်နေတာကို စိတ်ညစ်တာပေါ့ဟ'

ချစ်ဦးက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးသည်။ 'ကောင်းကွာ မင်းတို့ကောင်တွေကလည်း မင်းတို့ပွဲ ဖြစ်ဖို့ပဲ မင်းတို့ သိတယ်၊ မထူးပါဘူး။ ငါကလည်း ငါ မကချင်တာပဲ ငါ သိတာပဲ၊ တစ်ယောက်မှ မကောင်းဘူး'ဟု ညည်းတွားရင်းက ရယ်ပြန်သည်။

စိတ်မရှည်တော့သဖြင့် ဖြတ်၍ မေးလိုက်သည်။

'နေပါဦး၊ မင်းက အဲဒီကောင်မလေးကို ဘယ်လိုသွားနောက်တာလဲ'

ချစ်ဦးက မဲ့ပြသည်။

'ဘုရား ပေးပေး၊ ကျမ်း ပေးပေးပါကွာ၊ ဘယ်လိုမှကို သွားမနောက်ပါဘူး' ဟု ဖြေသည်။

'နို့ ဘာလို့ သူက နောက်တယ်လို့ တိုင်ရတာလဲ'ဟု ဆက်မေးမိသည်။

'ငါ နောက်တယ် ထင်လို့ ဖြစ်မှာပေါ့ကွာ'

အဖြေက ပြတ်သည်။ 'မင်းက ဘာသွားလုပ်လို့လဲ'ဟု ထပ်မေးလိုက်သည်။

'စာ ပေးတာလေ'

'ဘာရယ်'ဟု တအံ့တသြ ရေရွတ်မိသည်။ 'ဘာဖြစ်လို့' သွားပေးရတာလဲဟုလည်း မေးမိသည်။ ချစ်ဦးက ဟက်ဟက်ပက်ပက် ရယ်မောသည်။

'သေရောကွာ၊ သေရော၊ စာပေးတာ ဘာဖြစ်လို့ ပေးရမှာလဲ၊ ကြိုက်လို့ပေါ့ကွ၊ အေးလေ အတိုင်ခံရတာလည်း မထူးဆန်းပါဘူး၊ မင်းလိုကောင်က အစ ငါ့ဆိုရင် လူပြက်လို့ပဲ မြင်နေကြတာပဲကိုး၊ ငါ့ကို ကောင်မလေး တစ်ယောက်ကို ချစ်ချင်ရင် ချစ်သွားနိုင်တဲ့ ကျောင်းသားတစ်ယောက် အနေနဲ့လည်း မြင်ကြစမ်းပါဦးကွာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နှုတ်ဆွံ့သွားသည်။ မျက်နှာဆီသို့ တိုးဝှေ့ဝင်လာသော ဆောင်းလေသည် ရုတ်တရက် နွေးသွားသယောင် ထင်လိုက်မိသည်။

စင်ပေါ်မှာရော၊ စင်အောက်မှာပါ ထာဝရ ရယ်မောနောက်ပြောင်နေသော ချစ်ဦးကို ခံစားတတ်သော နှလုံးသားရှိသူတစ်ဦးအဖြစ် စိတ်ထဲက ဘယ်တုန်းကမှ အသိအမှတ် မပြုခဲ့ဖူးသည်ကို ထိတ်လန့်တကြား သတိထား လိုက်မိသည်။

ချစ်ဦးက နှင်းတို့ဖြင့် စိုစွတ်နေသော မြက်ခင်းပြင်ကို ငုံ့ကြည့်ရင်းက တိုးတိုး ဆိုသည်။

'ငါ သူ့ကို ခိုက်တာ ကြာပြီကွ၊ မနှစ်ကတည်းက၊ မနှစ်က သူ့သီချင်းဆိုတယ် မဟုတ်လား၊ အဲဒီကတည်းက စပြီး သတိထားမိတာ၊ စသိကတည်းက စိတ်ထဲမှာ တစ်မျိုးပဲကွာ၊ သိပ်ငေါ်တာပဲ၊ နောက်တော့ Hiking မှာ တစ်ပတ်တစ်ခါ လမ်းလျှောက်ရင်းနဲ့ ရင်းနှီးသွားသေးတယ်၊ ငါ့ဆီက Text တွေဘာတွေတောင် ငှားဖတ်လို့ မင်းသိပါတယ်၊ ဒီနှစ် ကျတော့ မနေနိုင်တော့ဘူးကွာ၊ ဘာပဲဖြစ်ဖြစ် ငါပြောတော့မယ်ဆိုပြီး ဆုံးဖြတ်လိုက်တာ၊ ပြီးတော့လည်း မပြောရဲဘူး။ ဒါတောင် ဆေးရုံတို့၊ စာသင်ခန်းတို့မှာ သွားတွေ့သေးတယ်၊ နှစ်ယောက်တည်း စကားပြောခွင့်ကို မကြုံဘူး၊ ငါ တပ်ခေါက်ရတာ အနည်းဆုံး အခါနှစ်ဆယ်ပဲ၊ ဟိုနေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင် စာကြည့်တိုက်ထဲမှာ သွားဆုံတာ၊ ငါကလည်း တွေ့ရင်ပေးဖို့ဆို စာကို အိတ်ထဲမှာ အမြဲ ထည့်ထားတာကိုးကွ။ အဲဒါ လှမ်းခေါ်ပြီး တစ်ခါတည်းလည်း ထိုးပေးလိုက်ရော မျက်နှာကလေးက နီရဲပြီး ကိုချစ်ဦး ကျွန်မကို ခင်ရင် တခြားနည်းမျိုးနဲ့ နောက်ပါ၊ ဒီလိုလွန်လွန်ကျူးကျူး မနောက်ပါနဲ့ဆိုပြီး ချာခနဲ လှည့်ထွက်သွားလိုက်တာ ဘာမှကို ပြောချိန် မရလိုက်ဘူး'

ဆတ်ခနဲ ခေါင်းကိုမော့၍ ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။ 'အဲဒါပဲကွာ' ငါလည်း တော်တော်စိတ်ညစ်သွားတယ်၊ ဆေးရုံတောင် မသွားချင်တော့တာနဲ့ တစ်နေကုန် လျှောက်ဒိုးနေတာ ခုမှ ပြန်ရောက်



တယ်၊ ဒီပုံစံကြီးနဲ့ ငါက စင်ပေါ်တက် ရယ်စရာပြောရင် ဘယ်သူက ရယ်မှာလဲဟ'ဟု ဆိုသည်။

နှင်းတို့က ပို၍သိပ်သည်းလာသည်။ အသက်ရှူရသော လေသည် မွန်းကျပ်လာသယောင် ရှိသည်။ 'မနက်ဖြန်ညနေ ဇာတ်တိုက်တဲ့ နေရာကို ဒီကောင့်ကို အပါခေါ်လာခဲ့'ဟူသော မင်းသန်းညွန့်၏ စကားတို့မှာ ထိုနှင်းတို့ ကြားတွင် လွင့်ကြွေ ပျက်စီးသွားကြ၏။

ကျွန်တော် သက်ပြင်းချ၍မှ မဆုံးမီ ချစ်ဦးက တိုးတိုး ဆက်ပြောသည်။

'အဲဒီလောက်အထိ မှမျှော်လင့်မိတာကတော့ အမှန်ကွာ၊ မင်းလည်း သိမှာပါ၊ မေမိုးရည်ကို အဲဒီလို စာပေးဖူးတဲ့ ကောင်တွေ၊ ရည်းစား စကား ပြောဖူးတဲ့ ကောင်တွေ အများကြီးပဲဟ၊ ဘယ်သူ့ဖြစ်ဖြစ် ကျွန်မ မစဉ်းစားသေးပါဘူး၊ ဘာညာလောက်တော့ ယဉ်ယဉ်ကျေးကျေး ပြန်ပြောတာချည်းပဲ၊ ငါ့ကျမှ နောက်တာတဲ့၊ အေးလေ ဟုတ်ပါတယ်၊ လူပြက်ဆိုကတည်းက ပျက်တော့ တာပဲ၊ ဟား ဟား ဟား ဟား'

မတော်တဆ လိုက်ရယ်မိသည်။

[ ၃ ]

တတိယနှစ်မှ အောင်မြင့်ဦးကို စာသင်ခန်းသို့ပင် သွားရောက်တွေ့ဆုံသည်။

'မင်းဖြစ်ဖြစ်၊ မင်းတစ်ခါ ပြောထားတဲ့ မင်းသူငယ်ချင်းဖြစ်ဖြစ် ချစ်ဦး နေရာကို ဝင်ပေးပါ'ဟု ပြောလိုက်တော့ သူပါးစပ် အဟောင်းသား ဖြစ်သွားသည်။ 'အဓိပ္ပာယ် မရှိတာပဲ ဗျ' ဟူသော စကားကို ထပ်တလဲလဲ ဆိုသည်။

'အဓိပ္ပာယ် ရှိတာ၊ မရှိတာထက် ပွဲမပျက်ဖို့က ပိုအရေးကြီးတယ် ညီလေး၊ လောလောဆယ်မှာတော့ မင်းတို့ ကသည် ဖြစ်စေ၊ မကသည် ဖြစ်စေ ချစ်ဦးကတော့ မကတော့ဘူး၊ ဒါ အပြတ်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်ဦး ပါးစပ် ပိတ်သွားသည်။ အခြေအနေကို ရိပ်မိသွားသယောင်ရှိသည်။ သို့သော် အတွေ့အကြုံ မရှိဘဲ တစ်ပတ်ကျော်ကျော်မျှ အသည်းအသန် လေ့ကျင့်ပြီး စင်ပေါ်တက်ရန်ကိုမူ သူ သတ္တိ မရှိ။ သူ့ သူငယ်ချင်း ဆိုသူကလည်း သူ့လောက်ပင် အတွေ့အကြုံမရှိဟု ဆိုသည်။ မှန်ပါသည်။ လန့်တော့လည်း လန့်စရာပင်။ ချစ်ဦး နေရာတွင် အစားထိုးနိုင်ရန် ဆိုသည်က လွယ်ကူလှသည်တော့ မဟုတ်။

ငြင်းခုံနေကြရင်းက အတန်းထဲက ထွက်လာသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးထံသို့ မျက်လုံး ရောက်သွားမိသည်။ မှားစရာမရှိ မေမိုးရည်။

'ကိုကျော်သူ ဘာလာရှုပ်တာလဲ၊ မလေးနဲ့ တိုင်လိုက်မှာနော်'ဟု ကျီစယ် နှုတ်ဆက်သည်။ မကျွမ်းလှပေမင့် သိနှင့်ပြီးမို့ ပြုံးရုံတော့ ပြုံးပြလိုက်သည်။ အောင်မြင့်ဦးကတော့ ရင်းနှီးနေဟန် တူသည်။ 'လုပ်ပါဦး၊ မရည်ရာ၊ ကိုချစ်ဦးက မကတော့ဘူးဆိုလို့ ငါဝင်ကပါတဲ့၊ တစ်ပတ်တည်း လေ့ကျင့်ပြီး ဘယ်လိုလုပ် ကမလဲဆိုတာ ပြောလို့ မရဘူး'ဟု ဆိုသည်။

'ကိုချစ်ဦးက ဘာလို့ မကတာလဲ'

မသိမသာ မျက်မှောင်ကြုတ် သွားသည်ကို မြင်၏။ အမှန်အတိုင်း ပြောမထွက်၍ 'သူ့အမေ တော်တော် နေမကောင်း ဖြစ်နေလို့ ကျောင်းကုန်း ခဏ ပြန်ချင်တယ် ပြောတယ်'ဟု လွှဲပြောလိုက်ရသည်။ ယုံသွားဟန် တူသည်။ ခပ်လွင်လွင်ကလေး ရယ်၍ ပြောလိုက်သည်။

'ဟယ် ကိုချစ်ဦးပါမှ တကယ် ရယ်ရတာ၊ နင်သွား ပါရင် ပျက်ရောပေါ့'

နှုတ်ဆက် ထွက်ခွာသွားသည်။ စကားနည်းဟန်ရှိသော အဖော် အမျိုးသားလည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။ မမြင်မတွေ့ဖူးသူမို့ မျက်စိတစ်ဆုံး လိုက်၍ ကြည့်မိသည်။

သတိထားမိဟန် တူသည်။ အောင်မြင့်ဦးက ရယ်သည်။

'သူ့ဘဲလေဗျာ၊ ကြည့်ရတာ မကြာသေးဘူး၊ ဆေး ၂ က ကျော်အောင်ဝင်းတဲ့'



နှုတ်ဖျားမှ ခြော် ဟူသော အာမေဋိတ်သံသည် အသံအဖြစ် မြည်လာသည်ဟု မထင်မိ။

[ ၄ ]

'တို့တစ်တွေ ဘာဖြစ်လို့ ရယ်နေကြသလဲ၊ သိလားဟင် ချစ်ဦး'

ကိုသန်းထွန်းက ပြုံးစစနှင့် မေးသည်။ ချစ်ဦးက စပ်ဖြဲဖြဲနှင့် ခေါင်းခါသည်။

ကိုသန်းထွန်း မေးခွန်း၏ ဦးတည်ရာကို ကျွန်တော်၊ ချစ်ဦးနှင့် မင်းသန်းညွန့်တို့သာ သဘောပေါက်လိမ့်မည် ထင်သည်။ ချယ်ရီ ထောင်ပိုင်ကြီး၊ ကိုအောင်သန်းဦး၊ ကျော်ဝင်း၊ ခင်မောင်ထွေးနှင့် အောင်မြင့်ဦးတို့မှာ ထုတ်မမေးလိုကြသော ဟန်များဖြင့် ကိုယ့်ရှေ့က လက်ဖက်ရည်ခွက်ကိုသာ ကိုယ် ငေးကြည့်နေကြသည်။ 'ငါ စဉ်းစား ကြည့်တယ်ကွာ'ဟု ကိုသန်းထွန်းက စကားဆက်သည်။

'တို့တစ်တွေ၊ တို့တစ်တွေ ဆိုတာက လူပြက်တွေလို့ မဆိုလိုဘူးကွာ ဟုတ်လား၊ လူပျော်တွေ ဆိုပါတော့၊ အမြဲတမ်းလိုလို ရယ်မော နောက်ပြောင်နေတဲ့ လူတွေပေါ့၊ ဒီလို ရယ်မော နောက်ပြောင်နေတတ်ကြတဲ့အတွက် တို့ကို အများကလည်း အထင်မကြီးဘူး၊ အချို့ ရှောင်တယ်၊ တစ်ခါတလေ ကိုယ်က အလေးအနက်ထား လုပ်တာတွေကိုလည်း အပြောင်အပျက်လုပ်သလို လူတွေက ထင်တတ်ကြတယ်၊ ကိုယ်လုပ်သမျှ ကိစ္စတွေအားလုံးရဲ့ တန်ဖိုးဟာ ရယ်မော နောက်ပြောင်နေတတ်တဲ့ ကိုယ့်စရိုက်ကြောင့် အထိုက်အလျောက် ကျတတ်တယ်၊ ဟုတ်တယ် မဟုတ်လား ဟေ့ကောင်'

သွားသာ ဖြဲပြသည်။ 'မချိသွားဖြဲဆိုတာ ဒါမျိုးနဲ့တူတယ်၊ မှန်းမှတ်မိအောင် ကြည့်ထားဦးမှ'ဟု မင်းသန်းညွန့်က ထောမနာ ပြုသည်။ ကိုသန်းထွန်းက မကြားဟန်ပြု၍ စကားဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလို လူတွေက အထင်သေးတတ်ကြတယ်၊ အထင်သေးမှန်းလည်း သိတယ်၊ သိလျက်ကကို တို့တစ်တွေဟာ အမြဲတမ်းပဲ ရယ်မောနောက်ပြောင် နေတတ်ကြတယ်၊ အဲဒါဘာဖြစ်လို့လဲဟင်၊ မင်း သိလား'

ချစ်ဦး ခေါင်းခါသည်။ ကိုသန်းထွန်းက ရယ်သည်။

'ငိုမနေချင်ကြလို့ကွ မှတ်ထား'

ကိုသန်းထွန်း၊ ကျွန်တော်၊ ချစ်ဦး၊ မင်းသန်းညွန့်တို့မှအပ အားလုံး ရယ်ကြသည် ထင်၏။

## | ၅ |

ပွဲခင်းတစ်ခုလုံး ဝါးခနဲ ပွဲကျသွားသည်ကို ကြားလိုက်ရပြန်သည်။ ကန့်လန့်ကာ ကြားထဲမှာ ထိုင်နေသော ကိုသန်းထွန်းက မိန့်မိန့်ကြီး ပြုံးသည်။ စင်ပေါ်အတက် လှေကားထစ်ပေါ်တွင် ထိုင်နေရင်းက ကျွန်တော်လည်း ပြုံးမိသည်။

ယနေ့ ဘွဲ့နှင်းသဘင် ညစာစားပွဲအတွက် ဝတ်စုံပြည့် ဇာတ်တိုက်ရင်းက ကျောင်းသူ ကျောင်းသား အပေါင်းတို့ကို ဖျော်ဖြေပွဲ ဖွဲ့အငြိမ့် အောင်မြင်သည်။ မည်သူမှ မငြင်းနိုင်ပါ။

တဝုန်းဝုန်း တဝေါဝေါ ပွဲကျသံများကို ဇာတ်စင်ပေါ်မှပင် ဆက်တိုက် ကြားနေရသည် မဟုတ်ပါလား။ ထုံးစံအတိုင်းပင် ပရိသတ်ထဲမှ ဆင်းကြည့်လိုစိတ် ပေါ်လာမိသဖြင့် ကိုသန်းထွန်းကို ခွင့်တောင်း၍ စင်ပေါ်မှ ဆင်းလာမိခဲ့သည်။

ကျောင်းလယ် မြက်ခင်းပြင်တွင် ဆောက်ထားသော ဇာတ်စင်ကြီးမှာ ဟိန်းနေသလို မြက်ခင်းပေါ်တွင် ချထားသော ခေါက်ကုလားထိုင်များ တွင်လည်း ကျောင်းသူကျောင်းသားအပေါင်း ပြည့်ကျပ်၍ နေပါ၏။ ဆောင်းည၏ သိပ်သည်းသော နှင်းမှုန်တို့ကြားထဲတွင် သည်အချိန်တိုင်အောင် လူမကျဲလှသေးသည်ကို ကျေးဇူးတင်စွာ ငေးမောနေမိစဉ်



မှာပင် အုတ်အုတ်ကျက်ကျက် ရယ်သံများက ပေါ်ထွက်လာကြပြန်ပါသည်။

ခုံအလွတ်ကို လိုက်ရှာရင်းက တိုက်တိုက်ဆိုင်ဆိုင်ပင် အောင်မြင့်ဦးတို့ အဖွဲ့နားတွင် လွတ်နေသော ခုံတစ်လုံးကို တွေ့ရ၍ သူ့ကို လှမ်းနှုတ်ဆက်ပြီး ဝင်ထိုင်လိုက်သည်။

ကိုချစ်ဦးက 'မကဘူး မကဘူးနဲ့၊ ကမယ့် ကတော့လည်း သူပဲ တောက်လျှောက် သယ်သွားတာပဲ'ဟု အောင်မြင့်ဦးက ဆီးပြောသည်။ ငြင်းစရာ မလိုသော စကားမို့ ရယ်ပြလိုက်သည်။

စင်ပေါ်တွင်တော့ ချစ်ဦးတို့ လေးယောက်သား ခြေထောက်ကြီးခွင်ကို တည်ယူနေကြသည်။ ခွင်သဘောအရ လူရွှင်တော်ရွှေဖျိုးခေါ်ချစ်ဦးက မင်းသမီး ချယ်ရီကို စွဲလမ်းနေ၍ ကျန်သုံးဦးနှင့် တိုင်ပင်ပြီး မင်းသမီးထံသွားကာ မင်းသမီးကို မကြည့်ရဲဘဲ မျက်နှာလွဲ၍ ကျူစဉ်တွင် လူရွှင်တော် ဒေါင်းညိုခေါ် အောင်သန်းဦးက သူ့မျက်နှာနားသို့ ခြေထောက်ကြီး ထိုးပေးလိုက်သည်ကို မင်းသမီးလက် အမှတ်ဖြင့် တယုတယ ပွတ်၍ ဆက်ကျူရန် ဖြစ်သည်။ ဖောက်လုံး၊ ထိုးလုံးတို့က များနေသဖြင့် တိုင်ပင်ခန်းကကို မတက်နိုင်ကြသေး။

'ငါ့မှာကွာ သူ့ကို ချစ်လွန်းလို့၊ ညနေ ကျောင်းဆင်းလည်း ထိုင်စောင့်၊ မနက်လည်း အစောကြီးထပြီး ဆေးရုံရှေ့က သွားစောင့်၊ တောက် အိပ်ရေးတောင် မဝဘူး'

ချစ်ဦးက ညည်းသည်။ ဥသြခေါ် ခင်မောင်ထွေးက ဝင်ထောက်သည်။

'မင်းကုသလို ဖွဲ့မျိုးပေါ့ကွာ၊ အိမ်း ရုပ်ချင်းကတော့ အဆင်သား၊ နေပါဦး မင်းစောင့်နေတာ ကောင်မလေးက နှုတ်ကလေးတောင် ဆက်ဖော်မရဘူးလား၊ တစ်ဖွဲ့တည်းသားတွေကို'

ချစ်ဦးက ဖြောင်းခနဲ လက်ခုပ်တီးပြီး 'ဟာ နှုတ်ဆက်ပြီလားကွာ'ဟု အော်သည်။ ကျီးဖြူအမည်ခံ ထောင်ပိုင်ကြီးက လုပ်စမ်းပါဦး၊ ဘယ်လို နှုတ်ဆက်တုံးဟု ထောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို နှုတ်ဆက်ရမှာတုံးကွ၊ သူလာတဲ့ အချိန်ကျတော့ ငါက လှေကားထစ်မှာ အိပ်ပျော်နေပြီ၊ အဲဒါ ကိုချစ်ဦး ညက မူးပြီး ဒီမှာ လာလဲနေတာ ထင်တယ်တဲ့'

'မျှော်လင့်ချက် ထားချင်စရာကြီး ပါလားနော်' ဟူသော အောင်သန်းဦး၏ အောက်ကလိ အောက်ကလာ အသံကြီး အဆုံးတွင် ပွဲခင်းတစ်ခုလုံး ပွဲကျသွားပြန်သည်။

ထောင်ပိုင်ကြီးက ချစ်ဦးကျောကို သပ်၍ 'ဒီလောက်တောင်ပဲလား သူငယ်ချင်းရယ်၊ မင်းဒုက္ခက'ဟု ကရုဏာသံနှင့် ဆိုသည်။ ချစ်ဦးက ငိုမဲ့ငိုမဲ့ လုပ်ပြ၍ 'ဝဋ်ပေါ့ သူငယ်ချင်းရယ်'ဟု ငိုသံပါကြီးနှင့် ပြောပြီး မျက်ရည်သုတ်သည်။ ရယ်သံတို့ စ၊ စ၊ စ၊ စ ထွက်လာပြန်သည်။

'ဝဋ်တော့ ဝဋ်ပေါ့ကွာ၊ ဒါပေမဲ့ ဒါမျိုးက တဏှာဝဋ် လို့ခေါ်တယ်ကွ'

ချစ်ဦး၏ အိခနဲ မြည်သံကြီးနှင့်အတူ ပရိသတ်က ပွဲကျသွားပြန်သည်။

'ပြောရက်လိုက်တာ သူငယ်ချင်းတို့ရယ်၊ ငါ့မှာတော့ အသည်းထဲမှာ နာလွန်းလို့ Cirrhosis Liver တောင် ဖြစ်နေပြီ သူငယ်ချင်းတို့ရဲ့'

ချစ်ဦးက ဇာတ်သံနှင့် ညည်းသည်။

'ခံစားရလွန်းလို့ ဆိုပါတော့'

'မဟုတ်ပါဘူး၊ အရက် သောက်လို့'

ဝေါခနဲ ပွဲကျသွားပြန်သည်။ သည်တစ်ခါတော့ ပတ်တုတ်၍ပင် မနိုင်လောက်တော့။ ကျွန်တော်ပင် မနေနိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မိပါတော့၏။

ရှေ့ခုံ နှစ်တန်း ကျော်ကျော်လောက်က ထထွက်လာသော စုံတွဲ တစ်တွဲကို သတိထားမိပါသည်။ မှောင်နေသဖြင့် လူလုံး မသဲကွဲ။ အနားရောက်မှ နောက်က မီးရောင်ကြောင့် ကျော်အောင်ဝင်းနှင့် မေမိုးရည်မှန်း သိလိုက်ရသည်။ ရယ်ရှိန် မသေကြသေး။ အချင်းချင်း ပြော၍ ထပ်ရယ်နေကြသေးသည်။



ကျွန်တော့်ကို မြင်တော့ မေမိုးရည် အရယ်မျက်နှာဖြင့်ပင် နှုတ်ဆက်သည်။

'ဟော ကိုကျော်သူ'

ကျွန်တော်က ပြုံးသာ ပြုံးပြသည်။ ပြန်တော့မှာလားဟု မေးသည်။ ဟုတ်တယ် သိပ်နောက်ကျနေပြီ၊ ခုတောင် သူ့ကို လိုက်ပို့ခိုင်းရမှာဟု ကျော်အောင်ဝင်းကို ပြသည်။

ဆက်သွားကြမည် ပြုပြီးမှ ရပ်သည်။ နောက်ပြန် လှည့်ကြည့်၍ ပြောသည်။

'ကိုချစ်ဦးကို ပြောလိုက်ပါ၊ သိပ်ရယ်ရတာပဲလို့၊ ကိုချစ်ဦးက တကယ်ကို တော်တာ၊ ရယ်ရတာ အူကို နာနေတာပဲ၊ ဟင်း ဟင်း'

ရုတ်တရက် နှုတ်ဆွံ့သွားသည်။ ဟုတ်ကဲ့ဟူသော စကားကို ပြောနိုင်စွမ်း ရှိ၍လာချိန်တွင် နှစ်ယောက်က အမှောင်ရိပ်တွင် ပျောက်ကွယ်၍ သွားကြလေပြီ။

○

*လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က ဆေးတက္ကသိုလ် ၁ နှစ်လည်မဂ္ဂဇင်းတွင် ကျွန်တော် ရေးခဲ့သော ဝတ္ထုတိုကလေးကို ယခု အချိန်အထိ သိမ်းထားပြီး အင်တာနက်တွင် အများ ဖတ်ရှုနိုင်ရန် တင်ပေးသည့် လေးစားရပါသော အမည်မသိ ကျွန်တော့် ပရိသတ် တစ်ဦးကို လှိုက်လှဲစွာ ကျေးဇူးတင်မိပါသည်။*

*လွန်ခဲ့သော ၈ နှစ် ၊ ရသ စာရေးဆရာ စဖြစ်လာပြီးကတည်းက ဘယ်မဂ္ဂဇင်း၊ ဘယ်စာအုပ်မှာမှ မဖော်ပြရသေးသဖြင့် အမှတ်တရ ပြန်လည် ဖော်ပြလိုက်ပါသည်။*

*'ဌေ' အငြိမ့်ဆိုတာ ဆေးတက္ကသိုလ် ၁ ရန်ကုန် ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာဘသန်း တည်ထောင်ခဲ့သော ကျောင်းသားအငြိမ့် ပါ၊ အဲသည် အငြိမ့်အတွက် ဆရာကြီးကိုယ်တိုင် စာသားပေး*

www.burmeseclassic.com

www.burmeseclassic.com



ရေးဖွဲ့စေခဲ့သော 'ဌဲ'သီချင်းကို လူသိများလှသော်လည်း ငှက်အမည်များဖြင့် လူရွှင်တော်များ ပါဝင်လေ့ရှိသည့် 'ဌဲ' အငြိမ့်ကတော့ လွန်ခဲ့သည့် နှစ် ၃၀ နီးပါးကတည်းက စခန်းရုပ်သွားသဖြင့် လူသိနည်းလှပါသည်။ ဌဲအငြိမ့်၏ နောက်ဆုံး လူရွှင်တော်များတွင် ကျွန်တော်လည်း ပါခွင့်ရခဲ့ပါသည်။ သည်ဇာတ်လမ်းတွင် ကျော်သူ၊ ချစ်ဦး၊ မေမိုးရည်၊ ကျော်အောင်ဝင်းနှင့် မလေး တို့မှအပ အားလုံး အပြင်မှာ တကယ် ရှိကြပါသည်။

ကိုမင်းသန်းညွှန့်က ယခု ကျွန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြား ရေးမှူးချုပ်ပါ။ အောင်မြင့်ဦးက စင်ကာပူမှာ၊ 'သူ့ သူငယ်ချင်း တစ်ယောက်' ဆိုတာက ကျွန်တော်ပါ။ ကိုသန်းထွဋ်က စာရေးဆရာ လင်း (ဆေး-၁)၊ ကိုခင်မောင်ထွေးက စာရေးဆရာ ဒေါက်တာဥဩ၊ ကိုကျော်မြင့်ဟန်က မေ့ဆေးအထူးကု ဆရာဝန်ကြီး၊ ကိုအောင်သန်းဦး က အထွေထွေရောဂါကု ဆရာဝန်။ မချယ်ရီနှင့်တော့ အဆက်အသွယ် မရ။ ကိုကျော်ဝင်းက Unicef မှာ။

လွမ်းစရာ ကလေးတွေပါ။

ဆနွှမွန်ဖြင့်
လက်ာရည်ကျော်

၀